စာပေ

www.burmeseclassic.com

မင်းကျူ

# အောင်ဘာလေ

အသစ်စက်စက် လုံးချင်း ဝတ္ထု

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အစီရင်ခံစာ

ကျွန်တော်သည် ငွေတာရီမဂ္ဂဇင်းတွင် 'ကူညီပါရစေ' အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားခဲ့ပါသည်။

ထိုဝတ္ထုတိုကို 'ဦးအားနှင့်ရယ်အား' နှင့် 'ရယ်မောခြင်းလက်ကျန်' ဝတ္ထုတို စုပေါင်းစာအုပ်များတွင် ပြန်လည်ထည့်သွင်းဖော်ပြခဲ့ဖူးပါသည်။

ထိုဝတ္ထုတိုမှာ ရိုးသားပြီး စိတ်ရင်းကောင်းသော လူငယ်တစ်ယောက် အကြောင်း ရေးသားထားခြင်းဖြစ်၏။ သူသည် သူတစ်ပါးကို မကူညီရ မနေနိုင်သူဖြစ်၏။ တစ်ခါတရံမှာ မလိုအပ်ဘဲ အတင်းကူညီမိသဖြင့် ခုက္ခကျ ဖြစ်ရပုံ၊ တစ်ခါတရံ ကူညီရာမရောက်ဘဲ အနှောင့်အယှက်ပေးသလို ဖြစ်သွားရပုံတို့ကို ဟာသနှော၍ ရေးသားထားခဲ့သည်။

ပြန်ဖတ်ကြည့်သောအခါ မြန်မာ့ရိုးရာ ပုံပြင်လေးတစ်ပုဒ်လို ဖြစ်နေကြောင်း တွေ့ရ၏။ ထိုဇာတ်လမ်းလေးကို အခြေခံပြီး လုံးချင်းဝတ္ထုအဖြစ် အသေးစိတ်ရေးလျှင် ပိုကောင်းမည်ဟု တွေးမိ၏။ ထပ်ဖြည့်ရမည့် ဇာတ်လမ်း ဇာတ်ကွက်များနှင့် ဇာတ်သိမ်းခန်းကို စဉ်းစားသည်။ စိတ်ကြိုက်မတွေ့သေးသောကြောင့် မရေးဖြစ်ဘဲ နှစ်အတန်ကြာအောင် အချိန်တွေကုန်ခဲ့သည်။ ဒီကြားထဲမှာ တခြားစာအုပ်တွေသာ ရေးဖြစ်သည်။ ခုမှပဲ ထိုဝတ္ထုလေးကို ပြန်ကိုင်ဖြစ်ပါတော့သည်။

ရှိသေလေးစားလျက်

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com



# ၁

BURMESE CLASSIC .com

အိမ်ရှင်အမျိုးသမီးက ပါတိတ်လုံချည် ခပ်လတ်လတ်တစ်ထည်ကို စေတနာထက်သန်စွာ စွန့်ကြဲလိုက်သောအခါ အဝတ်လျှော်သည့် ကုလားမကြီးမှာ အံ့သြသွားရလေသည်။

သူသည် ခဝါသည် မျိုးရိုးဖြစ်၏။ သူ မှတ်မိသလောက် အဘွားလက်ထက်ကစပြီး အိမ်တွေမှာ အဝတ်လိုက်လျှော်သောအလုပ်ကို လုပ်ခဲ့ကြတာ။ ဒါဟာ မျိုးရိုးစဉ်ဆက် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်တာပဲမဟုတ်လား။ တချို့လူတွေလို အဖေက အရာရှိ၊ သားက စီးပွားရေးလုပ်ငန်းရှင်၊ မြေးက ဆရာဝန်ဆိုတာမျိုး မျက်စိနောက်လောက်အောင် အပြောင်းအလဲများတာမဟုတ်ဘူး။

ပြီးတော့ တချို့ရှိသေးသည်။ တစ်ချိန်မှာ စီးပွားတက်၊ ကားဝယ်စီး၊ တီဗီတွေ၊ အောက်စက်တွေ၊ ရေခဲသေတ္တာတွေ၊ လေအေးစက်တွေ၊ အဝတ်လျှော်စက်တွေနဲ့ ဘဝမေ့ပြီး ထိုးထိုးထောင်ထောင် လုပ်နေရာကရုတ်တရက် စီးပွားလည်း ပျက်ရော အဝတ်အစားတွေတောင် ကိုယ့်ဘာသာ လျှော်ရတဲ့ဘဝရောက်တော့တာပေါ့။

သူကတော့ ဒါမျိုးမဟုတ်။ အရွယ်မရောက်တရောက်ကတည်းက အဝတ်လျှော်တဲ့အလုပ်ကို လုပ်လာခဲ့တာ ခုထိပဲ။ ရာထူးအတက်အကျ

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ၊ စီးပွားတက်တာလည်း မရှိ၊ စီးပွားပျက်တယ်ဆိုတာလည်း မရှိ၊ အလွန် တည်ငြိမ်သောဘဝကို ပိုင်ဆိုင်ခဲ့သူဖြစ်၏။ အလွန်အေးချမ်းသောဘဝဟူ၍လည်း ဆိုနိုင်သည်။ (ဟုတ်တယ်လေ။ အလုပ်ကိုက ရေကိုကိုင်ပြီး လုပ်နေတာကိုး။ ဆောင်းတွင်းမနက်ဆို ပိုပြီးတော့တောင် အေးချမ်းသေး။)

ဘာပဲဖြစ်ဖြစ် သူကလည်း တခြားလခစားဝန်ထမ်းတွေလို ဘောနပ်စ်တို့ အောက်ဆိုက်တို့ ရတန်သလောက်တော့ ရတာပါပဲ။ ငွေရယ် ကြေးရယ်တော့လည်း မဟုတ်ဘူးပေါ့။ အိမ်ရှင်တွေအတွက် အသုံးမလိုတော့တဲ့ အဝတ်ဟောင်းတွေ၊ ဖိနပ်စုတ်တွေ၊ ပုလင်းခွံဗူးခွံတွေလေ။ ဒါတွေထဲက ကိုယ် သုံးသင့်တာသုံး၊ အဟောင်းဆိုင် ပြန်သွင်းသင့်တာသွင်း၊ ဘော်တယ်ဆိုင် ပို့သင့်တာပို့၊ အပိုဝင်ငွေလေးတော့ ရတတ်သည်။

ဒါကလည်း အိမ်ရှင်တွေရဲ့ စိတ်ထားပေါ် မူတည်သည်။ တချို့က သူတို့ အသုံးမလိုတော့တာဆိုရင် သိပ် စိစစ်မနေဘူး။ ပေးချလိုက်တာပဲ။ တချို့ကျတော့လည်း သုံးမရလောက်အောင် ဟောင်းနွမ်းစုတ်ပြတ်နေမှ စွန့်ကြတတ်သည်။ သဘောကောင်းတဲ့အိမ်ရှင်ကျတော့လည်း ကော်ဖီလေးတိုက်၊ မုန့်လေးကျွေးတာမျိုးရှိပါသည်။

အခု ဒီအိမ်က အစ်မကျတော့ တစ်မျိုး။ (အစ်မဆိုတာက လေးစားမှုနဲ့ခေါ်တာ။ တကယ်က သူ့ထက်ငယ်သည်။ ဒါလည်းမဆန်းပါဘူး။ တချို့ဆို ရွယ်တူတန်းတူကိုတောင် 'အဘ' လို့ ခေါ်ကြတာမဟုတ်လား။)

အစ်မသည် နည်းနည်း ကပ်စေးနဲသည်ဟု သူ ထင်၏။ သတင်းစာ၊ ဂျာနယ်အဟောင်းတွေ စုထားပြီး ပိဿာချိန်နဲ့ ပြန်ရောင်းသည်။ ဒါကတော့ အိမ်ရှင်မတိုင်းလိုလို လုပ်ကြတာပါပဲ။ အစ်မကတော့ နည်းနည်းပိုသည်။ ပုလင်းလွတ်တွေ၊ ရေသန့်ဗူးခွံတွေ ရောင်းတာက ထားတော့။ ဘော်တယ်ကုလားက မဝယ်တဲ့ ပုလင်းတွေ ဗူးခွံတွေဆိုရင်လည်း ဆီတို့၊ ငံပြာရည်တို့ ထည့်လို့ရတယ်ဆိုပြီး မပေးရက် မစွန့်ရက်ဖြစ်နေသည်။

စက္ကူနဲ့ ပတ်သက်တာဆိုရင် ဘာမဆို ပြန်ရောင်းလို့ရတယ်ဆိုပြီး ခြင်ဆေးခွေတို့ သွားတိုက်ဆေးတို့ထည့်တဲ့ ကတ်ထူဗူးခွံလေးတွေကိုတောင်



သိမ်းထားတတ်သည်။ ဒါတွေက တစ်နှစ်လောက် စုတာတောင် တစ်ဆယ်သားလောက်မှ ရပ့ါမလား။

အဝတ်အစားတွေဆိုလည်း ဒီအတိုင်းပဲ။ အတော်နွမ်းရိတဲ့အထိ ဝတ်သည်။ ယောကျ်ားရဲ့ပုဆိုးတွေဆို ဖုန်သုတ်ဖို့၊ လက်နှီးစုတ်လုပ်ဖို့၊ ထမိန်တွေကျတော့ ကြမ်းတိုက်ဖို့၊ အင်္ကျီတွေကျတော့ ပုလင်းတို့ ပန်းကန်တို့ သုတ်လို့ရတယ်ဆိုပဲ။

ဒီလို စိစိစစ်စစ် လုပ်တတ်တဲ့လူက ပါတိတ်ထမိန် အလတ်ကြီးကို ရက်ရက်ရောရော စွန့်ကြဲလိုက်တယ်ဆိုတော့ မအံ့သြဘဲ ဘယ်နေနိုင်ပါ့မလဲ။ အိပ်မက်လားမသိဘူးဆိုပြီး ကိုယ့်လက်ကိုယ် ပြန်ဆိတ်ကြည့်မိသေးသည်။ အာယိုယို တကယ်အမှန်အကန်ပါပဲလား။ ပြီးခဲ့တဲ့လက ပီလီခတ်ဘုရားပွဲမှာ ဆုတောင်းခဲ့တာကြောင့်ဖြစ်မယ်။ ဒီလိုမှန်းသိရင် အနွေးထည်လေး တစ်ထည်အတွက်ပါ ဆုတောင်းခဲ့ရ ကောင်းသား။

အဝတ်လျှော်တဲ့ကုလားမကြီးလိုပဲ၊ အိမ်ရှင်ယောကျ်ားကိုယ်တိုင်လည်း အံ့သြမိတာပါပဲ။ သူက မိန်းမလုပ်တဲ့လူကို ကပ်စေးနဲတယ်လို့တော့ မမြင်။ နမြောတတ်တာပါဟု ဖေးဖေးမမ မှတ်ချက်ပြုသည်။

သူ့မိန်းမအကြောင်း သူ ကောင်းကောင်းသိ၏။ အလှူအတန်းလုပ်တာတောင်မှ နမြောတတ်တဲ့စိတ်ကလေး ပါလာတတ်သည်။ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်တဲ့အခါ ငါးပါးဆို ငါးပါးစာ ကွက်တိ လုပ်ချင်သည်။ အချိုပွဲဆိုလည်း ကိတ်မုန့် ငါးချပ်၊ သီးမွှေးငှက်ပျောသီး ငါးလုံး၊ ကျောက်ကျော ငါးတုံး၊ စီးကရက် ငါးလိပ် ဆိုတာမျိုးပေါ့။

"မင်းကွာ … ဘုန်းကြီးတွေကို ပုံစံနဲ့ကပ်သလို ဖြစ်နေပြီ … စီးကရက် ငါးလိပ် ကွက်တိချပေးတာကတော့ ကြည့်မကောင်းပါဘူး"

ဟု ဝေဖန်သောအခါ

"ရှင် ဘာသိလို့လဲ … တစ်ချို့ကိုယ်တော်တွေက ပြန်ကြွတဲ့အခါ စီးကရက်ဘူးပါ ကောက်ယူသွားတတ်တာ … တစ်ခါတလေ မီးခြစ်တောင် ဆစ်ပါသွားသေးတယ်"

ဟု ဇာဒက တက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဆန်အလှူခံသော သီလရှင်လေးတွေက အိမ်ကို အခါအားလျော်စွာ ကြွလာတတ်သည်။ တည့်တည့်တိုးတဲ့အခါ လှူလိုက်သော်လည်း တစ်ခါတလေကျတော့ 'ဒါနဆန်များရှင်' ဆိုသောအသံကို မကြားမိသလိုလို လုပ်နေတတ်သည်။ တစ်ခါတရံကျတော့ သီလရှင်ကလေးတွေကို ရိပ်ခနဲမြင်လိုက်တာနဲ့ နောက်ဖေးဘက်သွားပြီး တစ်ခုခုလုပ်သလိုလိုနဲ့ ရှောင်ချင်ရှောင်နေသည်။

"အိမ်ရှေ့မှာ သီလရှင်တွေ ရောက်နေတယ်"

ဟု သွားသတိပေးလျှင် မသိမသာ မျက်စောင်းခဲချင်တတ်သေးသည်။

ဒီလိုလူမျိုးက အဝတ်လျှော်တဲ့ကုလားမကြီးတစ်ယောက်အပေါ်မှာ စေတနာတွေ ပိုနေတာ ထူးဆန်းသည်။ ယတြာချေတာလား မသိဘူး။ ခုလို စဉ်းစားမိတော့မှ သွား သတိရပြန်သည်။

သူမိန်းမသည် တစ်ခါတုန်းက အိပ်မက်တွေမကောင်းဘူး၊ မျက်ခုံးတွေ လှုပ်တယ်ဆိုပြီး ဗေဒင်သွားမေးသည်။ ဗေဒင်ဆရာက ယတြာချေတဲ့အနေနဲ့ အဘိုးအိုတစ်ယောက်ကို အဝတ်အစားအသစ်တစ်စုံ လှူပါဟု ညွှန်ကြားသည်။ 'အသစ်' ဆိုသော စကားလုံးပါနေသဖြင့် အိမ်က အကျႌကို ပေးလို့မဖြစ်တော့။ ဒီတော့ ဘာလုပ်သလဲသိလား။ လယ်သမားတံဆိပ်ပုဆိုးကြမ်းတစ်ထည်နှင့် စွပ်ကျယ်လက်ပြတ်တစ်ထည် ဝယ်သည်။ ဒါလည်း 'အဝတ်အစားအသစ်တစ်စုံ'ပဲမဟုတ်လား။ ပြီးတော့ ဘာလုပ်သလဲဆိုတော့ ... ။

"အတော်ပဲ ... သီတင်းလည်း ကျွန်ခါနီးပြီ ... အဖေ့ကို ကန်တော့ရမယ်"

ဟု ဆိုလေသည်။

အခု ပါတိတ်ထမိန်နှင့် ကုလားမကြီးတို့၏ အရေးကိစ္စမှာ ယတြာချေတာဟု တပ်အပ်ပြောဖို့ခက်သည်။ ဗေဒင်ဆရာက ပါတိတ်ခပ်လတ်လတ်တစ်ထည်ရယ်လို့ တိတိကျကျကြီးတော့ ပြောမယ်မထင်။ ထမိန်းဟောင်းတစ်ထည်လို့ ပြောချင်ပြောမည်။ ဒါဆိုရင် အညံ့စား တရုတ်ပိတ်



စနှင့် ချုပ်ထားသော ထမိန်ဟောင်းကိုပဲ ပေးမှာပဲ။ အသစ်ဆိုလျှင်လည်း စက်မှုတစ် ပွင့်ရိုက်လောက်ပဲ ဝယ်ပေးမှာ သေချာသည်။

ခုဟာကတော့ နည်းနည်း ထူးခြားနေသည်။ ဒါတင်မကသေး။ တစ်ရက်မှာ ညနေစောင်း ရေချိုးပြီး ချမ်းစိမ့်စိမ့် ဖြစ်လာသဖြင့် အပေါ်က ထပ်ဝတ်ရန် ဖလန်နယ်အင်္ကျီကို ရှာသောအခါ မတွေ့ဘဲ ဖြစ်နေ၏။ မိန်းမကို မေးကြည့်တော့ ...

"ဟိုတစ်နေ့က ဈေးသွားရင်း မွှာရုံစောင့်တဲ့ အဘိုးကြီး ဦးကျော်ထွေးနဲ့ တွေ့တယ် ... မနက်စောစောစီးစီးမှာ စွပ်ကျယ်စုတ်ကလေးနဲ့ သူ့ခမျာ ချမ်းရာလွန်းလို့ စကားပြောတာတောင် အသံတွေ တုန်နေတယ် အဲဒါနဲ့ ရှင့်ဖလန်နယ်အင်္ကျီလေး ပေးလိုက်တာပါ"

"ငါ့တောင် ... အသိမပေးတော့ပါလား"

ဟု စကားထောက်ပေးသလို ပြောတော့

"ရှင့်အင်္ကျီကဖြင့် အရောင်တွေတောင် လွင့်စပြုနေပြီပဲဟာ ... ဥစ္စာခြောက်နေရသေးလား"

လို့ သူကတောင် ပြန်ပြီး အပြစ်ဆိုချင်နေသေးသည်။

"ဘာလဲ ... ယတြာချေတာလား"

"မဟုတ်ပါဘူး ... အဘိုးကြီး ချမ်းနေတာမြင်ပြီး သဒ္ဓါပေါက်လာလို့ပါ"

တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာလဲတော့ မသိဘူး။ ဆန်းတော့ ဆန်းတယ်ဟု ဇဝေဇဝါ ဟိုတွေးဒီထင် ဖြစ်နေတုန်းမှာပဲ မိန်းမလုပ်တဲ့လူက သူမှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း အသိပေးလာလေသည်။

www.burmeseclassic.com



အင်း … အဲဒါ ထူးခြားတာပဲ။

ကိုငွေရနှင့် မစောလှိုင်တို့သည် အိမ်ထောင်သက် ဆယ်နှစ်ကျော်တဲ့အထိ ကလေးမရခဲ့။ အထူးကုဆရာဝန်ဆီသွားပြီး စမ်းသပ်စစ်ဆေးတာတို့ ဘာတို့လည်း မလုပ်ဖြစ်ခဲ့။ သားသမီးဆိုတာ တမင် ဖန်တီးယူလို့မရ။ ကိုယ်နဲ့ထိုက်မှ ရောက်လာတာဟု ယူဆသည်။ နှစ်တွေ ကြာလာတော့ မရနိုင်တော့ဘူး တွက်ထားတာ။ ခုချိန်ကျမှ ကလေးရှိလာခြင်းမှာ ဆန်းကြယ်သော ကုသိုလ်ကံဟု ဆိုနိုင်လေသည်။

မိန်းမတစ်ယောက် ကိုယ်ဝန်ရှိလာပြီဆိုလျှင် အနေအထိုင် အစားအသောက် ပြောင်းလဲလာတတ်သည်။ အရင်က အစားနည်းတဲ့လူက ခုကျမှ နင်းကန်စားတာမျိုး၊ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နေခဲ့သူက လေးလေးကန်ကန်နဲ့ ဇိမ်ယစ်ချင်လာတာမျိုးပေါ့။

ပြီးတော့ ချင်ခြင်းတပ်တယ်ဆိုတာလည်း ရှိသေးသည်။ ကိုယ်ဝန်ရှိနေစဉ်ကာလမှာ တစ်ခုခုကို မလုပ်ဘဲ မနေနိုင်တာ။ တစ်ခုခု မစားရ မနေနိုင်တာမျိုး ဖြစ်၏။ ဒါဟာ ခန္ဓာကိုယ် အတွင်းဓာတ်သဘာဝပြောင်းလဲမှုကြောင့် အာဟာရ မပြည့်ဝမှုကြောင့်ဟု သိပ္ပံဆရာတို့က ကောက်ချက်ချသည်။ ရိုးရာအစဉ်အလာ ယုံကြည်မှုအရတော့ သန္ဓေသား၏ လှုံ့ဆော်ချက်နှင့် သက်ဆိုင်သည်ဟု ဆိုလေသည်။



တချို့ ဗိုက်ကြီးသည်များသည် ထူးထူးဆန်းဆန်း စိတ်ဆန္ဒတွေ ဖြစ်ပေါ်လာတတ်သည်။ တီရှတ်ဆွဲနှင့်နှင့်ရုံသွားပြီး ဆင်ကို ကြံကျွေးချင်တယ်ဆိုတာမျိုးဖြစ်၏။ ဒါဆိုလျှင် ဗိုက်ထဲကကလေးဟာ အကြီးအမှူး ဖြစ်လာနိုင်တယ်ဟု နိမိတ် ဖတ်ကြသည်။

တချို့ကတော့ ကိုယ်ဝန်ရှိလာပြီးမှ အလှအပ ကြိုက်လာသည်။ ဆံပင်ကောက်မယ်၊ ဖြောင့်မယ်၊ မိတ်ကပ်ရေမွှေး ဝယ်မယ်၊ အဝတ်အစားအသစ်တွေ ချုပ်မယ်။ ဒါ … မိန်းကလေးချောချောလှလှမွေးမယ့်သဘော။

ပေါက်ပေါက်ရှာရှာ နွားလှည်းစီးချင်လှချည်ရဲ့ဆိုတဲ့သူမျိုးလည်း ရှိသေးသည်။ ဒီဗိုက်မျိုးကတော့ ယောကျ်ားလေးဖြစ်မှာ သေချာတယ်။ ကြီးလာရင် လူပျိုကြီး ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်လို့ကတော့ မ.ယ.က(မယားကြောက်)ဖြစ်မှာပဲ။

တချို့မှာ အစားအသောက်တစ်မျိုးမျိုးကို စွဲစွဲလမ်းလမ်း ဖြစ်နေတတ်သည်။ နေ့စဉ်ရက်ဆက် ပြောင်းဖူးတွေချည်း စားနေတာ။ တစ်နေ့ကို ရေခဲမုန့် ငါးခွက်လောက်စားရမှ နေသာထိုင်သာရှိတာ။ ကြက်သွန်တွေကို အစိမ်းလိုက် 'တဂျွမ်းဂျွမ်း' ကိုက်စားတာ။ ထမနဲ ငါးဆယ်သားကို တထိုင်တည်း စားပစ်တာ စသည်ဖြင့် …

တစ်ခါတလေကျတော့ ပုံမှန်မဟုတ်တဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်လာတတ်သည်။ ဆေးလိပ်ပြာတွေ့ရင် လျက်ဆားလို လျက်လိုက်ရမှ ကျေနပ်သူမျိုး ရှိ၏။ စာရေးဆရာတစ်ယောက်ကတော့ သူ့ကို ကိုယ်ဝန်ရှိစဉ်က သူ့အမေသည် စက္ကူတွေ ဝါးဝါးစားတတ်သည်ဟု ပြောဖူးသည်။

မစောလှိုင် ချင်ခြင်းတပ်ပုံကတော့ စောစောကပြောခဲ့တဲ့အတိုင်းပါပဲ။ ကျွေးချင်မွေးချင်၊ ပေးချင်ကမ်းချင်၊ လှူချင်တန်းချင်တဲ့စိတ်တွေ ပေါ်ပေါက်နေသည်။ အလကားနေရင်း ဘယ်သူ့ကို ဘယ်လိုကူညီရပါ့မလဲ အကြံထုတ်နေတတ်သည်။ ဒါဟာ ဗိုက်ထဲကကလေးရဲ့ စိတ်နေစိတ်ထား ရောင်ပြန်ဟပ်နေတာပဲ။ မွေးလာမယ့်ကလေးဟာ သူတော်ကောင်းလေး ဖြစ်လိမ့်မယ်ဟုဆိုပြီး ကိုငွေရက ကျေနပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစောလှိုင်သည် နေ့လယ်ခင်းအချိန်ကျလျှင် အိမ်ရှေ့ထွက်ပြီး ပိုေဒီမျှော် လုပ်တတ်လာသည်။ ဘာစောင့်နေတာလဲ မေးတော့ ...

"သီလရှင်လေးတွေလည်း ... ကြွမလာတာ ကြာပြီ"

ဟု တမ်းတမ်းတတပြောသည်။

"ဟိုတစ်ပတ်ကပဲ လာသွားသေးတယ်လေ ... သူတို့က ဘုန်းကြီးတွေ ဆွမ်းခံသလို နေ့စဉ်ပုံမှန် ကြွလို့ရတာမဟုတ်ဘူး ... နေ့တိုင်းကျတော့လည်း လှူတွေက ဘယ်လှူနိုင်ပါ့မလဲ ... တစ်နေ့ကို ရပ်ကွက်တစ်ခု အပိုင်းတစ်ပိုင်း ပြောင်းပြောင်းပြီး သွားရတယ် ... ဆယ့်လေးငါးရက်နေမှ တစ်ကျော့ ပြန်လာတတ်တာ"

"အင်း ... နေ့လယ်နေ့ခင်း တမေ့မေ့နေတုန်း ဆရာလေးတွေ ကြွလာရင် ကျွန်မကို နှိုးပါနော်" ဟု မှာထားတတ်သည်။

နောက် ထူးခြားချက်တစ်ခုကတော့ ကိုငွေရဲ့ အဝတ်အစားတွေ မကြာခဏ ပျောက်တတ်ခြင်းပင်ဖြစ်၏။ စွပ်ကျယ်တစ်ထည် ရှာမတွေ့လို့ မေးကြည့်လျှင်

"ရေစည်လှည်းတွန်းတဲ့ အောင်သိန်းကျော်ဆိုတဲ့ကောင်လေးလေ နေပူထဲမှာ ကျောပြောင်ကြီးနဲ့မို့ ... သနားတာနဲ့ ပေးပစ်လိုက်ပြီ"

တစ်ရက်မှာလည်း မီးခြစ်ဂတ်စ်ထည့်တဲ့ကုလား မိုးဖွဲဖွဲရွာနေတဲ့ ကြားထဲ လျှောက်လာတာ မြင်တော့ လှမ်းခေါ်ပြီး ကိုငွေရဲ့ မိုးကာအင်္ကျီ ကို ပေးလိုက်သည်။ ညနေဘက် အပြင်ထွက်မလို့ လုပ်တော့ မိုးကာအင်္ကျီ ရှာမတွေ့။

"ကြည့်လည်း လုပ်ပါဦးကွာ ... စွပ်ကျယ်တို့ ပုဆိုးတို့က ထားပါ တော့ ... မိုးကာက ဒီတစ်ထည်ပဲရှိတာ ... ပြီးတော့ ဒီမိုးဦးကျကမှ ဝယ် ထားတဲ့ဟာ ... အကောင်းကြီး ရှိသေးတယ်"

"အို ... ရှင်က မိုးကာမရှိရင် ထီးနဲ့သွားလို့ရတယ် ... အမြဲတမ်း အပြင်ထွက်ရတာလည်း မဟုတ်ဘူး ... ဟိုခများက နေ့စဉ်နဲ့အမျှ လမ်းပေါ် လျှောက်သွားနေရတာ"



"မိုးကာက ဝတ်ရတာ အဆင်ပြေတယ်ဟ ... ထီးကျတော့ ဟိုချ ဒီချနဲ့ ပျောက်မှာ စိုးရတယ် ... ကိုင်ထားရတာကလည်း အလုပ်တစ်ခု"

"ဒါဆိုလည်း ... မိုးကာအသစ်တစ်ထည် ဝယ်လိုက်ပေါ့"

သို့ရာတွင် ဝယ်တဲ့စခန်း မရောက်လိုက်။ နောက်နှစ်ရက်သုံးရက် အကြာမှာပဲ ရုပ်ပါမတ်ကတ်မှာ ဈေးဝယ်တုန်းက ရထားသော ကံစမ်းမဲ လက်မှတ်က မိုးကာအင်္ကျီတစ်ထည် ပေါက်လို့ လာထုတ်ပါဟု အကြောင်း ကြားလာလေသည်။

ဒီလို ထူးခြား တိုက်ဆိုင်တာမျိုးတွေ မကြာခဏ ဖြစ်တတ်၏။ မစောလှိုင်က မိဘမဲ့ကလေးတွေကို လှူဒါန်းကျွေးမွေးလိုသောဆန္ဒ ပြင်းပြ နေသည်။ ကိုငွေရမှာက ငွေနည်းနည်း ကျပ်နေသည်။ ထိုအချိန်မှာပဲ ဆုံးပြီ ဟု ထင်ထားသော အကြွေးတွေ မမျှော်လင့်ဘဲ လာပြန်ဆပ်တာနဲ့ ကြုံရ သည်။ တစ်ခါတစ်ခါကျတော့ တိုက်ဆိုင်ပုံက အတော်ခွကျသည်။

"ရှင့်မှာ ... တိုက်ပုံအင်္ကျီဟောင်းကလေးဘာလေး မရှိဘူးလား"

"ဘာလုပ်ချင်လို့လဲ"

"ဟို ... ဘုရားကိုးဆူကပ်တဲ့ ဆရာကြီးလေ ... သူ့တိုက်ပုံအင်္ကျီက ဖွာလန်ကြဲနေပြီ ... အရောင်အဆင်းတောင် မရှိတော့ဘူး ... အဲဒါ ..."

"အဲဒါ မလုပ်နဲ့ ... ငါ့မှာလည်း ဒီတစ်ထည်ပဲရှိတာ ... ခုချိန်မှာ တိုက်ပုံတစ်ထည် ချုပ်ရင် အတော်ကုန်မှာဟ ... ခုတလော အကုန်အကျ များနေတာလည်း မင်း သိသားပဲ ... ဒါလေးတော့ ချမ်းသာပေးပါ"

ဟု တောင်းပန်ထားရသည်။

နောက်သုံးလေးရက်အကြာ၊ မင်္ဂလာဆောင်သွားစရာရှိသဖြင့် တိုက်ပုံ အင်္ကျီကို ထုတ်လိုက်တော့ အံ့ဩသွားရ၏။ ကြွက်ပဲကိုက်သွားသလား၊ ဘက်ထရီအိုးကအက်ဆစ်ပဲ ထိလို့လားမသိ။ အင်္ကျီလက်မောင်းနေရာမှာ ပေါက်ပြဲနေတာ တွေ့လိုက်ရ၏။ သိတဲ့အတိုင်းပဲ။ မစောလှိုင်ရဲ့ဆန္ဒ ပြည့်ဝ သွားပြီ။ တိုက်ပုံအင်္ကျီကို စွန့်ကြဲလိုက်ရလေသည်။

ဒီလိုနဲ့ပဲ မစောလှိုင်၏ကိုယ်ဝန်မှာ တဖြည်းဖြည်း ရင့်မာလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်မတော်ကြီးမှာမှ မစောလှိုင်က မိုက်နာလာသည်။

သူတို့အိမ်မှာ ဆင်ခြေဖုံးရပ်ကွက်ကလေးတစ်ခုတွင် ဖြစ်၏။ မော်တော်ကား ရှားပါးသောကာလဖြစ်သောကြောင့် အရေးအကြောင်းဆို ရှိတဲ့ကားကိုသာ အကူအညီတောင်းကြရသည်။

သူတို့ရပ်ကွက်ထဲမှာ ကားနှစ်စင်းရှိ၏။ တစ်စင်းက ဒေါ်ဂျစ်ကားကြီးဖြစ်၏။ မနေ့တစ်နေ့ကမှ အင်ဂျင်ချပြီး ကိုင်နေဆဲဆိုတော့ မျှော်လင့်စရာမရှိ။ နောက်လမ်းထဲမှာ လေးဘီးအငှားယာဉ်တစ်စင်းရှိ၏။ သွားနှိုးပြီး အကူအညီတောင်းတော့ သူတို့က ကားထောင်ထားသော အုံနာသာဖြစ်သည်။ ကားတော့ မမောင်းတတ်။ ဒရိုင်ဘာက မနက်ကျမှ လာမှာ။ မောင်းတတ်တဲ့လူရှိရင်တော့ ကားပေးလိုက်ပါမည်ဟု ဆိုသည်။

ခက်နေတာက ဒီရပ်ကွက်ထဲမှာ ကားမောင်းတတ်တဲ့လူ ဘယ်သူရှိသလဲဆိုတာ မသိ။ တစ်အိမ်တက်ဆင်း လိုက်နှိုးပြီး မေးလို့ဖြစ်တာလည်း မဟုတ်။ သေချာတာကတော့ ဒေါ်ဂျစ်ကားပိုင်ရှင်ပဲ။ သို့ရာတွင် ထိုသူကလည်း လေးဘီးပိုင်ရှင်နဲ့ အစေးကပ်တာမဟုတ်။ သူဆိုလျှင် လေးဘီးသမားက မတတ်သာလို့သာ ပေးမောင်းချင်မောင်းမည်။ ကြည်ကြည်သာသာရှိမှာ မဟုတ်။ ဒေါ်ဂျစ်ဆရာကလည်း မောင်းချင်မှာ မဟုတ်။



ထိုစဉ်မှာ ညကြီးပိုင်းဆွဲရာမှ ပြန်လာသော ဆိုက်ကားတစ်စင်းကို တွေ့သည်။ မတတ်နိုင်။ ဆေးရုံက အတော်လှမ်းသော်လည်း ဆိုက်ကားနဲ့ပဲ သွားရတော့မည်။ လမ်းမှာ ကားတစ်စင်းတလေနှင့် ဆုံလျှင်တော့ တားပြီး အကူအညီတောင်းရမည်။

ကားတော့ တွေ့ရပါတယ်။ ကုန်အပြည့်အမောက်တင်ပြီး မနိုင်ဝန်ကို ထမ်းရင်း အိပ္ပဲအိပ္ပဲ မောင်းလာသော ထရပ်ကားကြီးသာ ဖြစ်၏။

"တားမနေပါနဲ့တော့ဗျာ … လိုက်ပို့နိုင်မှာလည်း မဟုတ်ပါဘူး … ပြီးတော့ … ဒီကားကြီးမောင်းနေပုံက ဆိုက်ကားကတောင် ကျော်တက်သွားဦးမယ် … ကျွန်တော် မြန်မြန်နင်းပေးပါ့မယ်"

ဘယ်လောက်ပဲ မြန်မြန်နင်းနင်း ဆိုက်ကားက ဆိုက်ကားလောက်ပဲ သွားနိုင်သည်။ ပြီးတော့ လမ်းခရီးမှာ ကုန်းတက်ကြီးတစ်ခုကို ဖြတ်တက်ရသေးသည်။

"ကျွန်တော် ဆင်းတွန်းပေးမယ်"

ကိုငွေရက ပြောသည်။

"ရပါတယ်ဗျ … ဒါလောက်တော့"

ဟု ဆိုက်ကားဆရာက ပြောသော်လည်း ကိုငွေရက အားနာပြီး ဆင်းလိုက်သည်။ ဆိုက်ကားကို နောက်က မေးပြီး တွန်းပေးသည်။ ရပါတယ်ဗျသာ ပြောတယ်။ ကုန်းကို ကျော်ပြီးတော့ ဆိုက်ကားဆရာမှာ ဟောဟဲလိုက်နေသည်။ ဒါကိုကြည့်ပြီး မစောလှိုင်က

"ဆိုက်ကားဆရာ မောနေပြီ … ခဏထိုင်ပါစေ … ဆိုက်ကားကို ရှင် တစ်လှည့်နင်းပါလား"

ဟု မိုက်နာနေတဲ့ကြားက ပြောသည်။

"ဟာကွာ … မင်းကလည်း"

"ကိုယ့်မိန်းမ ကိုယ်တင်းနင်းတာ ရှက်နေရသေးလား … ဒီအချိန် ဒီနေရာကြီးမှာ ရှင့်ကို ဘယ်သူမှတ်မိမှာလိုက်လို့"

"မဟုတ်ဘူးလေ … ဟိုဒင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ ... ဆိုက်ကားဆိုတာ မနင်းတတ်ဘဲ တက်နင်းလို့ရတာ မဟုတ်ဘူး ... ကျွန်တော်ကလည်း စောစောက ကုန်းတက်ကြီးမို့ နည်းနည်း ဟိုက်သွားတာပါ ... ဒီခရီးလောက်က သွားနေကျပဲ ... အေးဆေးပါ"

ဆိုက်ကားဆရာက ဝင်ပြီး ဖြန်ဖြေပေးလိုက်ရသည်။

ဆေးရုံက ခပ်သေးသေးဆိုတော့ ဝန်ထမ်းအင်အားနည်းသည်။ တနင်္ဂနွေနေ့ကလည်း ဖြစ်နေသေးသဖြင့် နည်းနည်းနဲ့ကျဲကျဲ ပိုင်းနေရ၏။ မစောလှိုင်ကို မွေးခန်းထဲသွင်းပြီး သိပ်မကြာခင်မှာပဲ မွေးလူနာတစ်ယောက် ရောက်လာပြန်သည်။

ထိုအမျိုးသမီးမှာ တော်တော် အအော်သန်လေသည်။ မွေးခန်းတစ်ခုလုံး သူ့အသံက ဖုံးလွှမ်းနေသည်။ မစောလှိုင်က တအင်းအင်းလောက်သာ ကြိတ်ငြီးနေရသည်။ သူက အရင်ရောက်သူဖြစ်သောကြောင့် ဦးစားပေးဟန်တူသည်။ ဆရာမနှစ်ယောက်မှာ မစောလှိုင်နားမှာ အလုပ်ရှုပ်နေကြသည်။

ဟိုဘက်မှ အမျိုးသမီးက

"ဆရာမရယ် ... ကျွန်မဆီကိုလည်း လာပါဦး ... အမလေး ... ဒီမှာ နာလို့ သေတော့မယ်"

ဟု တကြော်ကြော် ခေါ်နေ၏။ မစောလှိုင်မှာ အားနာလာပြီး

"သူ့ကိုပဲ အရင်မွေးပေးလိုက်ပါ ... ကျွန်မ အောင့်ထားပါ့မယ်"

ဟု ပြောမိ၏။ သူနာပြုဆရာမကြီးက

"အို ... အဲဒီကောင်မလေးက အလကားနေရင်း အော်နေတာ ... မွေးဖို့ အဝေးကြီး လိုသေးတယ် ... ရေမွှာတောင် မပေါက်သေးဘူး ... ညည်းက မွေးလမ်းကြောင်းထဲတောင် ကလေးက ခေါင်းတိုးနေပြီ"

သိပ်မကြာခင် သန်းခေါင်ကျော်လောက်မှာပဲ မစောလှိုင် မွေးသည်။ ယောကျ်ားလေး။ ချောချောမောမော လွယ်လွယ်ကူကူပဲ။ ကလေးမွေးရတာ ထင်သလောက် မနာပါဘူးဟု မစောလှိုင် တွေးမိ၏။ ဟိုအမျိုးသမီးကတော့ တစ်ညလုံး အော်နေပြီး နောက်နေ့မနက်ကျမှ မွေးသည်။



လူနာဆောင်ထဲမှာလည်း ကုတင်ချင်းယှဉ်လျက်နေရ၏။ မစောလှိုင်က နို့ထွက်အလွန်ကောင်းသည်။ သူ့သားကလည်း နို့စို့အား အလွန်ကောင်းတာဆိုတော့ အံကိုက်ပဲပေါ့။

တစ်ဖက်ကုတင်မှ အမျိုးသမီးကတော့ ကံမကောင်းရှာ။ ဗိုက်နာနေတုန်းက အသားကုန်အော်ခဲ့လို့ နို့ကြောင်းပိတ်သွားသလားမသိ။ နို့မထွက်ဘဲ ဖြစ်နေ၏။ ကလေးက နို့ဆာလို့ ငို၊ အမေက နို့မလိုက်။ အတော်ဒုက္ခများနေသည်။ ကလေးကလည်း မအေတူလေးပဲ။ အတော် အာပြဲသည်။ ငိုလိုက်ရင် အသံက စီခနဲ ညံခနဲ ထွက်လာတတ်၏။ အမေလုပ်တဲ့လူက တရှုံ့ရှုံ့ ကြိတ်ငိုရသည်။

ဒီနေရာမှာ မစောလှိုင်ရဲ့သားလေးက ဇာတိပြလာသည်။ နို့တိုက်တဲ့အခါ တစ်ဖက်ပဲ စို့သည်။ နောက်တစ်ဖက် ပြောင်းတိုက်လျှင် မစို့တော့ဘဲ ပါးစပ်ပိတ်ထားသည်။ ထိုအခါ နို့တစ်ဖက်က တင်းပြီး တစ်စက်တစ်စက် လျှံကျလာသည်။ တစ်ဘက်ကုတင်မှ အမျိုးသမီးကအားကျသလို ငေးကြည့်နေပြီး

"အစ်မက နို့ထွက်ကောင်းတယ်နော် ... ကျွန်မမှာတော့ ... "

ဟု မျက်နှာငယ်လေးနှင့်ပြောရင်း မျက်ရည်ဝဲလာသည်။ မစောလှိုင် သနားသွားသည်။ အကြံတစ်ခုလည်း ရလာပြီး

"ညီမကလေးကို အစ်မရဲ့နို့ တိုက်ကြည့်ပါလား"

တစ်ဘက်ကုတင်ကို ကူးသွားပြီး ကလေးကို နို့တိုက်သည်။ ကလေးလည်း နို့ဝပြီး ကောင်းကောင်းအိပ်ပျော်သွား၏။ ဒီနည်းအတိုင်း မစောလှိုင်၏သားသည် နို့တစ်ဖက်ကို မစို့ဘဲ ဟိုဘက်က ကလေးအတွက် ချန်ထားတတ်သည်။ တစ်ခါတစ်ခါ သူ နို့စို့နေစဉ် တစ်ဘက်က ကလေးငိုသံ ကြားတာနဲ့ ဆက်မစို့ဘဲ ရပ်ပစ်လိုက်၏။ ဟိုဘက်ကကလေးကို သွားတိုက်ပြီး ကျန်တာကိုမှ သူ ပြန်စို့တာမျိုး လုပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလို ထူးထူးခြားခြား ဖြစ်နေတာကို တစ်ဘက်ကုတင်က အမျိုးသမီးကလည်း ရိပ်မိလာ၏။

"ကျေးဇူးတင်လိုက်တာ အစ်မရယ် ... အစတုန်းက ကျွန်မမှာ နို့မထွက်လို့ စိတ်ညစ်လိုက်ရတာ ... သေတောင် သေလိုက်ချင်တယ် ... ကလေးက နို့ဘူးကိုလည်း မစို့တတ်သေးတော့ ... ဘာလုပ်လို့လုပ်ရမှန်းမသိဘူး ... အင်း ... အစ်မသားဟာ သူတော်ကောင်းလေး ... "

မစောလှိုင်ကလည်း ဒါကို ကျေနပ်နေသည်။ ကိုငွေရကိုလည်း အမဲဈေးအထိသွားပြီး နွားမြီးဝယ်ခိုင်းသည်။ ကြောင်ပန်းရွက်နှင့် ဟင်းခါးချက်ယူလာခိုင်းပြီး တစ်ဘက်ကုတင်က အမျိုးသမီးကို တိုက်သည်။ နို့နည်းနည်း လိုက်လာသဖြင့် ကျေးဇူးထပ်တင်ပြန်သည်။ သူ့ယောက်ျားက အလုပ်ကိစ္စဖြင့် နယ်ထွက်နေရသောကြောင့် ဆေးရုံကို မလာနိုင်။ ကိုငွေရကပဲလိုအပ်သမျှ ကူညီရပြန်သည်။

ဆေးရုံမှာ သုံးရက်နေရသည်။ ဆေးရုံကဆင်းတော့လည်း တစ်ရက်ထဲ တစ်ချိန်ထဲ ပြိုင်တူဆင်းရသည်။ ဆေးရုံရှေ့က ကားဂိတ်မှာ လေးဘီးအငှားကား တစ်စင်းစီ ငှားသည်။ မစောလှိုင်တို့ကားက ပြဿနာမရှိ။ တစ်ဖက်မှကားကတော့ စက်နိုးလို့မရဘဲ ဖြစ်နေ၏။

ထိုအချိန်တွင် ကလေးက 'အဲ့ခနဲ၊ အဲ့ခနဲ' အသံပြုသည်။ မစောလှိုင်မှာ သူ့သားက ဘာကို ဆိုလိုကြောင်းကို ရိပ်မိသွားဟန်ဖြင့်

"ကိုငွေရ ... ဟိုကားကို သွားတွန်းပေးလိုက်စမ်းပါ ... ခမျာ အိမ်ပြန်နောက်ကျနေတော့မယ်"

ကိုငွေရလည်း ဟိုဘက်လေးဘီးကားကို သွားတွန်းပေးရသည်။ ဘက်ထရီကြောင့်လား၊ စတတ်တာမော်တာကြောင့်လား၊ ဆီကောင်းကောင်းမလိုက်လို့ပဲလားမသိ။ အတော်ဝေးဝေးတွန်းပြီးမှ စက်နိုးသွားသည်။ ကိုငွေရလည်း အတော်ဖားသွားလေသည်။

ကလေးမီးဖွားစရိတ်က အတော်ကုန်သွားသည်။ ဒီကြားထဲမှာ အပိုထပ်ကုန်စရာက ပေါ်လာသေးသည်။ လူနာဆောင်ထဲမှာ တောက တက်လာသော အမျိုးသမီးတစ်ယောက်ရှိ၏။ ကလေးပျက်ကျပြီး သွေးသွန်နေ



တာ။ အဖော်ဆိုလို့ ဆယ်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် ကလေးမလေးတစ်ယောက်ပဲ ပါသည်။ ပိုက်ဆံလည်းမရှိ။

ထိုအခါ ကိုငွေရက သူတို့နှစ်ယောက်အတွက်ပါ ထမင်းဟင်း ပို့ထည့်လာရသည်။ လိုအပ်သော ဆေးဝါးတွေ ဝယ်လာရသည်။ အာဟာရဖြစ်အောင် နွားနို့တွေ၊ ကြက်ဥပေါင်းတွေ ဝယ်ကျွေးရသည်။ သွေးလိုတယ်ဆိုလို့တောင် ကိုငွေရက သွေးတစ်ပုလင်း ဖောက်လှူလိုက်ရသေးသည်။ မစောလှိုင်ဆေးရုံကဆင်းတော့ ငွေအတော်အသင့် ပေးခဲ့ရသေးသည်။

ဒီကုန်ကျစရိတ်တွေအတွက်ကာမိစေသော ကိစ္စတစ်ခု ဖြစ်လာသည်။ ဆေးရုံပေါ်မှာ လာရောင်းသော ထီသည်ဆီက မစောလှိုင် ထီတစ်စောင် ထိုးခဲ့သည်။ သူ့သားက တနင်္ဂနွေသားမို့လို့ဆိုပြီး တစ်အစ တစ်အဆုံး ဂဏန်းကို ရွေးသည်။ ထိုထီလက်မှတ်က တစ်သောင်းဆု ပေါက်သည်။ မီးဖွားစရိတ် ကာမိရုံသာမက သုံးဖို့စွဲဖို့တောင် အများကြီး ပိုထွက်လာသေးသည်။

မွေးကတည်းက ထီပေါက်အောင် မ,စတဲ့ကလေးပဲဆိုပြီး သူတို့ရဲ့သားကလေးကို 'အောင်ဘာလေ' ဟု နာမည်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုငွေရ စိုးရိမ်မိသောအချက်တစ်ချက် ရှိ၏။ မစောလှိုင်သည် နဂိုက နုမြောတတ်သောစိတ်ရှိသူဖြစ်၏။ အောင်ဘာလေကို ကိုယ်ဝန်ရှိပြီးမှ သဒ္ဒါတရားတွေ ထက်သန်လာသည်။ ဒါဟာ ဗိုက်ထဲက ကလေးရဲ့သန္ဓေဗီဇက ရိုက်ခတ်လို့ပဲ။ ကလေးမွေးပြီးသွားရင် ဟိုတုန်းကလိုပဲ ပြန်ဖြစ်သွားမလား။

တကယ်တမ်းကျတော့ ဒီလိုမဟုတ်။ မစောလှိုင်မှာ ကိုယ်ဝန်ရှိစဉ်တုန်းကလို ပေးချင်ကမ်းချင်၊ ကူညီချင်သော ဆန္ဒတွေ လွှန်လွှန်ကဲကဲ မဖြစ်တော့တာပဲရှိသည်။ အရင်ကလို စီစီစစ်စစ် လုပ်တတ်တာမျိုး ပြန်မဖြစ်တော့။ အရှိန်မသေသေးလို့လည်း ဖြစ်ချင်ဖြစ်မည်။ လှူရတာန်းရလို့ စိတ်ချမ်းသာရတာကို အရသာတွေ့သွားတာလည်း ဖြစ်နိုင်သည်။

အောင်ဘာလေကတော့ ဗိုက်ထဲမှာကတည်းက ပါလာသော စိတ်ဓာတ်အတိုင်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်။

တစ်နှစ်သားအရွယ်လောက်ရောက်တော့ သူ့ကို ထိန်းဖို့ မိန်းကလေးတစ်ယောက် ခေါ်ထားသည်။ ကောင်မလေးက တော်ရှာသည်။ အောင်ဘာလေကို တော်တော် ဂရုစိုက်သည်။ အောင်ဘာလေကလည်း ကောင်မလေးကို တော်တော်ချစ်သည်။ ဘယ်လောက်ချစ်သလဲဆိုတော့ ...



သူ့အတွက် ဝယ်ထားတဲ့မုန့်တွေ ကောင်မလေးကို ကျွေးသည်။ ကောင်မလေးက မစားရဲတဲ့အခါ သူလည်း မစားဘဲနေသည်။ ကောင်မလေးက ဟန်ပြလောက် စားလိုက်မှ သူလည်း စားသည်။ ဒီလိုနဲ့ သူတို့နှစ်ယောက်မှာ မောင်နှမအရင်းလို ဖြစ်လာသည်။

အောင်ဘာလေ သုံးနှစ်သားလောက်ရောက်တော့ ပြဿနာတစ်ခု ဖြစ်သေးသည်။

တစ်ရက်မှာ မစောလှိုင် မင်္ဂလာဆောင်တစ်ခု သွားစရာရှိသဖြင့် မှန်တင်ခုံအံဆွဲထဲမှာ ယွန်းဘူးနဲ့ ထည့်ထားသော လက်ဝတ်လက်စားတွေ ထုတ်ဝတ်သည်။ ထိုအခါကျမှ နီလာလက်စွပ်တစ်ကွင်း ပျောက်နေကြောင်း သိလိုက်၏။ အထားများ မှားသလားလို့ တခြားနေရာတွေ ရှာကြည့်တော့လည်း မတွေ့။ ကိုငွေရများ ကိစ္စရှိလို့ ယူသလားမေးတော့။

"ဟာ ... ငါက ဘာလုပ်ဖို့ ယူရမှာလဲ ... ယူရင်လည်း မင်းကို ပြောမှာပေါ့"

သူတို့အိပ်ခန်းထဲကို အဝင်အထွက်ရှိတာကတော့ အောင်ဘာလေကို ထိန်းတဲ့ ကောင်မလေးတစ်ယောက်ပဲရှိသည်။ အိပ်ရာခင်းပေးတာ၊ တံမြက်စည်း ဝင်လှည်းတာ၊ အောင်ဘာလေကို ဝင်ခေါ်တာ။ ပြီးတော့ ဟိုတလောက ဒီလက်စွပ်ကို မစောလှိုင် ဝတ်ထားတာကိုကြည့်ပြီး ကောင်မလေးက

"လက်စွပ်ကလေးက သိပ်လှတာပဲနော် ... ကျွန်မ ထီပေါက်ရင် အဲဒီလက်စွပ်မျိုး ဝယ်ဝတ်မယ်"

ဟု ပြောဖူးသည်။ မစောလှိုင်ကတောင် ငွေလေးဘာလေး အဆင်ပြေတဲ့အခါ ကောင်မလေးကို လက်စွပ်လေးတစ်ကွင်းလောက် လုပ်ပေးဦးမယ်ဟု စိတ်ကူးထားသေးသည်။ ဒီတော့ လက်စွပ်ကို ကောင်မလေး ယူတာ ဖြစ်ရမယ်ဆိုပြီး

"လုပ်ရက်လိုက်တာဟယ် ... ငါတို့ကတော့ နင့်ကို သမီးတစ်ယောက်လို သဘောထားပြီး အစစအရာရာ ယုံကြည်စိတ်ချထားခဲ့တာ ... နင်ကတော့ ... "

"မစောလှိုင်ပြောနေပုံမှာ ကောင်မလေးကို ဆူပူကြိမ်းမောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ မတူ။ လေသံကလည်း ယူကြုံးမရ ဖြစ်နေသလိုသာရှိ၏။ ကောင်မလေးကလည်း သူ ယူတာမဟုတ်ရပါဘူးပြောပြီး တရှုံ့ရှုံ့ ငိုလို့သာနေသည်။ ဘယ်မှာထားသလဲ ပြော၊ မရိုက်ဘူးဆိုသော်လည်း ခေါင်းသာခါနေသည်။

"ကဲ ... ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဟု မစောလှိုင်က မေးသည်။ ကိုငွေရက ဘာမှ ပြန်မပြောသေးဘဲ တွေပြီး စဉ်းစားနေသည်။ ထိုစဉ်မှာ အောင်ဘာလေ အိပ်ရာက နိုးလာသည်။ ကောင်မလေးကိုကြည့်ပြီး

"မမ ... ဘာလို့ ငိုတာလဲ"

ဟု မေးသည်။ ကိုငွေရက

"သား ... ခဏလိုက်ခဲ့"

ဆိုပြီး သူတို့အိပ်ခန်းထဲ ခေါ်သွားသည်။ ယွန်းဘူးကို ပြပြီး

"ဒီထဲက လက်စွပ်ကို သားယူသလား"

မေးတော့ အောင်ဘာလေက ခေါင်းညိတ်ပြသည်။

"အဲဒီလက်စွပ် ဘယ်မှာ သွားထားသလဲ"

အောင်ဘာလေက သူ့အဖေလက်ကို ဆွဲပြီး ကောင်မလေး၏ အခန်းကလေးထဲ ခေါ်သွားသည်။ ကောင်မလေးရဲ့ အဝတ်အစားတွေ၊ ပစ္စည်းပစ္စယလေးတွေ ထည့်ထားသော ထင်းရှူးသေတ္တာလေးကို လက်ညှိုးထိုးပြသည်။ ကိုငွေရက သေတ္တာကို ဖွင့်လိုက်တော့ အောင်ဘာလေက အိတ်ရှုံ့ကလေးတစ်ခုကို ယူပေးသည်။ အထဲမှာကောင်မလေးစုထားသော ငွေစက္ကူအနည်းငယ်နှင့်အတူ နီလာလက်စွပ်ကို တွေ့ရ၏။

မစောလှိုင်မှာ မှားယွင်းပြီး စွပ်စွဲမိတဲ့အတွက် အတော် စိတ်မကောင်းဖြစ်သွားသည်။ လူကြီးနှင့်ကလေး ဖြစ်နေတာကြောင့် ကောင်မလေးကို ပြန်တောင်းပန်ဖို့လည်း ခက်နေသည်။ ထိုကိစ္စအတွက် စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေရ၏။ နောက်တစ်လလောက်အကြာမှာ အလုပ်တစ်ခု အဆင်ပြေသဖြင့် ငွေပိုလေးရလာသည်။ ထိုအခါ မစောလှိုင်သည် ကောင်မလေးကို ကျောက်နီလက်စွပ်လေးတစ်ကွင်း ဝယ်ပေးလေသည်။



အောင်ဘာလေ ငါးနှစ်သားရောက်တော့ ကျောင်းစတက်ရသည်။

ပထမဆုံးနေ့မှာပဲ သူ့ဝသီကို စတင်အသုံးချလာလေသည်။ ညနေကျောင်းဆင်းတော့ ဝါကျင်ကျင်ဖြစ်နေသော ရှပ်အင်္ကျီ၊ အရောင်လွင့်နေသော ဘောင်းဘီနှင့် ဖြစ်နေ၏။ သူ့ဘေးမှာ ထိုင်သောကျောင်းသားလေးရဲ့ အဝတ်အစားတွေကို သူ့အဝတ်အစားအသစ်တွေနဲ့ လဲပြီး ဝတ်လာခဲ့ခြင်းဖြစ်၏။

နောက်ရက်တွေကျတော့လည်း လွယ်အိတ်အသစ်နဲ့အဟောင်း လဲလာတာ၊ သူ့ခဲတံအသစ်ကိုပေးပြီး လက်နှစ်သစ်လောက်ရှိသော ခဲတံတိုလေး ပြန်ပါလာတာ၊ သူ့ထမင်းဘူးထဲက အသားဟင်းနဲ့ သူများဆီက ဘဲဥကြော် လဲစားတာတို့ လုပ်တတ်သည်။

အဝတ်အစားတို့ ခဲတံပေတံတို့က သိပ်ကိစ္စမရှိ။ အသစ်ပြန်ဝယ်ပေးလို့ရသည်။ မုန့်ဖိုးပိုက်ဆံကို သူများပေးပြီး အငတ်ခံတာ၊ ဟင်းကောင်းနဲ့ ဟင်းညံ့ လဲစားတာမျိုးကျတော့ အာဟာရပြတ်ပြီး ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ထို့ကြောင့် မစောလှိုင်က

"ဟင်းတော့ လဲမစားပါနဲ့သားရယ် ... သူငယ်ချင်းတွေကိုပါ ကျွေးလို့ရအောင် အမေ ဟင်းပိုထည့်ပေးပါ့မယ် ... မုန့်ဖိုးလည်း ပိုပေးပါ့မယ်"

ဟု မှာထားရသည်။

ဒီကြားထဲကမှ တစ်ခါတော့ ဆရာမက မိဘခေါ်ခဲ့ပါဟု စာရေးပြီး မှာသည်။ ကိုငွေရက သွားတွေ့တော့ အောင်ဘာလေ အိမ်စာတွေမလုပ်လို့ သတိပေးဖို့ ခေါ်တွေ့တာတဲ့။

ကိုငွေရက

"မဖြစ်နိုင်ဘူးထင်ပါတယ် ဆရာမ ... ဒီကောင် အိမ်မှာ တကုပ်ကုပ်နဲ့ ညတိုင်း ရေးနေတာပဲ ... မသိတာရှိရင်တောင် ကျွန်တော့်ကို မေးသေးတယ်"

"မြန်မာစာနဲ့ သင်္ချာကတော့ ဟုတ်ပါလိမ့်မယ် ... ကျွန်မပြောတာက အင်္ဂလိပ်စာအိမ်စာတွေ လုပ်မလာတာကို ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



လကုန်ရက်ရောက်တော့ ဆရာမက နောက်တစ်ကြိမ် ခေါ်ပြန်သည်။ ဒီတစ်ခါတော့ …

"လပတ်စာမေးပွဲမှာ အောင်ဘာလေက အင်္ဂလိပ်စာ ငါးမှတ်ပဲ ရပါတယ်။ အဲဒီကိစ္စ ဆွေးနွေးချင်လို့ပါ"

ဟု ဆရာမက ပြောသည်။ ကိုငွေရ အံ့သြသွားရ၏။

"ဟိုတစ်ခါ ဆရာမပြောပြီးကတည်းက ကျွန်တော်လည်း ကြပ်ကြပ်မတ်မတ် စောင့်ကြည့်တာပါပဲ … ကျွန်တော့်သားဟာ စာသိပ်တော်တာ မဟုတ်ဘူးဆိုတာ ကျွန်တော်လည်း သိပါတယ် … ဒါပေမဲ့ ဒီလောက်အထိတော့ … "

"ဟုတ်ပါတယ် … ဒီလောက်အညံ့ကြီး မဟုတ်ဘူးဆိုတာ ကျွန်မလည်း သိပါတယ် … ခက်နေတာက … "

ဟု ပြောပြီး အောင်ဘာလေ၏ အင်္ဂလိပ်စာအဖြေလွှာကို ထုတ်ပြသည်။ စာသုံးလေးကြောင်းသာ ရေးထားသည်။ အမှားတွေချည်းပဲ။ ခြစ်ရာဖျက်ရာတွေကလည်း ဗရပွနဲ့။ လက်ရေးကလည်း စုတ်ပြတ်သတ် …

"ဟင် … ဒါ ကျွန်တော့်သားလက်ရေးမဟုတ်ဘူး"

ကိုငွေရ အလန့်တကြား ပြောလိုက်သည်။

"ရှင်"

"ဟုတ်တယ် … သူ့လက်ရေးကို ကျွန်တော် ကောင်းကောင်းမှတ်မိတာပဲ … ဒီဟာကြီးက"

ဆရာမ တွေသွားသည်။

"ကျွန်မလည်း နည်းနည်းတော့ ဘဝင်မကျဘူး … ဒါပေမဲ့ အဖြေလွှာပေါ်မှာ သူ့ခုံနံပါတ် တပ်ထားတော့လည်း … အဲ … ခဏနော်"

အဖြေလွှာတွေထဲက နောက်ထပ် နှစ်ခုကို ရွေးပြီး ကိုငွေရရှေ့မှာ ချပြလိုက်သည်။ အောင်ဘာလေ၏ ခုံနံပါတ်နှင့် ရှေ့ဆင့်နောက်ဆင့်များ ဖြစ်၏။ ကိုငွေရ မျက်လုံးပြူးသွားသည်။ အောင်ဘာလေ၏ခုံနံပါတ်နှင့် ကပ်လျက်ရှေ့ဘက်က ကျောင်းသား၏အဖြေလွှာကို လက်ညှိုးနှင့်ထောက်လိုက်ပြီး …



"ဒါ … ဒါမှ ကျွန်တော့်သားလက်ရေး … ကျွန်တော် သေသေချာချာ သိတယ်"

"အဲဒါက ဘယ်လိုဖြစ်တာလဲ … ခုံနံပါတ်ကလည်း"

"ကျွန်တော် သဘောပေါက်ပြီ … ဒီလို ဆရာမရေ … "

ဆိုပြီး အောင်ဘာလေဟာ သူများကို ကူညီရမယ်ဆိုရင် ဖြစ်လာမယ့် အကျိုးဆက်ကို ဘာမှ မစဉ်းစားဘဲ စွတ်လုပ်တတ်ကြောင်း ပြောပြရသည်။ အောင်ဘာလေကိုခေါ်ပြီး စစ်မေးကြည့်တော့ အဖြစ်မှန်ကို ဝန်ခံသည်။ စာမေးပွဲဖြေတုန်းက သူ့ရှေ့ခုံမှာထိုင်သော သူငယ်ချင်း မဖြေနိုင်သောကြောင့် သူ့အဖြေလွှာနှင့် လဲပေးလိုက်ခြင်းဖြစ်၏။ အောင်ဘာလေ၏ အဖြေလွှာအစစ်မှာ ငါးဆယ့်ခြောက်မှတ်ရလေသည်။

ကိုငွေရက အောင်ဘာလေအတွက် စက်ဘီးလေးတစ်စီး ဝယ်ပေးသည်။ သူက စက်ဘီးလေးကိုတော့ တော်တော် သဘောကျသည်။ ကျောင်းအားတဲ့အချိန်ဆိုလျှင် အိမ်ရှေ့က လမ်းကလေးပေါ်မှာ စက်ဘီးလျှောက်စီးနေတတ်သည်။ သူတစ်ယောက်ထဲ စီးတာမဟုတ်။ လမ်းထဲက တခြားကလေးတွေကိုပါ ပေးစီးသည်။ မစီးတတ်သေးလျှင် သင်ပေးသည်။ နောက်တော့ တခြားကလေးတွေကို တစ်ယောက်တစ်လှည့်ထိုင်ခိုင်းပြီး သူက နောက်မှ တွန်းပေးနေတာ တွေ့ရလေတော့သည်။

"ကြည့်လိုက်ရင် … မင်း စီးနေတာ မတွေ့ရဘူး … သူများကို တွန်းပေးနေတာပဲ တွေ့ရတယ်"

ဟု ကိုငွေရက ပြောသောအခါ

"အဖေ ဘာသိလဲ … အဲဒီလို တွန်းပေးရတာက စီးရတာထက် ပိုပြီး ပျော်စရာကောင်းတယ်"

ဟု ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပစ်တမ်း ကစားကြတဲ့အခါလည်း ဒီအတိုင်းပဲ။ ဆင်းရဲတဲ့ ကလေးတစ်ယောက်ကို သူ့သေနတ်လှလှလေးကိုပေးပြီး သူကတော့ သစ်ကိုင်းခြောက်တို့၊ ဝမ်းခြမ်းပြားတို့ကို သေနတ်လုပ်ကိုင်သည်။

တစ်ရက်မှာတော့ သူ စက်ဘီးစီးနေစဉ် ရေခဲချောင်းသည်ကောင်လေးတစ်ယောက် ရောက်လာသည်။ ရေခဲချောင်း ဝယ်စားပြီးသော်လည်း ကောင်လေးက မသွားသေးဘဲ ငေးကြည့်နေ၏။ အောင်ဘာလေက

"မင်း စက်ဘီးစီးချင်လို့လားကွ"

ဟု မေးသည်။ ကောင်လေးက ခေါင်းညိတ်ပြသည်။ တစ်ပတ်နှစ်ပတ်လောက် စီးပြီးနောက်

"ငါ သွားတော့မယ်"

"မဝသေးရင် ထပ်စီးဦးလေ"

"အချိန်မရှိဘူးကွ ... ရေခဲချောင်းတွေ အများကြီး ကျန်နေသေးတယ် ... ညနေကျလို့မကုန်ရင် ငါတို့အမေက ရိုက်မှာ"

အောင်ဘာလေ ခဏစဉ်းစားပြီး

"ဒီလိုလုပ်ကွာ ... မင်း စက်ဘီးစီးရင်းစောင့်နေ ... မင်းရဲ့ရေခဲချောင်းတွေ ငါ လိုက်ရောင်းပေးမယ်"

ရပ်ကွက်ထဲမှာ အောင်ဘာလေ ရေခဲချောင်းလိုက်ရောင်းနေလို့တဲ့ ဆိုတော့ သတင်းစကားကို သူများတွေ ပြန်ပြောမှ ကိုငွေရတို့ သိကြရ၏။

အောင်ဘာလေသည် ပညာရေးဘက်မှာတော့ ပါရမီ သိပ်မရှိလှ။ ဉာဏ်ကောင်းသူတစ်ယောက်လည်း မဟုတ်။ သူ၏ကြိုးစားမှုကြောင့်သာ ဆယ်တန်းအထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်လာခဲ့သည်။ ဒါတောင် ကံတရား၏ ဖေးမမှုကြောင့် ကျက်ထားတာတွေနဲ့တိုးတိုးပြီး အောင်မှတ်ကလေး ရနေခဲ့ခြင်းဖြစ်၏။ သူ စိတ်ထားကောင်းကြောင်း သိသဖြင့် ဆရာဆရာမတွေရဲ့ စောင့်ရှောက်မှုကြောင့်လည်း ပါသည်။



သူ၏ ဉာဏ်ရည်အဆင့်အတန်းနဲ့ဆိုလျှင် ဆယ်တန်းစာမေးပွဲကိုတော့ အောင်ဖို့ မလွယ်ကြောင်း သူ့မိဘတွေကလည်း သိသည်။ သို့တိုင်အောင် မျှော်လင့်ချက်ကလေးတော့ မရဲတရဲ ထားချင်သေးသည်။

ဝိုင်းကျူရှင် လုပ်ပေးနိုင်လောက်အောင် မတတ်နိုင်။ နာမည်ကြီးဘာသာစုံ ကျူရှင်ကျောင်းတစ်ခုမှာတော့ သွားတက်ခိုင်းလိုက်သည်။ ဒီနေရာမှာလည်း အောင်ဘာလေက ရိုးရာ မပျက်စေရ။

သူ့အရည်အချင်းကို သူ့သိသည်။ ဆယ်တန်းစာမေးပွဲကို ဘယ်နည်းနဲ့မှ အောင်မှာမဟုတ်။ ငွေကုန်တာပဲအဖတ်တင်မည်။ ဒီတော့ ကုန်ရကျိုးလည်း နပ်အောင် သူ့မိဘတွေလည်း ကုသိုလ်ရအောင်ဆိုပြီး ပညာဒါနလုပ်ဖို့ စိတ်ကူးရသည်။

သူ့သူငယ်ချင်းတစ်ယောက်မှာ စာကြိုးစားသည်။ ဉာဏ်ရည်လည်း မဆိုးလှ။ ပံ့ပိုးမှုကောင်းကောင်းရလျှင် ဆယ်တန်းစာမေးပွဲ အောင်နိုင်သည်။ သို့ရာတွင် သူ့မိဘတွေက သာမန်ဝန်ထမ်းတွေမို့ ကျူရှင်မထားနိုင်။ ဒီအခါမှာ အောင်ဘာလေက

"ငါ့ကိုယ်စား မင်း ကျူရှင်သွားတက်လိုက်ကွာ"

"ဟင် ... မင်းကကော"

"ငါက ကျူရှင်တက်လည်း အောင်မှာမဟုတ်ဘူး ... မင်းဆိုရင် အောင်ဖို့များတယ် ... ကျောင်းလခက တစ်နှစ်စာ တစ်ခါထဲ သွင်းထားရတာ ... အလဟဿဖြစ်သွားလိမ့်မယ်"

"ကျူရှင်က သိသွားမှာပေါ့"

"မသိပါဘူးကွ ... ကျောင်းသားမှတ်ပုံတင်ကတ်က နာမည်ပဲပါတာ ဓာတ်ပုံပါတာမဟုတ်ဘူးကွ ... မင်းကိုယ်မင်း အောင်ဘာလေလို့ပြောပေါ့ နှစ်ယောက်စလုံး စာမေးပွဲကျတာထက်စာရင် တစ်ယောက်အောင်တယ်ဆို အမြတ်ပဲလေကွာ"

ဒီလိုနဲ့ပဲ ဆယ်တန်းစာမေးပွဲမှာ အောင်ဘာလေကျသည်။ သူ့ကိုယ်စား ကျူရှင်သွားတက်ခဲ့သော သူငယ်ချင်းက ဂုဏ်ထူးနှစ်ခုနှင့် အောင်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်ဘာလေက ဝက်ပြုတ်တဲ့အနေနဲ့ စားသောက်ဆိုင်မှာ ကျွေးမွေးလိုက်သေးသည်။

အောင်ဘာလေသည် မိဘတွေ ကျေနပ်အောင် ဆယ်တန်းစာမေးပွဲကို နောက်ထပ် နှစ်နှစ်ဆက်ဖြေသေးသည်။ နောက်တော့

"ဒီစာမေးပွဲနဲ့ ကျွန်တော်နဲ့ မဖြစ်ပါဘူးဗျာ ... မဖြေပါရစေနဲ့တော့"

ဟု တောင်းပန်သည်။ မိဘတွေကလည်း ပညာပါရမီ မပါရှာလို့ပဲလေဆိုပြီး မတိုက်တွန်းတော့ပဲ နေလိုက်သည်။ အလုပ်ထဲ ဆွဲသွင်းထားရကောင်းမလားဟု ကိုငွေရ စဉ်းစားမိသေးသည်။ ဒီကောင်လုပ်ပေါက်နဲ့ဆိုလျှင် ပြဿနာတက်ဖို့များသည်။ မစောလှိုင်ကလည်း

"ကလေးက ငယ်ပါသေးတယ် ... အရွယ်လေးရလို့ တည်တည်ငြိမ်ငြိမ်ဖြစ်လာတော့မှ သင့်တော်ရာတစ်ခုခု လုပ်ပစေပေါ့ ... ဒီသားလေးတစ်ယောက်ထဲရှိတာ တစ်သက်လုံးကျွေးထားရတော့ကော ဘာဖြစ်သေးလဲ ရှင်လည်း ရှာနိုင်ဖွေနိုင်နေတာပဲဟာ"

ဟု ဆိုသဖြင့် ပျော်သလိုသာ နေပါစေဆိုပြီး လွှတ်ပေးထားလိုက်ရသည်။ အောင်ဘာလေဆိုတဲ့ကောင်ကလည်း ကျူရှင်ကျတော့ သူငယ်ချင်းကို သွားတက်ခိုင်းခဲ့ပြီး သူကကျတော့ သူငယ်ချင်းကိုယ်စား ဆေးထိုးခံလိုက်သေးသည်။

သူ့သူငယ်ချင်းတစ်ယောက်သည် လေးဖက်နာရောဂါဖြစ်နေသဖြင့် ဒေသန္တရဆေးခန်းမှာ ဆေးသွားသွားထိုးနေရသည်။ ဆေးထိုးဖို့ရက်ချိန်းပြန့်စေ့သောရက်တွင် သူငယ်ချင်းက အောင်ဘာလေကို အကူအညီလာတောင်းသည်။ ဆေးက အလွန်နာသည်။ ထိုးပြီးလျှင်လည်း နှစ်ရက်သုံးရက်လောက် ပေါင်ကြီးတန်းပြီး လမ်းလျှောက်လို့ သိပ်မကောင်း။ ဒီကြားထဲမှာ သူ့ကောင်မလေးက ကျိုက်ခေါက်ဘုရားပွဲ လိုက်ပို့ပါဟု ချိန်းသည်။ ဘုရားပွဲဆိုကတည်းက လမ်းမလျှောက်လို့မဖြစ်တော့။ ထို့ကြောင့် သူ့အစား ဆေးသွားအထိုးခံပေးပါဟု ဆိုလာသည်။

"မင်းကလည်းကွာ ... ကောင်မလေးနဲ့သွားပြီး နောက်ရက်ကျမှ ဆေးသွားထိုးလိုက်လည်း ရတာပဲ"



"မဖြစ်ဘူး ... ငါတို့အဖေက ဆေးထိုးရမယ့်ရက်ကို ပြက္ခဒိန်မှာ မှတ်ထားတာ ... ဆေးမှတ်တမ်းစာအုပ်ကိုလည်း ယူပြီး စစ်ကြည့်ဦးမှာ ... ပြီးခဲ့တဲ့လက နှစ်ရက်လောက် နောက်ကျသွားလို့ အတီးခံလိုက်ရသေးတယ်"

"ဆေးခန်းက မင်းကို မှတ်မိနေမှာပဲ ဥစ္စာ"

"ဒီလိုကွ ... ပြီးခဲ့တဲ့အခေါက်တုန်းက ဆေးထိုးပေးတဲ့ဆရာမက သူ ဆေးရုံပြောင်းတော့မယ်တဲ့ ... နောက်တစ်ခါတွေ့ရမှာ မဟုတ်ဘူး ဒါကြောင့် ပိုပြီးနာအောင် ထိုးပေးလိုက်မယ်လို့ နောက်နေသေးတယ် ... ဟုတ်များဟုတ်သလားမသိပါဘူး ... တော်တော် အီသွားတယ်ကွ ... ဒီတစ်ခေါက်က ဆရာမအသစ်နဲ့ တွေ့မှာဆိုတော့ မင်းမှန်း ငါမှန်း သိမှာ မဟုတ်ပါဘူး"

အောင်ဘာလေ ခေါင်းကုတ်စဉ်းစားနေသည်။ တခြားကိစ္စဆိုလျှင် ချက်ချင်း သဘောတူလိုက်မှာ။ ဆေးထိုးခံရမှာကိုတော့ သူလည်း လန့်သည်။ ကူညီချင်စိတ်ကလည်း တစ်ဖက်မှာ တိုက်တွန်းနေသဖြင့်

"ဆေးထိုးတာ တော်တော်နာလားကွ"

ဟု မေးလိုက်သည်။

"နာတယ်ဆိုတာက ဒီလိုလေကွာ ... ဟိုဒင်း ... ငါက အရမ်းပိန်တော့ အသားမရှိလို့ ဒီလောက်နာတာတဲ့ ... အဲ ... ဆရာမက အဲဒီအတိုင်းပြောတာပဲ ... မင်းလိုပုံမျိုးဆိုရင်တော့ သိပ်နာမှာမဟုတ်ပါဘူး ... မင်းက ငါ့ထက် ပိုတောင့်တာပဲ"

အောင်ဘာလေ တွေနေတုန်း

"လုပ်ပါကွာ ... ကူညီလက်စနဲ့ ကောင်မလေးက သူ ချိန်းလို့မလာရင် ပြဿနာရှာမှာ ... သူ စိတ်ကြီးတာ မင်းလည်း သိသားနဲ့"

အောင်ဘာလေ ခေါင်းညိတ်လိုက်သည်။ တကယ်တော့ ပြောလက်စနဲ့ ဆုံးအောင်ပြောနေရခြင်းဖြစ်၏။ သူ့စကားတစ်ဝက်လောက်မှာပဲ အောင်ဘာလေက ခေါင်းညိတ်ဖို့ ပြင်နေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပင်နီစလင်အဆီတွေ ထိုးရတာက တစ်ကြောင်း၊ ဒီဆေးမျိုး ထိုးကျင့်မရှိတာက တစ်ကြောင်းကြောင့် တော်တော်နာသည်။ 'အီးခနဲ' အော်လိုက်မိသဖြင့် သူနာပြုဆရာမကတောင်

"သွေးကြောင်လှချည်လား ... ဆေးမထိုးဖူးတာ ကျနေတာပဲ"

ဟု ငေါက်လိုက်သေးသည်။ ဆေးမှတ်တမ်းစာအုပ်အရ အရင်ကတည်းက ထိုးနေကျပဲလို့ ထင်နေတာကိုး။

ဒီဆေးက ထိုးပြီးလျှင် ကောင်းကောင်းချေပေးရသည်။ မဟုတ်လျှင် ဆေးတွေခဲပြီး အကျိတ်ကြီး ဖြစ်လာတတ်၏။ အောင်ဘာလေက ဘယ်သိမလဲ။ တင်ပါးလေးပွတ်ရုံလောက်နဲ့ ပြီးမယ်ထင်နေတာ။ နောက်နေ့မနက်ကျတော့ ပေါင်ကြီးတန်းပြီး မထနိုင်တော့။ ဒီကိစ္စ သူ့အဖေ သိသွားသောအခါ ...

"ဖြစ်မှ ဖြစ်ရလေကွာ ... သူများကိုယ်စား ဆေးထိုးခံရတယ်လို့ ပင်နီစလင်ဆိုတာ ဓာတ်မတည့်တဲ့လူဆိုရင် ရှော့ဖြစ်ပြီး ဒုက္ခရောက်တတ်တယ် ... ကံကြီးပေလို့သာပေါ့"

ဟု တဖြစ်တောက်တောက်ပြောသည်။ အောင်ဘာလေက

"မကူညီရင် မဖြစ်လို့ပါ အဖေရာ ... ကောင်မလေးက သိပ်စိတ်ကြီးတာနော် ... ကျွန်တော် ကောင်းကောင်းသိတယ်"

"မင်းက ဘယ်လိုလုပ်သိတာလဲ"

"သူတို့နှစ်ယောက် ကြိုက်သွားကြတာလည်း ကျွန်တော်ကူညီလိုက်လို့ပဲ"

ဟု ဂုဏ်ယူသောလေသံဖြင့် ပြောသည်။

သူငယ်ချင်းက သူကြိုက်နေသော ကောင်မလေးကို မကပ်ရဲသဖြင့် အောင်ဘာလေက စာသွားပေးပေးသည်။ ကောင်မလေးက စိတ်ထက်သူဖြစ်သောကြောင့် ထိုးနှင့်ရိုက်သည်။ အောင်ဘာလေ ထိပ်ဖုသွားသည်။ နောက်မှ ကိုယ်စားခံရခြင်းဖြစ်ကြောင်းသိပြီး စိတ်မကောင်းဖြစ်သွား၏။ အောင်ဘာလေကို ပြန်တောင်းပန်သည်။ အောင်ဘာလေက မိမိကိုသနားရင် သူငယ်ချင်းရဲ့အချစ်ကို လက်ခံလိုက်ပါဟု မေတ္တာရပ်ခံသည်။ တကယ်



တော့ သူ့သူငယ်ချင်းကလည်း ရုပ်ဖြောင့်သူမို့ ကောင်မလေးက စိတ်ဝင်စားသည်။ ဒီလိုနဲ့ သူတို့နှစ်ယောက် အဆင်ပြေသွားကြလေသည်။

"ဩော် ... ဒီလိုလား ... မင်းသူငယ်ချင်းက တော်တော်ဟုတ်တဲ့ကောင် ... အရိုက်ခံရဖို့ ... ဆေးထိုးခံဖို့ကျတော့ မင်းကို အကူအညီတောင်းတယ် ... သူကတော့ ကောင်မလေးနဲ့ လျှောက်လည်တယ် ... မင်္ဂလာဆောင်တဲ့အခါကျရင် သူ့ကိုယ်စား မင်းကို ဆောင်ခိုင်းမှာမဟုတ်ဘူး ... ပြီးတော့ ... "

သူ့အဖေက ကရုဏာဒေါသော ပြောနေသဖြင့် အမေလုပ်တဲ့သူက

"ကိုဌေးရကလည်း ... ဘာတွေလျှောက်ပြောနေတာလဲ"

ဟု အောင်ဘာလေရဲ့တင်ပါးကို ကြပ်ထုပ်ထိုးပေးနေရင်းက လှမ်းဟန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးတစ်ယောက်သည် ပလက်ဖောင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည်။ ခဏကြာတော့ ထရပ်သည်။ လမ်းပေါ် ခြေတစ်လှမ်းဆင်းသည်။ လမ်းတစ်ဘက်ကို မျှော်ကြည့်သည်။ ထို့နောက် ပလက်ဖောင်းပေါ် ပြန်တက်သည်။ ဆောင့်ကြောင့်ထိုင်သည်။ ပြန်ထသည်။ လမ်းတစ်ဘက်ကို ငေးပြန်သည်။ သူ့ပုံစံမှာ တစ်စုံတစ်ခုကို စိတ်စောနေပုံရ၏။

ဒါကို အောင်ဘာလေ မြင်သွားခြင်းဖြစ်၏။

လမ်းကကျယ်သဖြင့် ကားတွေက အရှိန်မြင့်ပြီး မောင်းနေကြသည်။ လူငယ်တစ်ယောက်အနေနဲ့တောင် သတိထားပြီး ကူးရမယ့်သဘောရှိ၏။ ဒီလိုအခြေအနေမျိုးဟာ အောင်ဘာလေတို့အကြိုက်ပေါ့။ သူသည် အဘွားကြီးနားသို့ ကပ်သွားပြီး။

“လာ ... အမေကြီး”

ဟုပြောရင်း အဘွားကြီး၏လက်မောင်းကို ကိုင်လိုက်သည်။ ကံအားလျော်စွာပဲ ထိုအခိုက်အတန့်မှာ ကား နည်းနည်းရှင်းသွားသည်။

“ခပ်မှန်မှန်သာလျှောက် ... ဘာမှ မစိုးရိမ်နဲ့ ... ကျွန်တော်ရှိတယ် အမေကြီး”

အောင်ဘာလေက အဘွားကြီးကို ဖေးမပြီး လမ်းတစ်ဘက်ကို ခေါ်သွားသည်။ ဟိုဘက်ရောက်တော့ ...



“ကဲ ... သွားလို့ရပြီ”

အဘွားကြီးက ကြောင်တောင်တောင် ပြန်ကြည့်ပြီး

“ငါက ဘယ်ကိုသွားရမှာလဲ”

သတိမေ့လျော့တတ်တဲ့အဘွားကြီးနဲ့ လာဝိုးနေပြီဟု တွေးမိ၏။ အသက်ကြီးလာတဲ့အခါ ဒီလိုပဲ ဖြစ်တတ်သည်။ မွှာရုံစောင့်ကြီး ဦးကျော်ထွေးဆိုလျှင် တစ်ခါတလေ အိမ်ကို ရောက်လာပြီး

“ဦးငွေရ ... ဗျို့ ဦးငွေရ”

ဟု အော်ခေါ်သည်။

“လာ ... ဦးကျော်ထွေး ... ဘာကိစ္စလဲ ဦးလေး”

“ဟိုသင်းလေဗျာ ... ”

ဆိုပြီး ခေါင်းကုတ်နေသည်။ လာရင်းကိစ္စကို အစဖော်မရဘဲ မေ့သွားပြီ။

“ဆွမ်းချိုင့်အလှည့်ကျလို့လား”

ဟု ထောက်ပေးတော့

“မဟုတ်ဘူး ... အဲ ... နီးတော့ နီးစပ်တယ် ... ဟိုဟာလေ”

“ဘာလဲ ... ရေချမ်းစင် ပြန်ပြင်ဖို့လား”

ဒေါ်စောလှိုင်က ပါဝင်ပြီး မေးတော့မှ

“ဟာ ... ဟုတ်ပ့ါ ... ပြင်ဖို့တော့မဟုတ်ပါဘူး ... ရေအိုးတစ်လုံးကွဲသွားလို့ အစားဝယ်ပေးဖို့ လာပြောတာ ... အသက်ကြီးတော့ သတိတလည်း မေ့တတ်လိုက်တာ လွန်ပါရော”

ဆိုတာမျိုး ဖြစ်တတ်သည်။

ခုလည်း အဘွားကြီး ကိစ္စတစ်ခုခုနဲ့ အိမ်က ထွက်လာပြီးမှ ဘယ်သွားပြီး ဘာလုပ်မလို့ဆိုတာ မေ့သွားပုံရသည်။ ထို့ကြောင့်

“စဉ်းစားပါဦး အဘွားရဲ့ ... တစ်ခုခုများ သွားဝယ်မလို့လား”

အောင်ဘာလေက လမ်းကြောင်းပေးတော့ အဘွားကြီးက

“အို ... ဘာမှ ဝယ်မလို့မဟုတ်ဘူး ... ဘယ်မှသွားမလို့လည်း မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ..."

"ငါ့မြေးလေး ကျောင်းကပြန်လာမှာမို့လို့ စောင့်နေတာ ... မင်းက အဘွား လာလာဆိုပြီး ဆွဲခေါ်တော့ ဘုမသိ ဘမသိ ယောင်ပြီး လိုက်လာခဲ့တာကွယ်"

"ဟောဗျာ ... ကျွန်တော်က လမ်းမကူးရဲလို့လို့ထင်မိတာ"

"အေး ... ဟုတ်တယ် ... မကူးရဲဘူး ... ဒီတော့ မင်း ငါ့ကို ဟိုဘက် တမ်း ပြန်လိုက်ပို့ပေးပေတော့"

"ဟုတ် ... ဟုတ်ကဲ့ ... အမေကြီး"

အောင်ဘာလေလည်း အဘွားကြီးပြောသလို ဟိုဘက်ကမ်း ပြန်တွဲ ပို့ရာ၏။ ရောက်ကာနီးမှာပင် ဒိုင်နာကားတစ်စီး၏ဘေးမှာကွယ်ပြီး ပုန်းနေသော ယာဉ်ထိန်းရဲတစ်ယောက် ထွက်လာပြီး သူတို့ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ကဲ ... ကားပေါ်ကို ကြွကြပါ"

ဟု သူက လက်နှင့် ညွှန်ပြရင်း ပြောသည်။ အဘွားကြီးက

"အမယ် ... ဒီနေ့ ငါ အတော် ကံထနေပါလား ... လမ်းကူးဖို့ ကူညီမယ့်လူနဲ့ ... အိမ်ကို ကားနဲ့လိုက်ပို့ပေးမယ့်လူနဲ့ ... ဟန်ကိုကျလို့ ဒါပေမဲ့ ငါက ဘယ်မှ သွားစရာလည်းမရှိဘူး ... အိမ်ကလည်း ဒီနားလေး မှာတင်ပဲ ... နေပါစေကွယ်"

အောင်ဘာလေကလည်း အူကြောင်ကြောင် သံယောင်လိုက်ပြီး

"ကျွန်တော့်အိမ်ကတော့ ဘတ်(စ်)ကား သုံးဆင့်စီးပြီးတာတောင် လမ်းထပ်လျှောက်ရဦးမှာ ... အဝေးကြီးပဲ ... အားနာစရာကြီး"

ဟု ပြောနေသေးသည်။ ယာဉ်ထိန်းရဲက

"အိမ်လိုက်ပို့မလို့မဟုတ်ဘူး ... မျဉ်းကျားက မကူးဘဲ ... စည်းကမ်း မဲ့ လမ်းဖြတ်ကူးလို့ ဖမ်းတာ ... ကဲ ... ကားပေါ်တက်ကြပါ"

ပြောရင်း အဘွားကြီးရဲ့လက်မောင်းကို ကိုင်ပြီး ကားပေါ်တွန်းတင် ပေးသည်။ အောင်ဘာလေလည်း ကားပေါ်လိုက်တက်ရသည်။ ကားပေါ်



မှာ လူဆယ့်လေးငါးယောက်ရှိနှင့်ပြီးဖြစ်၏။ တချို့က ငိုင်တိုင်တိုင်၊ တချို့က တည်းည်းည်း တည့်ည့်။ တချို့က မှုန်ကုပ်ကုပ်။

လျာထားချက် ပြည့်သွားလို့ပဲလားမသိ။ လူထပ်မစောင့်တော့ဘဲ ရုံးဆီသို့ မောင်းသွားသည်။ အားလုံးကို ရုံးခန်းထဲ စုထိုင်ခိုင်းထားတုန်း အဘွားကြီးက စောဒကတက်သည်။

"ငါ့မြေး ကျောင်းအပြန် သွားစောင့်နေတာ ... ခုတိုင်းဆို လွဲကုန် တော့မှာပဲ"

ထိုအခါ တာဝန်ကျအရာရှိက

"ဒါဆိုလည်း အဒေါ်ကြီးကိုတော့ ခွင့်ပြုလိုက်မယ် ... ဒဏ်ငွေဆောင် ပြီးရင် သွားနိုင်ပြီ"

"ဘာ ... ဒဏ်ငွေ ... ဟုတ်လား ... ငါက အိမ်ကနေ ဒီအတိုင်း ထွက်လာတာ ... ပိုက်ဆံ ဘယ်ပါမလဲ"

"ဒါဆိုရင်တော့"

ထိုစဉ်မှာ အောင်ဘာလေက ဝင်ပြောသည်။

"ဒီအမေကြီးအစား ကျွန်တော်ကပဲ စိုက်ပြီး ဒဏ်ငွေဆောင်ပေးပါ့ မယ် ... အခုဟာကလည်း ကျွန်တော်ဆတ်ဆော့လို့ အဖမ်းခံရတာပဲ"

အောင်ဘာလေက ဒဏ်ငွေ စိုက်ဆောင်ပေးလိုက်သည်။ အဘွား ကြီးက

"ကျေးဇူးတင်လိုက်တာကွယ် ... ပြီးရင် မင်း ငါ့အိမ်ကို ဝင်ခဲ့ ... ပိုက်ဆံ ပြန်ပေးမယ် သိလား"

ဆိုပြီး သူ့လိပ်စာပြောပြသည်။ ပြီးတော့

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အောင်ဘာလေတဲ့ခင်ဗျ"

"အမယ် ... နာမည်က အဆန်းဟဲ့"

ဟု ချီးကျူးသွားသေးသည်။

အောင်ဘာလေအပါအဝင် ကျန်ရစ်ခဲ့သူများမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအခွေတွေ ကြည့်ရသည်။ ပညာပေး ဟောပြောမှုကို နား

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရသေးသည်။ ပြီးတော့မှ ဒဏ်ငွေဆောင်ရသည်။ တခြားလူတွေကတော့ အသီးသီး ဆောင်ပြီး သွားခွင့်ရသည်။ အောင်ဘာလေကတော့

"ကျွန်တော့်မှာ ပိုက်ဆံမရှိတော့ဘူး ... လမ်းစရိတ်ပဲ ကျန်တော့တယ် ... စောစောကအမေကြီးအတွက် စိုက်ဆောင်လိုက်ရလို့ ကုန်ပြီ"

ဟု ပြောသောအခါ တာဝန်ခံအရာရှိက

"မင်းအိမ်မှာ ဖုန်းရှိသလား"

ခေါင်းခါပြတော့

"အိမ်အနီးအနားမှာကော"

"လမ်းထိပ်နားက စတိုးဆိုင်မှာတော့ ရှိတယ်"

"အဲဒီကို ဖုန်းဆက်ပြီးတော့ မင်းအိမ်ကို ပိုက်ဆံယူလာခဲ့ဖို့ မှာလို့ရလား"

"ရပါတယ်"

"ဒါဆို ဒီကဖုန်းနဲ့ပဲဆက်"

စတိုးဆိုင်ကို ဖုန်းဆက်ကြည့်သည်။ လိုင်းမကောင်းတာလား။ ဖုန်းပျက်နေတာလားမသိ။ ဆက်လို့မရ။

"မင်းမှာ နိုင်ငံသားကတ်၊ ကားလိုင်စင်၊ ဝန်ထမ်းကတ်၊ အဲဒါမျိုး စိစစ်ရေးကတ်တစ်ခုခု မပါဘူးလား"

"မပါဘူးဆရာ"

"ဒါဆိုလည်း မတတ်နိုင်ဘူး ... ထိုင်နေပေါ့ကွာ"

ခဏကြာသောအခါ ရဲအရာရှိမှာ 'တအေးအေး'နဲ့ ကြို့ထိုးလာလေသည်။ ရေထသောက်လို့လည်းမပျောက်၊ လည်ပင်းကို နှိပ်နယ်လို့လည်း မရ။ တော်တော် အနေရခက်နေ၏။

အောင်ဘာလေက သူ့အနားကို ထသွားပြီး စားပွဲရှေ့မှာ ရပ်ရင်း

"ဆရာ ... ဆရာ"

ဟု ခေါ်လိုက်သည်။ ရဲအရာရှိက မော့ကြည့်သည်။ သူသည် ရဲအရာရှိကြီးတစ်ယောက်လုံးလုပ်နေပြီး ကြို့ထိုးရသလားဟု သူ့ကိုယ်သူ မကျေ



မနပ်ဖြစ်နေပုံရ၏။ လူကြားထဲမှာ အနေရအထိုင်ရ ခက်နေဟန်လည်း ရှိသည်။

"ကြို့ထိုးတာ ပျောက်တဲ့နည်းရှိတယ် ဆရာ"

ရဲအရာရှိက စိုက်ကြည့်နေသည်။ အောင်ဘာလေကပဲ ဆက်ပြောသည်။

"ဒူးထောက်ထိုင်ပြီးတော့ ... လက်ချောင်းတွေကို ဒူးထိပ်နဲ့ကပ်ပြီး ကားထား ... မျက်လုံးကို အစွမ်းကုန်ပြူး ... လျှာကို အစွမ်းကုန်ထုတ်ပြီး ... အား ... အားလို့ အော်လိုက်ရင် ပျောက်သွားရော"

"တော်စမ်းပါကွာ ... ပေါက်ကရ လာမပြောနဲ့ ... သွားထိုင်နေ"

ဟု ဟောက်လိုက်သဖြင့် အောင်ဘာလေ ခပ်ကုပ်ကုပ် ပြန်ထိုင်နေလိုက်ရသည်။

ကြို့ထိုးတာက ပျောက်မသွားဘဲ ပိုဆိုးလာသည်။ အကြိမ်အရေအတွက်ကလည်း စိပ်လာသည်။ အလုပ်လုပ်လို့မရနိုင်လောက်အောင် အနှောင့်အယှက်ပေးလာသဖြင့်

"ဟေ့ကောင်လေး ... လာဦး"

ရဲအရာရှိက အောင်ဘာလေကို လှမ်းခေါ်ပြီး

"စောစောက မင်းပြောတဲ့နည်းက ကိုယ်တွေ့လား"

"မဟုတ်ဘူးဆရာ ... စာအုပ်ထဲမှာ ဖတ်ဖူးတာ"

ရဲအရာရှိ ခဏတွေပြီး စဉ်းစားနေသည်။ ထို့နောက် ရုံးခန်းထဲမှ ထွက်သွားသည်။ အမှုတွဲတွေ သိမ်းထားသော အခန်းကျဉ်းကလေးထဲ ဝင်သည်။ ဟိုဒီကြည့်ပြီးနောက် အောင်ဘာလေပြောတဲ့နည်းအတိုင်း လုပ်ကြည့်သည်။ တစ်ချက်တစ်ချက် ကြို့ထိုးလာသေးသော်လည်း အရင်ကလောက် မဆိုးတော့ကြောင်းတွေ့ရ၏။ သူဆက်ပြီးလုပ်သည်။ အတော် နေသာထိုင်သာ ရှိလာသည်။

ထိုစဉ်တွင် ရဲကြပ်ကြီးတစ်ယောက် အခန်းလေးထဲ ဝင်လာသည်။ မျက်လုံးကြီးပြူး၊ လျှာကြီးထွက်နေသော သူ့ဆရာကို မြင်သောအခါ လန့်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဆရာ … ဆရာ ဘာဖြစ် … "

အနားကို ပြေးလာသည်။ ရဲအရာရှိလည်း ရှက်ကိုးရှက်ကန်း ထရပ်လိုက်ရင်း

"သူ့နည်းက ဆိုးတော့ မဆိုးဘူးကွ"

ဟု ပြောပြီး ဟီးခနဲ ရယ်လိုက်သည်။ ဆေးနည်းက တကယ်ပဲ စွမ်းတာလား။ တိုက်ဆိုင်တာလားတော့ မသိ။ ကြို့ထိုးတာ ပျောက်သွားသည်။

ရုံးဆင်းချိန်လည်း နီးလာပြီ။ ရဲအရာရှိမှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေပြီး အောင်ဘာလေအပေါ်မှာလည်း စိတ်ကောင်းဝင်လာ၏။ ထို့ကြောင့်

"နေစမ်းပါဦးကွ … စောစောက မင်း ဒဏ်ငွေစိုက်ဆောင်ပေးလိုက်တဲ့အဘွားကြီးက မင်းအသိလား"

ဟု မေးသည်။

"မဟုတ်ပါဘူး ဆရာ … ဒီနေ့မှ တွေ့ဖူးတာပါ"

"ဒါနဲ့များ … မင်းက"

အောင်ဘာလေက အဘွားကြီး လမ်းကူးဖို့ အခက်အခဲ ဖြစ်နေတယ် မှတ်ပြီး ကူညီမိပုံကို ပြောပြသည်။ ရဲအရာရှိက ရယ်လိုက်ပြီး

"ဖြစ်ရလေကွာ … ကဲ … ကဲ … မင်း စိတ်ကောင်းရှိတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ် … နောက်တစ်ခါခုလို လမ်းစည်းကမ်း ဖောက်ဖျက်ရင်တော့ ဒဏ်ငွေ နှစ်ဆ ရိုက်မယ် … ကြားလား"

ဟုပြောပြီး ပြန်ခွင့်ပြုလိုက်သည်။



"ပြောရင်းဆိုရင်းနဲ့ ဒီကောင်ငယ်ငယ်တုန်းကကိစ္စတစ်ခုကို သတိရမိသေးတယ် အစ်ကိုကြီးရဲ့"

ဟု ဒေါ်စောလှိုင်က ပြောသည်။ ဦးငွေရ၏ အစ်ကိုအကြီးဆုံး ဦးရွှေရအိမ်မှာ အလည်ရောက်နေသည်။ သူသည် အရာရှိကြီးတစ်ယောက်ဖြစ်ပြီး နယ်တကာ လှောက်ပြောင်းနေရသူ။ ပင်စင်ယူတော့ နောက်ဆုံးရောက်ရှိနေသောမြို့မှာပဲ အခြေချနေခဲ့သည်။ ရန်ကုန်ကို ပြန်မရောက်တာတောင် ဆယ့်ငါးနှစ်လောက် ရှိနေပြီ။ လူပျိုကြီးဖြစ်၏။

နောက်ဆုံးတစ်ခေါက် ရန်ကုန်ရောက်စဉ်က အောင်ဘာလေ ကူညီတဲ့ဒဏ်ကို ခံလိုက်ရသေးသည်။ ခရီးပန်းလာသဖြင့် ရောက်ရောက်ချင်း တရေးတမော အိပ်မိသည်။

သူက နှုတ်ခမ်းမွေး ခပ်ရှည်ရှည်ထားသူဖြစ်၏။ အသက်ကြီးလာပြီးဆိုတော့ နှုတ်ခမ်းမွေးတွေက အဖြူတစ်ဝက် အနက်တစ်ပိုင်းဖြစ်နေပြီ။ ဒါကို အောင်ဘာလေက ကြည့်မကောင်းဘူးထင်သည်။ ဒါနဲ့ သူ့အဖေ စားပွဲပေါ်က မှင်ပုလင်းကိုယူသည်။ စုတ်တံအသေးကလေးကို မှင်ရည်ဆွတ်ပြီး ဦးရွှေရ၏ နှုတ်ခမ်းမွေးအဖြူတွေပေါ်မှာ သုတ်ပေးသည်။ မှင်က နှုတ်ခမ်းမွေးပေါ် ကောင်းကောင်းမစွဲသဖြင့် ခပ်ရွှဲရွှဲလေးသုတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေရမှာ အိပ်မောကျနေသဖြင့် ဘာမှ မသိလိုက်။ မှင်မခြောက်ခင်မှာပင် ချွေးတွေပျံလာသည်။ နှုတ်ခမ်းမွှေးထားသူတို့၏ အကျင့်အတိုင်း လက်နှင့် သပ်မိ၏။ မှင်နဲ့ချွေးနဲ့ရောပြီး ပါးပေါ်မှာကော မေးစေ့မှာပါ ပေကျံကုန်သည်။

ဒီအကြောင်း ပြန်ပြောရင်း ရယ်မောမိကြသည်။ ဒေါ်စောလှိုင်ကလည်း အားကျမခံပြောပြသည်။

"အဲဒီတုန်းက ကျွန်မက မီးယပ်ချမ်းထလို့ ကုတင်ပေါ်မှာ စောင်ခြုံပြီး ကွေးနေတာ ... အောင်ဘာလေ ရောက်လာပြီး အမေ ဘာဖြစ်တာလဲ မေးတယ် ... ကျွန်မက ချမ်းလွန်းလို့ပါသားရယ်ပြောတော့ ဘာလုပ်တယ်မှတ်သလဲ"

ထိုစဉ်မှာ 'ဒါနဆန်များရှင်' ဆိုသော အသံနှင့်အတူ သီလရှင်တွေ အိမ်ရှေ့ရောက်လာသည်။ ဒေါ်စောလှိုင်က

"ရှင်ပဲ ဆက်ပြောပြလိုက်"

ဟု ဦးငွေရကို တာဝန်ပေးခဲ့ပြီး မီးဖိုဘက်ဝင် ဖလုံထဲ ဆန်ထည့်ပြီး အိမ်ရှေ့ဆီ ထွက်သွားသည်။ သီလရှင်တွေကို ဦးဆောင်လာသော ဆရာလေးမှာ ဒေါ်စောလှိုင်နှင့် အတော်ရင်းနှီးနေသည်။ မရင်းနှီးဘဲနေမလား။ အောင်ဘာလေကို ကိုယ်ဝန်ရှိနေတဲ့အချိန်ကတည်းက ဒီအိမ်ကို အလှူခံကြွနေကျပဲကိုး။ ထိုစဉ်က ဆရာလေးမှာ ကိုးနှစ်ဆယ်နှစ်အရွယ်လောက်သာရှိဦးမည်။

ဗန်းထဲသို့ ဆန်ထည့်ပေးနေစဉ် ဆရာလေးက

"အောင်ဘာလေ တစ်ယောက်ကော"

ဟု သတိတရမေးသည်။

"စောစောကတော့ တွေ့တာပဲ ... အပြင်များ ထွက်သွားပြီလား မသိဘူး"

ဆရာလေးက ပြုံး၍

"ဒီအိမ်ရှေ့ရောက်တိုင်း ငယ်ငယ်ကအကြောင်းကို အမှတ်ရမိတယ် တခါသားမှာပေါ့ ... အိမ်ရှေ့မှာ ရပ်နေတုန်း မိုးက ဖွဲဖွဲ ရွာလာရော ...



ထီးကလည်း ပါမလာတော့ ခေါင်းစုပဝါနဲ့ပဲ အုပ်ရမလား ... ဘာလုပ်ရမှန်း မသိဖြစ်နေတုန်း ... အောင်ဘာလေရယ် ပြေးထွက်လာပြီး သူ့ဦးထုပ်ကလေးကို လာပေးတယ်လေ ... ဆရာလေးက ငယ်လည်းငယ်သေးတော့ ရုတ်တရက် ယောင်ပြီး ဦးထုပ်ကို ဆောင်းလိုက်မိတာပေါ့ ... ဒို့ဆရာကြီးက အိန္ဒြေမဲ့ရကောင်းလားဆိုပြီး ဆူလိုက်တာလေ ... ဟုတ်လည်းဟုတ်ပါရဲ့ ... သီလရှင်နဲ့ဦးထုပ်နဲ့ ... ခု ပြန်တွေးပြီး မြင်ယောင်ကြည့်ရင်တောင်မှ ရယ်ချင်တယ်"

ဒေါ်စောလှိုင်က ရယ်လိုက်ပြီး

"ခုလည်း ဒီအတိုင်းပါပဲ ... လူတကာကို လိုက်ပြီး ကူညီနေတာပဲ"

"အင်မတန် စိတ်ကောင်းရှိတဲ့ကလေးပါ ... ဆန်လောင်းတဲ့အခါမှာလည်း များများထည့် ... များများထည့်လို့ ... ဘေးကနေ လာအော်တတ်သေးတာကော"

သူတို့နှစ်ဦး စကားလက်ဆုံကျနေစဉ်မှာ ဦးငွေရကလည်း စောစောက မစောလှိုင်ပြောလက်စအကြောင်းအရာကို ဦးရွှေရအားပြောပြနေသည်။

"မီးယပ်ချမ်းထတဲ့လူတွေရဲ့ ထုံးစံအတိုင်းပေါ့ အစ်ကိုကြီးရာ ... စောင်ခြုံထားပေမယ့် အချမ်းမပြေဘဲ တုန်နေတာပေါ့ ... အောင်ဘာလေက ဒါကိုကြည့်ပြီး သူ့အမေ အချမ်းပြေအောင် ဘယ်လိုလုပ်ရပါ့မလဲ စဉ်းစားတယ် ... "

အောင်ဘာလေသည် နောက်ဖေးဘက်သွားပြီး သံမီးဖိုကိုယူလာခဲ့သည်။ မီးဖိုထဲမှာ မီးကျီခဲအနည်းငယ် ကဲအားလျော့စွာ ကျန်နေသေးသည်။ မီးသွေး ထပ်ဖြည့်သည်။ မီးဖိုကို သူ့အမေ ခုတင်အောက်မှာ ထည့်ပြီး ယပ်ခတ်ပေးသည်။

မီးခဲတွေ စွဲပြီး အရှိန်ကောင်းလာသည်။ ထိုအပူရှိန်ကြောင့်ပဲလားမသိ။ မစောလှိုင်မှာ အတော်နွေးထွေးလာသည်။ အောင်ဘာလေ မီးဖိုပေးတာကိုတော့ သူ မသိလိုက်ဘဲ မွေးခနဲ အိပ်ပျော်သွားသည်။ အောင်ဘာလေကလည်း မကြာခဏ လာကြည့်ပြီး မီးအရှိန် မလျော့အောင် ယပ်ခတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ အခန်းထဲမှာ မီးခိုးတွေ ဖုံးလွှမ်းလာသည်။ မစောလှိုင်လည်း ချောင်းတဟွတ်ဟွတ် ဆိုးရင်း လန့်နိုးလာသည်။ ဒီတော့မှ အောင်ဘာလေရဲ့လုပ်ပေါက်ကို သိရလေ၏။

"ကံကောင်းပေလို့ပေါ့ ... မစောလှိုင်သာ နိုးမလာရင် ကုတင်မီးလောင်တော့မှာ ... အခုတောင် မီးဖိုအပေါ်တည့်တည့်က အခင်းပြားတွေ မီးကျွမ်းစ ပြုနေပြီ"

ဦးရွှေရက ရယ်ရင်း

"ဒီကောင်က စိတ်ရင်းတော့ အင်မတန်ကောင်းပါတယ်ကွ"

"မဆီမဆိုင်တာတွေ လျှောက်လျှောက်ပြီး ကူညီနေတာက ခက်နေတာ ... ကျွန်တော်ဖြင့် တစ်ခုတောင် သွားစဉ်းစားမိသေးတယ်"

"ဘာလဲကွ"

"ဗမာအယူအဆတစ်ခုရှိတယ်လေ ... တချို့လူတွေဟာ သူ့နိုးနက္ခတ်နဲ့ယှဉ်ပြီး မွေးလာတယ်ဆိုတာ ... အဲဒီလိုလူမျိုးက ဘယ်လောက်ပဲ ချမ်းသာနေနေ ... ဘယ်လိုအခြေအနေမျိုးမှာပဲရောက်ရောက် မခိုးရမနေနိုင်ဘူးလေ ... ဖွန်းလေးတစ်ချောင်း မီးခြစ်ကလေးတစ်လုံးဖြစ်ဖြစ် သူများမသိအောင် အလစ်သုတ်လိုက်ရမှ ကျေနပ်တယ် ... ဒီလိုပဲ အောင်ဘာလေကလည်း သူများကို အကူအညီပေးတတ်တဲ့နက္ခတ်နဲ့ ယှဉ်မွေးလာတာလားမသိဘူး"

"ကူညီတဲ့နက္ခတ်ရယ်လို့တော့ မကြားဖူးဘူး ... တစ်ခုတော့ရှိတယ်ကွ ... ဂြိုလ်တွေမှာ ပါပဂြိုလ်နဲ့ သောမဂြိုလ်ရယ်လို့ရှိတယ် ... ပါပဆိုတာ ဂြိုလ်ဆိုး၊ သောမဆိုတာက ကောင်းတဲ့ဂြိုလ် ... ကြည့်ရတာ သောမဂြိုလ်တွေချည်းပဲ ပူးနေတဲ့အချိန် မွေးလာလို့ အကောင်းလွန်နေတာထင်တယ်"

စကားလေးပြောလိုက်၊ လက်ဖက်ကလေးစားလိုက်၊ ရေနွေးကြမ်းလေးသောက်လိုက်နဲ့မို့ ခံတွင်းချဉ်လာဟန်တူသည်။ ဦးရွှေရသည် သူ့အိပ်ရာဆီ ထသွားပြီး ခေါင်းရင်းမှာ ချထားသော သားရေအိတ်ငယ်လေးကို သွားယူလာသည်။ အိတ်ကို ဖွင့်ပြီး လက်နှိုက်သည်။ လက်ပြန်ထုတ်တော့ ပလတ်စတစ်အိတ်ငယ်လေးတစ်ခု ပါလာသည်။ သူ မျက်မှောင်ကုပ်သွား



ပြီး အိတ်ထဲကို ငုံ့ကြည့်ရင်း ...

"ဟာ ... ငါ့ဆေးတံ ဘယ်ရောက်သွားလဲ"

ဟု ပြောပြီး သူ့အိပ်ရာနားမှာ သွားရှာသည်။ စောင်တွေ ခေါင်းအုံးတွေပါ လှန်ကြည့်သည်။ မတွေ့။

"အစ်ကိုကြီး အထားမှားလို့လား" ဟု ဦးငွေရက မေးသည်။

"မမှားပါဘူးကွာ ... ငါက ဆေးတံကိုသောက်ပြီးတိုင်း အိတ်ထဲကို သတိတရ ပြန်ထည့်နေကျကွ ... ပျောက်မှာစိုးလို့"

ထိုစဉ်တွင် ဆွမ်းဆန်လောင်းတဲ့ကိစ္စပြီးလို့ အိမ်ထဲ ပြန်ဝင်လာသော ဒေါ်စောလှိုင်က

"ဘာဖြစ်တာလဲ" ဟု မေးသည်။

"ဆေးတန်ပျောက်လို့"

ဒေါ်စောလှိုင်က ဦးငွေရကို ဖြတ်ခနဲ ကြည့်သည်။ ဦးငွေရကလည်း အဓိပ္ပါယ်ပါပါ ပြန်ကြည့်ရင်း

"အောင်ဘာလေ ... အောင်ဘာလေ" ဟု အော်ခေါ်လိုက်၏။

"ဗျာ ... လာပြီ အဖေ ... ခဏလေး"

ပြန်ထူးသံကြားသည်။ တအောင့်လောက်ကြာမှ ထွက်လာသည်။ လက်ထဲမှာ ဆေးတံတစ်ချောင်းကို အဝတ်စနှင့် ပွတ်ရင်းကိုင်လာသည်။

"ဟော ... "

ဦးရွှေရက ဆေးတံကို လက်ညှိုးထိုးရင်း ရွေ့တ်လိုက်စဉ် အောင်ဘာလေက

"ဘကြီးကလည်း ညစ်ပတ်လိုက်တာ ... ဆေးတံမှာ လက်ဆီတွေပေနေလို့ ရေဆေးပေးနေတာ"

"ဘာ ... ရေဆေးတယ်"

"ဟုတ်တယ်လေ ... ဘကြီးတို့များ အပျင်းကလည်း ကြီးသေးတယ် ဆေးတံအိုးထဲမှာ ဆေးချေးတွေ တက်နေလိုက်တာ အပေါက်တောင် ပိတ်တော့မယ်။ ဓားဦးချွန်လေးနဲ့ ခြစ်ပြီး ချွတာတောင် တော်တော်လေး လုပ်ယူရတယ်။ ဟော ... ခုတော့ အသစ်အတိုင်းဖြစ်သွားပြီ။ တွေ့လား"

www.burmeseclassic.com



ဆိုပြီး ဆေးတံကို ဦးရွှေရလက်ထဲ ထည့်ပေးလိုက်သည်။ ဦးရွှေရမှာ ဘာမှ မပြောနိုင်ဘဲ ဆေးတံကို မျက်လုံးကြီးပြူးကြည့်နေ၏။

"ဗိုပြီး သန့်သွားအောင် အတွင်းဘက်ကို ကော်ပတ်ကလေးနဲ့ တောင် စားပေးထားသေးတယ် ... ဘယ်နှယ့်လဲ"

တကယ်တော့ ဆေးတံဆိုတာ အသစ်စက်စက်ဆိုလျှင် သောက်လို့ မကောင်းဘဲ စပ်ရှားရှား ဖြစ်နေတတ်သည်။ သောက်ရင်းသောက်ရင်း ဆေးချေးတက်လာတော့မှ အရသာရှိသည်။ ဒီလိုဖြစ်အောင်လည်း အချိန်ယူပြီး ကျင့်ရသည်။

အိုးထဲမှာ ဆေးချေးထူလေ ကောင်းလေပဲ ... ဝါရင့်သမ္မာရင့်ဆေးတံသမား ဟုတ်မဟုတ်ဆိုတာ ဆေးချေး အထူအပါးကိုကြည့်ပြီး ခန့်မှန်းနိုင်သည်။ ဦးရွှေရမှာ သူ့ဆေးတံကို ဒီအခြေအနေရောက်အောင် လပေါင်းနှစ်ပေါင်းအတော်ကြာအောင် စိတ်ရှည်ရှည်နဲ့ ကျင့်ခဲ့ရတာ ... ဒီဆေးတံကိုလည်း မိန်းမချောချောလှလှရထားသလို ဂုဏ်ယူခဲ့ရသည်။

ခုတော့ အောင်ဘာလေက သူအမြတ်တနိုး တန်ဖိုးထားသော ဆေးချေးတွေကို ပြောင်အောင် ခြစ်ထုတ်ပစ်လိုက်ပြီ။ ကော်ပတ်တောင် စားပစ်လိုက်သေးသတဲ့။

"လုပ်ရက်ပါပေ့ ... သောမဂြိုလ်ရယ်"

ဟူ၍သာ ဦးရွှေရ ရေရွတ်နိုင်တော့သည်။



"သူတစ်ပါးကို ကူညီတာ ကောင်းတဲ့အလုပ်ပဲဆိုတာတော့ မှန်ပါတယ် ... ဒါပေမဲ့ အကူအညီဆိုတာက လိုမှ ပေးရတာကွ ... မလိုအပ်ဘဲ အတင်းသွားပေးရင် ကူညီရာမရောက်ဘဲ နှောင့်ယှက်သလို ဖြစ်သွားတတ်တယ် ... အကောင်းဆုံးကတော့ အကူအညီတောင်းလာမှပဲ ပေးသင့်ရင် ပေးပေါ့ ... တစ်ခါတလေကျတော့လည်း ဘာမှ လုပ်မပေးဘဲနေလိုက်တာကိုက ကူညီရာရောက်သွားတာမျိုး ဖြစ်တတ်တယ်ကွ"

ဦးငွေရက သူ့သားကို သွန်သင်ဆုံးမသည်။ အောင်ဘာလေမှာ သိပ်ဘဝင်မကျလှသော်လည်း အဖေ့စကားမို့ မှတ်သားနာယူလိုက်ရ၏။ သို့ရာတွင် အောင်ဘာလေဆိုတာက ကူညီနက္ခတ်နဲ့ ယှဉ်ပြီး မွေးလာသလားအောက်မေ့ရသူမဟုတ်လား။ သူ့ကံတရားကိုက ကူညီစရာအကြောင်းကိစ္စတစ်ခုခုကို သူက မရှာပေမယ့်လည်း တည့်တည့်ကြီး လာတိုးတတ်သည်။

သူလမ်းသွားလျှင် ငိုက်စိုက်ငိုက်စိုက် လျှောက်တတ်သည်။ ဒါကလည်း ငယ်ငယ်တုန်းက အတန်းပိုင်ဆရာမ၏ ဆုံးမစကားကြောင့်ဖြစ်၏။ သွားတဲ့လာတဲ့အခါ အမှတ်တမဲ့ မသွားရဘူး။ လမ်းကို ဂရုစိုက်ပြီး ကြည့်သွား။ ပုလင်းကွဲတို့။ အုတ်ခဲကျိုးတို့တွေ့ရင် လွတ်ရာကျွတ်ရာကို ကောက်ပစ်ရမယ်။ ငှက်ပျောခွံတို့ ဘာတို့ဆို အမှိုက်ပုံးထဲ ကောက်ထည့်ရမယ်။ သူများတွေ တိုက်မိနင်းမိရင် အန္တရာယ်ဖြစ်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုဟာစ်ခါတွေ့တာကတော့ အမှိုက်မဟုတ်။ လူကြီးတစ်ယောက်လုံး ဖြစ်နေ၏။ ထိုသူသည် လမ်းပေါ်မှာ တုံးလုံးကြီး လဲနေသည်။ အရက်သမား တစ်ယောက် မူးလဲနေတာ ထင်မိသေးသည်။ မဟုတ်။ ခြေတွေလက်တွေ ကောက်ကွေးပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေ၏။ ပါးစပ်ကလည်း အမြှုပ်တစီစီ ထွက်နေသည်။ ဝက်ရူးပြန်နေတာပဲ။

သူ့အဖေ ဦးငွေရရဲ့ လမ်းညွှန်မှုကတော့ အကူအညီဆိုတာ တောင်းမှ ပေးရတယ်တဲ့။ ခုလိုမျိုးကျတော့ ဘယ့်နှယ့်လုပ်မလဲ။ ဝက်ရူးပြန်ပြီး မေ့မျောနေတဲ့လူက ကျွန်တော့်ကို ကူညီပါလို့ ပြောနိုင်ပါဦးမလား။ တကယ်တော့ စဉ်းစားတာကတောင် နောက်ကျနေသေးသည်။ လူက အနားတောင် ရောက်သွားပြီ။

"ဟိုအစ်ကိုကြီး သတိရလား"

လှုပ်ကြည့်သည်။ ဟိုလူက ပိုပြီးတော့တောင် ကွေးကောက်သွားသေးသည်။ အောင်ဘာလေ တတ်သလောက် မှတ်သလောက် ကြိုးစားကြည့်သည်။ ခြေဖျားတွေကို ဆုပ်ကိုင်ပြီး အသာလှုန်ချိုးပေးသည်။ ထိုအခါ လက်တွေက ပိုကွေးသွား၏။ လူကို ကျောဘက်က ထိန်ပြီးထူမလိုက်သည်။ ခါးကို ဒူးနဲ့ မေးထောက်ပြီး ပခုံးကို နှိပ်နယ်ပေးသည်။ ပါးစပ်က တစ္ခီးခိုးမြည်ပြီး အမြှုပ်တွေ ပိုထွက်လာသည်။

အောင်ဘာလေသည် ကြံရာမရဖြစ်ပြီး လုပ်မိလုပ်ရာ လျှောက်လုပ်သည်။ ဇက်ကြောကို ဆွဲသည်။ နားရွက်နောက်ဘက်ကို လက်ချောင်းနှင့် ထောက်ပြီး ဖိနှိပ်သည်။ ဒီတော့မှ ပိုဆိုးသွား၏။ ဟိုလူမှာ ရုတ်တရက် ခေါင်းငိုက်စိုက်ကျပြီး ငြိမ်သွားသည်။

"ဟိုက် … သွားပြီထင်တယ် … ငါတော့ ပြဿနာတက်ပြီ"

ဆိုပြီး လန့်သွားသည်။ ထိုစဉ်မှာ 'ဟင်းခနဲ' သက်ပြင်းချသလို အသံမျိုးကြားလိုက်ရပြီးနောက် ငေါက်ကနဲ ခေါင်းပြန်ထောင်လာသည်။

'ဟပ်ချိုး'ဟု နှာချေလိုက်ပြီးနောက် သတိရလာ၏။

"ဘာဖြစ်သွားတာလဲ"

ဟုပြောသည်။ အောင်ဘာလေက ရှေ့ဘက်ကို နေရာရွှေ့လိုက်ပြီး



"အစ်ကိုကြီး သတိရပြီလား"

မေးသည်။ ဟိုလူက ကြောင်တောင်တောင် ကြည့်နေပြီးမှ

"ငါက သတိရ‌ရအောင် ဘာဖြစ်နေလို့လဲ"

ဟု ဘုဆတ်ဆတ် ပြန်မေးသည်။ အောင်ဘာလေက

"အစ်ကိုကြီး စောစောက ဝက်ရူးပြန်နေတာလေ"

"ဘာကွ၊ ငါက ဝက်မှ မဟုတ်တာ။ ဘာကြောင့် ဝက်ရူးပြန်ရမှာလဲ"

"ဒါဆိုရင် လူရူးပြန် … အဲ"

"ဟေ့ကောင် … ငါ့နာမည် လူရူးမဟုတ်ဘူး … လေးရွှေးတဲ့ကွ"

"အော် … ဒါဆိုလဲ … လေရူးပြန်တာ ဖြစ်ရမယ်"

"အပိုတွေပြောမနေနဲ့ … အော … ဟုတ်ပြီ … လက်စသတ်တော့ မင်းက ငါ့ကို မေ့ကြောနှိပ်ပြီး ငါ သတိလစ်နေတုန်း ပိုက်ဆံအိတ်ကို နှိုက်ပြီး ယူပြေးမလို့ ကြံတာပေါ့လေ"

"ဟာ … ဟာ … မဟုတ်ပါဘူး"

အောင်ဘာလေ၏ အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲလိုက်သည်။ 'ကိုင်' တော့မယ် ထင်နေတုန်း ပြန်တွန်းထုတ်လိုက်သည်။ အောင်ဘာလေမှာ နောက်သို့ ယိုင်လဲမသွားအောင် ဟန်ချက်ကို ထိန်းလိုက်ရ၏။

"ဒီမှာ ဟေ့ကောင် … မင်း အာနိုးပါတဲ့ တာမင်နေတာဇာတ်ကား ကြည့်ဖူးလား"

"ဗျာ … ဟုတ်ကဲ့"

အောင်ဘာလေ ယောင်ကန်းကန်း ပြောရင်း ခေါင်းညိတ်လိုက်သည်။

"အေး … ငါဟာဆိုရင် တာမင်နေတာ ဝင်စားတဲ့ ကောင်ပဲ"

"ခင်ဗျာ … "

"မင်းက မယုံဘူးပေါ့ … ဟောဒီမှာကြည့်"

လက်မောင်းနှစ်ဘက်ကို အပေါ်သို့ ကွေးပြီး ကာယဗလမောင်တွေ ကိုယ်ဟန်ပြသလိုလုပ်ပြီး

"တွေ့လား … ငါ တစ်ချက်ဆွဲညှစ်လိုက်ရင် အရိုးတွေ ဖျစ်ဖျစ်မြည်ပြီး ကြေမွကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မောင်းကို ကြည့်တော့လည်း ဘာမှထူးထူးခြားခြားမဟုတ်။ စပို့ရှပ်လက်တို ခပ်ကျပ်ကျပ် ဝတ်ထားသဖြင့် ကောင်းကောင်းမြင်သာသည်။ လက်မောင်းကြွက်သားမှာ ဘဲဥတစ်လုံးစာလောက် မှုနေတာပဲ ရှိ၏။ အောင်ဘာလေ ပြုံးမိမလို ဖြစ်သွားသည်။

"အမယ် ... မင်းက လက်တွေ့ပြမှ ယုံမယ်ပေါ့ ... ဟုတ်လား ... ကိုင်း ..."

ဆိုပြီး အောင်ဘာလေ၏ လည်ပင်းကို လက်မောင်းနှင့် လက်ဖျံကြား ညှပ်ဆွဲလိုက်သည်။ အောင်ဘာလေ ဇက်ကို ပုလိုက်သဖြင့် ခေါင်းကိုမဲ့ မိသွားသည်။ လူက သန်တော့ သန်သည်။ အောင်ဘာလေ ရုန်းထွက်လို့ မရဘဲ ဖြစ်နေ၏။ ထိုစဉ်မှာ ...

"ကိုကို ... ကိုကို ဘာလုပ်တာလဲ"

ဆိုသော မိန်းကလေးတစ်ယောက်အသံ ကြားလိုက်ရပြီး ဟိုလူ၏ လက်ကို အတင်းဆွဲဖြေနေသည်။ အောင်ဘာလေကလည်း ခေါင်းကို လျှိုထုတ်လိုက်သဖြင့် လွတ်သွားသည်။

"ဘယ်လိုဖြစ်ရတာလဲ ကိုကိုရယ်"

ကောင်မလေးက မေးတော့ ...

"ဘာဖြစ်ရမှာလဲ ... ဒီကောင် ငါ့ကို အလစ်မှာ မေ့ကြောနှိပ်ပြီး ပိုက်ဆံအိတ် နှိုက်ယူမလို့ ကြံနေလို့ ဆုံးမနေတာ"

"ဟား ... မဟုတ်ရပါဘူးဗျာ ... ကျွန်တော်က သူ ဝက်ရူး ... အဲ မေ့လဲနေလို့ သတိရအောင် ပြန်လုပ်ပေးနေတာပါ ... အဲဒါကို သူက"

အောင်ဘာလေက ရှင်းပြသည်။ ကောင်မလေးက ...

"ဟုတ်ပါတယ် ... ကျွန်မလဲ လှမ်းမြင်ပါတယ် ... ဒါကြောင့် အမြန်လာခဲ့တာ ... ကိုကိုဟာ သိပ်ခက်နေပါလားနော် ... ညီမလေး ဖုန်းပြောပြီးလို့ လှည့်ကြည့်တော့ မရှိတော့ဘူး ... ရှာလိုက်ရတာ နှံ့နေပြီ"

ထို့နောက် အောင်ဘာလေဘက်လှည့်ပြီး 'ကျေးဇူးပါပဲ'ဟု ပြောသည်။

"ဒါဆိုလဲ ကျွန်တော် သွားတော့မယ်နော်"



ဟိုလူက သူ့လက်ကို ဖမ်းဆွဲထားပြီး

"ဒီအတိုင်း လစ်ထွက်သွားလို့ ဘယ်ရမလဲ ... မင်းနာမည် ဘယ်သူလဲ ပြော"

"အောင်ဘာလေ"

"အမယ် နာမည်ကတော့ မဆိုးဘူး ... မင်းလိပ်စာကိုလဲ ပြောဦး"

"အို ... ကိုကိုကလဲ ... ဘာတွေ လျှောက်မေးနေတာလဲ"

ကောင်မလေးက ဝင်ဟန့်သော်လည်း ...

"မေးရမှာပေါ့ဟ ... ဒီကောင် လူဆိုး ဟုတ်,မဟုတ် သိရအောင် စုံစမ်းနိုင်းရမယ် ... စီအိုင်ဒီမှာ ငါ့တပည့် နှင်းမောင်ဆိုတာရှိတယ်"

အောင်ဘာလေလည်း ကိစ္စမြန်မြန်ပြီးမှ သွားလို့ရမည် ဖြစ်သောကြောင့် လိပ်စာကိုပြောပြလိုက်သည်။ တွေ့ကရာ လျှောက်ပြောလို့ရသော်လည်း သူ့ဝသီအတိုင်း မလိမ်တတ်သဖြင့် အမှန်ကို ပြောလိုက်သည်။ ဟိုလူက ကောင်မလေး၏ အိတ်ထဲက တယ်လီဖုန်းမှတ်စု စာအုပ်ကလေးနှင့် ဘောလ်ပင်ကို ထုတ်ယူပြီး ရေးမှတ်လိုက်သည်။

ကောင်မလေးက အောင်ဘာလေကို အားနာဟန်ကြည့်ရင်း ...

"ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်သည်။ ပြီးတော့ ဟိုလူ၏ လက်မောင်းကို ကိုင်ပြီး ဆွဲခေါ်သွားလေသည်။ အောင်ဘာလေကတော့ ခုထိ နားထင်တွေ ထူပူပြီး မျက်လုံးတွေ ဝေနေတုန်း။

(ခုလို လိပ်စာပေးလိုက်မိသဖြင့် သူတို့နှစ်ယောက်နှင့် နောက်ထပ်ပြန်ဆုံစရာကိစ္စ ပေါ်လာကြောင်းကို အလျဉ်းသင့်တဲ့အခါ ဖော်ပြပါဦးမည်။)

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကို 'ခရေ'ဟု သိထားကြသည်။ တချို့ကလည်း ဒါ နာမည်ရင်း မဟုတ်နိုင်ဘူးဟု ဆိုကြသည်။ တချို့က ...

"နာမည်ရင်းပါ ... နိုင်ငံသားကတ်ထဲမှာလဲ ဒီနာမည်ပါပဲ"

ပြောတော့ ...

"အမယ် ... မင်းက နိုင်ငံသားကတ်တောင် မြင်ဖူးပြီးပြီကိုး ... ဒါ ဆို ပတ်သတ်မှုက တော်တော်နက်ရှိုင်းနေပြီပေါ့"

"ဟာဗျာ ... စွပ်စွပ်စွဲစွဲ ... ကောင်စီရုံးမှာ သူ ဧည့်စာရင်း လာတိုင် တာ တွေ့ဖူးလို့ပါ ... နိုင်ငံသားကတ်ထဲမှာ ဒီနာမည်မှန်လို့ ရုံးက ခွင့်ပြုတာ ပေါ့"

"ဒါမျိုးက ပြောရခက်သားကလား" ဟု စောဒကတက်သူလည်းရှိ၏။

ခရေဆိုသော အမျိုးသမီး ဒီရပ်ကွက်ထဲရောက်လာတာ ခြောက်လ လောက်ရှိပြီ။ နှစ်ခန်းတွဲ အိမ်တစ်လုံး၏ ဘေးခန်းမှာ ငှားနေသည်။ သူက ရန်ကုန်မှာ စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ဖို့လာပြီး လေ့လာနေတာဟု ဆိုသည်။ သို့ရာတွင် သူ့စကားကို ယုံကြည်သူ နည်းလှသည်။

လူသိမခံနိုင်တဲ့ ပြဿနာ တစ်ခုခုရှိခဲ့လို့ ဒီမှာလာပြီး ဇာတ်မြှုပ်နေ တာဟု ကောက်ချက်ချတဲ့ လူလည်းရှိ၏။ ချဲကြွေးတွေ မဆပ်နိုင်လို့ လာ ရှောင်နေတာ ဖြစ်မယ် ... အဘိုကြီး တစ်ယောက်ယောက်ဆီက ပိုက်ဆံတွေ



ချူပြီးလစ်ပြေးလာတာကော မဖြစ်နိုင်ဘူးလား ...

"ဘော့စ်တစ်ယောက်ရဲ့ ဟိုဒင်လား မသိဘူး"

"မဟုတ်နိုင်ပါဘူး ... သူ့ဆီ ကားကြီးကားကောင်းနဲ့ လာတဲ့လူမှ မရှိတာပဲ"

"တခြားမှာ ချိန်းတွေ့ချင် တွေ့ကြမှာပေါ့"

စသည်ဖြင့် ထင်ကြေးပေးကြသည်။

ခရေဆိုသော အမျိုးသမီးသည် ရုပ်ကတော့ အလှကြီးမဟုတ်သော် လည်း ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့်တင်းတင်းရှိသည်။ ကြည့်ပုံ ရှုပုံ ပြောပုံဆိုပုံက ဆွဲဆောင်မှုရှိသည်။ အပျိုလား အအိုလားဆိုတာ ဘယ် သူမှ မသိ။ သူကလည်း ဖွင့်မပြော။ ဒါမျိုးဆိုတာက စုံစမ်းမေးမြန်းကြည့်လို့ ရတာလည်း မဟုတ်။ ဝါရင့်အမျိုးသားကြီးတွေကတော့ အတွေ့အကြုံရှိဖူး မယ့်ပုံပဲဟု ခန့်မှန်းကြသည်။

သူ့အသက်က သုံးဆယ်နီးနီးလောက်ရှိမည်။ ကျော်ချင်လည်း ကျော် နိုင်သည်။ ဝတ်တတ်စားတတ်လို့ ရှိရင်းစွဲထက် နုနေတာလည်း ဖြစ်နိုင်၏။

သူက သဘောတော့ကောင်းသည်။ ပွင့်လင်းသည်။ ယောကျ်ား လေးတွေနဲ့ ပြောဆိုဆက်ဆံရာမှာတော့ ရဲတင်းသည်ဟု ဆိုနိုင်သည်။ တစ်ခါ တခါ စကားပြောရင်း ပခုံးပုတ်တာ လက်မောင်းတို့တာမျိုးလုပ်တတ်သည်။

ဒါမျိုးက ယောကျ်ားတွေ အကြိုက်ပေါ့။ အထူးသဖြင့် အသက်အ ရွယ်ရလာသော အိမ်ထောင်ရှင် အမျိုးသားတွေက အရောတဝင်လုပ်ချင်ကြ သည်။ လက်ချင်းထိရ နည်းသလား။ ထို့ကြောင့်လည်း မိန်းမတွေက သူ့ကို သိပ်အမြင်မကြည်လင်ကြခြင်းဖြစ်၏။

ဒီလို အမျိုးသမီးနဲ့ အောင်ဘာလေတို့ ရင်းနှီးမိကြတာ ဘာဆန်း သလဲ။ အောင်ဘာလေဆိုတဲ့ကောင်က ဘယ်သူနဲ့မဆို အလွယ်တကူ ခင်မင် တတ်တဲ့လူပဲ။ တစ်ခါမှ မမြင်ဖူးခဲ့တဲ့လူကိုတောင် သိဟောင်းကျွမ်းဟောင်း လို သဘောထားပြီး ကူညီတတ်တာလေ။

www.burmeseclassic.com

www.burmeseclassic.com



ခရေက အောင်ဘာလေကို အတိုအထွာ ကိစ္စလေးတွေ အကူအညီ တောင်းတတ်သည်။ စားစရာတို့ အသုံးအဆောင်ပစ္စည်းတို့ လူကြုံမှာတာ မျိုးပေါ့။ တခါတလေတော့

"အောင်ဘာလေ့ရေ ... ညှော်ခန်းက ဘီရိုလေးရွှေ့ချင်လို့ ... အဲဒါ မမတစ်ယောက်ထဲ မနိုင်လို့ ကူညီပါဦး"

ဆိုပြီး အိမ်ပေါ်ခေါ်တတ်သည်။ ကိစ္စပြီးတော့လည်း ...

"ကော်ဖီမစ်ကလေး သောက်သွားပါဦး"

ဟု ညှော်မရှေး စကားတွေ ပြောသေးသည်။ ပြောတဲ့အခါမှာလည်း တရင်းတနှီး ... ခြေတို့လက်တို့ လုပ်တတ်ပြန်သည်။ တစ်ခါတစ်ခါ လက်ကို ဆွဲပြီး အိမ်ပေါ်ခေါ်တာမျိုးရှိ၏။

တစ်ဘက်ခန်းမှ အိမ်ရှင်မိန်းမကြီးမှာ အိမ်လခ အပြတ်ယူထားပြီးလို့သာ အောင်အည်းနေရခြင်းဖြစ်၏။ ခရေအပေါ်မှာ သိပ်တော့ အမြင်မကြည် လင်လှ။ ဘာအလုပ်လုပ်တယ်ဆိုတာ တိတိကျကျမသိရ။ သုံးနိုင်စားနိုင် ဝတ်ဆင်နိုင်ဖို့ ငွေကို ဘယ်ကရနေတယ်ဆိုတာလည်း ခန့်မှန်းလို့မရ။ ကျော့ ကျော့မော့မော့ ဝတ်စားပြင်ဆင်ပြီး အပြင်ထွက်ထွက်သွားတာကိုလည်း သိပ်မသင်္ကာချင်။

တခြားကောင်လေးတွေနဲ့ တွေးရောယှက်တင်နေနေတာက ဒီ လောက်ပြဿနာမဟုတ်။ သူတို့ကလူလည်လေးတွေ။ ရှောင်တတ်တိမ်း တတ်သည်။ အောင်ဘာလေကျတော့ ဒီလိုမဟုတ်။ ရိုးရိုးအအ ကလေး။ ပြီးတော့ သူ့ဝသီအရ အကူအညီတောင်းရင် ဘာမဆိုလုပ်ပေးမယ့် သဘော ရှိ၏။

အိမ်ရှေ့ညှော်ခန်းက ဘီရိုရွှေ့ပေးပါဦးဆိုတာကနေ မီးဖိုခန်းတံခါး ကျပ်နေလို့ လိုက်ဖွင့်ပေးပါဦးလုပ်မည်။ ဒီကတစ်ဆင့် ခြင်ထောင်ကြိုးချိတ်ဖို့ မမီလို့ ကူညီပါဦးဆိုပြီး အိပ်ခန်းထဲ ခေါ်သွားရင်ခက်မည်။ ဟိုကောင်က တောင်တောင်အီအီ ဘာမှတွေးနေမှာမဟုတ်။ ခေါ်ရင်လိုက်ဝင်သွားမှာပဲ။ ကြာရင် ကောင်လေး ဒုက္ခရောက်တော့မယ်ဆိုပြီး ဒေါ်စောလှိုင်ဆီသွား တိုင်သည်။



ဖြစ်ချင်တော့ ဒေါ်စောလှိုင် စနည်းနာဖို့ ထွက်လာတဲ့ အခိုက်မှာပဲ မြင်ကွင်းတစ်ခုနှင့် ပက်ပင်းတိုးတော့သည်။ ခရေ၏ အိမ်ရှေ့မှ ဖြတ်အ လျှောက်တွင် လှမ်းမြင်လိုက်ရခြင်းဖြစ်၏။ အောင်ဘာလေနှင့် ခရေတို့သည် ညှော်ခန်းမှာ ထိုင်စကားပြောနေကြသည်။ ခရေက ဘာကို သဘောကျသွား မှန်းမသိ။ ဟက်ဟက်ပက်ပက်ရယ်ရင်း အောင်ဘာလေ၏ ရင်ဘတ်ကို လက်နှင့် အသာအယာ တွန်းလိုက်၏။

ဒေါ်စောလှိုင် တစ်ကိုယ်လုံးထူသွားသည်။ စဉ်းစားဖို့တောင် အချိန် မပေးနိုင်တော့ဘဲ အိမ်ပေါ်တခါတည်း တန်းတက်သွားသည်။ သူ့ကို မြင် တော့ ခရေက အိန္ဒြေပျက်သွားတာမျိုးမရှိ။ ဖော်ဖော်ရွေရွေပဲ။

"အန်တီ ... လာ ... ထိုင်ပါ"

ဒေါ်စောလှိုင်က မထိုင်ဘဲ အောင်ဘာလေဘက်လှည့်၍ ...

"သား ... အိမ်မှာ မင်းသူငယ်ချင်းတွေ ရောက်နေတယ်"

"ဟင် ... ဟုတ်လား"

ဆိုပြီး အောင်ဘာလေ ထရပ်သည်။

"ကျွန်တော် သွားလိုက်ဦးမယ်။ မမ ... ဟိုဟာ နောက်နေ့မှလာလုပ် ပေးတော့မယ်။ တကျွိကျွိ မြည်နေတာက ကြားထဲမှာ ဟာပြီးချောင်နေလို့ သစ်သားချောင်းလေးနဲ့ သပ်ရိုက်လိုက်ရင် ကောင်းသွားမှာပါ"

ဟုပြောရင်း 'အမေ ... ကျွန်တော် သွားနှင့်မယ်" ဆိုပြီး ထွက်သွား သည်။

ထို့နောက် ဒေါ်စောလှိုင်နှင့် ခရေတို့ မျက်လုံးချင်းဆုံမိကြသည်။ ခရေကပြုံးပြရင်း နှုတ်ဆက်စကားတခုခု ပြောဖို့ပြင်သည်။ သို့ရာတွင် ဒေါ် စောလှိုင်က ဦးအောင်ပြောလိုက်၏။

"ငါ့သားလေးကိုတော့ ချမ်းသာပေးပါဟယ်"

ဒီတစ်ခွန်းထဲပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောလှိုင်က သားစိတ်ကြောင့် စိုးရိမ်ပြီး ရုတ်တရက် မဆင်မခြင်ပြောလိုက်မိခြင်းဖြစ်၏။ သို့ရာတွင် ထိုစကားက အလွန်တာသွားသည်။ ခရေ၏ ဂုဏ်သိက္ခာကို စော်ကားသလိုဖြစ်သွား၏။ မာနကို ဆွပေးလိုက်သလိုလည်းဖြစ်သည်။

ထိုစကား အပြောခံလိုက်ရစဉ်က ခရေသည် အပြုံးမပျက်ဘဲ

"သိပ်လည်း စိတ်မပူနေပါနဲ့ အန်တီရယ် ... ကျွန်မက အောင်ဘာလေကို မောင်လေးအရင်းလို သဘောထားတာပါ"

ဟု ခပ်အေးအေး ပြန်ပြောခဲ့သည်။ စိတ်ထဲကတော့ မျက်ခနဲဖြစ်သွား၏။

သူသည် အောင်ဘာလေကို တကယ်လည်း စိတ်ဝင်စားခြင်းမရှိခဲ့။ ကြောင်တောင်တောင် အတတ ကောင်လေးတစ်ယောက်အဖြစ် အပျင်းပြေ ကလူကြည့်စယ်နေခြင်းသာဖြစ်၏။ တကယ်ဆိုရင် သူ့ကို ဘာအရေးစိုက်စရာရှိသလဲ။ တက္ကစီကားနှစ်စီးပိုင်တဲ့ လူပျိုကြီးကို ဟန်ဖော်ကို ဖမ်းချိတ်လိုက်မှာပေ့ါ။ ဒီက တစ်ချက်လောက် အခွင့်အရေးပေးလိုက်မယ်ဆို အိမ်ရှေ့ကို ကားနှစ်စင်း ချက်ချင်းရောက်လာမှာ။ လူက ခပ်တုံးတုံးကြီးဆိုတော့ ဒီကားနှစ်စင်း ပြောင်သွားအောင် ချူပြီးရင် အသာလေး ရှောင်ထွက်သွားဖို့ဆိုတာ လွယ်လွယ်လေး။ ဒီထက်သာတဲ့ အချဉ်ကြီးတစ်ယောက်များ ထပ်တွေ့ဦးမလားလို့ ချိန်ဆနေတာ။

အောင်ဘာလေလိုကောင်မျိုးလောက်ကတော့ စာရင်းထဲတောင် တို့ထားတာ မဟုတ်ဘူး။ ခုတော့ သူ့စိတ်ကို လာစမ်းနေပြီ။ ထို့ကြောင့် ပစ်မှတ်ပြောင်းလိုက်သည်။ အောင်ဘာလေကို ရအောင်ဖြုတ်မည်ဟု ဆုံးဖြတ်လိုက်၏။

ဒါကလည်း လွယ်လွယ်လေးပါ။ လူတိုင်းမှာ ပျော့ကွက်ဟာကွက်ဆိုတာ ရှိစမြဲဖြစ်၏။ အားနည်းချက်ကိုကိုင်ရင် ရနိုင်သလို သူ ဘာကြိုက်တတ်သလဲဆိုတဲ့အချက်နဲ့ မျှားလို့လည်းရသည်။

တချို့က ယမကာကြိုက်သည်။ တချို့က အစားကောင်းကောင်းကို မက်သည်။ ဒီလိုပဲ ရွှေငွေ၊ ရတနာပစ္စည်း၊ ရာထူးဂုဏ်ထူး။ ယောက်ျားအများစု ဘာမက်တတ်သလဲဆိုတာကတော့ သိတဲ့အတိုင်း သူ့ကိုယ်တွေ့ပဲ။



အောင်ဘာလေကျတော့ ထူးခြားနေသည်။ ဘာကိုမှ မက်မောတွယ်တာခြင်းမရှိ။ သူ့ကိုယ်သူအတွက် ဘယ်တော့မှ မစဉ်းစား။ သူတစ်ပါးအတွက်သာ အမြဲအဆင်သင့်ရှိနေသူ။ ဒီအချက်ကပဲ သူ့ရဲ့အကြီးမားဆုံးအားနည်းချက်ဖြစ်နေသည်။ သူ့ကို ဖျားယောင်းသွေးဆောင်ချင်လျှင် လွယ်လွယ်လေး။ အကူအညီတစ်ခုခု တောင်းလိုက်ရုံပဲဖြစ်၏။

"မောင်လေးကို ... မမ အကူအညီတောင်းစရာတစ်ခုရှိတယ်"

အကူအညီဆိုသော စကားလုံးကို ကြားတာနဲ့ အောင်ဘာလေရဲ့မျက်လုံးတွေက အရောင်လက်လာသည်။ ဘယ်လိုအကူအညီမျိုးတောင်းမယ်ဆိုတာတောင် မပြောရသေး။ သူ့ဘက်က အဆင်သင့်ရှိနေသလို တက်ကြွလာပြီ။

"မမ ခရီးတစ်ခု သွားစရာရှိတယ်"

"ရထားလက်မှတ် ဝယ်ပေးရမှာလား"

ခရေက ခေါင်းခါသည်။

"ကားလက်မှတ်လား"

"အဲဒါတွေက အရေးမကြီးပါဘူး"

"ကားဂိတ်ကို လိုက်ပို့ရမှာလား ... ဒါမှမဟုတ် ဘူတာရုံလား"

"မဟုတ်ဘူး ... ဒီလိုကွယ် ... မမမှာ အဖော်တစ်ယောက်လိုနေလို့"

"အဖော် ... ဟုတ်လား"

ခရေက ခေါင်းညိတ်ပြပြီး ...

"ဟုတ်တယ် ... ခရီးဖော်လိုနေတာ"

အောင်ဘာလေက ရုတ်တရက် နားမလည်ဘဲ ကြောင်တောင်တောင် ပြန်ကြည့်နေသည်။ ခရေက ရှင်းပြ၏။

"မမမှာ ငွေအတော်များများ ရစရာရှိနေတယ် ... အမွေပဲ ဆိုပါတော့ ... အဘွားဆီက ရမှာ ... မော်လမြိုင်ဘက်မှာ သွားယူရမယ်"

"အဘွားက ဆုံးသွားလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးတော့ မဆိုးသေးဘူး … ကြိုပြီး ပေးခဲ့မှာ"

"အမွေက မသေခင် ကြိုပေးလို့ ရလို့လား"

"အေး … အဲဒါ ပြဿနာပေါ့ … အဘွားက မမကို ကြိုပေးခဲ့ချင်တယ် … ဒါကို အခြားအမွေဆိုင်တွေက မကျေနပ်ဘဲ မမကို အနှောင့်အယှက် ပေးချင်ပေးမှာ … ဒါကြောင့် အဖော်တစ်ယောက်လိုတယ်ပြောတာပေါ့ … "

အဖော်ဆိုတာက မိမိကို ပြောတာလား။ တခြားတစ်ယောက်ကို ရှာပေးရမှာလားဟု အောင်ဘာလေ တွေးနေစဉ်။

"အဲဒါ … မောင်လေး မမနဲ့ အဖော်လိုက်ခဲ့ပေးပါလား"

တခြားကိစ္စဆိုလျှင် အောင်ဘာလေ ချက်ချင်းခေါင်းညိတ်လိုက်မှာပဲ။ ခုဟာကတော့ …

"ကူတော့ ကူညီချင်ပါတယ် … ဒါပေမဲ့ ခရီးဝေးသွားရမှာဆိုတော့ အိမ်က ခွင့်ပြုမှာ မဟုတ်ဘူး"

"သူငယ်ချင်းတွေနဲ့ ကျိုက်ထီးရိုး ဘုရားဖူးသွားမှာလို့ ပြောရင်ကော"

"ဘယ်ရမလဲ … ကျွန်တော့်သူငယ်ချင်းတွေအကုန်လုံး အိမ်က သိနေတာပဲ … သူတို့ကို မေးလိုက်လို့ မဟုတ်ဘူးဆိုရင် ခက်ကုန်မှာပေါ့ … တစ်ခုတော့ရှိတယ်"

"ပြောပါဦး"

ခရေက အားတက်သရော မေးလိုက်သည်။ အောင်ဘာလေက

"ကျွန်တော့်သူငယ်ချင်းတွေကိုပါ ခေါ်သွားမယ်ဆိုရင်တော့ ရနိုင်တယ်"

"မင်းနှယ်ကွယ် … ဘယ်လိုလုပ်ပြီးတော့ လူတွေ တပြုံတခေါင်းကြီးနဲ့ သွားလို့ရပါ့မလဲ … ခက်တာပဲ … မမတော့ ဒုက္ခရောက်တော့မယ်ထင်တယ်"

ဆိုပြီး သူ့အခက်အခဲတွေကို စိတ်ကူးတည့်ရာ လျှောက်ပြောပြသည်။ သူ့မှာ အလုပ်အကိုင် အဆင်မပြေသဖြင့် သူများဆီက ငွေတွေ ချေးထားရ



ကြောင်း၊ အခု ကြွေးရှင်က ပြန်တောင်းနေကြောင်း၊ မပေးနိုင်လျှင် တရားစွဲခံရပြီး အရှက်တကွဲ အကျိုးနည်းတော့မည်ဖြစ်ကြောင်း၊ အဘွားဆီက အမွေရမှသာ အဆင်ပြေမည်ဖြစ်ကြောင်း …

"မမက အရှက်တော့ အကွဲမခံနိုင်ဘူး … ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာပဲ"

ဟု မျက်ရည်လည်ရွဲနှင့် ပြောသောအခါ အောင်ဘာလေမှာ ခေါင်းညိတ်ပြီးသား ဖြစ်သွားလေတော့သည်။

ခရေ အကြံပေးတဲ့အတိုင်း သူငယ်ချင်းတစ်ယောက်ရဲ့ အဖေ ဆေးရုံတင်ထားရလို့ ညအိပ်စောင့်ပေးရမယ်ဟု အိမ်ကို အကြောင်းပြသည်။ အဝတ်အစား အပိုတစ်စုံပါ ယူလာခဲ့သည်။ အောင်ဘာလေမှာ ဒါမျိုး ကူညီနေကျဖြစ်သောကြောင့် အိမ်ကလည်း စိတ်ချလက်ချ လွှတ်လိုက်သည်။

ထိုသူငယ်ချင်းသည် ကျောင်းနေဘက်ဖြစ်သော်လည်း အနေဝေးသူဖြစ်သောကြောင့် ပြဿနာမရှိနိုင်ဟု တွက်ခဲ့မိ၏။ ဖြစ်ချင်တော့ အောင်ဘာလေ ထွက်သွားပြီး နောက်တစ်နေ့မှာပင် ထိုသူငယ်ချင်းက အိမ်ကို ရောက်လာသည်။ သူ့အဖေကလည်း ဘာမှမဖြစ်။ အကောင်းကြီး။

ဒါဆိုရင် အောင်ဘာလေ ဘယ်သွားသလဲ။ ဦးငွေရတို့ စဉ်းစားရပြီ။ ဒေါ်စောလှိုင် ဖြတ်ခနဲ သတိရလိုက်သည်။ မနက်တုန်းက ခရေ ငှားနေသော အခန်း၏အိမ်ရှင်နှင့် တွေ့သည်။

"ဒီရက်ပိုင်းတော့ … မျက်စိနောက် သက်သာသွားပြီ မစောလှိုင်ရေ ဟိုကောင်မလေးက ခရီးသွားစရာရှိလို့တဲ့ … သော့အပ်ထားခဲ့တယ် … ဟုတ်ကော ဟုတ်ရဲ့လား မသိပါဘူး"

ဟု ဆိုသည်။ ဒေါ်စောလှိုင် စိတ်ပူပြီး ဟိုမေး ဒီစုံစမ်း လုပ်ကြည့်တော့ ဈေးရှေ့တက္ကစီဂိတ်ကနေ ခရေနှင့် အောင်ဘာလေတို့ ကားတစ်စင်းငှားပြီး ထွက်သွားကြတာ တွေ့တယ်ဟု ကွမ်းယာဆိုင်မှ ပြောသည်။ ငှားထိုးနေကျ တက္ကစီကားတွေဆီမှာ စုံစမ်းသောအခါ ကားသမားတစ်ယောက်က ခရေကို မှတ်မိသည်။ သူ့ကားကို မကြာခဏ ငှားစီးနေကျ။ ထိုနေ့က

www.burmeseclassic.com

www.burmeseclassic.com



အလှည်လည်နိုင်သော ကောင်လေးတစ်ယောက်နှင့်အတူ အဝေးပြေးကားဂိတ်ကို လိုက်ပို့ခဲ့ရသည်ဟု ပြောပြသည်။

"ခရီးသွားကြမယ့်ပုံပဲ ... လက်ဆွဲအိတ်တွေလည်း ပါတယ် ... လမ်းမှာ တားအီးပေါ်တဲ့လို့တောင် ကောင်လေးက ဝင်ကူလုပ်ပေးသွားသေးတယ် ... တော်တော်တော့ ဖင်ပေါ့တဲ့ကောင်လေးပဲ"

ဟု ချီးကျူးလိုက်သေးသည်။

"သူတို့ ဘယ်ကို သွားတာလဲ ... ကားကကော ဘယ်ကိုသွားတဲ့ကားကို စီးသွားတာလဲ ... သိလိုက်လား"

ဒေါ်စောလှိုင် အလောတကြီးမေးသည်။

"အဲဒါတော့ သတိမထားမိလိုက်ဘူး ... ကားဂိတ်မှာ ချပေးပြီး ပြန်ထွက်လာခဲ့တာ"

ဒေါ်စောလှိုင် ရှိုက်မိလိုက်ပြီ။ မိမိ စကားတစ်ခွန်းကြောင့် ခရေကနားလည်ပြီး လှလှပပကြီး လက်စားချေလိုက်ပြီ။

"ငါ့သားလေးတော့ ရေတိမ်နစ်ပါပြီ"

ဟု ငြေးငြေးကြကွဲကွဲ ပြောသည်။



ခရေသည် အဝေးပြေးကားပေါ်မှာကတည်းက အောင်ဘာလေကို စပြီး သိမ်းသွင်းမည်ဟု စိတ်ကူးထားသည်။ ကားပေါ်မှာ ဘေးချင်းယှဉ်ထိုင်ရင်း အိပ်ငိုက်ယောင်ဆောင်ပြီး အောင်ဘာလေရဲ့ ပခုံးပေါ်မှာ ခေါင်းအိုထားလိုက်မည်ဟု စဉ်းစားသည်။ အခြေအနေပေးရင်လည်း ရင်ခွင်ထဲ ဝင်လိုက်တာပေါ့။

တကယ်တမ်းကျတော့ အောင်ဘာလေက အရင်ဦးသွားသည်။ ကားစထွက်လို့ မကြာခင်မှာပင် အောင်ဘာလေ အိပ်ပျော်သွားသည်။ လမ်းမှာ စားဖို့သောက်ဖို့ ခဏနားတဲ့အချိန်ကျမှ ထသည်။ စားစရာတွေ တဝတပြဲ စားသောက်သည်။ ကားပြန်ထွက်တော့ အိပ်ပြန်သည်။

ပက်လက်အိပ်လိုက်၊ ညာဘက်စောင်းလိုက်၊ ဘယ်ဘက်စောင်းလိုက်နဲ့ နောက်ဆုံးတော့ ခရေ၏ လက်မောင်းပေါ် ခေါင်းစိုက်ပြီး ခွေခွေလေး အိပ်ပျော်နေတော့သည်။ ခရေက လက်မောင်းကို အသာဖြေချပြီး ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ရ ကောင်းမလား တွေးမိသေးသည်။ သိပ်ထူးမယ်မထင်။ အောင်ဘာလေက အိပ်မောကျနေသဖြင့် ဘာဖြစ်နေမှန်းတောင် သိမှာမဟုတ်။ ထို့ကြောင့် နေနှင့်ဦးဟု တေးထားလိုက်၏။

မော်လမြိုင်ရောက်တော့ တည်းခိုခန်းတစ်ခုမှာ တည်းသည်။ ဆိုးပန်းနေလို့ တစ်ရက်နားပြီးမှ ရွာကိုသွားမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ... မောင်လေးကို မော်လမြိုင်တဝိုက် လည်ပတ်စရာတွေလည်း လိုက်ပြဦးမယ်"

ဟူ၍လည်း အကြောင်းပြသည်။

တည်းခိုခန်းမှာ ခရေက နှစ်ယောက်ခန်း ယူလိုက်တော့

"ဘာဖြစ်လို့လဲ"

ဟု အောင်ဘာလေကမေးသည်။

"တစ်ယောက်ခန်း နှစ်ခန်းယူရင် ပိုက်ဆံပိုကုန်တယ် ... နှစ်ယောက်ခန်း တစ်ခါထဲယူလိုက်တော့ သက်သာသွားတာပေါ့ ... ဘာလဲ ... မင်းက ကြောက်လို့လား"

"ဟုတ်ကဲ့"

"အမယ် ... သူကများ ... ဒီကကြောက်ဖို့လည်း ထားစမ်းပါဦး"

ဟု ခရေက ပြုံးစစလုပ်၍ မျက်စောင်းထိုးရင်း ပြောသည်။ အောင်ဘာလေက

"ကျွန်တော်က တစ်မြို့တစ်ရွာမှာ တစ်ယောက်ထဲတော့ မအိပ်ရဲဘူး ... သရဲကြောက်လို့"

ခရေက ရယ်လိုက်ပြီး

"အေးပေါ့ ... မောင်လေးက ကြောက်နေမှာစိုးလို့ နှစ်ယောက်ခန်းကို တမင်ယူလိုက်တာလည်း ပါတာပေါ့ ... ခုဆို အဆင်ပြေသွားပြီမဟုတ်လား"

သို့ရာတွင် အခန်းထဲရောက်လို့ နှစ်ယောက်အိပ်ကုတင်ကြီးကိုလည်း မြင်ရော အောင်ဘာလေ မျက်လုံးပြူးသွားပြီး

"ဟင် ... ဒီပေါ်မှာ တူတူအိပ်ရမှာလား"

"အင်းလေ ... မင်းပဲ သရဲကြောက်လို့ တစ်ယောက်ထဲ မအိပ်ရဲဘူးဆို"

"ကျွန်တော်က ကုတင်တစ်လုံးစီမှတ်နေတာ ... ဒါမျိုးကြီးကတော့"

"အမယ် ... ဖြစ်ရပြန်ပြီ"

ပြောရင်း အောင်ဘာလေ၏လက်မောင်းကို ထုလိုက်သည်။



"မဖြစ်ဘူးထင်တယ် ... ကျွန်တော်က အအိပ်ကြမ်းတယ် ... ခြေထောက်နဲ့ ကန်မိရင် ရေကြီးနေလိမ့်မယ် ... ပြီးတော့ ..."

"ဘာဖြစ်လဲ ... ပြီးတော့"

"ကျွန်တော်က ခွချင်ခွမိမှာ ... အိမ်မှာဆို ခွခေါင်းအုံးနဲ့ အိပ်နေကျဆိုတော့ ..."

"ရပါတယ် ... ... သတိထားအိပ်ပေါ့ ... ခွမိတော့လည်း ဘာဖြစ်လဲ ... မမ ဗွေမယူပါဘူး ... ကဲ ... ရေသွားချိုးလိုက်ဦးမယ်"

အောင်ဘာလေ ဘာမှ ပြန်မပြောနိုင်ခင်မှာ အခန်းထဲက ထွက်လာခဲ့သည်။ အောင်ဘာလေက ခေါင်းကုတ်ရင်း ကျန်ခဲ့၏။

ရေချိုးပြီးတော့လည်း အောင်ဘာလေ အခန်းထဲ ရှိနေတုန်းမှာပင် ခရေက အဝတ်အစားလဲသည်။

"မမ အင်္ကျီဝတ်မလို့ ... မင်း ဟိုဘက်လှည့်နေ"

ပြောတော့ အောင်ဘာလေ တစ်ဘက်ကို လှည့်နေလိုက်၏။ ခရေက ရင်လျားထားသော ထမိန်ကို အောက်သို့ လျှောချလိုက်သည်။ ထို့နောက် အောင်ဘာလေကို တစ်ချက် စောင်းငဲ့ကြည့်သည်။ အောင်ဘာလေသည် တကယ်ပင် တစ်ဘက်ကို လုံးဝလှည့်နေသည်။ နည်းနည်းလေးမှ မလှုပ်။ မျက်စိတောင် မှိတ်ထားသေးလားမသိ။ ခရေက အသံမထွက်အောင် ရယ်ရင်း ဘယာစီယာထဲ လက်လျှိုလိုက်ပြီး

"မောင်လေးရေ ... ဘယာစီယာချိတ် တပ်ပေးစမ်းပါ ... လက်နောက်ပြန်ကြီး ဖြစ်နေတော့ တပ်ရခက်နေတယ်"

ဟု ပြောလိုက်သည်။

အောင်ဘာလေ အနားကို လျှောက်လာကြောင်း သိသည်။ နောက်ဘက်မှာ လာရပ်၏။ ဘယာစီယာချိတ်ကို ချိတ်ပေးသည်။ တချို့လူတွေလို လက်တုန်ပြီး အလွဲလွဲအချော်ချော် ဖြစ်တာမျိုးမရှိ။ တစ်ခါတည်း ချိတ်လိုက်တာ တန်းခနဲပဲ။

ခရေက ဘယာစီယာကို အသားကျအောင် ဟိုဘက်ဒီဘက် ဆွဲဆန့်လိုက်ပြီးနောက် အောင်ဘာလေနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အောင်

www.burmeseclassic.com

www.burmeseclassic.com



ဘာလေက ခေါင်းငုံ့ထားရာမှ မျက်လုံး တစ်ချက်လှန်ကြည့်သည်။ ထို့နောက် ရှပ်အင်္ကျီကို ချွတ်သည်။ အတွင်းက စွပ်ကျယ်အင်္ကျီကိုပါ ခပ်သုတ်သုတ် ဆွဲချွတ်လိုက်ပြီး ...

"ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်"

ဟုပြောပြီး အခန်းထဲက ထွက်သွား၏။

ထားလိုက်ပါဦးလေ ... ညကျမှပဲပေါ့ဟု ခရေက မှတ်ထားလိုက်ပြန်သည်။

"ဘယ်လိုလဲ ... နေ့လယ်က မမနဲ့ လျှောက်လည်ရတာ ပျော်ရဲ့လား"

ဟု ခရေက မေးသည်။

"ပျော်တာပေါ့ မမရဲ့ ... တစ်ခုရှိသေးတယ် ... ကျွန်တော် ကျိုက္ကမီရေလယ်ဘုရားကိုလည်း သွားချင်တယ် ... ပင်လယ်ကို မမြင်ဖူးသေးဘူး"

"သွားရမှာပေါ့ ... နက်ဖြန်မနက်ကျတော့ ကျိုက္ကမီကို အရင်ဝင်မယ် ... ပြီးမှ ရွာကို တစ်ခါထဲ တန်းသွားမှာလေ"

"ဒါဆို ကောင်းတာပေါ့"

"ဒါနဲ့ ... မောင်လေးကို ပြောစရာတစ်ခုရှိတယ်"

ခရေက ခဏဆိုင်းပြီးမှ ဆက်ပြောသည်။

"ရွာကိုသွားတဲ့အခါ ... တစိမ်းယောကျ်ားလေးတစ်ယောက်ကို အဖော်ခေါ်လာတယ်ဆိုရင် တစ်မျိုးထင်နေကြလိမ့်မယ်"

"မောင်နှမတော်တယ်လို့ ပြောရမှာပေါ့"

"အို ... မဟုတ်တာ ... ရွာကအမျိုးတွေ အကုန်သိပြီးသား ဥစ္စာဘယ်က မောင်တစ်ယောက် ကောက်ရလာသလဲ မေးကြမှာပေါ့"

"ဒါဆိုရင် ... ဘယ်လိုပြောရမှာလဲ"

"ဟိုဒင်းလေ ... မင်းနဲ့ မမနဲ့က လက်ထပ်ထားကြတာလို့"

"ဗျာ ... "



"ဟုတ်တယ် ... လင်မယားဆိုမှ ယုံမှာပေါ့ ... ပြီးတော့ ယောကျ်ားပါလာတယ်ဆိုတော့ အနိုင်မကျင့်ရဲကြတော့ဘူးပေါ့ ... ဒါကြောင့် လင်မယားဟန်ဆောင်ဖို့ ကြိုတင်လေ့ကျင့်လို့ရအောင် တစ်ခန်းထဲ အတူတည်းဖို့ စီစဉ်လိုက်ရတာပဲ"

"ဟာ ... ကျွန်တော် အဲဒါမျိုး ဟန်မဆောင်တတ်ဘူး"

"ဒါဆိုလည်း ဟန်ဆောင်နေစရာမလိုရအောင် နေလိုက်ပေါ့ကွယ်"

ခရေက မျက်လုံးကို မှေးရင်း ပြုံးပြီးကြည့်လိုက်သည်။

"ကဲ ... မမတော့ ပင်ပန်းနေပြီ"

ဟု ပြောပြီး ခုတင်ပေါ် တက်လှဲလိုက်သည်။ မျက်စိကို မှိတ်ပြီး မှိန်းနေသည်။ ခရေသည် ညအိပ်ဂါဝန်ရှည်ကြီးကို ဝတ်ထားသည်။ ဂါဝန်ရှည်ဆိုသော်လည်း အောက်ဘက်က ဒူးဖုံးရုံလောက်သာရှိ၏။ အင်္ကျီက လက်ပြတ်ဖြစ်ပြီး ကြိုးတစ်ချောင်းထဲသာ သိုင်းထားသဖြင့် လက်မောင်းသားအပြင် ပခုံးရင်းအထိ ပေါ်နေသည်။ အတွင်းထဲကလည်း ဘာမှ ခံဝတ်ထားခြင်းမရှိ။

အောင်ဘာလေက ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်လိုက်ဟန်တူသည်။ ခုတင် ငြိမ့်ခနဲ လှုပ်သွားသည်။ ထို့နောက် အောင်ဘာလေ၏ လှုပ်ရှားသံများကို ကြားနေရသည်။ နောက်တစ်ကြိမ် ငြိမ့်ခနဲ လှုပ်သွားပြန်ပြီးနောက် ငြိမ်သက်သွား၏။ ခရေ မျက်စိကို အသာကလေးမှေးပြီး ကြည့်လိုက်တော့ အောင်ဘာလေသည် ကြမ်းပြင်ပေါ်မှာ စောင်ကို ခင်းပြီး လှဲအိပ်နေသည်။

"ဟယ် ... ဘာဖြစ်လို့ အောက်မှာ ဆင်းအိပ်ရတာလဲ ... သံမံတလင်းပေါ်မှာ အအေးမိနေလိမ့်မယ် ... လာလာ ... အပေါ်မှာ တက်အိပ်ချေ"

ခရေက လှမ်းခေါ်သည်။

"နေပါစေ မမ ... ဒီမှာပဲ အိပ်မယ် ... ကျွန်တော်က ... "

"ခွချင်လည်း ခွလို့ရတာယ်လို့ ပြောပြီးပြီပဲကွယ်"

"မဟုတ်ဘူး မမရဲ့ ... ကျွန်တော်က ညအိပ်ရင်းနဲ့ အီးပေါက်တတ်

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ငယ်ငယ်ကဆိုရင် အမေက ခြင်ထောင်အပြင်ကိုခေါင်းထုတ်ပြီး အိပ်ရတယ်လို့ ပြောတယ် ... ဒါကြောင့်"

ခရေ သက်ပြင်းချလိုက်သည်။ တော်တော်မလွယ်တဲ့ကောင်လေးပဲ။ နည်းနည်းပိုကြမ်းတဲ့နည်းဗျူဟာကို သုံးရတော့မည်။ အချိန်ဆွဲနေလို့ မဖြစ်တော့။ ဟိုကောင်ကတော်တော် အအိပ်မက်တာ။ ကားပေါ်မှာကောင်သိုးနေအောင် အိပ်တတ်တော့ ဒီနေရာမှာဆို ခေါင်းချလိုက်တာနဲ့ ပျော်သွားနိုင်သည်။ ထို့ကြောင့်

ခရေက ရုတ်ဟရက် တဆတ်ဆတ် တုန်အောင်လုပ်ပြီး တဟင်းဟင်း ညည်းပြလိုက်သည်။ အောင်ဘာလေ ခေါင်းထောင်ကြည့်ပြီး

"မမ ... ဘာဖြစ်လို့လဲ"

"ချမ်းတယ် ... ချမ်းတယ် ... သိပ်ချမ်းတယ်"

"ဟာဗျာ ... ဒီလောက် အိုက်စပ်စပ်ဖြစ်နေတဲ့ဟာ ... မနောက်ပါနဲ့"

"မဟုတ်ဘူး ... တကယ်ချမ်းတာ ... မီးယပ်ချမ်းထတာတင်တယ်"

အောင်ဘာလေ ငေါက်ခနဲ ထထိုင်လိုက်၏။ သူ ငယ်ငယ်က အမေ မီးယပ်ချမ်းထခဲ့တာကို သတိရလိုက်သည်။ ဟိုတုန်းက ကုတင်အောက်မှာ မီးဖိုထည့်ပြီး ယပ်ခတ်ပေးလို့ အမေ မီးခိုးတွေ မွန်ခဲ့သေးသည်။ အခုတော့ မီးဖိုလည်း မရှိ။

"ဆေးသွားဝယ်ပေးရမလား ... အမေ အဲဒီလိုဖြစ်တုန်းကတော့ ဆရာမောင်ဆေးနီမှုန့်နဲ့ ကွမ်းရွက်ပြုတ်ရည် သောက်လိုက်ရင် ကောင်းသွားတာပဲ"

"ဟင့်အင်း ... ဆေးသောက်လို့လည်း ရမှာမဟုတ်ဘူး ... ဟင်း ဟင်း ဟင်း"

အောင်ဘာလေ ထပြီး အောက်မှာ ခင်းထားသော စောင်ကို ယူသည်။ ခရေကို ခြုံပေးသည်။ ခြေရင်းမှာ ခေါက်လျက်သားရှိနေသော စောင်ကိုပါ ထပ်ခြုံပေးလိုက်ပြန်သည်။ ခရေက တဟင်းဟင်း ညည်းနေလျက်က

"သိပ်ချမ်းတာပဲ ... ကျောထဲကနေ စိမ့်စိမ့်ပြီး ချမ်းတာ ... မမကို ကျောချင်း ကပ်ပေးထားပါလား"



ဒါမျိုးကတော့ အောင်ဘာလေက တုံ့ဆိုင်းမနေဘဲ ခရေ၏ ဘေးမှာ ဝင်လှဲပြီး ကျောချင်းကပ်ပေးထားလိုက်သည်။ ခရေမှာ ခုလို ပူအိုက်တဲ့ ရာသီကြီးမှာ စောင်နှစ်ထပ်ခြုံထားရသဖြင့် ချွေးစေးတွေ ပြန်လာပြီး အတော် အနေရခက်နေသည်။ အသက်ရှူကျပ်ချင်သလိုတောင် ဖြစ်လာ၏။ အရေးထဲမှာ ယုတ္တိရှိအောင် ကိုယ်ကို တုန်ပြီး ချမ်းချင်ယောင် ဆောင်နေရသေးသည်။ ပါးစပ်ကလည်း တာဝန်အရ တဟင်းဟင်း ညည်းပြနေရသည်။

"သက်သာရဲ့လားဟင်"

ဟု အောင်ဘာလေက မေးသည်။

"ဟင့်အင်း ... ပိုတောင် ချမ်းလာသေးတယ် ... အဲဒါ ... အဲဒါ မမကို ဖက်ထားပေးပါလားဟင်"

မဆိုစလောက်ကလေးသာ တုံ့ဆိုင်းနေပြီးနောက် အောင်ဘာလေက ခရေဘက်သို့ လှည့်ပြီး ဖက်ထားလိုက်သည်။ ခရေ၏ အတွေ့အကြုံအရ ဒီလိုအခြေအနေမျိုးမှာ ယောက်ျားတွေ ဖြစ်တတ်တာ နှစ်မျိုးရှိ၏။ တစ်မျိုးက လက်ဖျားတွေ ရေခဲကိုင်ထားသလို အေးစက်နေခြင်းဖြစ်၏။ နောက်တစ်မျိုးကတော့ လက်ဖဝါးတွေက အခိုးအငွေ့ထွက်လာသလို ပူလောင်နေတတ်သည်။

အောင်ဘာလေကတော့ ဒီလိုမျိုးမဟုတ်။ ဘာထူးခြားမှုမှ မရှိ။ သူ့လက်တွေက ပုံမှန်အတိုင်း နွေးနွေးထွေးထွေးပင် ဖြစ်နေ၏။ တော်တော်ရိုးတဲ့ အတဲ့ကောင်လေးပဲ။ သို့ရာတွင် ကျားတစ်ကောင်အဖို့ သမင်လေး သနားပါတယ်ဆိုပြီး အလွတ်ပေးရိုးထုံးစံမရှိ။ ထို့ကြောင့် အောင်ဘာလေ၏ လက်ပေါ်ကို သူ့လက်ဖြင့် အုပ်ကိုင်လိုက်ပြီး အောက်ဘက် ခပ်ယွန်းယွန်းဆီသို့ နေရာရွှေ့ပေးလိုက်သည်။

အောင်ဘာလေ၏ လက်ဖဝါးတွေက ပူလာသည်ဟု ထင်ရသည်။ အမှန်မှာ ခရေ၏ ကိုယ်က အေးစက်သွားခြင်းသာဖြစ်၏။ ထို့နောက် အောင်ဘာလေ၏ လက်များ အေးစက်သွားပြန်သည်။ တကယ်တော့ အောင်ဘာလေက ဘာမှမဖြစ်။ ခရေ၏ခန္ဓာကိုယ်ကသာ အေးလိုက် ပူလိုက် ဖြစ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ကျောထဲက စိမ့်ခနဲ ဖြစ်သွားသည်။ သူ ထိတ်လန့်တုန်လှုပ်သွား၏။ ထို့နောက် ခိုက်ခိုက်တုန်အောင် ချမ်းလာသည်။ ကိုယ်အပူချိန်ကလည်း အေးစက်နေရာမှ တရှိန်ထိုး ဆောင့်တက်လာသည်။ ခုမှပင် တကယ် အဖျားတက်လာခြင်းဖြစ်တော့သည်။ သူ သဘောပေါက်လိုက်ပြီ။ ဟိုအရင် နယ်စပ်ဘက်ကို သွားတုန်းက စွဲကပ်လာခဲ့သော ငှက်ဖျားရောဂါသည် နှစ်အတန်ကြာအောင် ငုပ်နေရာမှ ထူးဆန်းစွာ ပြန်ပေါ်လာခဲ့ခြင်းပင်ဖြစ်လေသည်။

ဟန်ဆောင်တာမဟုတ်တော့ဘဲ အမှန်တကယ် ချမ်းလာခြင်း ဖြစ်သဖြင့် သူ့ကိုယ်မှာ စောစောကထက်ပိုပြီး တဆတ်ဆတ် တုန်နေသည်။ အောင်ဘာလေက စိုးရိမ်သောလေသံဖြင့်

"မမ ... မမ မသက်သာဘူးလား"

ဟုပြောပြီး ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်သည်။ ခရေကတော့ ဘာကိုမှ ဂရုမထားနိုင်တော့။ ကျောထဲက ပိုပြီး ချမ်းလာ၊ ရင်တွေက ပိုပြီး ပူလာ၊ ခေါင်းထဲက ပိုပြီး ထိုးလာရာက အိပ်ပျော်သလို သတိလစ် မေ့မြောသလို ဖြစ်သွား၏။

မီးတောက်မီးလျှံတွေက တစ်ကိုယ်လုံးကို ဝါးမြိုနေသည်။ တစ်ခါမှ မမြင်ဖူးသော လူစိမ်းတွေက လက်ညှိုးနှင့် ဝိုင်းထိုးရင်း 'မိန်းမယုတ်' ဟု အော်ဟစ်လှောင်ပြောင်နေကြသည်။ သူ့ခေါင်းကို အေးစက်နေသော လက်ကြီးတွေက လာဆွဲနေကြသည်။ အိပ်မက်လိုလို၊ တကယ်လိုလို ကယောင်ကတမ်းတွေ မြင်နေသည်။

သူ မိန်းမောနေရာမှ သတိပြန်လည်လာသောအခါ နဖူးပေါ်ကို ရေစိုအဝတ်စတစ်ခု တင်ပေးထားကြောင်း သိရ၏။ ခေါင်းကို တစ်ဘက်စောင်းပြီး မျက်စိဖွင့်ကြည့်သည်။ အောင်ဘာလေသည် ကြမ်းပြင်ပေါ်မှာ ထိုင်ရင်းကုတင်ကို ခေါင်းမှီလျက် အိပ်ပျော်နေသည်။ ခရေက ရေငတ်နေသဖြင့် ထထိုင်ဖို့ ကြိုးစားသည်။ မရဘဲ ခေါင်းအုံးပေါ် ပြန်လှဲချလိုက်ရသည်။ ထိုလှုပ်ရှားမှုကြောင့် အောင်ဘာလေ နိုးလာသည်။ ပြာပြာသလဲ ထရပ်လိုက်ပြီး



"မမ ... သတိရလာပြီလား"

ခရေက ခေါင်းလှုပ်ရုံ ညိတ်ပြသည်။

"အားရှိသွားအောင် နွားနို့လေး သောက်လိုက်ပါလား ... ကျွန်တော် ဝယ်ထားတယ်"

"ရေ ... ရေပဲ သောက်ချင်တယ်"

အောင်ဘာလေက ရေတစ်ခွက် သွားခပ်သည်။ ခရေကို ပွေ့ထူလိုက်ပြီး ရေတိုက်သည်။ ဒီလောက် အေးမြတဲ့ရေမျိုး တစ်ခါမှ မသောက်ဖူးဘူးဟု ခရေ၏စိတ်ထဲမှာ ထင်မိ၏။

"မနက်ကျရင်တော့ ဆေးခန်းသွားပြမှ ဖြစ်မယ် ... အဖျားက ရှိနေသေးတယ်"

အောင်ဘာလေက ပြောပြီး ခရေ၏နဖူးကို စမ်းကြည့်သည်။ ခရေက အောင်ဘာလေ၏လက်ကို ဆုပ်ကိုင်ထားရင်း မမိုတ်မသုန် ငေးစိုက်ကြည့်နေသည်။ သူ မျက်ရည်ဝဲလာ၏။ ငိုချင်စိတ် ပျောက်ဆုံးနေခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်နေ့မှာ ခရေ အဖျားကျပြီး ထူထူထောင်ထောင်ဖြစ်လာသည်။ ထိုရက်များအတွင်း အောင်ဘာလေက ဂရုတစိုက်ပြုစုသည်။ အဖျားတက်ပြီး ချမ်းတုန်လာလျှင် ကျောချင်းကပ်ပေးသည်။ ဖက်ထားပေးသည်။ ညောင်းညာကိုက်ခဲနေလျှင် နှိပ်ပေးသည်။ ရေဖတ်တိုက်ပေးသည်။ ဆေးခန်းကိုတွဲပြီးလိုက်ပို့သည်။ ဆန်ပြုတ်၊ မြူစွမ်၊ ကွေကာအုတ်တို့ကို ဖွန်းနှင့် ကိုယ်တိုင်ခွံ့ပေးသည်။

ခရေသည် တစ်ခါမှ ဒီလိုမျိုး ဂရုစိုက်တာမခံရဖူးခဲ့။ အောင်ဘာလေက သူ့ကိုဖက်ထားသောအခါ နွေးနွေးထွေးထွေးဖြစ်ပြီး နေသာထိုင်သာရှိသွားရသည်။ ဖောက်လွဲဖောက်ပြန်စိတ်မျိုး ပေါ်မလာဘဲ ကြည်နူးသာယာမှုကိုသာ ခံစားရတာ ထူးဆန်းလှသည်။ အောင်ဘာလေ၏အတွေ့အထိများသည် ပကတိရိုးသားဖြူစင် သန့်ရှင်းနေကြောင်းသိလာရ၏။ အောင်ဘာလေသာ ငါ့မောင်လေးအရင်းဖြစ်ရင် ဘယ်လောက်ကောင်းမလဲဆိုသော စိတ်ဆန္ဒလည်း ဖြစ်ပေါ်လာမိ၏။

ထို့ကြောင့် ရန်ကုန်ကိုအမြန်ဆုံး ပြန်ပို့ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါကိုပင် အောင်ဘာလေက စောဒကတက်နေသေးသည်။

“ဒီအထိရောက်လာပြီးမှတော့ ရွာကိုရောက်အောင် သွားသင့်တာပေါ့။ မမလည်း ငွေလိုနေတာပဲဟာ။ တစ်ရက်နှစ်ရက်ထပ်နားလိုက်ရင်



အားရှိလာမှာပါ။ ကျွန်တော် မမရဲ့ယောက်ျားအနေနဲ့ ဟန်ဆောင်ပေးပါ့မယ်”

ခရေက ခေါင်းတွင်တွင်ခါပြီး ရန်ကုန်ကိုသာ ပြန်ခေါ်လာခဲ့သည်။

အောင်ဘာလေကိုမြင်တော့ ဒေါ်စောလှိုင်က အံ့အားသင့်နေရာမှ ပြေးဖက်ပြီးငိုတော့သည်။

“သားရယ်၊ အမေက မင်းကို ဆုံးရှုံးလိုက်ရပြီလို့ထင်နေတာ”

အောင်ဘာလေက ခရေ၏အမွေကိစ္စအတွက် အဖော်လိုက်သွားကြောင်း ပြောပြသည်။ လူကြီးတွေကို ဘာဖြစ်လို့ ပြောမသွားရသလဲ ဘာညာမေးမနေတော့။ မေးရင်လည်း ‘ပြောသွားရင် အမေတို့ကတားမှာပေါ့’ ဟူ၍သာ အမှန်အတိုင်း အကြောင်းပြမှာ သေချာသည်။

တစ်ခုပဲရှိ၏။ ခရေနှင့်အောင်ဘာလေတို့ ဘာတွေ ဘယ်အဆင့်အထိဖြစ်ခဲ့ကြသလဲဆိုသောကိစ္စပင်ဖြစ်၏။ ဒေါ်စောလှိုင်အနေနဲ့တော့ မေးလို့မကောင်း။ တစ်ခုခုဖြစ်ခဲ့လျှင် အောင်ဘာလေက ညာနေမှာမဟုတ်။ တည့်တည့်ကြီး ပြောချလိုက်လျှင် နားမခံသာဖြစ်ရလိမ့်မည်။

ထို့ကြောင့် ဦးငွေရကို နှစ်ယောက်ချင်းကျိတ်ပြီးမေးခိုင်းရသည်။ အောင်ဘာလေကလည်း ဖြစ်ပျက်ပုံကို မကွယ်မဝှက်ဘဲ အရင်းအတိုင်းပြောပြသည်။ ခရေနှင့် လုံးဝအငြိအစွန်းမရှိကြောင်းသိရတော့မှပဲ ဦးငွေရနှင့် ဒေါ်စောလှိုင်တို့ စိတ်အေးသွားကြရ၏။

ခရေကလည်း သူ့အိမ်ရှင်မိန်းမကြီးကို ဇာတ်ကြောင်းပြန်ပြောပြသည်။ အစတုန်းကတော့ အောင်ဘာလေကို အညွန့်ကျိုးအောင်ကြံစည်မလို့ပဲ။ အောင်ဘာလေရဲ့ ထူးထူးခြားခြား ရိုးသားသန့်စင်မှုကိုမြင်ရသောအခါ မကျူးလွန်ရက်တော့ဘဲ ဖြစ်သွားပုံကို ဖွင့်ဟဝန်ခံသည်။

နောက်တစ်ချက်ကတော့ ခရေ၏စိတ်ထဲမှာ ဖြစ်ပေါ်နေသော အစွဲအလန်းပင်ဖြစ်၏။ တည်းခိုခန်းမှာတုန်းက သူ ရုတ်တရက် ထူးဆန်းစွာ အဖျားတက်လာခဲ့ခြင်းမှာ သွေးရိုးသားရိုးမဟုတ်နိုင်။ သူ၏မကောင်းကြံစည်မှုအပေါ် အောင်ဘာလေရဲ့ကိုယ်စောင့်နတ်က ဒဏ်ခတ်လိုက်ခြင်းဖြစ်သည်ဟု ယုံကြည်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူအကြီးအကျယ် နောင်တရသွားပြီ။ အောင်ဘာလေကို နောက်ထပ်မနှောင့်ယှက်တော့ကြောင်း ကတိပေးသည်။ အိမ်ခန်းကိုလည်း ပြန်အပ်ပြီး ရွာပြန်တော့မည်ဟု အသိပေးသည်။

သွားကာနီးတော့ အောင်ဘာလေတို့အိမ်ကိုသွားပြီး နှုတ်ဆက်သည်။ ဦးငွေရနှင့် ဒေါ်စောလှိုင်တို့ကို ထိုင်ကန်တော့သည်။

"ကျွန်မကို ခွင့်လွှတ်ပါ"

ဆိုသော စကားတစ်ခွန်းကိုသာပြောသည်။ အိမ်ရှင်မိန်းမကြီးက တစ်ဆင့် အကြောင်းစုံသိထားခဲ့သော ဒေါ်စောလှိုင်ကလည်း ...

"အေးကွယ်၊ ဒေါ်ဒေါ် ပြောခဲ့မိတဲ့စကားအတွက်လည်း ခွင့်လွှတ်ပါ"

ဟု တုံ့ပြန်စကားဆိုသည်။ အောင်ဘာလေကတော့

"မမတစ်ယောက်တည်း ပစ္စည်းတွေနဲ့ မနိုင်မနင်းဖြစ်နေဦးမယ်၊ ကားဂိတ်ကို ကျွန်တော် လိုက်ပို့ပေးမယ်"

ဟု ပြောနေသေးသည်။

"ရပါတယ်ကွယ်၊ ကိုဟန်ဇော်တက္ကစီနဲ့လာခေါ်ပါလိမ့်မယ်"

ထို့နောက် ခရေကာ ဦးငွေရနှင့် ဒေါ်စောလှိုင်တို့ဘက်သို့လှည့်၍

"ကျွန်မကို တစ်ခုတော့ခွင့်ပြုပါ"

ဟု ပြောပြီး အောင်ဘာလေဆီ လျှောက်သွားသည်။ အောင်ဘာလေ၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ရင်း တွေတွေကြီးစိုက်ကြည့်နေသည်။ ပြီးတော့ အောင်ဘာလေ၏နဖူးကို ဖွဖွလေးနမ်းလိုက်သည်။

"မမ သွားတော့မယ်"

ဟု ပြောပြီး လှည့်ထွက်သွားသည်။ အောင်ဘာလေသည် နဖူးကို အဘာအယာပွတ်ရင်း ကျန်ခဲ့သည်။ သူ့စိတ်ထဲမှာတော့ ငိုချင်သလိုလို ရယ်ချင်သလိုလို ဖြစ်နေလေသည်။



သူတစ်ပါးကို ကူညီတယ်ဆိုတာ ကောင်းသောကိစ္စပင်ဖြစ်၏။ လတ်တလောမှာတော့အကျိုးရှိတာများသည်။ နောက်ဆက်တွဲဖြစ်ပေါ်လာသော ကိစ္စတွေကတော့ ကွဲပြားခြားနားတတ်လေသည်။

အကူအညီပေးသူများတွင် ရည်ရွယ်ချက်အမျိုးမျိုးရှိသည်။ တချို့က စေတနာသန့်သန့်နှင့်ကူညီခြင်းဖြစ်၏။ သူတစ်ပါးကို ကူညီလိုက်ရသောကြောင့် ဖြစ်ပေါ်လာသော စိတ်ချမ်းသာမှုကိုသာ ခံစားလိုခြင်းဖြစ်၏။

တချို့ကတော့ ဆွေမျိုးမို့လို့၊ မိတ်ဆွေသူငယ်ချင်းမို့လို့၊ လုပ်ဖော်ကိုင်ဖက်မို့လို့၊ ဆရာတပည့်ဖြစ်နေလို့ ဝတ္တရားရှိသောကြောင့်ကူညီတာ။ တစ်ချိန်က ကိုယ့်အပေါ် ကောင်းခဲ့လို့ ကိုယ့်အလှည့်မှာ ပြန်ပြီးအကူအညီပေးရတာမျိုးလည်း ရှိသည်။

တချို့လူတွေက တုံ့ပြန်လာမည့်အကျိုးကျေးဇူးကို မျှော်ကိုးတတ်ကြသည်။ ဒီလိုပုဂ္ဂိုလ်မျိုးကို အကူအညီပေးလိုက်လို့ အကျိုးမယုတ်နိုင်ဘူး၊ တစ်နေ့နေ့ ကိုယ့်အတွက် အလုပ်ဖြစ်နိုင်တယ်ဆိုပြီး ရင်းနှီးမြှုပ်နှံမှုတစ်ခုလို သဘောထားကြသည်။ သူတို့က လောဘလည်း ကြီးတတ်သည်။ နည်းနည်းပေးပြီး များများပြန်လိုချင်သည်။ တစ်ခါလောက်ကူညီပြီး ဆယ်ခါလောက် အကူအညီပြန်တောင်းချင်သည်။ မရလျှင်စိတ်ဆိုးသည်။ ကျေးဇူးမသိတတ်ဘူးဟု စွပ်စွဲတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကထူးဆန်းသည်။ ကျေးဇူးအတင်ခံချင်လို့ ကူညီတာဟု အထင်ခံရမှာစိုးသဖြင့် လူမသိအောင် တိတ်တဆိတ်လျှို့ဝှက်ပြီး ကူညီတတ်သည်။ တစ်ဘက်လူက သိတောင်မသိလိုက်။

တချို့ကတော့ ကိုယ့်အလှည့်မှာ အားတက်သရော ကူညီတတ်ပြီး တစ်ဘက်က ကျေးဇူးတုံ့ပြန်လာတဲ့အခါကျတော့ ခါးခါးသီးသီးငြင်းတတ်သည်။ ဒီနေရာမှာ နှစ်မျိုးနှစ်စားရှိ၏။

တစ်မျိုးကတော့ ကိုယ်ကသာ သူများကိုပေးကမ်းချင်သည်၊ ကူညီချင်သည်၊ သူများဆီကတော့ ဘာမှပြန်ပြီး ရယူလိုသော မျှော်လင့်ချက်မထားချင်သူမျိုးဖြစ်၏။

နောက်တစ်မျိုးကတော့ ကျေးဇူးရှင်ဘွဲ့ခံယူချင်သောရောဂါကြောင့်ဖြစ်၏။ ကိုယ့်ကျေးဇူးတွေ ကျေသွားမှာစိုးသည်။ ကိုယ်ကပြန်ပြီး ကျေးဇူးတင်ရမှာကိုဝန်လေးသည်။ သူတစ်ပါးအပေါ်မှာ ကိုယ့်ကျေးဇူးတွေ စူးနေသဖြင့် ကိုယ်က သူ့ထက်သာတယ်ဆိုသော စိတ်ကျေနပ်မှုကို အရသာခံချင်သည်။

အတော်ခွကျပြီး အောင့်သက်သက်နိုင်သော ကိစ္စမျိုးလည်းရှိသေးသည်။ ဘာမှမလိုအပ်ပါဘဲနဲ့ ဇွတ်အတင်းကြီးလာကူညီပြီး ‘ငါ့ကျေးဇူးတွေမင်းအပေါ်မှာ ရှိတယ်နော်” ဟု တစ်သက်လုံး အထက်စီးက ဆက်ဆံသွားချင်သူမျိုးဖြစ်၏။

ဒီနေရာမှ အကူအညီကို လက်ခံရသူတွေဘက်ကလည်း တုံ့ပြန်မှုအမျိုးမျိုးတွေ့ရသည်။ တချို့က သူများကျေးဇူးကို မှတ်ထားသည်။ အခွင့်အခါ သင့်တဲ့အခါ မဖြစ်မနေပြန်ဆပ်သည်။ ကျေးဇူးကန်းသူဟု အထင်မခံနိုင်တာလည်း ဖြစ်ချင်ဖြစ်မည်။ အကြွေးလိုသဘောထားပြီး ချေဖျက်ပစ်ချင်တာလည်း ဖြစ်နိုင်သည်။ အကျော့မခံချင်လို့လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

တချို့ကကျတော့ ကျေးဇူးပိလို့ မသေနိုင်ပါဘူးဟု သဘောထားပြီး ရသမျှအကူအညီ အကုန်ယူသည်။ သူများဆီက အကူအညီတောင်းဖို့ ဘယ်တော့မှ ဝန်မလေး။ မလိုအပ်ဘဲနဲ့လည်း ပိုပိုသာသာလေး တောင်းသည်။



ကိုယ်ပြန်ကူညီရမယ့်အလှည့်ကျတော့ မသိချင်ယောင်ဆောင်ပြီး ရှောင်နေတတ်သည်။

တကယ်တော့ ကျေးဇူးတရားဆိုသည်မှာ ကိုယ့်အတွက်သာ ကြည့်တတ်သူတွေအတွက်အကျိုးများနိုင်သော်လည်း အလိုက်သိတတ်သူအတွက်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေတတ်ပြန်လေသည်။

အောင်ဘာလေကတော့ အထက်ပါ အမျိုးအစားတွေထဲမှာ တစ်ခုမှအကျုံးမဝင်။ သူတစ်ပါးအကူအညီပေးတဲ့နေရာမှာလည်း ဘာအကျိုးကျေးဇူးကိုမှ မျှော်လင့်ခြင်းမရှိ။ ကျေးဇူးရှင်ဖြစ်ချင်လို့လည်း မဟုတ်။ ကုသိုလ်ရချင်လို့လည်းမဟုတ်။ အရသာခံချင်လို့လည်းမဟုတ်။ မကူညီရလျှင် မနေနိုင်လို့သာဖြစ်၏။

သူ့အတွက်တော့ အကူအညီပေးရတာ ဘာမှထူးပြီး အားထုတ်နေရတာမဟုတ်။ နေ့စဉ်ပြုမြဲကိစ္စတစ်ခုကဲ့သို့ အလိုအလျောက်ဆောင်ရွက်သွားခြင်းသာဖြစ်၏။ ကူညီလိုက်ရကောင်းမလား၊ ကူညီသင့်တယ်ထင်တယ်ဆိုတာမျိုး အချိန်ကုန်ခံပြီး စဉ်းစားနေတာမဟုတ်။ သူတစ်ပါးကို ကူညီနေတာပါလားရယ်လို့ သတိတောင်ပြုမိပါရဲ့လားမသိ။ မှတ်မှတ်သားသားလုပ်ထားတာမျိုးလည်းမရှိ။ ကူညီစရာကိစ္စ ပြီးသွားတဲ့အခါမှာလည်း သူမဟုတ်သလိုပဲ။

အောင်ဘာလေကတော့ သူတစ်ပါးကို ကူညီခွင့်ရတဲ့အတွက် သူကတောင် ပြန်ပြီး ကျေးဇူးတင်ချင်တင်မယ့်ကောင်မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သားကို မိန်းမပေးစားလိုက်ရင်ကောင်းမယ်ထင်တယ်"

ဟု ဒေါ်စောလှိုင်က ကောက်ခါငင်ခါပြောတော့ ဦးငွေရက

"ဘယ်လိုဖြစ်ရပြန်တာတုန်း ရုတ်တရက်ကြီး"

"စိုးရိမ်လို့ပေါ့၊ ဒီကောင်သဘောလွယ်ပုံမျိုးနဲ့ဆိုရင် ခရေလို မိန်းကလေးမျိုးနဲ့ထပ်တွေ့ဦးမှာပဲ"

"စိတ်မပူစမ်းပါနဲ့ကွာ၊ မင်းသားက သူတော်ကောင်းပါကွ၊ နတ်ကောင်းတွေက စောင့်ရှောက်ပါတယ်၊ ခရေနဲ့တုန်းကလည်း ကြည့်ပါလား၊ ဘာမှမဖြစ်တဲ့အပြင် ဟိုကတောင် နောင်တတွေ ဘာတွေရသွားသေးတယ်"

"ကံဆိုတာက အမြဲကောင်းနေတာ မဟုတ်ဘူး၊ ဇာတာနိမ့်နေတဲ့အချိန်ဆို ဒုက္ခရောက်သွားနိုင်တယ်"

ဒေါ်စောလှိုင်က စောဒကတက်သည်။

"နေစမ်းပါဦး၊ မင်းက မိန်းမပေးစားရအောင် ဒီကောင့်မှာ ရည်းစားမှမရှိဘဲ"

"သင့်တော်တဲ့မိန်းကလေးကို ရှာပေးရမှာပေါ့"

"ဘယ်ဖြစ်မလဲဟ၊ သူကြိုက်တာ သူယူမှ အဓိပ္ပာယ်ရှိမှာပေါ့။ ဒီကောင်က မိန်းမလိုချင်နေတဲ့ပုံလည်း မပေါ်ပါဘူး။ ပြီးတော့ သူ့လုပ်ပေါက်မျိုးနဲ့ဆို တော်ရုံမိန်းကလေးကလည်း သည်းခံနိုင်မှာမဟုတ်ဘူး၊ နောက်ပြီး



ရှိသေးတယ်၊ သူ့မှာ အလုပ်အကိုင်လည်းရှိသေးတာ မဟုတ်ဘူး၊ အလုပ်လုပ်လည်း သူ့စိတ်မျိုးနဲ့ဆို ဖြစ်မှာမဟုတ်ဘူး"

"ဒါက ဘာအရေးလဲ၊ ရှင်က ရှာနိုင်ဖွေနိုင်သေးတာပဲ။ နှစ်ယောက်စလုံး အိမ်ပေါ်ခေါ်တင်ပြီး ကျွေးထားမှာပေါ့၊ အိမ်ထောင်ကျပြီးသွားရင် သူလည်းတည်ငြိမ်သွားမှာပဲ၊ အဲဒီကျမှ ရှင့်အလုပ်ထဲသွင်းပြီး တွဲခေါ်သွားလို့ရတာပဲ"

"မင်း တော်တော်စိတ်ကူးယဉ်တာပဲ"

ဟု ဦးငွေရက ဝေဖန်သည်။ ဒေါ်စောလှိုင်က "ကျွန်မကတော့" ဟု အထွန့်တက်မည်ပြုစဉ်မှာ ...

အိမ်ဝင်းတံခါးအပြင်ဘက်မှာရပ်ရင်း အထဲသို့ မဝံ့မရဲလှမ်းကြည့်နေသော မိန်းကလေးတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

"ဘယ်သူများပါလိမ့်"

ဟု ဒေါ်စောလှိုင်က ရေရွတ်ပြီး ဝင်းတံခါးဆီသို့လျှောက်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

ဒေါ်စောလှိုင်ကမေးသည်။ ကောင်မလေးက လက်ထဲကစာရွက်ကလေးကို သေချာအောင်ဖြန့်ကြည့်လိုက်ပြီးမှ

"ဒါ ... ဒါ ကိုအောင်ဘာလေတို့အိမ်လားဟင်"

"ဟုတ်ပါတယ်"

"ကျွန်မ ကိုအောင်ဘာလေနဲ့တွေ့ချင်လို့ပါ"

ဒေါ်စောလှိုင် မျက်မှောင်ကုတ်သွားသည်။ ကောင်မလေးကိုလည်း အကဲခတ်သလို တစ်ချက်ကြည့်ပြီး

"ဘာကိစ္စ၊ ဩော် ... လာပါ၊ ဝင်ခဲ့ပါ"

ဟု ဖိတ်ခေါ်ရင်း တံခါးဖွင့်ပေးလိုက်သည်။

ဧည့်ခန်းမှာထိုင်ခိုင်းပြီးနောက် သူ့လိုပင် အကဲခတ်သလို ကြည့်နေသော ဦးငွေရကို

"သားနဲ့တွေ့ချင်လို့တဲ့"

လှမ်းပြောသည်။ ဦးငွေရက

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဘာလေရေ၊ ဒီကောင် ဘယ်ရောက်နေပါလိမ့်၊ ဟော့ ... အောင်ဘာလေ"

အော်ခေါ်ပေးသည်။ 'ဗျာ၊ လာပြီ' ဟု ထူးရင်း အောင်ဘာလေ အိမ်ရှေ့ပေါက်ကဝင်လာသည်။ သူကအိမ်ဘေးမှာရောက်နေခြင်းဖြစ်၏။

"ဧည့်သည်ရောက်နေတယ်"

ဒေါ်စောလှိုင်ကပြောသည်။ အောင်ဘာလေက ကောင်မလေးကို ချက်ချင်းမှတ်မိသည်။ ကုလားထိုင်မှာဝင်ထိုင်ပြီး

"ဘယ်ကလှည့်လာသလဲ"

ဟုမေးသည်။ သူ့မေးပုံက အရင်ကတည်းက ရင်းနှီးပြီးသားလိုဖြစ်နေ၏။ သူ့လေသံကြောင့် ကောင်မလေးက အားတက်သွားပြီး

"ဒီကိုပဲ လာခဲ့တာပါ"

အောင်ဘာလေရဲ့လက်မှာ မြေကြီးတွေပေနေသည်။ ကောင်မလေးကလည်း ဘာသဘောလဲမသိ။ အောင်ဘာလေရဲ့လက်ကိုပဲ လှမ်းလှမ်းကြည့်နေသည်။ ဒီတော့မှ အောင်ဘာလေက သူ့လက်များကိုထောင်ကြည့်ပြီး

"ဟဲ ဟဲ၊ သူငယ်ချင်းတစ်ယောက်ရဲ့အမေက ဆီးချိုရောဂါရှိတယ်ဆိုလို့ ပျားမြီးပင်ပေးမယ်ဆိုပြီး ပလတ်စတစ်အိတ်ထဲ ခွဲထည့်နေတာ၊ ခဏနော်၊ လက်သွားဆေးလိုက်ဦးမယ်"

ဆိုပြီး ထွက်သွားသည်။ ဦးငွေရှာ အိမ်အတွင်းခန်းထဲဝင်သွားပြီဖြစ်သော်လည်းဒေါ်စောလှိုင်ကတော့ ခပ်လှမ်းလှမ်းမှာ တစ်ခုခုလုပ်ဟန်ဆောင်ရင်း ကောင်မလေးကို မသိမသာအကဲခတ်နေသည်။

အောင်ဘာလေ ပြန်ရောက်လာသည်။ လက်ဆေးလာပြီးသည့်တိုင် ကောင်မလေးကတော့ အောင်ဘာလေရဲ့လက်တွေကို လှမ်းလှမ်းကြည့်နေတုန်း။

"ဘာကိစ္စများလဲ"

ဟု အောင်ဘာလေက စကားစပေးလိုက်သည်။ ကောင်မလေးက

"ကျွန်မက နွေဦးပါ၊ မှတ်မိလား မသိဘူး"

"ဟင့်အင်း"



"ရှင် ... ဟို ... "

ကောင်မလေးမှာ မျက်နှာလေးငယ်သွားသည်။ အောင်ဘာလေက

"သြော် ... ဒီလိုပါ၊ လူကိုတော့ မှတ်မိပါတယ်၊ နာမည်ကိုသာ မမှတ်မိတာပါ၊ အဲ ... မမှတ်မိဆို ဟိုတစ်ခါတွေ့တုန်းက နာမည်မှမပြောခဲ့တာကိုး"

အောင်ဘာလေ နောက်နေတာမှတ်ပြီး ကောင်မလေးက ပြုံးစေ့စေ့ ဖြစ်သွား၏။ စိတ်သက်သာရာလည်း ရသွားပြီး

"ဟုတ်၊ အဲဒါ ... ကျွန်မ အကူအညီတောင်းစရာလေးတစ်ခုရှိလို့ပါ"

'အကူအညီ'ဆိုသော စကားလုံးကို ကြားသဖြင့် အောင်ဘာလေ၏ ကိုယ်မှာ ရှေ့သို့ငိုက်ဆင်းလာပြီး

"ဘာအကူအညီလဲ"

ဟု စိတ်ဝင်တစားမေးလိုက်၏။ ကောင်မလေးက အောင်ဘာလေကို မရဲတရဲ လက်ညှိုးထိုးလိုက်ပြီး

"သူ ... သူက အနှိပ်သည်လားဟင်"

"ဘာ"

"သြော် ... ဟိုလေ၊ အရိုးအကြော ပညာရှင်လားလို့"

"ဟာ ... မဟုတ်ပါဘူး"

စောစောက အောင်ဘာလေ ဆီးချိုဆေးပင်အကြောင်းပြောခဲ့တာ သတိရပြီး

"ဒါဆို တိုင်းရင်းဆေးဆရာလား"

အောင်ဘာလေ ခေါင်းခါပြီး

"ဘာဆရာမှ မဟုတ်ဘူး၊ ဘာမှလည်း မတတ်ဘူး၊ ဘာဖြစ်လို့မေးတာလဲ"

"ဒီလိုပါ၊ ဟိုတစ်ခါ ကျွန်မအစ်ကို လမ်းမှာသတိလစ်ပြီးလဲနေတုန်းက ကိုအောင်ဘာလေ နှိပ်ပေးလိုက်လို့ ပြန်သတိရလာတာ မဟုတ်လား"

"ကျွန်တော်က ရမ်းသမ်းပြီး စိတ်ကူးတည့်ရာ လုပ်လိုက်တာပါ၊ သူ ဘာသာ သတိရချင်လို့ရလာတာ၊ ကျွန်တော့်ကြောင့် မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခါတိုင်းဆိုရင် ဒီလောက်မြန်မြန် ပြန်သတိမရတတ်ဘူး၊ နောက်တစ်ခု ထူးခြားတာက"

ဟု ပြောပြီး အောင်ဘာလေကို တစ်ချက်အကဲခတ်သည်။ စိတ်ဝင်စားစွာ နားထောင်နေကြောင်း တွေ့တော့မှ ဆက်ပြောသည်။

"ဟိုအရင်ကဆို ဆယ့်လေးငါးရက်တစ်ခါလောက် ခုလိုပဲ သတိလစ်ပြီး တက်တက်သွားတတ်တယ်။ အခု ကိုအောင်ဘာလေ နှိပ်ပေးပြီးတဲ့နောက်မှာ တစ်လကျော်ကျော်လောက်အထိ ဘာမှပြန်မဖြစ်တော့ဘူး၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ တစ်ခါပြန်ဖြစ်တယ်၊ အဲဒါ ကိုအောင်ဘာလေ နှိပ်ပေးခဲ့ဖူးတာကို သတိရလို့ ဖေဖေတို့ မေမေတို့ကိုပြောပြတော့ အရိုးအကြောနားလည်တဲ့ ပညာရှင်ဖြစ်မှာပဲ၊ သွားပင့်ချေဆိုလို့ လာခဲ့တာပါ။ ကိုကို မှတ်ထားတဲ့လိပ်စာကလည်း ကျွန်မပိုက်ဆံအိတ်ထဲမှာရှိနေတော့ အဆင်ပြေသွားတာပေါ့၊ ဒါကြောင့် ကိုအောင်ဘာလေ အိမ်ကိုလိုက်ပြီးကြည့်ပေးဖို့"

"ဟာ … ဘယ်ဖြစ်မလဲ၊ ကျွန်တော်မှ ဘာမှမတတ်တာ၊ တော်ကြာကျွန်တော် နားမလည်ဘဲ လျှောက်လုပ်လို့ တစ်ခုခုဖြစ်သွားရင် ပိုဆိုးမှာပေါ့"

နွေဦးမှာ မျက်နှာလေးငယ်ပြီး ငိုင်တွေတွေဖြစ်သွား၏။ ဒါကိုကြည့်ပြီး အောင်ဘာလေ နေမထိထိုင်မသာဖြစ်သွားသည်။ ဘယ်လိုကူညီရကောင်းမလဲ အပူတပြင်းစဉ်းစားသည်။ အဖြေမရ။

နွေဦးက သက်ပြင်းချလိုက်ပြီး

"အင်းပေါ့လေ၊ ကျွန်မအစ်ကိုရဲ့ ကံတရားလို့ပဲ သဘောထားရတော့မှာပေါ့။ ဘယ်တတ်နိုင်မလဲ၊ အခုလို အနှောင့်အယှက်ပေးရတာကိုလည်း အားနာပါတယ်၊ ကျွန်မကို သွားခွင့်ပြုပါဦး"

ဟု ပြောရင်း ထရပ်လိုက်သည်။ အောင်ဘာလေ ပျာပျာသလဲဖြစ်သွားပြီး

"ခဏ၊ ခဏ နေပါဦး၊ ဘယ်လိုကူညီရမယ်မှန်းမသိပေမယ့် လိုက်တော့ လိုက်ခဲ့ပါ့မယ်"



"ကျေးဇူးပါပဲ၊ ဖေဖေတို့က မရရအောင်ပင့်ခဲ့ရမယ်လို့ မှာလိုက်တော့ ကျွန်မလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

"ခဏစောင့်နော်၊ ကျွန်တော် အဝတ်အစားလဲလိုက်ဦးမယ်၊ အဲ … တစ်ခုတော့ရှိတယ်၊ လမ်းကြုံတုန်း ပျားမြီးပင်မှာထားတာ ဝင်ပေးစရာရှိတယ်၊ အချိန်ရရဲ့လား"

"ရပါတယ်"

နွေဦးသည် အိမ်လိပ်စာပေးခဲ့ပြီး နောက်မှလိုက်လာခိုင်းရင်ကောင်းမလား စဉ်းစားသေးသည်။ အောင်ဘာလေက လာမယ်ပြောပြီး မလာဘဲနေခဲ့လျှင် ခက်မည်ဟုတွေးပြီး တစ်ခါတည်းစောင့်ခေါ်ရခြင်းဖြစ်၏။ သူသည် အောင်ဘာလေနှင့်အတူသွားလျှင် ခရီးရှည်တတ်ကြောင်းကိုပထမဆုံးအကြိမ်မှာပင် သိရှိလိုက်ရသည်။ ထို့အတူ အောင်ဘာလေ၏ ပရဟိတစိတ်ရှိပုံကိုလည်း စတင်အကဲခတ်ခွင့်ရခဲ့သည်။ ဒါတွင်မက သူနှင့်အောင်ဘာလေတို့ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာနိုင်သလဲဆိုသော အတိတ်နိမိတ်တစ်ခုကိုလည်း ကြုံတွေ့ခဲ့ရလေသည်။

အောင်ဘာလေနှင့်အတူ ရပ်ကွက်ထဲလိုက်သွားရသည်။ လူတွေက မသိမသာကွက်ကြည့်ကွက်ကြည့်လုပ်ကြသည်။ လူအတော်များများက အောင်ဘာလေကို နှုတ်ဆက်ကြသဖြင့် လူချစ်လူခင်ပေါသူဖြစ်မှန်း နွေဦးသတိပြုမိလိုက်သည်။ ရုပ်သန့်သန့်ချောချောကောင်မလေးတစ်ယောက်နှင့် တွဲလျှောက်လာသော အောင်ဘာလေကို ရပ်ကွက်ထဲကလူတွေက မှတ်ချက် အမျိုးမျိုးပေးကြသည်။ တချို့က ဒီကောင်တယ်ဟုတ်ပါလားပေါ့။ တချို့ကတော့ အူတူတူနိုင်သော အောင်ဘာလေကိုကပ်ပြီးချူဖို့ ကြံစည်နေတဲ့ ခပ်လည်လည်ကောင်မလေးဖြစ်မှာပဲဟု ထင်ချင်ကြ၏။

လူတွေအကဲခတ်သလိုကြည့်တာကို မြင်တော့မှ အရင်ကတစ်ခါတည်းသာ ခဏတဖြုတ်လောက် မြင်ဖူးသော တစိမ်းယောက်ျားလေးတစ်ယောက်နဲ့အတူတွဲလျှောက်နေမိတာပါလားဟု နွေဦးသတိရသွားသည်။ အစကတော့ ကိုယ့်ဖာေနဲ့ကိုယ်မို့ ဘာကိုမှ ဂရုမစိုက်မိခဲ့။ သို့တိုင်အောင်ဘာဖြစ်လို့မှန်းတော့မသိ။ အောင်ဘာလေနှင့် အခုလို တွဲသွားရသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အနေခက်တာလောက်သာရှိ၏။ ရှက်စရာကောင်းတယ်လို့ မထင်မိတာ ထူးဆန်းသည်။

အောင်ဘာလေက အိမ်တစ်အိမ်ရှေ့မှာ ရပ်လိုက်ပြီး လှမ်းခေါ်သည်။ မိန်းမကြီးတစ်ယောက် ထွက်လာတော့ အောင်ဘာလေက

"အဒေါ်မှာထားတဲ့ ပျားမြီးပင်လာပေးတာ"

"သြော် ... အေး အေး၊ ကျေးဇူးပဲကွယ်၊ မဂ္ဂဇင်းထဲက ဆောင်းပါး ဖတ်ပြီးကတည်းက လိုချင်နေတာ"

မိန်းမကြီးက ပြောရင်း နွေဦးကိုကြည့်ပြီး ပြုံးပြနှုတ်ဆက်သည်။ ထိုစဉ်မှာ လူကြီးတစ်ယောက်ထွက်လာပြန်သည်။ 'အောင်ဘာလေပါလား ဟေ့' ဟု နှုတ်ဆက်ပြီး နွေဦးကိုပါ လှမ်းမြင်သွားသည်။ အဓိပ္ပာယ်ပါပါပြုံး လိုက်ပြီး

"ဟေ့ကောင်လေး၊ ဘယ်တော့ စားရမှာလဲကွ"

ဟု မေးလိုက်၏။ နွေဦးမှာ မျက်နှာရဲခနဲဖြစ်ပြီး ခေါင်းငုံ့သွားသည်။ အောင်ဘာလေကတော့ ဘာမှသတိမထားမိဘဲ ...

"အဲဒါတော့ ကျွန်တော်လည်း သေသေချာချာမသိဘူး၊ အရွက်သုံး ရွက်လောက် ဝါးစားရမယ်လို့ ပြောတာပဲ"

ဟု ပြန်ဖြေလိုက်၏။

အောင်ဘာလေနှင့်နွေဦးတို့ ထွက်သွားကြပြီးနောက် ဦးငွေရက

"ဘာကိစ္စတဲ့လဲ"

ဟုမေးသည်။ ဒေါ်စောလှိုင်က

"အကူအညီလာတောင်းတာတဲ့"

"ဘာအကူအညီလဲ"

"ကျွန်မလည်း နားစွန်နားဖျားလောက်ကြားတာ၊ သူ့အစ်ကိုနေ မကောင်းလို့ဆိုလား"



"ဆေးရုံတက်နေလို့ လူနာစောင့်နိုင်းမလို့ထင်တယ်"

"အဲ့ဒါတော့ မသိဘူး၊ အောင်ဘာလေက နှိပ်ပေးဖူးတယ်လို့ပြော သံတော့ ကြားမိသလိုပဲ"

"ဒီကောင်က စပ်စပ် စပ်စပ်တော့ လုပ်တတ်တာပဲ"

"ကောင်မလေးက ဘယ်ကမှန်းမသိ ဘာမှန်းမသိ"

"သူ့သူငယ်ချင်းတစ်ယောက်ယောက်ရဲ့နှမလေး ဖြစ်မှာပါ"

"သားရဲ့သူငယ်ချင်းတွေ ကျွန်မသိတာပဲ"

"ဒီကောင်က တစ်ခါလောက်တွေ့ရုံနဲ့ ခင်ချင်ခင်သွားတတ်တာလေ၊ မင်းမသိသေးတဲ့သူငယ်ချင်းတွေလည်း ရှိချင်ရှိမှာပေါ့"

"ကျွန်မကတော့ စိုးရိမ်မိတာပဲ၊ တော်ကြာ လှည်းကျိုးထမ်းနိုင်းတာ မျိုးဆိုရင်"

"ဟာကွာ၊ မင်းပြောပုံက ရင့်သီးလိုက်တာ၊ ကောင်မလေးပုံစံက ရိုးရိုးသားသားပါ၊ အဆင့်အတန်းရှိပုံလည်းရပါတယ်"

"အပေါ်ယံကြည့်ပြီး ပြောလို့ဘယ်ရမလဲ"

"ဒီမှာ၊ မင်းထစ်ခု စဉ်းစားကြည့်စမ်း၊ စောစောက မင်းပဲပြောတယ်၊ သားကို မိန်းမပေးစားလိုက်ရင်ကောင်းမယ်လို့လေ၊ အဲဒီကိစ္စပြောနေတုန်း မှာပဲ ဒီကောင်မလေးက ရောက်လာတာ မတိုက်ဆိုင်လွန်းဘူးလား၊ ကောန္တ တော့ အဲဒီကလေးမဟာ အောင်ဘာလေရဲ့ဖူးစာရှင်ပဲ ဖြစ်ရမယ်"

"ဘယ့်နှယ်၊ ရှင်က ဘာမှန်းညာမှန်းမသိသေးဘဲနဲ့ သဘောတူနေရ သလား"

"အံမယ်၊ မင်းကကော၊ ကောင်မလေးကို မြင်မြင်ချင်း မင်းရဲ့မျက်နှာ ထား ဘယ်လိုဖြစ်သွားတယ်ဆိုတာ ငါရိပ်မိပါတယ်၊ ပြီးတော့ ကွက်ကြည့် ကွက်ကြည့် မင်းလည်း သူ့ကိုသဘောကျတယ် မဟုတ်လား"

ဒေါ်စောလှိုင်က ချက်ချင်းမဖြေ။ ဆုတ်ဆိုင်းဆိုင်းလုပ်နေပြီးမှ

"သူကလှတာကိုး"

ဟု ပြုံးစေ့စေ့လုပ်ရင်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိမော်သည် နှစ်ထပ်တိုက်ခံအိမ်တံခါးဝမှာ ရပ်စောင့်နေသည်။ အောင်ဘာလေနှင့် နွေဦးတို့ တက္ကစီကားပေါ်မှ ဆင်းလာတာမြင်တော့ ပျာပျာသလဲ ဆီးကြိုလေသည်။

"ကြွပါ ဆရာ၊ ကြွပါ။ သမီး မြန်မြန်လေးခေါ်ခဲ့ပါ"

သူ့ပုံစံရေးကြီးသုတ်ပျာနိုင်သဖြင့် နွေဦးက

"ဘာဖြစ်နေလို့လဲ မေမေ"

ဟုမေးသည်။ ဒေါ်မိမိမော်က အိမ်ထဲသို့ ခပ်သုတ်သုတ်ဦးဆောင်ခေါ်သွားရင်း

"ဆရာ ရောက်လာတာနဲ့ အတော်ပဲ၊ ဟိုမှ ပြန်ဖြစ်နေပြန်ပြီ"

အောင်ဘာလေမှာ ဘာမှန်းညာမှန်းမသိ။ အူကြောင်ကြောင်လိုက်သွားရသည်။ နွေဦးကလည်း ရုတ်တရက်မို့ အောင်ဘာလေ ဆေးဆရာမဟုတ်ကြောင်း ရှင်းပြဖို့အချိန်မရ။

လေရှုးသည် အခန်းထဲက ခုတင်ပေါ်မှာလဲနေသည်။ ခြေတွေလက်တွေ ကွေးကောက်ပြီး တခွီးခွီးတက်နေသည်။ သူ့အဖေဦးချစ်ထူးမှာ ခြေမကိုင်မိ လက်မကိုင်မိအောင် ယောင်ချာချာဖြစ်နေ၏။

"ဆရာရောက်လာပြီ"

ဟု ဒေါ်မိမိမော်ကပြောသည်။



ဦးချစ်ထူးက

"လုပ်ပါဦးဆရာ၊ ကြည့်ပေးပါဦး"

အောင်ဘာလေမှာ တစ်ချိန်လုံး ဆရာအခေါ်ခံနေရသဖြင့်အူကြောင်ကြောင်ဖြစ်နေရာမှ

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော်"

ဆရာမဟုတ်ဘူး၊ ဘာမှမလုပ်တတ်ဘူးဟု ငြင်းဖို့ပြင်ဆင်လိုက်ပြီးမှ မျက်လုံးလေးကလယ်ကလယ်လုပ်ရင်း သူ့ကိုမော့ကြည့်နေသော နွေဦးကိုမြင်ရသောအခါ၊ ပြီးတော့ ခုလို လူတစ်ယောက်ဒုက္ခရောက်နေချိန်မှာ တစ်ခုခုတော့ ကူညီသင့်တယ်ဟု အတွေးပေါက်လာပြန်သောအခါ ... နောက်မှဖြစ်ချင်တာဖြစ်ဆိုပြီး ခုတင်ပေါ်တက်ထိုင်လိုက်သည်။

ဟိုတစ်ခါ ခုလိုဖြစ်တုန်းကသူဘာတွေလုပ်ပေးခဲ့မိပါလိမ့်ဟု အသည်းအသန်ပြန်စဉ်းစားရသည်။ ခြေဖျားတွေကိုဆုပ်နယ်ပြီး အသာအယာလှန်ချိုးရင်း ကွေးချည်ဆန့်ချည်လုပ်ပေးသည်။ ဦးချစ်ထူး၏အကူအညီကိုယူပြီး လေရှုးကို ထိုင်လျက် အနေအထားဖြစ်အောင် လုပ်ရသည်။ ကျောကိုဒူးနှင့်ထောက်ပြီး ပခုံးကိုနှိပ်လိုက်သေးသည်။ ပြီးတော့ကော၊ ဘာလုပ်ရသေးလဲ။ ဟုတ်ပြီ။ နားရွက်အောက်ကို လက်ချောင်းများနှင့် ဖိနှိပ်ပေးသည်။ တခွီးခွီးအသံက ပိုတောင်မြည်လာသလားထင်ရ၏။

ဘာဆက်လုပ်ရမလဲ တွေးရင်းက နားရွက်ဖျားတွေကိုဆွဲပွတ်ပေးနေမိသည်။ ဘာမှထူးခြားမှုမရှိ။ အောင်ဘာလေ ချွေးပျံလာသည်။ ခုနေတစ်ခုခုဖြစ်သွားရင်တော့ ပြဿနာပဲဟု သတိပြုမိပြီးလန့်လာသည်။ လုပ်စရာကလည်းကုန်ပြီ။ ယောင်ယောင်ကန်းကန်းနှင့် လုပ်မိလုပ်ရာလုပ်လိုက်မိ၏။ လေရှုး၏နှာခေါင်းကိုကိုင်ပြီး ဆွဲလှုပ်လိုက်ခြင်းပင်ဖြစ်သည်။

ထိုအခါ လေရှုးမှာ ဂစ်ခနဲဖြစ်ပြီး ခေါင်းငိုက်စိုက်ကျသွားသည်။ ဒေါ်မိမိမော်ထံမှ 'ဟင်'ဆိုသော စိုးရိမ်သံထွက်ပေါ်လာသည်။ ထိုအခိုက်မှာပင် လေရှုးသည် 'ဟပ်ချိုး'ဟု နှာချေလိုက်ပြီးနောက် မျက်လုံးတွေပွင့်လာသည်။

"ဟော ... သတိရလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



နွေဦးက ဝမ်းသာအားရပြောလိုက်၏။ လေရူးက ခေါင်းကိုဘယ်ညာစောင်းငဲ့ရင်း ဇက်ကြောဖြေသည်။ လက်နှစ်ဘက်ကိုတန်းပြီး အညောင်းဆန့်သည်။

"ဟား ... အိပ်မက်ကောင်းနေတုန်း ဘယ်သူလာနှိုးတာလဲ"

ဆိုပြီး လှည့်ကြည့်ရာ အောင်ဘာလေကိုမြင်သွားသည်။ လက်ညှိုးထိုးပြီး

"မင်း ... မင်း ... ကဘယ်သူ၊ သြော် ... မှတ်မိပြီ၊ အောင်ဘညို မဟုတ်လား"

"အောင်ဘာလေပါခင်ဗျာ"

"သြော် ... အေး ... ဒါနဲ့ မင်းက ငါ့အခန်းထဲ ဘယ်လိုရောက်၊ အဲ ဖေဖေတို့ မေမေတို့ကကော၊ ညီမလေးက ဘာရယ်ကြည့်နေတာလဲ"

"ကိုကို ဟိုတစ်ခါလိုဖြစ်လို့ ဒီက ကိုအောင်ဘာလေက လာပြီးကု ... အဲ ... လာနှိပ်ပေးတာပါ"

"ငါက ဘာဖြစ်နေလို့လဲ၊ ဘာမှမဖြစ်ဘူး"

ဒေါ်မိမိမော်က လေရူး၏ပါးစပ်မှာ ပေနေသော တံတွေးများ သွားရေများကို တစ်ရှူးစက္ကူနှင့် သုတ်ပေးရင်း

"ကဲ ... ကဲ မျက်နှာသွားသစ်ချေ"

ဟု ဝင်ပြောသည်။ လေရူးက ထရပ်လိုက်ပြီး ခါးကြောဆန့်သည်။

"အား ... အညောင်းတွေပြေပြီး ပေါ့ပါးသွားတာပဲ၊ ဒီကောင်မဆိုးဘူး"

အောင်ဘာလေ၏ ပခုံးကိုပုတ်၍ပြောပြီး ထွက်သွား၏။

ထို့နောက် အောင်ဘာလေကို ကော်ဖီ၊ မုန့်တို့ဖြင့်ဧည့်ခံသည်။ ဦးချစ်ထူးနှင့် ဒေါ်မိမိမော်တို့သည် သူ့ကိုလေးစားကြည်ညိုသောမျက်နှာထားများဖြင့် ကြည့်နေကြသောကြောင့် အောင်ဘာလေ အနေရခက်နေသည်။ နွေဦးကတော့ ဘယ်လိုမျက်နှာထားဖြင့် ကြည့်ရမယ်မှန်း မဝေခွဲတတ်သောကြောင့် မျက်လွှာချပြီးတော့သာနေလိုက်ရသည်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"



ဟု ဒေါ်မိမိမော်က စကားစသည်။ အောင်ဘာလေမှာ ဆရာအခေါ်ခံရသဖြင့် တွန့်ခနဲဖြစ်သွားပြီး

"ကျွန်တော် ဆရာ မဟုတ်ပါဘူး"

ဟု ငြင်းသည်။ ဦးချစ်ထူးက ဝင်၍ပြောပြန်သည်။

"အသက်ငယ်ပေမဲ့ သမားဟာ သမားပဲပေါ့"

'သမား'လို့ပြောတာကို အောင်ဘာလေက 'သမ'ဟု ကြားသည်။ ထို့ကြောင့်

"ကျွန်တော် သမဝါယမကလည်း မဟုတ်ပါဘူး"

ဟုပြောပြီး 'ဗိုင်းကူပြောပေးပါဦး' ဆိုသောပုံစံဖြင့် နွေဦးကိုအကူအညီတောင်းသလိုကြည့်သည်။ နွေဦးက

"သူက ဆေးဆရာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဘာမှမဟုတ်ဘဲနဲ့ ဘာကြောင့် လေရူးက သတိပြန်လည်လာရတာလဲ"

"ဟုတ်တယ်၊ လေဖြတ်ပြီး မလှုပ်နိုင်တဲ့လူကိုတောင် ဝေါက်ခနဲထလာအောင် ကုနိုင်တယ်ဆိုတဲ့ ဆရာပွားကတောင် ဝဋ်နာကံနာပဲဆိုပြီး လက်လျှော့ထားရတာ"

ဦးချစ်ထူး၏စကားကို ဒေါ်မိမိမော်ကလည်း ဝင်ထောက်ခံသည်။

"အဲဒါ ကျွန်တော် ရမ်းသမ်းပြီးလုပ်လိုက်တာပါ"

"မဖြစ်နိုင်ဘူး၊ ဟိုတစ်ခါတုန်းကလည်း ဒီလိုပဲ ကောင်းသွားတာပဲ၊ ရမ်းသမ်းလုပ်တာဆိုရင် နှစ်ခါစလုံးကောင်းသွားနိုင်ပါ့မလား"

အောင်ဘာလေက ကယ်ပါဦးဆိုသော သဘောဖြင့် နွေဦးကိုကြည့်ပြန်သည်။ နွေဦးက သူ့ကိုပြန်မကြည့်သဖြင့် ခက်နေသည်။ ဦးချစ်ထူးသည် တစ်စုံတစ်ခုကို တွေးလိုက်မိဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြီး

"ထားပါတော့လေ၊ တိုက်ဆိုင်မှုပဲထားပါတော့ ... ဇဲ ... ကဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဒေါ်မိမိမော်ဘက်လှည့်၍ မေးငေါ့ပြသည်။ ဒေါ်မိမိမော်က ခေါင်းညိတ်လိုက်ပြီး

“ဘယ်လိုမှတော့ သဘောမထားပါနဲ့နော်”

ဟုပြောရင်း စာအိတ်တစ်အိတ်ကိုလှမ်းပေးသည်။ အောင်ဘာလေက လှမ်းယူလိုက်ပြီး စာအိတ်ကိုကြည့်သည်။ ကျောဘက်ကိုလှန်ကြည့်ပြန်သည်။ ပြီးတော့

“လိပ်စာလည်း ရေးမထားပါလား”

ဟုပြောသဖြင့် ဒေါ်မိမိမော် ကြောင်တောင်တောင်ဖြစ်သွား၏။ အောင်ဘာလေက

“ဒီစာကိုစာတိုက်မှာ ဝင်ထည့်ပေးရမှာ မဟုတ်လား”

“မဟုတ်ဘူးလေ”

“ဩော် … လမ်းကြုံဝင်ပေးပေးရမှာလား၊ ဒါဆိုလည်း လိပ်စာပြောလိုက်ပေ့ါ၊ ကျွန်တော် ဆက်ဆက်ဝင်ပေးပါ့မယ်”

အောင်ဘာလေ နားလည်မှုလွဲနေကြောင်း သဘောပေါက်သွားသဖြင့်

“ဒီလိုလေ၊ ဒါက ဆရာ့ကို … အဲ … ငါ့တူကိုပေးတာပါ၊ နည်းတယ် များတယ်လည်း မအောက်မေ့ပါနဲ့”

စာအိတ်က ပိတ်မထားကြောင်း ခုမှသတိပြုမိသွားသည်။ ဖွင့်ကြည့်လိုက်ရာ အထဲမှာတစ်ထောင်တန်ငွေစက္ကူတချို့တွေ့ရတော့ အောင်ဘာလေ လန့်သလိုဖြစ်ပြီး စာအိတ်ကိုလွှတ်ချလိုက်မိ၏။ ပြီးမှပြန်ကောက်ပြီး စားပွဲပေါ်တင်ရင်း

“ဟာ … ကျွန်တော် မလိုချင်ဘူး”

“ယူပါကွယ်၊ ဆေးကုခလို့ သဘောမထားဘဲ ကျေးဇူးတင်လို့”

“မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငရဲကြီးလိမ့်မယ်”

အောင်ဘာလေမျက်စိမျက်နှာပျက်နေတာမြင်တော့ ဦးချစ်ထူးက

“ဒါဆိုလည်း”

ဟု စကားစလိုက်စဉ်မှာ လေရှူးရောက်ရှိလာပြီး



“ဟေ့ကောင် အောင်မဲညို”

ဟုခေါ်လိုက်သဖြင့် ဦးချစ်ထူးက

“မင်းကလည်း မှားပြန်ပြီ၊ အောင်ဘာလေပါကွ”

“ဩော် … အင်း … ဟေ့ကောင် အောင်ဘာလေ၊ စောစောက မင်းနှိပ်ပေးလိုက်တာ တစ်ကိုယ်လုံးကိုပေ့ါပါးပြီး နေလို့ထိုင်လို့ကောင်းလိုက်တာကွာ၊ ဒီတော့ ငါ့ကိုမင်း တစ်ပတ်တစ်ခါလောက် လာနှိပ်ပေးစမ်းကွာ”

“ဟာ … ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအစီအစဉ်ကောင်းတယ်”

ဒေါ်မိမိမော်က အားတက်သရောထောက်ခံလိုက်တော့ ဦးချစ်ထူးကလည်း

“ဟုတ်ပါတယ် ငါ့တူရာ၊ ဖြစ်နိုင်မယ်ဆိုရင် ကူညီပါလား”

ဟုဝင်၍ မေတ္တာရပ်ခံသည်။

ပုံမှန်အားဖြင့်ဆိုလျှင် အောင်ဘာလေဆိုတဲ့ကောင်က မတောင်းဘဲနဲ့တောင် အတင်းဝင်ပြီး ကူညီတတ်တာပဲ။ ခုဟာကတော့ သူ့ဘာမှ နားမလည်တဲ့ကိစ္စဖြစ်နေလို့ ဆုတ်ဆိုင်းဆိုင်းဖြစ်နေရတာ။ တချို့ကိစ္စတွေမှာကျတော့ မကူညီဘဲနေလိုက်တာကမှ ကူညီရာကျသေးတယ်ဆိုသော အဖေ့စကားကိုလည်း သတိရမိ၏။ တစ်ပြိုင်နက်တည်းမှာ ဒီကိစ္စငြင်းလိုက်ရင် နောက်ကို ဒီအိမ်လာလို့ရမှာမဟုတ်တော့ဘူး၊ နွေဦးကိုလည်း တွေ့ခွင့်ရမှာမဟုတ်တော့ဘူးဆိုသော စိုးရိမ်စိတ်ကလည်း ထူးထူးဆန်းဆန်းဖြစ်ပေါ်လာသည်။

“ကျေးဇူးတင်လိုက်တာကွယ်”

ဆိုသော ဒေါ်မိမိမော်၏စကားသံကို ကြားလိုက်တော့မှ သူ့ သဘောတူ ခေါင်းညိတ်ခဲ့ပြီးဖြစ်ကြောင်း သိလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေအပြန်မှာ တက္ကစီငှားပေးဖို့ စီစဉ်သေးသည်။ သူက အတင်းငြင်းပြီး ထွက်သွားသည်။

“ဆေးဖိုးဝါးခလေးမပေးလိုက်ရတာ အားနာစရာကောင်းလိုက်တာ၊ သူက မယူတော့လည်းခက်တယ်၊ ကိုထူးကလည်း အိတ်ထဲအတင်းထည့်ပေးလိုက်ပြီးရော၊ ဟိုက အားနာပြီးငြင်းတာဖြစ်မယ်”

ဟု ဒေါ်မိမိမော်က တဖျစ်တောက်တောက်ပြောသည်။ ဦးချစ်ထူးက

“ကိုယ်လည်း အဲဒီလိုလုပ်မလို့ဘဲ၊ ဒါပေမဲ့ သူ့စကားတစ်ခွန်းကြောင့် တွေးစရာပေါ်လာလို့”

“ဘယ်စကားလဲ”

“ငရဲကြီးလိမ့်မယ်ဆိုတဲ့စကားကြောင့်၊ အကြောင်းတစ်ခုခုရှိလိမ့်မယ်”

“ဘာအကြောင်းလို့ထင်လို့လဲ”

“ကိုယ်ထင်တာကတော့ သူ့ကို ဒီပညာသင်ပေးတဲ့လူက ဆေးကုတတ်ပါတယ်လို့ ဖွင့်မပြောရဘူး၊ ထိုက်တဲ့လူကိုမှကုရမယ်၊ အခကြေးငွေလည်း မယူရဘူးလို့ သစ္စာဆိုနိုင်းထားသလား မသိဘူး”

“အင်း ... ဖြစ်နိုင်တယ်၊ မိလည်းတစ်ခုစဉ်းစားမိတာရှိတယ်၊ ဟိုတစ်ခါ သရက်တောဦးထွန်းရွှေဆီမှာ ဇာတာသွားစစ်တုန်းက ပြောလိုက်တာ မှတ်မိလား၊ တတ်နိုင်လို့ နိုင်ငံခြားသွားကုရင်တောင် မပျောက်ဘူး၊ ကံစပ်တဲ့လူနဲ့တွေ့မှ လွယ်လွယ်လေးနဲ့ ပျောက်မယ်ဆိုတာလေ”

“အေး မှတ်မိတယ်၊ အဲဒီတုန်းက ယတြာလုပ်ပြီးတဲ့အခါ အောင်ပါစေ၊ အောင်ပါစေလို့ အော်ရတယ်လေ၊ ကြည့်စမ်း၊ အောင်ပါစေဆိုတာနဲ့ အောင်ဘာလေနဲ့ မနီးစပ်ဘူးလား”

“ဟုတ်ပ၊ ရှိသေးတယ် ရှိသေးတယ်၊ သူတို့ ပထမအကြိမ်တွေ့ကြတုန်းက အောင်ဘာလေရဲ့လိပ်စာကို လေရူးက မဆီမဆိုင်တောင်းယူထားလိုက်တာကော”



“လမ်းမှာ လေရူးသတိလစ်နေတဲ့အချိန် အောင်ဘာလေနဲ့တွေ့တာကိုက တိုက်ဆိုင်မှုဖြစ်နေပြီ”

“ထူးဆန်းတာတစ်ခုရှိသေးတယ်၊ ဒီနေ့လည်း အောင်ဘာလေရောက်လာတဲ့အချိန်ကျမှ လေရူးက ရောဂါဖောက်လာတာလေ”

“ပြီးတော့ လေရူးဆိုတဲ့ကောင်က ဘယ်သူ့မှအကုခံတာမဟုတ်ဘူး၊ အထူးကုဆရာဝန်ကြီးကိုတောင် လည်ပင်းညှစ်မယ်လုပ်လို့ မနည်းတောင်းပန်ခဲ့ရသေးတယ် မဟုတ်လား၊ အောင်ဘာလေနဲ့ကျတော့ သူကိုယ်တိုင်ကပဲ လိုလိုလားလားနဲ့ တစ်ပတ်တစ်ခါလာနှိပ်ပေးပါလို့ ပြောနေသေးတယ်၊ အင်း ... ပျောက်ချိန်တော့တန်ပြီထင်ပါရဲ့ကွာ”

လင်မယားနှစ်ယောက်ကတော့ အတိုင်အဖောက်ညီညီ ဝမ်းသာအားရပြောနေကြတာပဲ။ နွေဦးကတော့ နောက်တစ်ပတ်မှာ အောင်ဘာလေ လာမှလာပါ့မလားဟု စိုးရိမ်နေမိပါ၏။ မလာရင်လည်း ဒီနေ့လိုပဲ သွားခေါ်မယ်ဟု ဆုံးဖြတ်လိုက်သည်။ ဒါဟာ သူ့အစ်ကိုအတွက်ပဲလား။ သူ ကိုယ်တိုင်ကကော အောင်ဘာလေနဲ့ ထပ်ဆုံချင်နေသေးတာလားဆိုတာကတော့ သူဟာသူတောင် မသိသေးတဲ့အတွက် ဘေးကဝင်ပြီး ခန့်မှန်းပေးဖို့မလွယ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



နွေဦးအိမ်ကို လာသွားတဲ့ကိစ္စ၊ အကူအညီတစ်ခုတောင်းလို့ အောင်ဘာလေ ကောက်ကာငင်ကာ ထလိုက်သွားတဲ့ကိစ္စ၊ နွေဦးကိုမြင်မြင်ချင်း သဘောကျသွားမိတဲ့ကိစ္စတွေကို ဒေါ်စောလှိုင် အတော်စိတ်ဝင်စားနေသည်။ အောင်ဘာလေကို မေးမယ် တာကဲကဲဖြစ်နေ၏။ သို့ရာတွင် သူက စိတ်စောပြီး စစ်စစ်ပေါက်ပေါက်တွေ လျှောက်မေးနေလို့ အောင်ဘာလေ ရှက်ပြီး နောက်ဆုတ်သွားမှာကို ဦးငွေရက စိုးရိမ်မိသည်။ ထို့ကြောင့်

"မင်း စွတ်ရွတ်ပြီးမမေးနဲ့၊ ငါ မသိမသာစကားနှိုက်ကြည့်ပေးမယ်"

ဟု ပြောထားရသည်။ အောင်ဘာလေကို တီးခေါက်ကြည့်တော့ အကြောင်းစုံသိရ၏။

"ဒါဆို မင်းက နောက်ထပ်တစ်ပတ်ကျရင် သူတို့အိမ်သွားရဦးမှာပေါ့"

"သွားတာတော့ သွားရမှာပေါ့ အဖေရာ၊ အကူအညီတောင်းထားတာပဲဟာ၊ ခက်တာက ကျွန်တော်က ဘာမှတတ်တာမဟုတ်ဘဲနဲ့ သူတို့က စွတ်ပြီးအထင်ကြီးနေတဲ့ကိစ္စပဲ၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘူး"

"ဒါဆို မင်း ဆရာစည် ဆီသွားပြီး အကြံဉာဏ်တောင်းကြည့်ပါလား၊ သူက တိုင်းရင်းဆေးဆရာဆိုတော့ တစ်ခုခုတော့ ကူညီနိုင်မှာပဲ"



"ဟား ကောင်းတယ် အဖေ၊ အဲဒီအိုင်ဒီယာကောင်းတယ်"

ထို့ကြောင့် ဆရာဦးတင်မောင်စည်ထံ ရောက်ရှိသွားသည်။ ဆရာက သူတို့မိသားစုနှင့် ရင်းနှီးသူဖြစ်၏။ ဒေါ်စောလှိုင်၏မီးယပ်ရောဂါကို သူပဲ ကုသပေးခဲ့ခြင်းဖြစ်၏။

အကြောင်းစုံပြောပြတော့

"နေစမ်းပါဦး၊ မင်း သူ့ကို ဘယ်နေရာတွေနှိပ်ပြီး၊ ဘာတွေလုပ်ပေးခဲ့သလဲ၊ အပြည့်အစုံပြောပြစမ်း"

ဆိုသဖြင့် အောင်ဘာလေက ပြန်ပြောပြသည်။ ဆရာက သေချာစွာ နားထောင်နေပြီးနောက်

"မင်းက ရမ်းသမ်းလုပ်တာဆိုပေမယ့် တချို့နှိပ်ကွက်ကလေးတွေကတော့ သွားပြီးအသုံးတည့်နေပုံရတယ်၊ နားရွက်တွေကိုပွတ်ပေးတယ်ဆိုတာက လေဖြတ်ပြီး ပါးရွဲ့သွားတဲ့လူနာကို ကုတဲ့နည်းတစ်နည်းပဲ။ ဒါလည်း အကြောဆွဲတာနဲ့ဆိုင်တာပဲကိုး၊ ပြီးတော့ ဝက်ရူးပြန်တဲ့လူတွေဟာ နှာချေလိုက်ရင် ပြန်သတိရလာတတ်တယ်လေ၊ အမိကကတော့ မင်းနဲ့သူနဲ့ ရေစက်ပါလို့ ဖြစ်လိမ့်မယ်"

"ရေစက်ပါတယ် ဟုတ်လား ဆရာ"

"အေးကွ၊ ငါတို့တိုင်းရင်းဆေးလောကရဲ့ ရှေးရိုးအယူအဆအရ လူနာနဲ့ ဆေးဆရာ ကံစပ်လို့ရှိရင် ရေမန်းတစ်ခွက်နဲ့တောင် ပျောက်နိုင်တယ်လို့ ဆိုရိုးစကားရှိတာကိုး၊ အင်း ... လူနာကို ငါ့ဆီခေါ်ခဲ့လေ၊ စမ်းသပ်ကြည့်ရတာပေါ့"

"အဲဒါတော့ မလွယ်ဘူး ဆရာ၊ သူက သူ့ကိုယ်သူ ဘာရောဂါမှမရှိဘူးလို့ ပြောနေတာ၊ ဘယ်သူနဲ့မှလည်း အကုမခံဘူး၊ ကျွန်တော့်ကိုကျမှ ခုလိုလာခိုင်းနေတာ၊ ဆရာပြောသလို ကံစပ်တာပဲလား၊ ရူးကြောင်ကြောင် အချင်းချင်းမို့ သဘောကျတာလားတော့ မသိဘူး"

ဦးတင်မောင်စည်က ရယ်လိုက်ပြီး

"မင်းက ရူးကြောင်ကြောင်မဟုတ်ပါဘူးကွ၊ စိတ်သဘောထား ကောင်းလွန်းလို့ သူများနဲ့မတူဘဲ ထူးခြားနေတာပါ၊ လူတွေက သူတို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



မတူရင် ကြောင်တယ်လို့ ထင်တတ်ကြတယ်လေကွာ၊ ကဲ ကဲ … ဒီလိုလုပ်၊ သူနဲ့ငါနဲ့ကို တစ်နည်းနည်းနဲ့ ဆုံအောင်စီစဉ်ပေး၊ ငါ့ကိုဆေးဆရာလို့မပြောနဲ့၊ အသိတစ်ယောက်အနေနဲ့ပဲတွေ့ပေး၊ ငါ့နည်းငါ့ဟန်နဲ့စမ်းသပ်ကြည့်မယ်"

ထို့ကြောင့် အစီအစဉ်တစ်ခုလုပ်ရမည်။

လေရှူးတို့အိမ်သို့ အောင်ဘာလေ ရောက်သွားတော့ …

"နည်းနည်းညောင်းသလိုလို ကိုက်သလိုလိုဖြစ်နေတာနဲ့ အတော်ပဲကွ၊ ငါ့ကိုနှိပ်ပေးစမ်း"

ဟု လေရှူးက ပြောသည်။ အောင်ဘာလေက

"အညောင်းပြေသွားအောင် လမ်းလေးဘာလေးလျှောက်ရင်း လက်ဖက်ရည်ဆိုင်သွားထိုင်ရအောင် ပြီးမှ နှိပ်တာပေါ့"

"အေး … ကောင်းသားပဲကွ"

"လက်ဖက်ရည်သောက်ချင်ရင် အိမ်မှာဖျော်တိုက်ပါ့မယ်၊ တီးမစ်တွေရှိပါတယ်"

ဟု ဒေါ်မိမိမော်က ဘုမသိဘမသိပြောသေးသည်။ ဦးချစ်ထူးက

"လက်ဖက်ရည်ဆိုတာ ဆိုင်မှလွတ်လွတ်လပ်လပ်ထိုင်သောက်ရမှ ကောင်းတာကွ"

ဆိုပြီး ခွင့်ပြုလိုက်သည်။ ဒါတောင် ဒေါ်မိမိမော်က ခါတိုင်းလိုပဲ လေရှူးကို စိတ်မချသဖြင့် နွေဦးကို အဖော်လိုက်သွားခိုင်းသည်။

"ကိုအောင်ဘာလေ တစ်ယောက်လုံးပါနေတာပဲ"

နွေဦးကပြောတော့ လေရှူးက

"နင်ပါလိုက်ခဲ့၊ ငါတစ်ယောက်တည်းပျင်းတယ်"

**ဆိုသဖြင့် နွေဦးပါလိုက်ခဲ့ရသည်။**

ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဆရာဦးတင်မောင်စည်က လက်ဖက်ရည်ဆိုင်မှာစောင့်နေသည်။ အောင်ဘာလေက ခုမှ စတွေ့တဲ့ပုံစံမျိုးဖြင့်

"ဟာ … ဆရာ၊ ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

"ဒီဘက်ကိုကိစ္စတစ်ခုနဲ့ လာရင်း လက်ဖက်ရည်ဝင်သောက်တာ၊ မတွေ့တာတောင် ကြာသွားပြီနော်၊ ထိုင်လေကွာ"



ထိုစားပွဲမှာပင် ဝင်ထိုင်လိုက်ကြသည်။ ကံအားလျော်စွာ လေရှူးက ဆရာဦးတင်မောင်စည်နှင့်ကပ်လျက်ထိုင်မိ၏။ အောင်ဘာလေက

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ဆရာဦးတင်မောင်စည်တဲ့၊ ကျွန်တော့်ဆရာပေါ့"

ကျောင်းတုန်းကဆရာလိုလိုရောချလိုက်ပြီး

"ဒါကတော့ ကိုလေရှူး၊ သူက နွေဦး၊ ကျွန်တော့်မိတ်ဆွေတွေပေါ့"

"မိတ်ဆွေလို့မပြောပါနဲ့ကွ၊ စိမ်းကားလွန်းပါတယ်၊ သူငယ်ချင်းလို့ ပြောစမ်းပါ"

ဟု လေရှူးက ပြောသည်။ ဦးတင်မောင်စည်က

"တွေ့ရတာဝမ်းသာပါတယ် သူငယ်ချင်း"

ဆိုပြီး လက်ကမ်းပေးလိုက်သည်။ လေရှူးကလည်း လက်ပြန်ကမ်းပေးလိုက်သည်။ ဦးတင်မောင်စည်က အလွန်ခင်မင်ရင်းနှီးလိုဟန်ဖြင့် လေရှူး၏ လက်နှစ်ဘက်စလုံးကို ဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်သည်။ တစ်မိနစ်ခန့် ကြာအောင် ပြန်မလွှတ်ဘဲဆက်ကိုင်ထားသည်။ အမှန်မှာ ကိုယ်သားကိုယ်ရည်နှင့် သွေးကြောလေကြောများကို စမ်းသပ်ကြည့်နေခြင်းဖြစ်လေသည်။

"မင်းကောင်က အပူအအေးမမျှတဘဲ ဖြစ်နေတာကွ၊ ဒီတော့ သွေးလေတွေလည်း ဖောက်ပြန်ကုန်တော့တာပေါ့၊ ဝမ်းလည်းတော်တော်ချုပ်တတ်ပုံရတယ်"

"ဟင် … ဆရာက ဘယ်လိုလုပ်သိလဲ"

"သူ့ပါးစပ်ကထွက်တဲ့အနံ့ကိုကြည့်ရင် သိတာပေါ့၊ ပြီးတော့ သူ့ကို မွေးတုန်းက ခက်ခက်ခဲခဲမွေးခဲ့ရပုံပေါ်တယ်၊ ညှပ်ဆွဲရတာတို့ ဘာတို့ဖြစ်နိုင်တယ်၊ အဲဒီမှာ ဦးနှောက်ကိုလည်း နည်းနည်းထိခိုက်သွားပုံရတယ်"

"အဲဒါရော၊ ဆရာက ဘယ်လိုလုပ်ပြောနိုင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ မဟုတ်ဘူးပေါ့ကွာ၊ သူ့ ခေါင်းအနေအထားကို ကြည့်ပြီး ခန့်မှန်းလိုက်တာပါ။ ကလေးဘဝတုန်းက အကြီးအကျယ်ဖျားပြီး ကိုယ်အပူချိန်တွေ လွန်လွန်ကဲကဲတက်ခဲ့လို့လည်း ဖြစ်နိုင်တယ်"

(ဆရာခန့်မှန်းတာတွေ အကုန်မှန်ကြောင်း နောက်ပိုင်းမှာ နွေဦး ပြောပြလို့သိရ၏။)

"အဲဒါ ဘယ်လိုလုပ်ရမလဲ ဆရာ"

"ဦးနှောက်ထိခိုက်သွားတာဆိုရင်တော့ လုံးဝရှင်းရှင်းပျောက်အောင် ကုသဖို့မလွယ်ဘူး၊ ဒါပေမဲ့ ဝက်ရူးပြန်တာ၊ သတိလစ်တာ၊ စိတ်ကယောက် ကယက်ဖြစ်တာတွေ သက်သာသွားအောင် ထိန်းပေးနိုင်တဲ့ဆေးတွေတော့ ရှိတယ်"

ဦးတင်မောင်စည်က ဆေးပုလင်းတွေထုတ်လာသည်။

"ငါ့ဆရာ ကိုယ်တိုင်ဖော်ထားတဲ့ဆေးတွေပဲကွ၊ ဟောဒါက စန်း သော်တာ အဘိညာဉ်ဆေးပဲ၊ နှလုံးရောဂါအတွက်ထုတ်တဲ့ဆေးဆိုပေမယ့် သွေးလေဖောက်ပြန်တာ၊ စိတ်မတည်ငြိမ်တာ အာရုံကြောအားနည်းတာ တွေအတွက်လည်း သိပ်ကောင်းတယ်၊ ဒါကတော့ ဒေဝဩသဓသွေးဆေး၊ လှုကိုအားဖြစ်စေတယ်၊ အပူကိုငြိမ်းစေတယ်၊ စိတ်နှလုံးနောက်ကျိတာကို ပျောက်ကင်းစေတဲ့ သည်းခြေဆေးပဲ"

ထို့နောက် ဆေးလုံးကလေးများ ထည့်ထားသောဘူးကိုဖွင့်ပြပြီး

"ဒါက မုတ်ကဲဆေးလို့ခေါ်တယ်၊ ဝမ်းပျော့ပျော့သွားစေတယ်၊ အကြောတက် အညောင်းအကိုက်အတွက်ကောင်းတယ် ပြီးတော့"

ညိုဝါရောင်ဖယောင်းချက်များ ထည့်ထားသော ပလတ်စတစ်ဘူး လေးကို ထုတ်ပြပြန်သည်။

"ဟောဒီဆေးကတော့ စန်းသော်တာကွမ်းရွက်ဆီလိမ်းဆေးပဲ၊ ဇက် ကနေ မြီးညောင့်ရိုးအထိ ကျောရိုးတစ်လျှောက် အသားထဲစိမ့်ဝင်အောင် ဖြည်းဖြည်းချင်း လိမ်းပြီး အသာအယာနှိပ်ပေးရမယ်၊ ဒီဆေးက ဆေးအေး ပဲ၊ လိမ်းဆေးတွေထဲမှာ ဆေးပူတွေပဲများတယ်၊ ဒါကြောင့် ဒီဆေးက ထူး ခြားတယ်၊ အပူအပုပ် အခိုးတွေကို ရုတ်ထုတ်ပစ်တဲ့သဘောပဲ"



ထို့နောက် ဦးတင်မောင်စည်က ဆေးသောက်ရန် အညွှန်းများကို ရေးပေးသည်။ မင်းလေးပါးနှာဆေးကိုလည်း ဆောင်ထားဖို့ပေးလိုက်သေး သည်။ ဝက်ရူးပြန်ပြီးတက်နေတဲ့အခါ နှာဝမှာတော့ပြီး ပြောင်းတံကလေးနှင့် မှုတ်ထည့်ပေးလိုက်လျှင် သတိပြန်ရလာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်စည်ပေးလိုက်သောဆေးများကို အားဆေးဟုပြောပြီး တိုက်ရသည်။ လိမ်းဆေးကိုလည်း ကြွက်သားတွေသန်မာထွားကျိုင်းစေသောဆေးဟု ပြောထားသည်။ ဆေးတွေက တော်တော်အစွမ်းထက်သည်။ လေရှူး၏အခြေအနေမှာ သိသိသာသာတိုးတက်လာခဲ့သည်။ အရင်လို အကြောတွေတက်တာ၊ ညောင်းညာကိုက်ခဲတာတို့ မဖြစ်တော့။ တစ်လလောက်အတွင်းမှာ တစ်ကြိမ်ပဲ ဝက်ရူးပြန်ချင်သလိုဖြစ်နေသည်။ မင်းလေးပေးနာဆေးကြောင့် ချက်ချင်းလိုလို ပြန်သတိရလာခဲ့သည်။ အသားအရေတွေလည်း စိုပြည်ပြီး ဝဝဖြိုးဖြိုးဖြစ်လာသည်။

ထို့ကြောင့် အောင်ဘာလေမှာ သူတို့အိမ်၏ မရှိမဖြစ် ပုဂ္ဂိုလ်တစ်ယောက်လို အရေးပါနေသည်။ တစ်အိမ်လုံးက ဂရုတစိုက်ရှိကြသည်။ လေရှူးက အကဲဆုံးဖြစ်၏။

“မင်းကလည်း တစ်ပတ်တစ်ခါတွေ ဘာတွေလုပ်မနေပါနဲ့၊ နေ့တိုင်းသာလာခဲ့ပါ။ မနက်စောစောလာပြီး ညနေမှပြန်ကွာ၊ အိမ်မှာပဲ မနက်စာရော ညစာပါ ထမင်းစားသွား၊ မင်းမလာတဲ့နေ့တွေဆို ငါ ညောင်းသလိုလို ကိုက်သလိုလိုနဲ့၊ ပျင်းလည်းပျင်းတယ်”

ဟု ဆိုသည်။ အောင်ဘာလေကလည်း နေ့တိုင်းမဟုတ်တောင် သုံးလေးရက်တစ်ခါလောက်တော့ ရောက်ဖြစ်နေ၏။



ဆေးကုန်လို့သွားတောင်းတော့ ဆရာဦးတင်မောင်စည်က

“နေစမ်းပါဦးကွာ၊ သူတို့အိမ်ကိုခဏခဏသွားနေတာဟာ လေရှူးရဲ့ ကျန်းမာရေးကိစ္စတစ်ခုတည်းပဲလား၊ တခြားအကြောင်းရောရှိသေးလား”

“ဘာအကြောင်းရှိရမှာလဲ ဆရာရဲ့”

“နွေဦးဆိုတဲ့ကောင်မလေးက တော်တော်လှတယ်နော်”

“ဒါတော့ ကျွန်တော်လည်း သိသားပဲ”

“အဲဒါကြောင့်ရော မဖြစ်နိုင်ဘူးလား”

“ဒါတော့ ကျွန်တော်လည်း မသိဘူး ဆရာ၊ သူတို့အိမ်ကိုမရောက်တာကြာရင် နေမထိထိုင်မသာဖြစ်တာတော့ အမှန်ပဲ”

ဦးတင်မောင်စည်က ခေါင်းတညိတ်ညိတ်လုပ်၍ရယ်ရင်း

“အေး ... တစ်နေ့နေ့ကျရင် မင်းသိလာမှာပါ၊ အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်ကွာ”

ဟု အားပေးစကားပြောသည်။

နွေဦးတို့အိမ်ကို အောင်ဘာလေ မကြာခဏသွားနေကြောင်း ဦးငွေရနှင့်ဒေါ်စောလှိုင်တို့ကလည်း သိသည်။

“သားက အဲဒီမိန်းကလေးကို ကြိုက်နေတယ်လို့ ရှင်ထင်သလား”

ဟု ဒေါ်စောလှိုင်က မေးသည်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူအတော်စိတ်လှုပ်ရှားနေ၏။

“ထင်တာမဟုတ်ဘူး သေချာတယ်၊ ငါသိတယ်”

“သားက ရှင့်ကိုဖွင့်ပြောလို့လား”

“မဟုတ်ဘူး၊ ဒီကောင်က သူ့ဟာသူတောင် ရေရေရာရာသိသေးပုံမပေါ်ဘူး၊ ငါ့ဘာသာ အကဲခတ်ကြည့်တာ”

“ကောင်မလေးကကော ပြန်ကြိုက်မယ့်ပုံပေါ်သလား”

“ဟာ ... အဲဒီလောက်တော့ ငါ ဘယ်ခန့်မှန်းတတ်ပါ့မလဲ၊ တစ်ခါတည်း မြင်ဖူးတဲ့ဟာ၊ ငါ့စိတ်ထဲထင်နေတာကတော့ ဖြစ်နိုင်မယ်ထင်တယ်”

“ဟုတ်တယ်၊ ကျွန်မလည်း ဒီကလေးမကိုမြင်မြင်ချင်း သိပ်ငြိမ်နူးတဲ့ သူတစ်ယောက်လို့ ခံစားမိတယ်၊ ဒါဟာ ရေးဘဝကရေစက်ကြောင့်ပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောလှိုင်မှာ အောင်ဘာလေက ခပ်ကြောင်ကြောင်တွေလုပ်တတ်သဖြင့် နွေဦးက ပြန်မကြိုက်မှာကိုလည်း စိုးရိမ်နေသည်။

"သေချာပြီဆိုရင်လည်း မြန်မြန်ထက်ထက် သွားတောင်းရမ်းလိုက်ရင်ကောင်းမယ်၊ တော်ကြာ လက်လွှတ်သွားရင်ဒုက္ခ"

ဦးငွေရက နွေဦး၏အကြောင်းကို သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းကြည့်သည်။ ရပ်ကွက်ထဲမှာ စနည်းနာကြည့်သည်။ နွေဦးတို့မိသားစုမှာ ရိုးရိုးအေးအေးတွေဖြစ်၏။ ရပ်ကွက်ထဲကလူများနှင့် သိပ်ရောရောနှောနှောမရှိ။ ကိန်းကြီးခန်းကြီးနိုင်…မျိုးတော့မဟုတ်။ သာရေးနာရေးကိစ္စတွေမှာ ရက်ရက်ရောရော ကူညီတတ်သည်။ သဘောကောင်းသည်။

ဒီရပ်ကွက်အတွင်းသို့ ပြောင်းလာတာမကြာသေး။ နှစ်ပိုင်းလောက်ပဲရှိဦးမည်။ ဦးချစ်ထူးသည် နယ်မှာရှိသော ဆန်စက်နှင့်လယ်မြေတွေကို ရောင်းချပြီး ရန်ကုန်မှာ အေးအေးချမ်းချမ်း လာရောက်အခြေချနေခြင်းဖြစ်၏။ အတွင်းပစ္စည်းအတော်များများရှိသည်ဟု ရပ်ကွက်တွင်းရှိလူများက ထင်ကြေးပေးနေကြသည်။

အတွင်းပစ္စည်းတွေ ဘာတွေက အရေးမကြီး။ စိတ်ထားကောင်းဖို့နှင့် ရိုးသားဖို့သာ အရေးကြီးသည်။ ခုတိုင်းဆိုလျှင်တော့ စိတ်ချရပြီ။ ထို့ကြောင့် ဦးငွေရနှင့် ဒေါ်စောလှိုင်တို့မှာ အောင်ဘာလေအတွက် ကျိတ်ပြီး ကျေနပ်ဝမ်းသာနေကြလေသည်။

* * *

အောင်ဘာလေသည် ဆေးဆရာမဟုတ်ကြောင်း၊ အနှိပ်ပညာလည်း မတတ်ကြောင်း၊ ဦးတင်မောင်စည် ပေးသော ဆေးတွေကြောင့်သာ လေရှူးသက်သာလာခဲ့ခြင်းဖြစ်ကြောင်း ဦးချစ်ထူးတို့သိရှိနေပြီဖြစ်၏။ သို့တိုင်အောင် ဒေါ်မိမိမော်ကတော့ ခုလိုဖြစ်လာတာကိုက ရေစက်ကြောင့်ဟုထင်သည်။ အောင်ဘာလေနဲ့ ဆုံတွေ့ခဲ့လို့သာ ဒီဆေးတွေသောက်ခွင့်ရခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။



ဦးချစ်ထူးကလည်း ထောက်ခံသည်။ အောင်ဘာလေအပေါ်မှာလည်း တစ်မိသားစုလုံးက သံယောဇဉ်ဖြစ်နေပြီ။ လေရှူးကလည်း အောင်ဘာလေ ဆေးလိမ်းပြီး နှိပ်နယ်ပေးတာကို အရသာတွေ့နေပြီ။ အောင်ဘာလေ ရောက်မလာတာ ရက်နည်းနည်းကြာသွားရင်ပဲ ရောဂါပြန်ဖောက်တော့မလိုဖြစ်နေသည်။ ထို့ကြောင့် အောင်ဘာလေမှာ သူတို့အိမ်သို့မကြာခဏ ဝင်ထွက်သွားလာနေရလေသည်။ (သူကိုယ်တိုင်ကလည်း နွေဦးတို့အိမ် မသွားရလျှင် ညောင်းသလိုလို၊ ကိုက်သလိုလို၊ ခေါင်းမူးသလိုလို၊ ဗိုက်ထဲက မအီမသာခံစားရသလိုလို ဖြစ်တတ်လာပြီ။)

အောင်ဘာလေသည် အမြင်မတော်တာတွေလျှင် ဘာမပြောညာမပြောထပြီး ကူညီတတ်ကြောင်းကိုလည်း သိနေကြပြီ။ တစ်ခါတစ်ခါတော့ ဒီကောင်လေးဟာ ခပ်ကြောင်ကြောင်လေးပဲဟု တွေးမိတတ်သည်။ သို့တိုင်အောင် သူတို့မှာ လေရှူးနဲ့အတူနေရတာ အကျင့်ပါနေပြီမို့ အောင်ဘာလေလောက်ဟာ အသေးအဖွဲပဲ။

သူတို့အိမ်သို့ အောင်ဘာလေရောက်တော့ တတိယအခေါက်မှာပဲ ထူးခြားမှုကိုတွေ့ရသည်။ ထိုနေ့က အောင်ဘာလေကို ကော်ဖီအရင်တိုက်သည်။ ပြီးတော့မှ အောင်ဘာလေက အခန်းထဲမှာ လေရှူးကိုဆေးလိမ်းပြီး နှိပ်ပေးသည်။ ထိုအတောအတွင်း ကျန်အိမ်သူအိမ်သားတွေက ကိုယ့်အခန်းထဲမှာ ကိုယ်ရှိနေကြသည်။ နွေဦးက ကော်ဖီပန်းကန်ဆေးဖို့ မီးဖိုခန်းထဲဝင်ကြည့်တော့ ဆေးပြီးသားပန်းကန်ကို ထမင်းစားစားပွဲပေါ်မှာတွေ့ရသည်။

ဒေါ်မိမိမော် ဆေးလိုက်တာဟုထင်ပြီး အမှတ်တမဲ့နေလိုက်သည်။ ခဏကြာတော့

"ဟဲ့ … နွေဦး၊ ကော်ဖီပန်းကန်ဆေးထားတာ ဆပ်ပြာနံ့လည်း မစင်ပါလား"

ဟု ဒေါ်မိမိမော်ကပြောတော့မှ

"ဟင် … မေမေ ဆေးလိုက်တာမဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ထူး ဆေးထားတာတော့ မဖြစ်နိုင်။ ကော်ဇီပန်းကန် ဘယ်သူဆေးသလဲ ဆိုတာ 'ငါဒီနှံခဲ ဘယ်သူရွှေ့သလဲ' ဆိုတာလို ရေးကြီးခွင်ကျယ် လုပ်စရာအကြောင်းမရှိသဖြင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့၏။

နောက်တစ်ခါကျတော့ သတိပြုစရာဖြစ်လာ၏။

ထိုနေ့က အောင်ဘာလေကို အိမ်မှာထမင်းကျွေးသည်။ နွေဦးက ဘေးမှာရပ်ပြီး လိုအပ်တာဖြည့်ဆည်းပေးရင်း ဧည့်ထောက်ခံနေသည်။ ထိုစဉ်မှာ လေရှူးက လှမ်းခေါ်သဖြင့်

"ဝအောင်စားနော်၊ ထမင်းတွေ ဟင်းတွေလည်း ထပ်ထည့်ပါဦး၊ အားမနာပါနဲ့"

ဟုပြောပြီး လေရှူးဆီထွက်သွားသည်။ လေရှူးက သူ့စပို့ရှပ်အကျႌ ရှာခိုင်းပြီး စကားပါပြောနေသဖြင့် နည်းနည်းကြာသွားသည်။ နွေဦးအခန်းထဲက ပြန်ထွက်လာတော့ အောင်ဘာလေက ဧည့်ခန်းထဲမှာထိုင်နေတာ တွေ့ရသည်။

"ဟင်၊ စားလို့တောင်ပြီးသွားပြီလား၊ ဝမှဝရဲ့လား မသိဘူး"

"ဝပါတယ်၊ ဟင်းချိုက သောက်လို့ကောင်းလို့ ဗိုက်တောင်တင်းသွားတယ်"

နွေဦး ထမင်းစားခန်းထဲဝင်သွားတော့ ဆေးပြီးသားပန်းကန်တွေ စားပွဲပေါ်တင်ထားတာတွေ့ရသည်။ သူစားထားတာတွေသာမက ပြီးမှစုဆေးမယ်ဆိုပြီး ပုံထားသော ပန်းကန်တွေပါ အကုန်ဆေးသွားသည်။

နွေဦးက ပန်းကန်တစ်ချပ်ကိုယူပြီး နမ်းကြည့်လိုက်သည်။ ဆပ်ပြာမစင်သောအနံ့ နည်းနည်းရသည်။ ထိုနေ့က ဒေါ်မိမိမော်အပြင်သွားနေသဖြင့် အိမ်မှာမရှိ။ ဦးချစ်ထူးက အိမ်ပေါ်ထပ်မှာ။ သူကလည်း ပန်းကန်ဆေးရိုးထုံးစံမရှိ။ ဒီတော့ အောင်ဘာလေ ဆေးသွားတာသေချာနေပြီ။

နောက်တစ်ခါကတော့ ပက်ပင်းကြီးမိတာပါပဲ။

အောင်ဘာလေက အိမ်သာသွားချင်လို့ဆိုပြီး နောက်ဖေးဘက်ဝင်သွားသည်။ နည်းနည်းကြာနေသဖြင့် လေရှူးက

"ဒီကောင် တော်တော်ဗိုက်ဆာနေတယ်ထင်တယ်"



ဟုနောက်နေသေးသည်။ ခဏနေတော့ ဦးချစ်ထူးကလည်း အိမ်သာတက်ချင်သဖြင့် အပေါ်ထပ်မှဆင်းလာပြီးနောက် နောက်ဖေးဘက်ဝင်သွားသည်။ ထို့နောက်

"ဟေ့ကောင်၊ ဘာလုပ်နေတာလဲ၊ ထွက်စမ်း၊ ထွက်စမ်း"

ဟု အော်လိုက်သော ဦးချစ်ထူးအသံကြောင့် နွေဦးလန့်ပြီးပြေးသွားသည်။ ဒေါ်မိမိမော်လည်း သုတ်သီးသုတ်ပျာရောက်လာသည်။ ဦးချစ်ထူးက အိမ်သာအဝမှာရပ်ရင်း 'ဟေ့ကောင်၊ ဟေ့ကောင်' ဟု အော်နေသည်။ ကြည့်လိုက်တော့ ...

"ဟယ်"

နွေဦးဆီက အသံထွက်လာသည်။ ဒေါ်မိမိမော်ကလည်း အံ့အားကြီးသင့်ပြီး ငေးကြည့်နေ၏။ အောင်ဘာလေသည် လက်ကိုင်ပါသော ဘရပ်ဖြင့် အိမ်သာကို ပွတ်တိုက်ဆေးကြောနေလေသည်။

"ဟယ် ... ဘာတွေလုပ်နေတာလဲ သားရယ်"

ဒေါ်မိမိမော်က ရေရွတ်လိုက်သည်။ အောင်ဘာလေက

"အိမ်သာက ချောနေတာပဲ ... အခန့်မသင့်ရင် လူကြီးတွေ ချော်လဲနိုင်တယ် ... ဒါကြောင့် ... အဟဲ"

ဆိုပြီး ရေလောင်းချလိုက်သည်။ သားအမိ သားအဖ သုံးယောက်တို့မှာ အိမ်သာဝမှာ စုပြုံရပ်ရင်း ဘာလုပ်ရမှန်းမသိဘဲ ကြောင်စီစီဖြစ်နေကြရသည်။ အောင်ဘာလေကတော့

"အိမ်မှာဆိုလည်း ကျွန်တော်ပဲ အိမ်သာဆေးတာခင်ဗျ ... ကျွန်တော့်ဝါသနာပဲလေ"

ဟု ပြောနေသေးသည်။ အိမ်သာဆေးရတာကို ဝါသနာပါတဲ့လူရယ်လို့ ပထမဆုံးအကြိမ် ကြားဖူးကြခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေသည် နွေဦးတို့အိမ်သို့ အရောက်အပေါက်များနေသဖြင့် သူတို့ကိုသာ ဂရုစိုက်ပြီး တခြားလူတွေကို ကူညီဖို့ မေ့လျော့နေတာတော့ မဟုတ်ပါ။ ကြုံရင်ကြုံသလို ကူညီနေခဲ့တာပါပဲ။

တစ်ညနေမှာ မမွှာရုံဆီသို့ လျှောက်လာခဲ့သည်။ အစောင့်ကြီး ဦးကျော်ထွေးအတွက် လက်ဖက်ခြောက်လည်းသွားပို့ရင်း လုပ်စရာ ကိုင်စရာရှိရင်လည်း ကူညီရအောင်ပေါ့။ ဦးကျော်ထွေးက အသက်နည်းနည်းထောက်လာတော့ အရင်လို သွက်သွက်လက်လက်မရှိတော့။ အပင်ပန်းလည်း သိပ်မခံနိုင်တော့။

ထို့ကြောင့် အောင်ဘာလေက အခါအားလျော်စွာ သွားသွားပြီး ကူညီလေ့ရှိ၏။ တံမြက်စည်းလှည်းပေးတာ၊ သောက်ရေဖြည့်ပေးတာက အစ တရားပွဲရှိတဲ့အခါ တောက်တိုမည်ရဝင်လုပ်ပေးတာ အထိပေါ့။

"ဦးကျော်ထွေး ... အဘ ဦးကျော်ထွေး"

အောင်ဘာလေက အော်ခေါ်ရင်း မမွှာရုံပေါ် တက်သွားသည်။ ခါတိုင်းဆိုလျှင် ကုန်းကုန်း ကုန်းကုန်းနဲ့ တစ်စုံတစ်ခုလုပ်နေတတ်သော ဦးကျော်ထွေးက



"အောင်ဘာလေလား ... လာဟေ့ ... အတော်ပဲ ရေနွေးကြမ်းကလေးက ကျခါစလေး ... ပဲကြီးလှော်လည်း နည်းနည်းကျန်သေးသကွ"

ဆိုပြီး ခရီးဦးကြိုပြုတတ်သည်။ ထို့နောက် ရေနွေးကြမ်းသောက်၊ ပဲကြီးလှော်စားကြရင်း ဦးကျော်ထွေးက သူ ငယ်စဉ်က သာကေတမှာ နေတုန်းက ကွင်းထဲ၊ မြောင်းထဲမှာ ငါးရှဉ့်နှိုက်၊ ငါးခုတ်လုပ်ခဲ့ပုံတွေ အကြောင်း ပြောပြတတ်သည်။

"အဲဒီတုန်းကတော့ ငယ်သေးတာကိုးကွ ... အကုသိုလ်တွေ ဘာတွေ ဘယ်သိမလဲ ... ဒါကြောင့် အခု မမွှာရုံရဲ့ ဝေယျာဝစ္စတွေလုပ်ပြီး ကုသိုလ်ပြန်ယူရတာပဲ ... မင်းကတော့ ငါ့ထက်အများကြီး ပိုပြီးလိမ္မာတယ်လို့ ပြောရမယ် ... ငယ်ငယ်ရွယ်ရွယ်နဲ့ ကောင်းမှုတွေလုပ်နေတာ ... မင်း ဘယ်တော့မှ ဒုက္ခမရောက်နိုင်ဘူးကွ သိလား"

ဟု အမြဲပြောသည်။

ခုတစ်ခေါက်မှာတော့ အောင်ဘာလေခေါ်တာ ပြန်ထူးသံမကြားရ။

"အဘရေ ... အဘ"

ထပ်ခေါ်ကြည့်သည်။ မမွှာရုံနှင့်တွဲထားသော အခန်းကျဉ်းကလေးဆီမှ ထူးသံလိုလို ညည်းသံလိုလို ကြားရသည်။ ဦးကျော်ထွေး၏ အိပ်ခန်းလည်းဖြစ်သော ထိုအခန်းကလေးထဲသို့ ဝင်ကြည့်သည်။ ဦးကျော်ထွေးသည် ဖျာစုတ်ကလေးပေါ်မှ ခပ်ကွေးကွေး လှဲနေသည်။ ဝမ်းဗိုက်အောက်ပိုင်းကို လက်နှင့်ဖိပြီး တအင်းအင်းညည်းနေသည်။

"ဟင် အဘ ... ဘာဖြစ်လို့လဲ"

အောင်ဘာလေက ဘေးမှဝင်ထိုင်ရင်း မေးလိုက်၏။

"ဆီးအောင့်နေလို့ကွယ်"

ဦးကျော်ထွေးက လေသံသဲ့သဲ့ဖြင့် ပြန်ဖြေသည်။

"ဘယ်လိုဖြစ်တာလဲ"

"ဖြစ်တာက ကြာပါပြီ ... ဆီးသွားရခက်တာကနေ ဖတာ ... ဆီးတစ်ခါသွားရင် တစ်စက်စက်နဲ့ အကြာကြီးပဲ ... ခုတော့ လုံးဝသွားလို့

www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး ... ဝါးနက်ရှက် ပြုတ်သောက်ရတယ်ဆိုလို့ သောက်တာ ဆီးအိမ်ကြီးသာ တင်းလာတယ် ... ဆီးက ထွက်မလာဘူး ... သိပ်အခံရ ခက်တာပဲကွာ ... ကျွတ် ... ကျွတ်"

ဒီအတိုင်းဆို မဖြစ်ချေဘူးဟု တွေးပြီး ဆိုက်ကားသွားခေါ်သည်။ ဆိုက်ကားပေါ်တွဲတင်ပြီး ဆေးခန်းဆီသွားပြသည်။ ဆရာဝန်က စမ်းသပ်စစ်ဆေးသည်။ မေးခွန်းတွေ မေးသည်။ ပြီးတော့

"ဆီးလမ်းကြောင်း ပိတ်နေတာ ... ကျောက်ကြောင့်လား ... ဆီးကြိတ်ကြောင့်လားတစ်ခုခုပဲ ... စမ်းကြည့်လို့ရသလောက်တော့ ဆီးကြိတ်ယောင်ပြီး ဆီးလမ်းကြောင်းကို ညစ်ထားသလို ဖြစ်နေတာလို့ ယူဆတယ် ... ဒီကြားထဲ ဆီးရှင်ဆေးတွေ သောက်တော့ ပိုဆိုးတာပေါ့ ဆီးချူထုတ်လိုက်မှ နေသာထိုင်သာ ရှိသွားမယ် ... ဒီမှာတော့ ပစ္စည်းကိရိယာမရှိဘူး ... ဆေးရုံကိုသွားပါ ... စာရေးပေးလိုက်မယ်"

အောင်ဘာလေ အလုပ်များပြန်သည်။ အိမ်ပြန်ပြီး သူ့အဖေဆီမှာ ပိုက်ဆံတောင်းသည်။ တက္ကစီငှားသည်။ ဦးကျော်ထွေးကို ဆေးရုံသို့ခေါ်သွားသည်။

ဆေးရုံရောက်တော့ ဆီးချူပေးလိုက်သဖြင့် အတော်အတန် သက်သာသွားသည်။ ဆေးခန်းက ဆရာဝန်ခန့်မှန်းတဲ့အတိုင်း ဆီးကြိတ်ယောင်နေခြင်းဖြစ်၏။ ဒီအတိုင်း ပြန်သွားလျှင်လည်း နောက်တစ်ခါထပ်ဖြစ်ပြီးပြန်လာရမှာပဲတဲ့။ ထို့ကြောင့် ဆီးချူပိုက်ကို ပြန်မဖြုတ်တော့ဘဲ ဆေးရုံပေါ်တန်းတင်လိုက်သည်။ ထိုးဆေး စားဆေးတွေပေးပြီး စောင့်ကြည့်မည်။ မရလျှင် ခွဲမည်။

အောင်ဘာလေလည်း အိမ်မပြန်နိုင်တော့ဘဲ ဆေးရုံမှာ စောင့်အိပ်ရလေတော့သည်။



ဦးကျော်ထွေးသည် ငွေကြေးမတတ်နိုင်သော မွှောရုံစောင့်ကြီးဖြစ်ကြောင်း ရပ်ကွက်လူကြီးတွေက ထောက်ခံပေးကြသဖြင့် အခမဲ့ဆေးကုသခွင့်ရသည်။ ဆေးရုံက ထမင်းလည်းကျွေးသည်။ အောင်ဘာလေကတော့ သူ့ဘာသာဝယ်စားရသည်။ ဆေးရုံ ထမင်းဟင်းမှာ အလှူရှင်ရှိတဲ့နေ့ အသားငါးစားရသည်။ တချို့ရက်တွေကျတော့ ဘဲဥဟင်း၊ သီးစုံချဉ်ရည်၊ တစ်ခါတစ်လေ ကန်စွန်းရွက်ကြော်တစ်မျိုးတည်း။ ထမင်းနဲ့ ကြက်ဥပြုတ်တစ်လုံးသာ ပေးနိုင်တဲ့ ရက်မျိုးလည်း ရှိသည်။ ဒီလိုအခါကျတော့ အောင်ဘာလေက ဟင်းဝယ်ကျွေးရသည်။

ဆေးရုံက အစစအရာရာ တာဝန်ယူတယ်ဆိုသော်လည်း သူတို့မှာမရှိတဲ့ဆေးမျိုးကျတော့ အပြင်မှ ဝယ်ရသည်။ မွှောရုံအုပ်ချုပ်ရေးအဖွဲ့က ငွေအချို့ ထောက်ပံ့ထားသဖြင့် တော်သေးသည်။ ရပ်ကွက်ထဲမှ တစ်ချို့အိမ်တွေက မုန့်ကြွတ်တို့ ဘီစကွတ်တို့ နို့မှုန့် ကော်ဖီမစ်စသဖြင့် ပေးထားသောကြောင့် ဦးကျော်ထွေးမှာ အတော်အသင့် အဆင်ပြေနေသည်။ အောင်ဘာလေကတော့ ဆေးရုံမှာ ဒိုင်ခံစောင့်ပေးသည်။

ဆီးနှင့် ကျောက်ကပ်ရောဂါသည် အတော်များများမှာ ဆီးချူပိုက်ထည့်ထားရသည်။ ပိုက်၏ တစ်ဘက်ထိပ်ကို ဆီးအိမ်ထဲအထိ ထည့်ထားပြီး ကျန်တစ်ဘက်ကို ပုလင်းလွတ်တစ်လုံးထဲ ထည့်၍ ကုတင်အောက်မှာ ချထားသည်။ ဆီးတွေက ပုလင်းထဲကို တစ်စက်တစ်စက်ကျနေသည်။ ပုလင်းပြည့်သွားလျှင် ပိုက်ကို နောက်ပုလင်းအလွတ်တစ်လုံးထဲထည့်၊ ပြည့်သွားတဲ့ပုလင်းကို အိမ်သာထဲသွားသွန်၊ ဆေးကြောပြီး အသင့်ပြန်လုပ်ထား။

ဒါတွေလုပ်ဖို့အတွက် လူနာစောင့်လိုသည်။ မိသားစုထဲက စောင့်ပေးမယ့်လူမရှိသူတွေက ဆေးရုံသန့်ရှင်းရေးအလုပ်သမားတွေကို ပိုက်ဆံပေးပြီးခိုင်းရသည်။ စောင့်ပေးမယ့်လူလည်း မရှိ၊ ပိုက်ဆံလည်း မရှိတဲ့ လူနာတွေအတွက်ကျတော့ သန့်ရှင်းရေးအလုပ်သမားတွေက ကြုံသလိုလုပ်ပေး၊ ဒါမှမဟုတ် လူနာစောင့်တွေထဲက စေတနာရှိတဲ့ လူက အမြင်မတော်၍ ဝင်လုပ်ပေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးက အောင်ဘာလေတို့အကြိုက်ပေါ့။ သူက လူနာစောင့်မရှိတဲ့ လူတွေရဲ့ ဝေယျာဝစ္စတွေ အကုန်လိုက်လုပ်ပေးသည်။ ဆီးပုလင်းတွေ စောင့်ကြပ် ကြည့်ရှုရေးတာဝန်မှူးအဖြစ် သူ့ကိုယ်သူ ခန့်အပ်လိုက်သည်။ ဆီးပုလင်းလဲခြင်း၊ သွန်ခြင်း၊ ဆေးကြောခြင်းကိစ္စများကို မရှုံ့မရှာလုပ်ပေးသည်။ ဒါကြောင့်လည်း သူ့ကို ဆေးရုံသန့်ရှင်းရေးအလုပ်သမားဟု မှားပြီး အထင်ခံရခြင်း ဖြစ်၏။

သူ ဆီးပုလင်းသွန်ပြီး ပြန်အလာတွင် အခန်းထောင့်ဆုံးကုတင်မှ လူကြီးတစ်ယောက်က

"ဟေ့ဟေ့ ... ပြီးရင် ငါ့ဆီလာပါအုံးကွ"

ဟု လှမ်းခေါ်သည်။ အောင်ဘာလေက ဆီးပုလင်းကို သက်ဆိုင်ရာ လူနာရဲ့ ကုတင်အောက်မှာထားပြီး ထိုလူကြီးဆီ ပြန်သွားသည်။

"ဦးလေး ... ဘာခိုင်းချင်လို့လဲ"

ဟု မေးသည်။ လူကြီးက

"ငါ နောက်ဖေးသွားချင်လို့ကွ ... ငါ့သားက လက်ဖက်ရည်သွားသောက်မယ်ဆိုပြီး လစ်သွားတာကြာလှပြီ ... ပြန်မလာသေးဘူး ... တကယ်ခက်တဲ့ကောင်ပဲ ... မင်းပဲ နောက်ဖေးအိုးနဲ့ လိုက်ကာနဲ့ သွားယူခဲ့စမ်းကွာ"

"ဟုတ်ကဲ့ ဦးလေး ... ခဏလေး အောင့်ထားဦးနော်"

ထိုလူကြီးမှာ ခွဲစိတ်ပြီးကာစရက်ပိုင်းသာ ရှိသေးတာကြောင့် အိမ်သာသို့ မသွားနိုင်သေး။ ကုတင်ပေါ်မှာပဲ သွားရသည်။ ဒီအတွက် အထူးပြုလုပ်ပေးထားသော နောက်ဖေးအိုးအပြားတွေရှိသည်။ လူနာကို ခပ်မှီမှီလေးလှဲထားပြီး အိုးကို တင်ပါးအောက် ထိုးထည့်လိုက်လျှင် ထိုင်စရာ မလိုဘဲ ဝမ်းသွားလို့ရသည်။ သံချောင်းနှင့် ခွေထားသော ဖရိမ်မှာ ပိတ်ဖြူစတပ်ထားသော ခန်းဆီးအရှင်တွေနဲ့ ဘေးမှာ ကာလိုက်လျှင် ကိုယ့်ကုတင်ပေါ်မှာပင် အိမ်သာလို လွတ်လွတ်လပ်လပ်ကိစ္စပြီးနိုင်၏။

ဒါတွေအားလုံး အောင်ဘာလေက လုပ်ပေးသည်။ ပြီးသွားတော့လည်း တစ်ရှူးစက္ကူနဲ့ တစ်ခါ ရေဆွတ်ထားသော ဝွမ်းစနဲ့တစ်ခါ ဆေးကြော သန့်စင်ပေးသည်။ ခွဲစိတ်ပြီးကာစ လူနာတွေ ဝမ်းသွားလျှင် အလွန်နံ့တတ်



သည်။ အောင်ဘာလေလို မရှုံ့တတ်သော လူမျိုးတောင် ပျို့ချင်လာသည်။ လူကြီးကလည်း ဒါကို သိသည်။ အားလုံးပြီးသွားတော့ အောင်ဘာလေကို နှစ်ရာတန်တစ်ရွက်ပေးသည်။ အောင်ဘာလေက မယူဘဲ

"ဟာ ဦးလေးကလဲ"

"ဘာလဲ ... နည်းလို့လားကွ ... အေးလေ"

"မဟုတ်ပါဘူး ... ကျွန်တော်မလိုချင်ဘူး"

"ဘာ"

လူကြီး တစ်ချက် တွေသွားသည်။ သံမံတလင်းကြမ်းပြင်ကို ကာဘော်လစ်ဆီနှင့် ရေပတ်လာတိုက်ရသော ကုလားလေးဆိုလျှင်

"တစ်မနက်လုံး လုပ်လိုက်ရတာ ... ခုထိ လက်ဖက်ရည်တောင် မသောက်ရသေးဘူး"

ဟု စကားခေါ်တတ်သည်။ ဒီကောင်လေးကတော့ ပေးတာတောင် မယူချင်ဘူး လုပ်နေသည်။ ဆရာဝန်ကြီးကများ တားမြစ်ထားသလား မသိ။

"ယူပါကွာ ... စေတနာနဲ့ ပေးတာပါ ... ဘယ်သူမှ မတိုင်ပါဘူး"

"ကျွန်တော်ကလည်း စေတနာနဲ့ လုပ်ပေးတာပါ ဦးလေးရာ"

"နေစမ်းပါအုံး ... မင်းက ဆေးရုံဝန်ထမ်းမဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဟေ ... ဒါဖြင့်"

"ကျွန်တော်က ကုတင်နံပါတ်ခြောက်က လူနာကို လာစောင့်ပေးတာပါ"

"ဟာ ... ဆောရီးကွာ ... ဆောရီး ... အားနာစရာတော့ ဖြစ်ကုန်ပြီ"

"ကိစ္စမရှိပါဘူး ဦးလေး ... ကျွန်တော် လုပ်နေကျပါ ... နောက်ကိုလည်း ခိုင်းစရာရှိရင် ခိုင်းနော် ... အားမနာနဲ့"

အောင်ဘာလေ ဒါမျိုးတွေ လျှောက်လုပ်နေလို့လည်း တခြားလူနာစောင့်တွေက သဘောကျကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဘာလေရေ ... ငါအောက်ခဏဆင်းအုံးမယ် ... အဘိုးကြီးနိုးရင် ဆန်ပြုတ်တိုက်ထားလိုက်စမ်းပါ"

"ဆေးဝယ်ရင်း ထမင်းပါ ဝင်စားခဲ့မလို့ ... အစ်ကိုလူနှာ ခဏကြည့်ထားနော်"

စသည်ဖြင့် အောင်ဘာလေနှင့် စိတ်ချလက်ချအပ်ထားခဲ့တတ်ကြသည်။ အခန်းထောင့်ခုတင်မှ လူကြီးရဲ့သားတွေက အဆိုးဆုံးဖြစ်၏။ ညီအစ်ကိုသုံးယောက်တစ်လှည့်စီ စောင့်ကြရာမှာ တစ်ယောက်နှင့် တစ်ယောက်တွက်ကပ်နေကြသည်။ ဂျူတီချိန်းဖို့လာတာ နောက်ကျလို့ နေ့တိုင်းလို ပြဿနာတက်တတ်သည်။

ဆေးရုံမှာနေတဲ့အခါကျတော့လည်း သူတို့အဖေနားမှာ နေတဲ့အချိန်က နည်းသည်။ တစ်ဘက်ခန်းက လူနာစောင့်တွေနဲ့ စစ်တုရင် သွားထိုးချင်ထိုးနေသည်။ လက်ဖက်ရည်ဆိုင်ခဏ ဆိုပြီး တစ်နေ့ခင်းလုံး ပျောက်ချင်ပျောက်နေသည်။

"နေစမ်းပါအုံးကွာ ... ဟိုလူနာက မင်းအဘိုးလား"

လူကြီးက မေးသည်။

"မဟုတ်ပါဘူး"

"ဒါဆို အဖေလား"

"ဟင့်အင်း"

"ဘာတော်လဲ ... ဘကြီးလား"

"ဘာမှ မတော်ပါဘူး ... သူက ကျွန်တော်တို့ ရပ်ကွက်က မွှာရုံစောင့်ကြီးပါ ... တစ်ယောက်ထဲသမားမို့ ကျွန်တော် လာစောင့်ပေးတာ"

"အံ့ရောကွာ ... သွေးမတော် သားမစပ်တဲ့လူကိုများ ပြုစုနေလိုက်တာ ခွေမျိုးရင်းချာလား အောက်မေ့ရတယ် ... ငါ့ကောင်တွေနဲ့တော့ ကွာပေ့ါ"

အောင်ဘာလေ ခုလို ကူညီတဲ့အတွက် အလဟဿတော့ မဖြစ်။ အောင်ဘာလေ၏ မျက်နှာဖြင့် ဟိုလူကြီးက ဦးကျော်ထွေးအတွက် မနက်တိုင်း အိုဗာတင်းတစ်ခွက်နှင့် စားစရာတစ်ခုခုပေးသည်။ သူ့အိမ်က လာပို့သော ထမင်းချိုင့်ထဲက ကြက်သားကြော်တို့ ငါးပေါင်းတို့လည်း ကျွေးသည်။



အောင်ဘာလေကိုလည်း တခြားလူနာစောင့်တွေက လက်ဖက်ရည်ဝယ်တိုက်ကြ၊ မုန့်ဝယ်ကျွေးကြ။

တစ်ရက်မှာတော့ ဟိုလူကြီးက အောင်ဘာလေကို ခေါ်၍

"ဘယ်လိုမှ သဘောမထားနဲ့ ... မင်းကို ကျေးဇူးတင်လို့ လက်ဆောင်ပေးတာ"

ဆိုပြီး ပုဆိုးတစ်ထည်နှင့် ရှပ်အင်္ကျီတစ်ထည်ပေးသည်။ ငြင်းလို့ရမှာ မဟုတ်မှန်းသိသဖြင့် ယူထားလိုက်ရသည်။ ဦးကျော်ထွေး ဆေးရုံက ဆင်းလျှင် ပေးလိုက်မည်ဟု စိတ်ကူးထား၏။

www.burmeseclassic.com



ဦးကျော်ထွေး ကံကောင်းသွားသည်။ ရောင်နေသော ဆီးကြိတ်က ထိုးဆေး စားဆေးနဲ့ပဲ ပြန်သက်သာသွားသည်။ အလျှင်းပျောက်တာတော့ မဟုတ်။ ဆေးတွေ ဆက်သောက်ရမည်။ ဆေးရုံကို လာပြန်ပြရမည်။ အနေအထိုင် အစားအသောက်ဆင်ခြင်ရမည်။ နောက်တစ်ကြိမ် ပြန်ဖြစ်လို့ မသက်သာလျှင် ခွဲရမည်။ ခုလောလောဆယ်တော့ အိမ်ပြန်လို့ ရပြီ။

ဆေးရုံပေါ်မှာ စုစုပေါင်း ဆယ့်ငါးရက်ကြာသည်။ ထိုရက်များအတွင်း အောင်ဘာလေသည် အိမ်ကို နှစ်ခေါက်ပဲ ပြန်ရောက်သည်။ အဝတ်အစားတွေနဲ့ ပိုက်ဆံပြန်ယူခြင်းဖြစ်သည်။ ဆေးရုံပေါ်မှာပဲ နေ့နေ့ညည ရှိနေသည်။ နွေဦးတို့ အိမ်ကိုလည်း မရောက်ဖြစ်။

မလာတာကြာတော့ လေရှူးနှင့် နွေဦးတို့ မောင်နှမ စိတ်ပူပြီး အိမ်ကို ရောက်လာကြသည်။ အောင်ဘာလေ ဆေးရုံသွားစောင့်နေကြောင်း ပြောပြတော့ ကိစ္စပြီးပြီးချင်း အိမ်ကို လာခဲ့ပါဟု မှာသည်။

ဒေါ်စောလှိုင်က နွေဦးကို နောက်တစ်ခါ တွေ့ရသဖြင့် ကျေနပ်နေသည်။ အရိပ်တကြည့်ကြည့်လုပ်နေသဖြင့် နွေဦးအနေခက်မှာ စိုးလို့ ဦးငွေရက မသိမသာ လက်ကုတ်ပြီး သတိပေးရသေးသည်။ ဒါတောင် ဒေါ်စောလှိုင်က

"အန်တီတို့ အိမ်ကိုလည်း လာလည်ပါနော် ... အန်တီ မျှော်နေမယ်သိလား"



ဟု ပြောလိုက်သေးသည်။

အောင်ဘာလေ ပြန်ရောက်လာတော့ နွေဦးတို့ လာသွားကြောင်း သိရ၏။

"ဒါဆိုရင်တော့ သွားလိုက်အုံးမှပဲ"

ဆိုပြီး ချက်ချင်းရေမိုးချိုးအဝတ်အစားလဲသည်။

"မင်း ဆေးရုံမှာ ပင်ပန်းလာတာ ဒီနေ့တော့ နားလိုက်ပါလား ... နက်ဖြန်မှ သွားပေါ့"

ဟု ဦးငွေရက ပြောသော်လည်း။

"မဖြစ်ဘူး အဖေရ ... ကိုလေရှူးက တစ်ခုခုဖြစ်ချင် ဖြစ်နေမှာ"

ပြောပြီး သုတ်သီးသုတ်ပြာ ထွက်သွားသည်။

ဦးငွေရ သဘောကျစွာ ရယ်လိုက်ပြီး

"သေချာပြီကွ ... ဒီကောင်တော့ ကောင်မလေးကို စွဲလန်းနေပြီ ဟိုက ပြန်ပြီး စိတ်ဝင်စားဖို့ပဲ လိုတော့တယ်"

"ကောင်မလေးကလည်း စိတ်ဝင်စားမှာပါ"

"မင်းက အပိုင်ကို ပြောနေပါလား ... ဘယ်လိုလုပ်သိလဲ"

"မိန်းမချင်း အကဲခတ်ကြည့်ရင် သိတာပေါ့ ... အိမ်ထဲဝင်လာလာချင်း အောင်ဘာလေကိုများ တွေ့မလားလို့ မျှော်လင့်တကြီး ရှာကြည့်နေတဲ့ မျက်လုံးတွေရယ် ... အောင်ဘာလေမရှိဘူးလဲ ဆိုရော မျက်နှာလေးညှိုးသွားတာရယ်က သက်သေခံနေတယ်လေ"

"ဒီနေရာမှာတော့ မင်းက ငါ့ထက် ပိုပြီး လူကဲခတ်တော်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

"မင်းကွယ် နေနိုင်လိုက်တာ"

ဟု ဒေါ်မိမိမော်က အပြစ်တင်သည်။ မကျေမနပ်ဖြစ်တဲ့သဘောတော့မဟုတ်။ ဆွေမျိုးရင်းချာတစ်ယောက် မလာတာကြာလို့ မျှော်နေသော လေသံမျိုးသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မီကလည်းကွာ … တမင်မလာချင်လို့ မလာတာမှ မဟုတ်တာ … ဆေးရုံသွားစောင့်နေရလို့ မလာနိုင်တာပဲ … ခုလာပြီ မဟုတ်လား … ပြီးတော့ ဆေးရုံက ပြန်ရောက်ရောက်ချင်း တန်းလာခဲ့ရတာ … ထမင်းစားပြီးပြီလား … ဘာလားတောင် မေးဖော်မရဘူး … အပြစ်တင်တာက အရင်ပဲ"

"ဟုတ်ပါရဲ့ ထမင်းစားပြီးခဲ့ရဲ့လား … မစားရသေးရင် ပြင်လိုက်မယ် … နေအုံး ဟင်းမှ ကျန်သေးရဲ့လား … လေရှူးက ယုံရတာ မဟုတ်ဘူး … နိုက်စားလို့ ကုန်ပြီလားမသိဘူး … အို ကိစ္စမရှိပါဘူး … ဝက်အူချောင်းကြော်လိုက်မယ် … ကြက်ဥလည်း ရှိသားပဲ … ဟဲ့ နွေဦးရေ"

"ကျွန်တော် စားခဲ့ပြီးပြီ"

လေရှူးကတော့

"ငါဖြင့်ကွာ … မင်းမလာလို့ မနေတတ် မထိုင်တတ်ဖြစ်နေတာ အကြောအခြင်တွေတောင် ပြန်တက်ချင်သလို ဖြစ်နေတယ် … အိမ်ကလူတွေ ဆေးလိမ်းပေးတာကလည်း ဟန်မကျပါဘူးကွာ … အသားတွေ ငါးတွေကို ဆားနယ်နှင်းနယ်တာကျနေတာပဲ … မင်းနှိပ်ပေးတာလို ဇိမ်မကျဘူး"

ညာဘက်လက်မောင်းကို ကွေးပြီး ဘယ်လက်ဖြင့် ဆုပ်ကိုင်ကြည့်ရင်း

"ကြွက်သားတွေတောင် နည်းနည်းလျော့သွားလားမသိဘူး … ငါက ဒီနှစ်ပြိုင်ပွဲဝင်မလားလို့ စိတ်ကူးနေတာကွ … မနှစ်က မောင်မြန်မာဘွဲ့ရသွားတဲ့ ဖင်ကိုဆိုတဲ့ကောင်ဟာ ငါ့လောက်တောင် မာဆယ်မတောင့်ဘူး ဟုတ်တယ် မဟုတ်လား"

"ဟုတ်တာပေါ့ … ကိုလေရှူးက ပိုကြည့်ကောင်းတယ်"

ဟု အောင်ဘာလေက သူ့အကြိုက်လိုက်ပြောပေးရသည်။

"ကဲ … ဒါဆိုလည်း လာကွာ … ငါ့ကို ဆေးလိမ်းပြီး နှိပ်ပေးစမ်းပါ"

အောင်ဘာလေသည် လေရှူး၏ အခန်းသို့ လိုက်သွားပြီး ဆေးလိမ်းပေးသည်။ ပြီးတော့ နှိပ်နယ်ပေးသည်။

"ဟာ … ဇိမ်ရှိလိုက်တာကွာ ဒါကြောင့် မင်းကို မျှော်နေတာ မင်းသာ ငါတို့အိမ်မှာလာနေရင် သိပ်ကောင်းမှာပဲ"



ခဏကြာတော့ လေရှူးသည် ငြိမ်ပြီး မျက်လုံးတွေ မှေးကျသွားသည်။ အိပ်ပျော်သွားသလားမသိ။ အောင်ဘာလေလည်း ဧည့်ခန်းထဲသို့ ပြန်ထွက်လာခဲ့သည်။

နွေဦးက စားပွဲပေါ်မှာ ကော်ဖီနှင့် မုန့်များ အဆင်သင့်ပြင်ဆင်ပြီး စောင့်နေသည်။

"ကိုလေရှူးတော့ ဇိမ်ယူပြီး မှေးနေပြီထင်တယ်"

ဟု အောင်ဘာလေက ပြောသည်။

"ကိုကိုက ကိုအောင်ဘာလေကို သိပ်ခင်တာပဲ … ဟိုရက်တွေက တစ်ချိန်လုံး မေးနေတာ … အဲဒါ အရင်လို ဖြစ်မှာစိုးတာနဲ့ ကိုအောင်ဘာလေတို့အိမ်ကို လိုက်ပို့ရတာ … တော်ပါသေးရဲ့ … လူကြီးတွေက သဘောကောင်းလို့"

"ဟုတ်တယ် … အမေက နွေဦးကို သိပ်သဘောကျတာ"

အောင်ဘာလေက သူ့စကား ဘယ်လိုအဓိပ္ပါယ်ဆောင်ကြောင်း မတွေးမိ။ နွေဦးကိုယ်တိုင်ကလည်း တစ်ခါ နှစ်ခါတွေ့ဖူးရုံနဲ့ သိပ်သဘောကျနေတယ်ဆိုတာကို အံ့သြနေသည်။ တစ်ခုခုကို ရေးတေးတေး သိလိုက်သလိုပဲ။

"ကျွန်မ … အစ်ကို့အတွက် ဒုက္ခပေးသလို ဖြစ်နေတာကို သိပ်အားနာတာပဲ … ဟိုရက်တွေက ကိုအောင်ဘာလေရောက်မလာတော့ စိတ်ပျက်ပြီး ရှောင်နေတာလားလို့တောင် ထင်မိသေးတယ်"

"ဟာ … မဟုတ်ပါဘူး … စိတ်မပျက်ပါဘူး … ပျော်တောင်ပျော်သေးတယ် … ဟိုမှာ ကိစ္စပေါ်နေလို့ မလာဖြစ်တာပါ … သတိတော့ရပါတယ်"

နွေဦးက မျက်လွှာချလိုက်ပြီး

"တယ်လီဖုန်းတော့ ဆက်ဖို့ ကောင်းပါတယ်"

"ဟာ ဟုတ်သားပဲ … နွေဦးတို့အိမ်မှာ ဖုန်းရှိတာ မေ့နေတယ် နောက်ဆိုရင် ဆက်ပါ့မယ်"

နွေဦးက နားလည်မှု လွဲသွားပြီး

"ဟင် ဆေးရုံသွားစောင့်ပေးရမယ့် လူနာရှိနေသေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ... အကြောင်းကိစ္စပေါ်လာခဲ့ရင်လို့ ပြောတာပါ ... တကယ်တော့ ကျွန်တော်ကသာ နွှေဦးကို အားနာနေတာ"

"ဘာဖြစ်လို့ အားနာရတာလဲ"

"ကျွန်တော် ရောက်လာရင် နွှေဦးမှာ ထမင်းထည့်ကျွေးရ ကော်ဖီဖျော်တိုက်ရလို့ အလုပ်ရှုပ်လို့လေ ... အနှောင့်အယှက်ပေးသလိုတောင် ဖြစ်နေပြီ"

"မဖြစ်ပါဘူး ... ဟိုဒင်း ... "

အောင်ဘာလေလို ပျော်တောင်ပျော်သေးတယ်ဟု ပြောလို့ မဖြစ်သဖြင့်

"အပျင်းတောင် ပြေသေးတယ်"

ဟု ပြောလိုက်ရသည်။ ထိုအခိုက်

"ငါသိပြီကွ ... ငါသိပြီ"

ဟု အော်ရင်း လေရှူး ရောက်လာသည်။ အောင်ဘာလေနှင့် နွှေဦးတို့က မျက်နှာချင်းဆိုင်ထိုင်နေကြခြင်းဖြစ်၏။ သူက စားပွဲထိပ်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး

"ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားတာ တော်တော်ဦးနှောက်စားတယ် ... မှေးခနဲ အိပ်ပျော်မယ်လုပ်တုန်း ဖြတ်ခနဲ အကြံရလာတာပဲ"

"ကိုကိုကလည်း စကားကို ကြားက ဖောက်ပြောတာကိုး ... ဘာအတွက် အကြံထုတ်ရတာလဲ"

နွှေဦးက မေးသည်။

"ဒီလိုလေဟာ ... အောင်ဘာလေက ငါ့အတွက် မရှိမဖြစ် လိုအပ်နေတယ်မဟုတ်လား ... ဒီကောင့်ကို မျှော်ရတာ အတော်မောတယ် ... တော်ကြာ ပျောက်ချက်သားကောင်းနေလို့ အိမ်လိုက်ခေါ်ရတာကလည်း အလုပ်တစ်ခု ... ဒါကြောင့် ဒီကောင့်ကို အိမ်မှာ တစ်ခါထဲ ခေါ်ထားနိုင်မယ့် နည်းလမ်းကို စဉ်းစားနေတာ ... ခုတော့ အကြံရပြီ"

"ဘာအကြံလဲ"



"ငါတို့အိမ်မှာ အောင်ဘာလေအမြဲတမ်းနေလို့ရအောင် ဒီလိုလုပ် ... မင်းတို့နှစ်ယောက် လက်ထပ်လိုက်ကြ"

"ဟယ်"

နွှေဦး၏ မျက်နှာ ရဲကနဲဖြစ်သွားသည်။ အောင်ဘာလေလည်း မျက်လုံးပြူးသွား၏။ လေရှူးက

"ဟေ့ကောင် အောင်ဘာလေ"

"ခင်ဗျာ"

"မင်း နွှေဦးကို ကြိုက်နေတယ် မဟုတ်လား"

"ကျွန်တော် ... ကျွန်တော်မသိဘူး"

အောင်ဘာလေက ယောင်ချာချာဖြေသည်။

"မင်းမသိပေမယ့် ငါသိတယ် ... လူတစ်ယောက်ရဲ့ အတွင်းစိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ထိုးထွင်းသိနိုင်တဲ့ ဉာဏ်ပညာ ငါ့မှာ ရှိတယ်ကွ ... မင်းဟာမင်း မသိပေမယ့် ငါသိနေတယ် ... မင်း နွှေဦးကို ကြိုက်နေတယ်"

ထို့နောက် နွှေဦးဘက်လှည့်ပြီး

"နင်လည်း သူ့ကို ကြိုက်နေတယ် မဟုတ်လား"

"အို ... မဟုတ်ဘူး ... မဟုတ်ဘူး"

နွှေဦးက ထပြေးရန်ကြံသည်။ လေရှူးက လက်မောင်းကို ဖမ်းဆွဲထားလိုက်ပြီး

"အေး ခုချိန်မှာတော့ နင်က ငြင်းမှာပဲ ... ဒါပေမယ့် အနာဂတ်ကို ကြိုမြင်တဲ့ ငါ့ရဲ့ ဆဋ္ဌမအာရုံနဲ့ ကြည့်လိုက်ရင် မကြာခင်မှာ နင်လည်း သူ့ကို ကြိုက်သွားလိမ့်မယ်"

ထို့နောက် အောင်ဘာလေဘက်သို့လှည့်ပြီး

"ဟေ့ကောင် ... ငါ့နှမကို မင်းကျောရရုံကြိုးသွားလို့ကတော့ သေပြီသာမှတ် ကြားလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေ ကယောင်ကတမ်း သဘောတူမိ၏။ နွေဦးက လေရှူး လက်ထဲမှ အတင်းရုန်းပြီး ထွက်ပြေးသွားသည်။

"တွေ့လား ရှက်ပြီး ထွက်ပြေးသွားတာ ... တကယ်မဟုတ်ရင် ဘာရှက်စရာလိုသလဲကွ"

ပြောပြီး အောင်ဘာလေထိုင်နေသော ခုံ၏လက်တန်းပေါ် တက်ထိုင် ရင်း ပန်းကို လှမ်းဖက်လိုက်သည်။ လည်ပင်းညှစ်တော့မလားလို့ အောင်ဘာလေ လန့်သွားသေးသည်။ သို့ရာတွင်

"ဟုတ်တယ် မဟုတ်လား ယောက်ဖ"

ဟု လေရှူးက မေးလိုက်သည်။ အောင်ဘာလေယောင်ပြီး ခေါင်း ညိတ်မိပြန်၏။



ဒီလိုနဲ့ အောင်ဘာလေကလည်း ဖွင့်မပြောရသေး။ နွေဦးကလည်း အကြောင်းမပြန်ရသေးဘဲနဲ့ သူတို့နှစ်ယောက် သမီးရည်းစားလို ဖြစ်သွားကြရ ရသည်။ ဒီကိစ္စကို သူတို့နှစ်ယောက်လုံးက ထပ်ပြီး ငြင်းဆန်ခြင်း၊ စောဒက တက်ခြင်း မရှိကြသဖြင့် လေရှူးက အတည်ပြုထားလိုက်သည်။ သူတို့ကလည်း အသာမျှောလိုက်သလို ဖြစ်နေ၏။

"သမီးရည်းစားဆိုတာ လျှောက်လည်ရတယ်ကွ"

လေရှူးက တစ်ဆင့်တက်လာပြန်သည်။ အောင်ဘာလေဆိုတဲ့ ကောင်က ဘယ်ကိုမှ လျှောက်လည်တတ်တာမဟုတ်။ ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်ပြီး တစ်ဝတစ်ပြဲစားတာလောက်သာ လုပ်တတ်သူဖြစ်၏။ ထိုအခါ လေရှူးက ဗီဒီယိုဇာတ်ကားတွေကြည့်ပြီး အတုခိုးနိုင်းသည်။

နွေဦးကို အိမ်ကနေ ခေါ်ထုတ်လာသည်။ အောင်ဘာလေကို တစ်နေ ရာရာက စောင့်နိုင်းသည်။ ပြီးတော့ ကန်တော်ကြီးဘက် ခေါ်သွားသည်။ ခုံတန်း လျားတစ်ခုမှာ ထိုင်နိုင်းပြီး

"မင်းတို့ ဒီမှာ စကားပြောနေကြ ... ငါတစ်နေရာသွားပြီး မုန့်ဝယ်လိုက် ဦးမယ် ... ငါပြန်မလာမချင်း ဒီမှာပဲ စောင့်နေ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ထားခဲ့ပြီး ထွက်သွားသည်။ အောင်ဘာလေနှင့် နွေဦးတို့မှာ တကယ့်သမီးရည်းစားအစစ်တွေလို့ ပြောရမှာလည်းခက်၊ အတုလည်း မဟုတ်။ လေရှူး စိတ်ချမ်းသာအောင် သူအကြိုက်လိုက်လုပ်ရင်း စိတ်ထဲက လည်း ခပ်ပါပါဖြစ်နေကြတာ။

ဒီတော့ တကယ့်ချစ်သူစုံတွဲတွေ ပြောလေ့ရှိတဲ့ စကားမျိုးကို တရားဝင်ပြောလို့ မဖြစ်။ ဖြစ်ရင်တောင် မပြောတတ်။

ထို့ကြောင့် သူ့အကြောင်း ကိုယ့်အကြောင်းတွေသာ အပြန်အလှန် ပြောဖြစ်ကြသည်။ မိဘတွေအကြောင်း၊ သူငယ်ချင်းတွေအကြောင်း၊ အိမ်နီးချင်းတွေအကြောင်း ငယ်ငယ်က အကြောင်း စသည်ဖြင့်။ သူတို့နှစ်ယောက်စလုံးမှာ စကားကို ရွှန်းရွှန်းဝေအောင် စီကာပတ်ကုံး ပြောတတ်ကြသူတွေလည်း မဟုတ်သဖြင့် မကြာခဏ စကားစပြတ်သွားကြရသည်။ အရေးထဲမှာ အောင်ဘာလေက ဗိုက်ဆာလာသေးသည်။

"ဗိုက်ဆာလိုက်တာ ... နွေဦးကော မဆာဘူးလား"

"နည်းနည်းတော့ ဆာတယ်"

"တစ်ခုခုသွားစားရင် ကောင်းမယ်ထင်တယ်"

"မဖြစ်သေးဘူး ... ကိုကိုပြန်လာလို့ ဒီနေရာမှာ မတွေ့ရင်ခက်မယ်"

ထို့ကြောင့် ဟိုကြည့်၊ ဒီငေး ကြောင်တောင်တောင်လုပ်ရင်း ထိုင်နေကြရသည်။ နွေဦးသည် တစ်စုံတစ်ခုကို ရုတ်တရက်သတိရပြီး စိုးရိမ်သွားသည်။

"ကိုကိုတစ်ယောက်တော့ တစ်နေရာရာမှာများ သတိလစ်ပြီး လဲနေသလား မသိဘူး"

"ဟုတ်တယ် ... ဖြစ်နိုင်တယ်"

"ဘယ်လို လုပ်ကြမလဲ ... လိုက်ရှာကြည့်ရင် ကောင်းမလား"

"နေအုံး ... ကျွန်တော်တို့ သွားရှာနေတုန်း သူက ဘာမှမဖြစ်ဘဲ ပြန်ရောက်လာရင် လူချင်းလွဲကုန်လိမ့်မယ် ... ဒီလိုလုပ် နွေဦး ဒီမှာပဲ စောင့်နေ ကျွန်တော် သွားရှာကြည့်မယ်"

အောင်ဘာလေထွက်လာခဲ့သည်။ အနီးအနားမှာတော့ ရှာလို့ မတွေ့ ရှေ့ကို နည်းနည်းထပ်လျှောက်ကြည့်သည်။ လမ်းကွေ့တစ်ခုနှစ်ခု ကျော်လာ



ပြီးမှ သစ်ပင်တစ်ပင်ကို မှီပြီး လဲနေသော လေရှူးကို တွေ့လိုက်ရသည်။ အောင်ဘာလေ အနားကို ပြေးသွားသည်။ သတိလစ်နေတဲ့ပုံစံမျိုးတော့ မဟုတ်။ အိပ်ပျော်နေသလို ထင်ရ၏။ သေချာအောင်

"ကိုလေရှူး ကိုလေရှူး"

ဟု ခေါ်ရင်း လှုပ်နှိုးလိုက်သည်။ "အင် ... အင်"ဆိုပြီး မျက်လုံးပွင့်လာသည်။ အောင်ဘာလေကို မြင်တော့

"ဟေ့ကောင် ... မင်းအခုထိ အဝတ်အစားမလဲရသေးဘူးလား မင်္ဂလာဆောင်အချိန်က နီးနေပြီ"

"ဗျာ"

အောင်ဘာလေ ကြောင်သွားသည်။ ဒီတော့မှ လေရှူးက

"ဟာ ... ငါအိပ်မက် မက်နေတာပဲ ... အိပ်မက်ထဲမှာ မင်းတို့က မင်္ဂလာတောင် ဆောင်တော့မှာကွ ဟားဟား ... ကောင်းလိုက်တဲ့ အိပ်မက် ဒါအတိတ်ကောင်း နိမိတ်ကောင်းကွ"

"သွားရအောင် ... ဟိုမှာ နွေဦးတစ်ယောက်ထဲ ထားခဲ့ရတာ"

"ဟေ ... ဟုတ်သားပဲ"

ဆိုပြီး လူးလဲထသည်။ နွေဦးရှိရာသို့ ပြန်လျှောက်အလာ စွယ်တော်ပင်အောက်မှာ ပူးပူးကပ်ကပ် ထိုင်နေကြသော အတွဲတစ်တွဲကို ကြည့်ပြီး

"ဟေ့ကောင် အားမကျဘူးလား ... သေသေချာချာကြည့်ပြီး အတုယူထား"

ဟု ပြောသေးသည်။ အောင်ဘာလေက "ဟာဗျာ"ဆိုပြီး မျက်နှာလွှဲလိုက်၏။

ဆက်လျှောက်လာကြရင်းက

"ဟာ ... ဟိုမှာ"

အောင်ဘာလေက လက်ညှိုးထိုးပြသည်။ ခုံတန်းလျားမှာ ထိုင်နေသော နွေဦး၏ ရှေ့မှာ လူတစ်ယောက် ရပ်နေသည်။ နွေဦးကို တစ်စုံတစ်ခု ပြောသည်။ နွေဦးက ခေါင်းခါပြီး ထရပ်သည်။ တစ်ဘက်ကို ထွက်သွားမည် ပြုစဉ် ထိုသူက ရှေ့မှ ပိတ်ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများ"

အောင်ဘာလေ စကားမဆုံးခင် လေရှူးက ပြေးထွက်သွားသည်။ အောင်ဘာလေလည်း နောက်က ပြေးလိုက်သွားရသည်။ အနားရောက်သော အခါ

"မင်း ဘာလုပ်တာလဲကွ"

ဟု ပြောရင်း လေရှူးက ဆွဲထိုးလိုက်သည်။ ဟိုက လန့်ပြီး ရှောင်လိုက်သော်လည်း အငိုက်မိသွားသဖြင့် နားထင်ကို ထိသွားသည်။ သူကလည်း ခပ်ညံ့ညံ့တော့မဟုတ်။ ဟန်ချက်ပျက်ပြီး ငိုက်ကျသွားရင်းက ခြေထောက်နှင့် နောက်ပြန်တစ်ချက် လှည့်ကန်ထည့်လိုက်သည်။ ထိုစဉ် နောက်မှ ကပ်ပါသွားသော အောင်ဘာလေက လေရှူးရှေ့မှာ ဝင်ကာလိုက်သည်။ ထို့ကြောင့် သူ့ရင်ဘတ်ကို ကန်မိသဖြင့် အင့်ကနဲ ဖြစ်ပြီး ယိုင်ထိုးသွားသည်။

"အမယ် ... မင်းက"

ဆိုပြီး လေရှူးက ဟိုလူကို ဝင်ပူးလိုက်သည်။ လည်ပင်းကို လက်မောင်းနှင့် လက်ဖျံကြားညှပ်ပြီး ညှစ်ထားလိုက်သည်။ လေရှူးမှာ စိတ်တက်ကြွလာလျှင် တကယ်သန်သူဖြစ်၏။ သူတို့လို လူမျိုးတွေက ဒါမျိုး ဖြစ်တတ်သလားမသိ။ ဟိုလူမှာ လေရှူးလက်ထဲက မလွတ်နိုင်ဘဲ တအီးအီးဖြစ်နေသည်။ အောင်ဘာလေက အတင်းဝင်ဆွဲရသည်။

"ကိုကို ... ကိုကို သတိထားပါအုံး"

ဆိုသော နွေဦး၏ အသံကို ကြားမှ လွှတ်ပေးလိုက်သည်။ ဟိုလူမှာ အသက်ကို ဝအောင် မနည်းရှူရင်း မောနေသည်။ မျက်နှာကလည်း နီရဲနေသည်။

"မင်း ... မင်း ငါ့နှမကို ဘာလုပ်တာလဲ"

လေရှူးက ဟောက်လိုက်သည်။ ဟိုလူက လည်ပင်းကို လက်နဲ့ စမ်းနေရင်းက

"ဘာလုပ်လို့လဲဗျ ... သူတစ်ယောက်ထဲ ထိုင်နေတာ တွေ့လို့ ရုပ်ချောရုပ်မျိုးတစ်ယောက်အနေနဲ့ ဘာအကူအညီလိုသေးလဲလို့ မေးရုံပဲ ရှိသေးတယ် ... ခင်ဗျားက"



"အပိုတွေ ပြောမနေနဲ့ မင်းအကြောင်းငါမသိဘူး မှတ်နေသလား"

လေရှူးက ရှေ့တိုးမည့်ဟန်ပြင်သေးသည်။ အောင်ဘာလေက လက်မောင်းကို ကိုင်ပြီး ဆွဲထားသည်။ လူတစ်ချို့အနား ရောက်လာပြီး တစ်ဇွေ တစ်စောင်းအကဲခတ်နေကြသည်။ လေရှူးက

"ဒီကောင် ကျုပ်နှမကို ရိသဲ့သဲ့လာလုပ်လို့ ဆုံးမလိုက်တာဗျ"

ဟု ပြောသည်။ ဟိုလူက အခြေအနေကို ရိပ်စားမိပြီ။ ရှက်လည်း ရှက်သွားသည်။ ဆက်နေလျှင် သူပဲ ခံရမည်။ ထို့ကြောင့်

"ကျွန်တော်က စေတနာနဲ့ပါဗျ"

ဟု ပြောရင်း အောင်ဘာလေကို တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ခပ်သုတ်သုတ်လှည့်ထွက်သွားသည်။

"ဒီကောင် ငါတို့ရပ်ကွက်ထဲမှာ နေတာကွ အလကားကောင် လူရှုပ်ပေါ်ကြော့နေပြီပြီး လတ်လျား လတ်လျားလုပ်နေတတ်လို့ သူ့ကို လတ်လျားလို့ပဲ ခေါ်ကြတယ် ... မင်းဝင်ဆွဲလို့ပေါ့ကွာ နို့မို့ဆို ဒီကောင်မသက်သာဘူး"

လေရှူးက မကျေမချမ်းပြောသည်။ နွေဦးက

"စောစောက ထိသွားတာ ဘယ့်နှယ်နေသေးသလဲ"

ဟု အောင်ဘာလေကို စိုးရိမ်သော လေသံဖြင့် မေးသည်။

"နည်းနည်း အောင့်သွားတာပါ ... ဒီလောက် မဟုတ်ပါဘူး"

အောင်ဘာလေရဲ့ အင်္ကျီပေါ်မှာတော့ 'လတ်လျား'ဆိုတဲ့ကောင်ရဲ့ ဖိနပ်က မြေမှုန့်တွေ စွန်းထင်းကျန်ရစ်သည်။ နွေဦးက လက်ကိုင်ပုဝါလေးကို ထုတ်ပြီး သုတ်ပေးသည်။ လေရှူးက ဒါကိုကြည့်နေရင်းက

"ဟေ့ကောင် အောင်ဘာလေ ... နောက်ဆိုရင် နွေဦးရဲ့ ဘေးကနေ မင်း တစ်ဖဝါးမှ မခွာနဲ့ ... ငါဟာငါ ဘာဖြစ်နေနေ ဂရုစိုက်စရာမလိုဘူး ဟာ ရှုပ်ပါတယ်ကွာ ... ငါလိုက်လာတာကိုက ကန့်လန့်ကန့်လန့်နဲ့ နောက်ဆိုရင် ငါတစ်နေရာရာမှာ နေခဲ့မယ် ... မင်းတို့ဘာသာ လွတ်လွတ်လပ်လပ် သွားကြ"

ဟု ပြောသည်။ အောင်ဘာလေကတော့ စောစောကကောင်ကို မျက်စိထဲ မြင်ယောင်နေသည်။ ဝတ်စားထားပုံက သားသားနားနား၊ ရုပ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တယ်ဟုတွေးရင်း မနာလိုချင်သလို ဖြစ်မိ၏။ အဲဒီကောင်က နွေဦးကို တစ်ဖက်သတ်ကြိုက်နေတာဖြစ်ရမယ်။ ငါ၀င်ကူညီပေးရကောင်းမလားဟု သူ့၀သီအတိုင်းယောင်ပြီး စဉ်းစားမိသေးသည်။ ပြီးမှ တစ်ချို့ကိစ္စတွေမှာ မတောင်းဘဲနဲ့ အတင်း၀င်ပြီး မကူညီရဘူးလို့ အဖေပြောတာ ဒါမျိုးနေမှာပါ ဆိုသော အတွေးက ထူခြားစွာ ဆက်တိုက်၀င်ရောက်လာသည်။

..........

နောက်တစ်ကြိမ်ကျတော့ လေရူးက "ငါပါရင် ရှုပ်နေမယ်" ဆိုပြီး ဘီလိယက်ခုံမှာ ၀င်နေခဲ့သည်။

"မင်းတို့ ရုပ်ရှင်သွားကြည့်ကြ"

ဟု ပြောသည်။

"ရုပ်ရှင်ချိန်က တစ်နာရီကျော်ကျော်လောက်တောင် လိုသေးတယ်"

အောင်ဘာလေက စောဒက တက်တော့

"အိုကွာ ... စားသောက်ဆိုင်တစ်ဆိုင်မှာ၀င်ထိုင်ရင်း အချိန်ဖြုန်းနေကြပေါ့"

"ကိုကိုပါ လိုက်ခဲ့ပါလား ... ကျွန်မတို့ချည်းပဲဆိုရင် ပျင်းစရာကြီး"

"ပျင်းရင်လည်း ပန်းခြံတစ်ခုခုထဲ သွားထိုင်ပြီး စကားပြောကြ"

"ပြောစရာစကားလည်း သိပ်မရှိတော့ဘူး"

"ဒါဆိုလည်း သီချင်းတွေ ဘာတွေ ဆိုကြပေါ့ကွ"

ဟု အကြံပေးလေသည်။ အောင်ဘာလေမှာ ဒီလောက်တော့လည်း မကြောင်ရဲသဖြင့် သူပြောသလို လုပ်လို့မဖြစ်။ နွေဦးကလည်း

"ကိုကိုကလည်း ဘာတွေ လျှောက်ပြောမှန်းမသိဘူး ... ရှက်စရာကြီး"

ဟု ဆိုသည်။

ထို့ကြောင့် သူတို့နှစ်ယောက်မှာ ရုပ်ရှင်ချိန်မတိုင်ခင် ဘယ်နားသွားနေပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြရ၏။ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်ပြီး ယောင်ချာချာလုပ်နေကြသည်။ နောက်ဆုံးတော့ ရုပ်ရှင်ရုံနားအထိ ဘတ်စ်



ကားစီးသွားပြီး အအေးဆိုင်တစ်ဆိုင်မှာ ၀င်ထိုင်ပြီး နေကြဖို့ ဆုံးဖြတ်လိုက်သည်။

မိုးဖွဲဖွဲရွာလာသည်။ သူတို့စီးရမယ့် ဘတ်စ်ကားက မလာသေး။ တခြားလိုင်းကားတစ်စင်း ဆိုက်လာသည်။ ကားပေါ်က ဆင်းလာသူတွေထဲမှာ ဦးဇင်းတစ်ပါးလည်း ပါသည်။ ကျမ်းစာအုပ်အထူကြီးတွေ ထည့်ထားသော အိတ်ကြီးနှစ်လုံးကို လက်တစ်ဘက်စီဆွဲလာသည်။ ထီးကိုလည်း တွဲကိုင်လာရသဖြင့် မနိုင်မနင်းဖြစ်နေ၏။ ထီးဖွင့်ဆောင်းမယ်ဆိုလျှင် လက်နှစ်ဘက်အားသွားအောင် အထုပ်ကြီး နှစ်ထုပ်ကို မြေပေါ်ချရတော့မည်။ တရားစာအုပ်တွေမို့ အောက်ချချင်ဟန်မတူ။ တင်စရာနေရာလည်း မရှိ။

အောင်ဘာလေက အနားကို ပြေးသွားသည်။

"အထုပ်တွေ တပည့်တော်ကိုပေးထားပါလား ဘုရား"

ဆိုပြီး လက်လှမ်းယူလိုက်သည်။ ဦးဇင်းက "ကျေးဇူးပဲဒကာ"ဟု မိန့်ပြီး ထီးဖွင့်ဆောင်းသည်။ ထိုအခါ လက်တစ်ဘက်က မအားတော့။ ကျန်လက်တစ်ဘက်ထဲနဲ့ အိတ်ကြီးနှစ်လုံးကို သယ်နိုင်မှာမဟုတ်။

"ကျောင်းက သွားရမှာ ဝေးသလားဘုရား"

ဟု အောင်ဘာလေက မေးလိုက်သည်။

"အင်း ... အတွင်းထဲတော့ နည်းနည်း၀င်ရမယ်"

"ဒို့ လိုက်ပို့ပေးရအောင် ... အချိန်လည်း ရသေးတာပဲ"

ဟု ဘေးမှာလာရပ်ပြီး ထီးမိုးပေးသော နွေဦးကို လှည့်ပြောသည်။ နွေဦးက ခေါင်းညိတ်ပြသည်။

"တပည့်တော်တို့ လိုက်ပို့ပေးပါ့မယ်"

"ကောင်းပါလေ့ဗျာ ... ကျုပ်ကို တစ်အိတ်ပေး"

ဘုန်းကြီးကျောင်းက အတွင်းကို နှစ်ဖာလုံနီးပါးလောက် သွားရသည်။ စာအုပ်ကြီးတွေက အတော်လေးသား။ နှစ်အိတ်လုံးကိုသာ ဦးဇင်းတစ်ပါးထဲ ဆွဲသွားရလျှင် အတော်ပင်ပန်းလိမ့်မည်။

ကျောင်းပေါ်တက်သွားတော့ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေသော ဆရာတော်ကြီးက မျက်လုံးကို မှေးကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တီသ ပြန်ရောက်လာပြီလား ... အော် ဧည့်သည်တွေ လည်းပါလာသကိုး ထိုင်ကြ ... ထိုင်ကြ"

အောင်ဘာလေနှင့် နွေဦးတို့က ထိုင်ပြီး ဦးချလိုက်သည်။ ဦးပဖွင်းက စာအုပ်ထုပ်များကို ဆရာတော်ကြီးရှေ့မှ စားပွဲပေါ်တင်လိုက်ပြီး လက်အုပ်ချီလျက်

"မိုးရွာလာတော့ စာအုပ်တွေနဲ့ မနိုင်မနင်းဖြစ်နေလို့ ဒီက ဒကာနဲ့ ဒကာမလေးတို့က လိုက်ပို့ပေးကြတာပါ ဘုရား"

"ကောင်းပါလေကွယ် ... သာဓု သာဓု သာဓု ... ကျန်းမာချမ်းသာကြပါစေ ... ဒါနဲ့ စာအုပ်တွေကော စုံအောင် ရခဲ့ရဲ့လား"

"ရပါတယ်ဘုရား ... ဝိသုဒ္ဓိမဂ်ကတော့ တစ်အုပ်ပဲ ဝယ်ခွင့်ရပါတယ် လက်ကျန်နည်းနေလို့တဲ့ဘုရား"

"ဟေ ဟုတ်လား ရှိစေတော့ ရှိစေတော့ ... စက္ကူကလည်း ရှားထင်ပါရဲ့ ... အင်း ... မှုတပြီး အလှည့်ကျကြည့်ခိုင်းရမှာပေါ့လေ"

ဆရာတော်ကြီးက အုန်းသီးဆန်၊ ထန်းလျက်၊ ဘီစကွတ်မုန့်တွေ ချကျွေးသည်။ ထို့နောက် ဘယ်မှာနေကြသလဲ စသည်ဖြင့် မေးသည်။ အောင်ဘာလေက ပြန်လျှောက်တော့

"ကိုးရပ်ကွက် သီတာအေးလမ်းဟုတ်လား ... အဲဒီလမ်းထဲမှာ ဂါ့ဒကာရင်းတစ်ယောက်ရှိတယ် ... ဦးဘကြူးတဲ့ သိလား"

"သိပါတယ်ဘုရား ... လမ်းဆုံထိပ်မှာ နာရီပြင်ဆိုင်ဖွင့်ထားတယ်လေ"

"အေး ဟုတ်တယ် ... ဟောဟိုက တိုင်ကပ်နာရီကြီးဟာ သူလှူထားတာပေါ့ ... ဘာဖြစ်တယ်မသိပါဘူး ... နာရီက ရပ်နေတယ် ... ဓာတ်ခဲ အားကုန်သွားတယ်မှတ်လို့ အသစ်လဲထည့်တာလည်း မရဘူး ... အဲဒါ အားရင် တစ်ဆိတ်လောက်လာကြည့်ပေးဖို့ ပြောပေးပါလားကွယ်"

"ဟာ ဘုန်းဘုန်းကလည်း ဒါများ လွယ်လွယ်လေး ... ဒီနာရီကြီးကို တပည့်တော် ယူသွားပြီး သူ့ကို ပြလိုက်မယ် ... ပြင်ပြီးတပည့်တော်ပဲ ပြန်လာပို့ပေးမယ် ... ဒါဆို တစ်ခါထဲ ပြီးရောပေါ့ဘုရား"



"ဟုတ်သားပဲ ... ကောင်းပါလေ့ကွယ် ... ကောင်းပါလေ့"

ဒီလိုနဲ့ပဲ အောင်ဘာလေသည် နာရီကြီးကိုပိုက်ပြီး ယူလာခဲ့သည်။ ဒီတိုင်းကြီးပိုက်လာရတာ ကြည့်မကောင်းသဖြင့် နွေဦးက လမ်းထ စတိုးဆိုင် တစ်ဆိုင်မှာ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးထည့်ယူခိုင်းရသည်။

ရပ်ရှင်ရုံထဲရောက်တော့လည်း မတော်တဆ လွတ်ကျပြီး ကွဲရကောင်းမှာ စိုးလို့ဆိုပြီး အောင်ဘာလေက နာရီအိတ်ကြီးကို ပိုက်ထားသည်။ ဒီကြားထဲ ဘယ်လိုဖြစ်တယ်မသိ။ လှုပ်မိရမ်းမိရာက လွတ်နေချောင်နေသော အစိတ် အပိုင်းတွေပြန်ချိန်မိသွားဟန်တူသည်။ နာရီက ပြန်ကောင်းသွားသည်။ ပိုဆိုးတာက လက်တံတွေ ဆယ့်နှစ်နာရီနေရာလည်း ရောက်ရော တူတူတီတီ သော သံစုံတွေ ထမည်တော့သည်။ ပြီးတော့ "ဒေါင်ဒေါင်ဒေါင်"ဆိုပြီး ဆယ့်နှစ် ချက်ထိုးလေသည်။

သံစုံနာရီကြီးဖြစ်ပြီး ဓာတ်ခဲကလည်းအသစ်ဆိုတော့ အကျယ်ကြီး မည်တော့တာပေါ့။ ရုပ်ရှင်ပြနေတုန်းကြီးဆိုတော့ ရုံထဲကလူတွေ လန့်တဲ့လူ လန့်၊ ရယ်တဲ့လူ ရယ် ဖြစ်ကုန်ကြလေသည်။

နွေဦးမှာ တော်တော်ရှက်သွားရသည်။ အောင်ဘာလေနဲ့တူတူသွားတဲ့ အခါ ဒါမျိုးလေးတွေကတော့ ရှောင်လို့ မလွတ်နိုင်။ အောင်ဘာလေဆိုတဲ့ ကောင်က နွေဦးကို ချစ်ပါတယ်လို့ ဖွင့်ပြောဖို့သာ နှောင့်နှေးနေတာ။ တစ်စုံ တစ်ယောက်ကို ကူညီဖို့ဆိုရင်တော့ နည်းနည်းလေးမှ တုံ့ဆိုင်းတတ်တာ မဟုတ်။ ကူညီသင့် မကူညီသင့် စဉ်းစားတာကနောက်၊ လက်တွေ့ကူညီလိုက် တာက အရင်ဆိုတာမျိုး မကြာခဏ ဖြစ်တတ်သည်။

သွားရင်းလာရင်း ဖိနပ်ပြတ်တဲ့လူတစ်ယောက်ကို တွေ့လို့ သူ့ဖိနပ် ချွတ်ပေးပြီး ဖိနပ်မပါဘဲ လျှောက်လာတာ၊ နွေဦးက လမ်းမှဆိုင်တစ်ဆိုင်ဝင် ပြီး အသစ်တစ်ရန် ဝယ်ပေးရတာမျိုးက အသေးအဖွဲ့ပဲ။

ဘတ်စ်ကား စီးကြတဲ့အခါ နှစ်ယောက်အတူတွဲထိုင်ခွင့်ရသလောက် ပင် ဖြစ်၏။ နွေဦးက ထိုင်စရာနေရာရ၊ အောင်ဘာလေက ဘေးမှာရပ်နေ၊ နွေဦးဘေးက ထိုင်တဲ့သူ ထသွားတဲ့အခါ အောင်ဘာလေက ဝင်မထိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားရှိတဲ့ သက်ကြီးရွယ်အို မိန်းမ၊ ကလေး၊ ကျောင်းသား၊ ကျောင်းသူလေးတွေကို ထိုင်ခိုင်းသည်။ အနီးအနားမှာ မရှိရင်တောင်"

"ဟိုအဒေါ်ကြီး ဒီမှာ နေရာရှိတယ်"

ဟု လှမ်းခေါ်တတ်သည်။ ဘယ်သူမှ ထိုင်မယ့်လူမရှိလို့ သူထိုင်ခွင့်ရလျှင်လည်း သိပ်ကြာကြာမခံ။ စောစောကလို လူမျိုးတွေ တစ်ယောက်မဟုတ်တစ်ယောက်တော့ ကားပေါ်ကို မကြာခင်တက်လာတတ်တာပဲ။ တစ်ခါကလည်း သူနှင့် မတိမ်းမယိမ်းလောက်သာရှိသေးသော လူငယ်တစ်ယောက်ကို နေရာဖယ်ပေးခဲ့သေးသည်။ အကြောင်းပြချက်ကတော့

"သူ့ခမျာ ကျောပိုးအိတ်ကြီးနဲ့"

နွေဦးမှာ ဒီလိုကိစ္စတွေကို သည်းခံခွင့်လွှတ်ရသည်။ ဟုတ်တယ်လေ။ သူနဲ့အောင်ဘာလေတို့ စတင်တွေ့ဆုံသိကျွမ်းရတာကိုက ခုလိုကိစ္စမျိုးကြောင့်ပဲမဟုတ်လား။ နွေဦးအနေဖြင့် ဘယ်အတိုင်းအတာအထိ ဘယ်လောက်ကြာအောင် စိတ်ရှည်သည်းခံနိုင်မလဲဆိုတာကိုတော့ ရှေ့ဆက်စောင့်ကြည့်ဖို့သာ ရှိလေသည်။



အောင်ဘာလေနှင့် နွေဦးတို့အကြောင်းကို သိပ်မကြာခင်မှာပဲ ဦးချစ်ထူးနှင့် ဒေါ်မိမိမော်တို့ ရိပ်မိသွားကြသည်။ မသိဘဲ ဘယ်နေမလဲ။ လေရူးတို့လုပ်ပုံကိုလည်း ကြည့်အုံး။

တစ်ရက်မှာ အောင်ဘာလေနှင့် နွေဦးတို့ကို ဧည့်ခန်းထဲမှာ ထိုင်ခိုင်း၍ သူက ခေါက်တုံ့ ခေါက်ပြန်လျှောက်ရင်း သတိပေးဆုံးမစကားပြောသည်။

"မင်းတို့နှစ်ယောက်အကြောင်းကို လူကြီးတွေ သိသွားလို့ မဖြစ်ဘူး သူတို့က ဂုဏ်တွေ ငွေတွေ သိပ်မက်မောတာ ... တော်ကြာ မတူဘူး မတန်ဘူး ဆိုပြီး ဂုဏ်တံတိုင်း ငွေတံတိုင်းတွေနဲ့ ကာရံပိုင်းခြားပစ်လိုက်ရင် အဓိကြီးဝေးရလိမ့်မယ် ... ဒီတော့ သိပ်အတင့်မရဲကြနဲ့ ... သိုသိုသိပ်သိပ်နေကြ ... ကြားလား"

အောင်ဘာလေက ဘုမသိ ဘမသိ ခေါင်းညိတ်သည်။ နွေဦးကတော့ မျက်လုံးဝိုင်းနေပြီ။ ဟုတ်တယ်လေ။ လူကြီးတွေ မရိပ်မိအောင် ဝိဝိရိရိနေကြဖို့ ပြောတဲ့လူကိုယ်တိုင်က အော်ကြီးဟစ်ကျယ်ပြောနေတာကိုး။ သူ့အသံကို မီးဖိုခန်းထဲက ဒေါ်မိမိမော်သာမက အပေါ်ထပ်မှ ဦးချစ်ထူးတောင် ကောင်းကောင်းကြားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေအနေနဲ့လည်း လေရှူးပြောသလို ဂုဏ်တွေ ငွေတွေ မက်မောတတ်သူများမဟုတ်။ ကြောက်တောင်ကြောက်သေးသည်။ ဒါကြောင့်လည်း ရန်ကုန်ကို ပြောင်းလာခဲ့တာပေါ့။

နယ်မှာနေတုန်းက ငွေကြေးကြွယ်ဝပြီး ဩဇာအာဏာရှိသူတစ်ယောက်က နွေဦးကို ချွေးမတော်ချင်သည်။ သို့ရာတွင် သူတို့သားက ခပ်ဆိုးဆိုးခပ်ပေပေ။ သူတို့က မကြာခဏဆိုသလို သားရေးသမီးရေးစကား စလာတတ်သည်။ သမီးက ငယ်ပါသေးတယ်။ ဘာညာပြော၍ အလိမ္မာသုံးပြီး ရှောင်ရသည်။ နောက်တော့ တစ်ဘက်က ပါဝါသုံးပြီး ဖိအားပေးချင်လာသည်။ ကြာလျှင် ပြဿနာတက်တော့မည်။ ထို့ကြောင့် ပိုင်ဆိုင်သမျှရောင်းချပြီး ရန်ကုန်မှာလာအခြေချနေခြင်းဖြစ်၏။

သူတို့သည် ငွေမက်သူများ မဟုတ်ကြ။ ရိုးသားမှုကိုသာ အလိုရှိသည်။ အောင်ဘာလေမှာ ထိုအချက်နှင့် ပြည့်စုံသည်။ တစ်ခါတစ်ခါ ကြောင်တောင်တောင်နိုင်တာတော့ ရှိ၏။ သို့တိုင်အောင် လေရှူးနဲ့ ယှဉ်လိုက်တော့ အေးအေးအဲ့လိုဖြစ်သွားသည်။

လေရှူးကိစ္စကလည်း အောင်ဘာလေအပေါ် အထောက်အပံ့ပေးသောအချက်တစ်ချက်ဖြစ်၏။ တော်ရုံတန်ရုံလူသည် လေရှူးနှင့် အဆင်ပြေဖို့မလွယ်။ သူ့ကို သည်းညည်းခံနိုင်မှာမဟုတ်။ အောင်ဘာလေကတော့ လေရှူးနှင့် တည့်အောင်ပေါင်းနိုင်သည်။ လေရှူးကိုယ်တိုင်ကလည်း အောင်ဘာလေကို အတော်ခင်တွယ်နေသည်။

အောင်ဘာလေသည် ပညာတတ်တစ်ယောက်တော့ မဟုတ်။ ဒါလည်း ပြဿနာမရှိ။ သူတို့မိသားစုမှာလည်း ပညာတတ်ကြီးတွေမဟုတ်ကြ။ နွေဦးက တိုးတန်းအောင်ရုံပဲရှိသည်။ လေရှူးဆိုလျှင် ခုနှစ်တန်းတောင် မအောင်။

အလုပ်အကိုင်မရှိသေးခြင်းမှာ အောင်ဘာလေ၏ အားနည်းချက်တစ်ခု ဖြစ်၏။ ဒါလည်း သိပ်အရေးကြီးသော ပြဿနာမဟုတ်။ သူတို့မှာ အခြေတကျနေနိုင်လောက်အောင် စုမိဆောင်းမိ ရှိပြီးသား။ နောင်တစ်ချိန်ကျတော့ ဆိုင်လေးတစ်ဆိုင်တည်ပေးလိုက်လို့ရသေးသည်။



အောင်ဘာလေ၏ ပြောပြချက်အရ သူ့မိဘများမှာလည်း ချမ်းသာကြွယ်ဝသူများမဟုတ်ကြသည့်တိုင် တင့်တင့်တယ်တယ်အခြေအနေမှာရှိသည်။ ရိုးရိုးအေးအေးတွေထဲကပဲ။ ပြီးတော့ အောင်ဘာလေက တစ်ဦးတည်းသောသား။

အရေးပါသော အချက်တစ်ချက်ရှိသေးသည်။ သူတို့သည် နွေဦးကို ဆိုးဆိုးတေတေ လူတစ်ယောက်လက်ထဲကို ဝကွက်အပ်လိုက်ရမှာစိုးသဖြင့် ရန်ကုန်သို့ ရှောင်ထွက်လာခဲ့ခြင်းဖြစ်၏။ ခုတစ်ခါ ရပ်ကွက်ထဲက 'လတ်လျား' ဆိုသူတစ်ယောက်၏ ရန်ကို စိုးရိမ်နေရပြန်သည်။ 'လတ်လျား'ဆိုသူသည် နွေဦးကို သဘောကျနေသည်။ တစ်ခါက နွေဦးဈေးအသွားမှာ လိုက်စကားပြောဖူးသည်။ လေရှူးကို လန့်သောကြောင့် အတင့်မရဲဝံ့ခြင်းဖြစ်၏။ အိမ်ရှေ့ကိုတော့လာပြီး ဟန်ရေးပြရင်း လမ်းသလားတတ်သည်။ လေရှူးက လေးခွနဲ့ ထုမယ်လုပ်သေးသည်။ ပြဿနာတက်ကုန်မှာစိုးသဖြင့် တားထားရသည်။

လတ်လျားမှာ ခပ်ရှုပ်ရှုပ် ခပ်ပွေပွေဟု သတင်းကြားရသည်။ နွေဦးကလည်း စိတ်ဝင်စားပုံမပြ။ သို့တိုင်အောင် လတ်လျားက အဝတ်အစားကို သားသားနားနားဝတ်တတ်သည်။ ရုပ်ဖြောင့်သည်။ စကားပြောကောင်းသည်။ မိန်းကလေးတွေ 'ကျ'တတ်တဲ့ပုံမျိုး။ မတော်တဆ နွေဦးက စိတ်မခိုင်ဘဲ သူ့ဘက်ယိုင်သွားမှာကို အလွန်စိုးရိမ်နေကြသည်။

အထက်ပါအကြောင်းအချက်များကြောင့် ဦးချစ်ထူးနှင့် ဒေါ်မိမိမော်တို့သည် နွေဦးကို အောင်ဘာလေနှင့် သဘောတူထားခဲ့ကြခြင်းဖြစ်၏။ လေရှူးက အော်ကြီးဟစ်ကျယ်လျှောက်ပြောလို့ တရားဝင်သိနေသော်လည်း သူတို့ကပဲ ပြန်ပြီး မသိချင်ယောင်ဆောင်ပေးနေခဲ့ကြလေသည်။

ဦးငွေရကလည်း အောင်ဘာလေကို တီးခေါက်ကြည့်သည်။ အောင်ဘာလေက အခြေအနေကို အမှန်အတိုင်း ပြောပြသည်။

"မင်းကလည်း ကောင်မလေးကို ကြိုက်နေပြီမဟုတ်လား"

မေးတော့

"ကိုလေရှူးကတော့ အဲဒီအတိုင်းပြောတာပဲ"

ဟု ဖြေသည်။ ဒီလောက်ဆို လုံလောက်ပြီး။ ဒေါ်စောလှိုင်ကတော့ အတော်ဝမ်းသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သွားစေစပ်ထားလိုက်ရင် မကောင်းဘူးလား ... တော်ကြာ ဟိုဘက်က စိတ်ပြောင်းသွားရင်ခက်မယ် ... ရှင်သားကလည်း စိတ်ကူးတည့်ရာလုပ်တတတော့ တစ်ဘက်က စိတ်ပျက်ပြီး သဘောမတူဘူး ... ဘာညာဖြစ်သွားမှာ စိုးရတယ်"

"သိပ်မလောနဲ့လေကွာ ... ခုဟာက သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့ အခြေအနေမျိုး ... တရားဝင်သမီးရည်းစားပါလို့ ပြောလို့ မရသေးဘူး ... ကောင်မလေးကလည်း တကယ်ပဲ စိတ်ထဲကပါလို့လား ... သူ့အကိုစိတ်ချမ်းသာအောင် အလိုက်အထိုက်နေနေတာလား ... တပ်အပ်မပြောနိုင်သေးဘူး"

ဟု ဖျောင်းဖျထားရသည်။

"ကိုလေရှူးရဲ့ နာမည်က တစ်မျိုးပဲနော် ... အစကထဲက ဒီနာမည်ပဲလား"

ဟု အောင်ဘာလေက မေးသည်။

"ဘယ်ဟုတ်မလဲ အစတုန်းက ကိုကို့နာမည်က ဝေမှူးတဲ့ ... ဒါကြောင့် သူ့နာမည်နဲ့လိုက်အောင် ကျွန်မကို နွေဦးလို့ မည်ခဲ့တာပေါ့ ... နောက်တော့ ကိုကိုက ခုလိုပုံစံမျိုးဖြစ်လာတော့ လူတွေက ကျွန်မတို့ မောင်နှမကို နွေဦးနဲ့ လေရှူး ... လေရှူးနဲ့ နွေဦးဆိုပြီး စကြ နောက်ကြရာက လေရှူးဆိုတဲ့နာမည်တွင်သွားတာပဲ ... သူကိုယ်တိုင်ကလည်း ဒီနာမည်ကိုပဲ ကြိုက်နေတော့ အတည်လိုဖြစ်သွားတာပေါ့"

သူတို့နှစ်ယောက်သည် ကြေးအိုးသွားစားရန် ထွက်လာကြခြင်းဖြစ်၏။ လေရှူးက "ဈေးကွေ့နားမှာ ကြေးအိုးဆိုင်အသစ် ဖွင့်နေတယ်ပြောတယ် ... သွားစားရအောင်" ဆိုပြီး ခေါ်လာသည်။ ဘီလီယက်ခုံရှေ့ရောက်တော့ စိတ်ပြောင်းသွားပြီး

"မင်းတို့ပဲ သွားစားကြတော့ ... ငါဒီမှာ နေခဲ့မယ် ... ဖိုးကုလားဆိုတဲ့ကောင် ငါ့ကို သုံးပွဲဆက်တိုက်နိုင်ထားတာ ... ဒီနေ့တော့ စိတ်မကျေပွဲနွှဲပြီး ပညာပြန်ပေးရမယ်"



ဆိုပြီး နေခဲ့သဖြင့် သူတို့နှစ်ယောက်ထဲ ထွက်လာခဲ့ခြင်းဖြစ်၏။

"ကိုအောင်နာမည်ကလည်း ထူးခြားတာပဲနော် ... အကြောင်းရှိလို့လား"

ဟု နွေဦးက မေးသည်။

"ရှိတာပေါ့ ကိုအောင့်ကို မွေးပြီးပြီးချင်း အဖေတို့ ထီပေါက်လို့ အောင်ဘာလေလို့ မှည့်ထားတာပဲ"

(ခုအခါမှာ နွေဦးက အောင်ဘာလေကို ကိုအောင်ဟု ခေါ်နေပြီဖြစ်၏။ ဒါကလည်း လေရှူးကြောင့်ပဲ။ 'ကိုအောင်ဘာလေ ကိုအောင်ဘာလေ ဆိုတာကြီးက နားထောင်ရတာ အချိုးမပြေဘူး ... ကိုအောင်လို့ပဲ ခေါ်စမ်း' ဟု ပြောသဖြင့် သူကျေနပ်အောင် နွေဦးက လိုက်ခေါ်ရင်း အကျင့်ပါသွားပြီး သူ့ကွယ်ရာမှာလည်း ကိုအောင်လို့ပဲ ခေါ်တော့သည်။ အောင်ဘာလေကလည်း ဒီလိုအခေါ်ခံရတာကို အရသာတွေ့ပြီး သူ့ကိုယ်သူလည်း 'ကိုအောင်'လို့ပဲ သုံးနှုန်းတော့သည်။)

"ကိုလေရှူးကိုမွေးတော့ တော်တော်ခက်ခက်ခဲခဲမွေးရတယ်ထင်တယ်"

"ဟင် ... ကိုအောင်က ဘယ်လိုလုပ်သိလဲ"

"ဆရာ ဦးတင်မောင်စည်က အဲဒီလိုဖြစ်နိုင်တယ်ပြောလို့"

"အင်း အမှန်ပဲ ... ကိုကို့ကို အိမ်မှာပဲ သွားဖွားဆရာမခေါ်ပြီး မွေးတာလေ ... အဲဒါတော်တော်နဲ့ မမွေးနိုင်လို့ တိုက်နယ်ဆေးရုံကို ပြေးရတယ် ... အတော်ခက်ခက်ခဲခဲ ညှပ်ဆွဲပြီးမွေးခဲ့ရတာ ... ဒါကြောင့် ကျွန်မအလှည့်ကျတော့ စိတ်ချရအောင် ဆိုပြီး ဒီက ဆေးရုံမှာ တက်မွေးတာ အဲဒီတုန်းကလည်း"

"ခဏနော် နွေဦး ... ခဏ"

အောင်ဘာလေက ရုတ်တရက်ဖြတ်ပြောပြီး လမ်းဘေးအစပ်ကို ပြေးဆင်းသွားသည်။ ရေမြောင်းဘေးနားမှာ ခွေးတစ်ကောင် တုံးလုံးလဲနေသည်။ တစ်ကိုယ်လုံး အကြောဆွဲပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေ၏။ အဆိပ်မိသွားဟန်တူသည်။ အောင်ဘာလေက ဘေးမှာ ထိုင်ချလိုက်ပြီး လက်ဖြင့် ခေါင်းကို ပွတ်သပ်ပေးရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် ... အရမ်းမကိုင်နဲ့လေ ... ဘာဖြစ်မှန်းမသိ"

နောက်မှ ရောက်လာသော နွေဦးက သတိပေးမှ လက်ပြန်ရုပ်သိမ်းပြီး "ကျွတ် ကျွတ်" ဟု စုပ်သပ်ခေါကြည့်သည်။ ခွေးက ခေါင်းနည်းနည်းထောင်ပြီး စောင်းငဲ့ကြည့်သည်။ တစ်ခုခုပြောဆိုမှာကြားသလို "တအီအီ" ညည်းညူနေသည်။ ထို့နောက် ဆတ်ကနဲ တစ်ချက်တုန်ပြီး ခေါင်းငိုက်စိုက်ကျသွားသည်။

"ဟယ် ... သနားပါတယ်"

နွေဦးထံမှ ဂရုဏာသံ ထွက်ပေါ်လာသည်။ အောင်ဘာလေ ခုမှ သတိထားကြည့်မိ၏။ ခွေးက ခွေးမကြီး။ နို့တွေက ဖောင်းကားနေသည်။

"ဟင် ... ခွေးသားအုပ်မကြီးပဲ ... ဒါဆို"

အောင်ဘာလေ ထရပ်သည်။ ဟိုဟိုဒီဒီကြည့်သည်။

"ဘာဖြစ်လို့လဲ"

ဟု နွေဦးက မေးသည်။

"ဒီအနီးအနားတစ်ပိုက်မှာ ခွေးသားပေါက်ကလေးတွေ ကျန်ခဲ့ရမယ် ခွေးမကြီးက သေပြီဆိုတော့ အဲဒီခွေးမလေးတွေ နို့ငတ်ပြီး ဒုက္ခရောက်ကုန်တော့မှာပဲ"

ထို့နောက် အောင်ဘာလေသည် နွေဦးကို ရှိတယ်လို့တောင် ထင်ပုံမရတော့ဘဲ ဟိုဟိုဒီဒီ လျှောက်ရှာလေသည်။ အစပိုင်းတော့ နွေဦးက နောက်မှ လိုက်နေသေးသည်။ အောင်ဘာလေ မြက်ရိုင်းတောထဲ ဝင်သွားတော့မှ ရပ်စောင့်ရင်း ကျန်ရစ်ခဲ့သည်။

အောင်ဘာလေသည် ခြုံပင်တွေထဲ ဝင်ရောက်ပျောက်ကွယ်သွားပြီး တအောင့်လောက်ကြာမှ ပြန်ထွက်လာသည်။ လက်ထဲမှာ ခွေးပေါက်စလေးသုံးကောင်ကို ပိုက်လာ၏။ ခွေးကလေးတွေ 'တအုအု'အော်မြည်နေသည်။

"အထီးက နှစ်ကောင် ... ဟောဒီအညိုရောင်က အမလေး"

ဟု ပြောသည်။ သူသည် ခွေးကလေးတွေကို ရှာတွေ့သဖြင့် အတော်ကျေနပ်နေပုံရသည်။ သူ့အကျီနှင့် ဆံပင်တွေပေါ်မှာ ပိုးအိမ်မျှင်တွေ ကပ်ငြိပါလာသည်။



"ကဲ သွားကြစို့ ... လမ်းရောက်မှ ခြင်းတောင်းအဟောင်းတစ်လုံးရှာပြီး ထည့်သွားရမယ်"

"ဘယ်သွားမှာလဲ"

ဟု နွေဦးက မေးတော့

"ကြေးအိုးဆိုင်သွားမယ်လေ"

"ဒီခွေးတွေကကော"

"ခေါ်သွားရမှာပေါ့ ... ဒီအတိုင်းထားခဲ့ရင် သေကုန်လိမ့်မယ်"

ခွေးသုံးကောင်ပိုက်ပြီး ကြေးအိုးဆိုင်ထဲဝင်သွားဖို့ဆိုတာကတော့ တော်တော်ကိုးယို့ကားယားနိုင်တဲ့ ကိစ္စပဲ။ ကြေးအိုးစားနေတဲ့အချိန်အတွင်းမှာကော ဒီခွေးတွေကို ဘယ်နားသွားထားမလဲ။ ဆိုင်ကကော ဘာပြောမလဲ။ ဘေးလူတွေကကော ဘယ်လိုထင်မလဲ။ ဝိုင်းမကြည့်ဘဲ ဘယ်နေမလဲ။ အောင်ဘာလေက ဒါတွေမသိ။

"ဒီခွေးလေးတွေ ယူမလားလို့ ဆိုင်ရှင်ကို မေးကြည့်ရမယ်"

"မယူဘူးဆိုရင်ကော"

"အဲ ... ဒါဆိုရင် ... ဟာ အတော်ပဲ ... နွေဦးတို့အိမ်မှာ မွေးထားပါလား ... အိမ်စောင့်ရတာပေါ့ ... တွေ့လား အရမ်းလှတာပဲ ... ဒီကောင်လေးဆိုရင် နှာကျားလေး"

ဆိုပြီး ခွေးတစ်ကောင်ကို ပွတ်ပြနေပြန်သည်။

"အိမ်မှာထားစရာနေရာမှ မရှိဘဲ"

နွေဦးအသံက နည်းနည်းဆတ်သွားသည်။ အောင်ဘာလေက

"ဒါဆိုရင်တော့ ကိုအောင်တို့အိမ်ပဲ ခေါ်သွားရမှာပဲ ... လာ သွားစို့"

နွေဦးက ရပ်မြဲရပ်နေရင်း

"ဒီပုံစံနဲ့ ကြေးအိုးဆိုင်သွားလို့ မဖြစ်တော့ဘူး ... ကျွန်မပြန်တော့မယ်"

"ဟုတ်သားပဲ ... ဒါဆို"

ခွေးသုံးကောင်ပိုက်ပြီး လမ်းထဲဝင်သွားရမှာကို နွေဦး ရှက်နေသည်။ အောင်ဘာလေလုပ်ပုံကိုလည်း စိတ်တိုလာသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် မလိုက်နဲ့တော့ ... ကျွန်မဘာသာ ပြန်မယ်"

"ဘယ်ဖြစ်မလဲ ... လိုက်ပို့"

ထိုအချိန်တွင် ခွေးလေးတွေက 'တအုအု'အော်ပြီး အောင်ဘာလေ၏ လက်ချောင်းများကို နှိုမှတ်ပြီး လိုက်ငုံနေသည်။

"ကိုအောင့်ဘာသာ အိမ်ကို မြန်မြန်ပြန် ... ကိုအောင့်သားတွေက နှိုဆာနေပြီ"

နွေဦးက ငေါ့လိုက်ခြင်းဖြစ်သော်လည်း အောင်ဘာလေက

"ဟာ ... ဟုတ်သားဘဲ ... ဒီကောင်တွေ နို့မစို့ရတာ ကြာပြီ ထင်တယ် ... လမ်းမှာ လက်ဖက်ရည်ဆိုင်ဝင်ပြီး နွားနို့ဝယ်တိုက်ရမယ် ... အင်း နို့မှုန့်လည်း ဝယ်သွားမှ ... ဒါဆို သွားပြီနော်"

ဟု ပြောပြီး ခပ်သုတ်သုတ်ထွက်သွားသည်။ နွေဦးသည် အောင်ဘာလေထွက်သွားရာကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။ ခေါင်းကိုလည်း ခပ်ဖြေးဖြေးရမ်းခါလိုက်မိ၏။

ထို့နောက် သူတစ်ယောက်ထဲ အိမ်ပြန်လာခဲ့သည်။ လမ်းဆုံကျော်လာပြီး သူတို့ ရပ်ကွက်ဘက်ကို ချိုးဝင်လိုက်သည်။ ထိုစဉ် လက်ဖက်ရည်ဆိုင် အပြင်စားပွဲမှာ ထိုင်နေသော 'လတ်လျား'ကို ရိပ်ကနဲမြင်သည်။ ထိုသူ ထရပ်လိုက်တာကိုလည်း သတိပြုမိ၏။ နောက်က လိုက်လာခြင်းဖြစ်ကြောင်း သိလိုက်သည်။ ထိုကြောင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းသည်။ လွတ်နိုင်မယ် မထင်။ နောက်မှ တဖြေးဖြေးနီးလာကြောင်း ခံစားရသည်။ ခြေသံကိုတောင် ကြားရပြီ။

"ဘယ်က ပြန်လာတာလဲဟင်"

အသံကြားရသည်။ နွေဦးက လှည့်လည်း မကြည့်။ ပြန်လည်း မဖြေ။ လတ်လျားက ဘေးချင်းယှဉ်လာပြီး

"တစ်ယောက်ထဲလား"

နွေဦးက မလွတ်နိုင်မှန်းသိလျက် ခြေလှမ်းကို မြန်မိသည်။ ရယ်သံ သဲ့သဲ့ကို ကြားရပြီး



"စောစောက အဖော်ပါပါတယ် ... ခုတစ်ယောက်ထဲဆိုတော့ ဘာလဲ လမ်းခွဲလိုက်ကြပြီလား ... ဒါဆိုရင်လည်း ကိုယ့်မှာ မျှော်လင့်ချက်ရှိ ..."

သူ့စကားမဆုံးလိုက်။ နွေဦးက ရုတ်တရက်ချိုးကွေ့ပြီး ဘီလိယက်ခုံထဲ တန်းဝင်သွားလိုက်သည်။ လေရှူးသည် ကျူတံကိုကိုင်ပြီး ဘောလုံးကို ထိုးလုဆဲဆဲဖြစ်၏။ ဆိုင်ထဲဝင်လာသော နွေဦးကိုမြင်တော့ တန့်ခနဲဖြစ်သွားပြီး

"ဘာဖြစ်လို့"

ပြောရင်း ဆိုင်အပြင် ခပ်လှမ်းလှမ်းမှာ ကြောင်အအလုပ်ရင်းရပ်နေသော လတ်လျားကိုတွေ့သွားသည်။ လေရှူးက ဆိုင်ပြင်ကိုပြေးထွက်သွားသည်။

"ဟေ့ကောင်၊ သေပေတော့"

ဆိုပြီး ကျူတံကို လုံတစ်ချောင်းလိုကိုင်ပြီး ပစ်ရန်ရွယ်လိုက်သည်။ လတ်လျားမှာ တကယ်ပစ်မယ်မှတ်သဖြင့် လန့်ပြီးခေါင်းငုံ့ထိုင်ချလိုက်သည်။ ဆိုင်ထဲကလူများ ဝိုင်းရယ်ကြ၏။ သူရှက်ကိုးရှက်ကန်းဖြစ်သွားပြီးမှ မျက်နှာတင်းတင်းကြည့်ပြီး ခပ်သုတ်သုတ်လျှောက်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေရဲ့လုပ်ပေါက်တွေကို အပြစ်ပြောလို့မရ။ သူလုပ်သမျှ စေတနာရှေ့ထားပြီး သူတစ်ပါးအကျိုးသယ်ပိုးခြင်းသာဖြစ်၏။ သို့တိုင် အောင် တစ်ခါတစ်ရံ ကူညီရာမရောက်ဘဲတလွဲတချော်ဖြစ်သွားရ၏။ တစ်ခါ တလေမှာတော့ ကူညီလိုက်တဲ့လူက အဆင်ပြေသွားသော်လည်း ဘေးလူ က ခွကျကျဖြစ်သွားရတာမျိုး ကြုံတတ်သည်။ နွေဦးမှာ အောင်ဘာလေ နှင့်အတူသွားတိုင်း၊ ဒါမျိုးတစ်ခုမဟုတ်တစ်ခု တွေ့ရသည်။ အောင်ဘာလေ ရဲ့ စိတ်ရင်းကို နားလည်သော်လည်း ဖြစ်ဖန်များတော့ တစ်ခါတစ်ခါ စိတ် ပျက်ချင်လာသည်။

ဒီလိုနဲ့ပဲ ... တစ်ရက်မှာတော့

နွေဦးတို့အစ်မဝမ်းကွဲတစ်ယောက် နယ်ကရောက်လာသည်။ ဘုရား ကိုလိုက်ပို့ပေးဖို့အတွက် အောင်ဘာလေကိုချိန်းသည်။ ချိန်းထားတဲ့အချိန် ထက် အတော်နောက်ကျတဲ့အထိ အောင်ဘာလေကရောက်မလာ။ သူ့ ထုံးစံအတိုင်း ကိစ္စတစ်ခုခုတော့ပေါ်နေပြီဆိုတာ နွေဦးကသိသည်။ အစ်မ ဝမ်းကွဲလုပ်သူကတော့

"ညည်းလူက ဟန်ကောဟန်ရဲ့လားအေ၊ ခုတောင် ဒီလို မလေး မစားလုပ်နေရင် နောက်ဆို ပိုဆိုးတော့မပေါ့၊ ကြည့်လည်းလုပ်ပါဦး"

ဟု မှတ်ချက်ချသည်။ တွေ့တောင်မတွေ့ရသေး။ အောင်ဘာလေ



အပေါ် အစ်မရဲ့ထင်မြင်ချက်က သိပ်မကောင်းလှ။ ဒီကြားထဲ အောင်ဘာ လေကသာ တစ်ခုခုမတော်မတည့်လုပ်လာခဲ့ရင်တော့ ... ဟု တွေးရင်း နွေဦးမှာ မျက်ခုံးခပ်လှုပ်လှုပ်ဖြစ်နေရ၏။

အောင်ဘာလေ နောက်ကျနေတဲ့အကြောင်းကတော့ ဒီလိုတဲ့။

သူ့အိမ်ကထွက်လာပြီးနောက် ကားမှတ်တိုင်ဆီ မြန်မြန်ရောက် အောင်ဆိုပြီး ဖြတ်လမ်းအတိုင်းလာခဲ့သည်။ လမ်းမှာအိမ်ကြို့အိမ်ကြားက ဖြတ်ရသည်။ တစ်နေရာအရောက်တွင် ကလေးမလေးတစ်ယောက်ထိုင်ငို နေတာတွေ့ရ၏။

"ဟဲ့ သေးသေး၊ ဘာဖြစ်လို့ငိုတာလဲ"

အောင်ဘာလေကမေးသည်။ ကလေးမလေးက ရှိုက်လက်စနှင့်

"သမီးကို ကယ်ပါဦး"

"ဟင်၊ သမီးက ဘာဖြစ်နေလို့လဲ"

"သမီးမဟုတ်ဘူး၊ နက်ကျုတ်"

"နက်ကျုတ်ဟုတ်လား"

"ဟုတ်တယ်၊ သမီးကြောင်လေး"

"ကြောင်လေး ... ဘာဖြစ်လဲ"

"အိမ်သာတွင်းထဲကျနေလို့"

ပြောပြီး အိမ်တစ်လုံး၏နောက်က အိမ်သာဘက်လက်ညှိုးထိုးပြ သည်။ အောင်ဘာလေသွားကြည့်တော့ ကြောင်လေးတစ်ကောင်သည် အိမ်သာတွင်းထဲမှာ ခေါင်းအထက်ပိုင်းလောက်သာပေါ်ပြီး ယက်ကန် ယက် ကန်ဖြစ်နေ၏။ မစင်တွေက ပျစ်ချွဲပြီး ရွှံ့နွံတွေလိုဖြစ်နေသဖြင့် ကူးခတ်လို့ လည်းမရဘဲ မနစ်မပေါ်အခြေအနေမျိုးရောက်နေသည်။ ကြာလျှင် တဖြည်း ဖြည်း မြုပ်သွားတော့မည်။

အောင်ဘာလေ ဟိုဒီကြည့်ပြီး ဝါးလုံးများတွေ့လိုတွေ့ငြားရှာသည်။ ဝါးခြမ်းပြားတစ်ချောင်းကိုတွေ့သဖြင့် ဆွဲယူပြီး အိမ်သာတွင်းထဲထည့်ကြည့် သည်။ ကြောင်လေးရှိရာသို့မမှီဘဲဖြစ်နေ၏။

www.burmeseclassic.com



ဟိုရှာဒီရှာလုပ်ရပြန်သည်။ သစ်ကိုင်းခြောက်တစ်ခုတွေ့သည်။ ဝါးခြမ်းပြားထိပ်မှာ ဆက်လိုက်လျှင် မှီနိုင်သည်။ ကြိုးရှာရပြန်၏။ တော်တော်နှင့်မတွေ့။ နောက်တော့မှ အိမ်သာတံခါးမှာလက်ကိုင်ကွင်းအဖြစ် ချည်ထားသော ပလတ်စတစ်ကြိုးကိုဆွဲဖြတ်ပြီး အသုံးပြုလိုက်ရသည်။ ကြိုးကတိုနေသဖြင့် သိပ်တော့ခိုင်မယ်မထင်။

"မြန်မြန်လုပ်ပါ၊ နက်ကျုတ်လေး သေတော့မယ်"

သေးသေးကအော်နေပြန်သည်။

"ရပြီ၊ ရပြီ"

**အောင်ဘာလေက သစ်ကိုင်းများကို ကြောင်လေးနားသို့ချပေး**ကြည့်သည်။ လက်တွေက ရှန်းထွက်လို့မရသဖြင့် အခက်တွေ့နေသည်။ နှုတ်သီးနားကိုတေ့ပေးကြည့်၏။ ကြောင်လေးက သစ်ကိုင်းဖျားကိုကြောက်လန့်တကြားလှမ်းကိုက်သည်။ ဒါကိုအခွင့်ကောင်းယူပြီး ဝါးခြမ်းပြားကို ငါးများတန်သုတ်သလို ဆွဲတင်လိုက်သည်။ တစ်ထွာလောက်အထိ မြောက်တတ်လာပြီးမှ ပြန်ပြုတ်ကျသွားသည်။ အရှိန်နှင့်ကျသဖြင့် နဂိုကထက်တောင် ပိုမြုပ်သွားသလားထင်ရ၏။

**"အမလေး သေပါပြီ"**

သေးသေးက အော်လိုက်သည်။ ကြောင်လေးက တစ်ချက်နှစ်ချက်လူးလွန့်လိုက်သဖြင့် ခေါင်းပြန်မော့လာသည်။ သစ်ကိုင်းကို နှုတ်သီးနားတေ့ပေးလိုက်ပြန်သည်။ ကြောင်လေးကလည်း သူ့ဘာလုပ်ရမယ်ဆိုတာသဘောပေါက်သွားပုံရသည်။ သစ်ကိုင်းဖျားကို ကိုက်ထားလိုက်သည်။ ဒီတစ်ခါတော့ အောင်ဘာလေက ဖြည်းဖြည်းချင်းဆွဲတင်သည်။ လက်ထွက်လာသောအခါ ကြောင်ကလေးက သစ်ကိုင်းကိုကုပ်တွယ်ထားလိုက်သည်။

"အဲ ... ဒီလိုမှပေါ့ကွ၊ မြဲမြဲကိုင်ထားနော်၊ နက်ကျော်"

"နက်ကျုတ်ပါ ဦးဦးရဲ့"

"အေးပါ၊ စကားမပြောနဲ့ တော်ကြာ လက်တုန်ပြီး ပြုတ်ကျသွားဦးမယ်"

"ဦးဦးပဲစပြောပြီးတော့"



အောင်ဘာလေက ငြင်းမနေတော့ဘဲ ဝါးခြမ်းပြားကို ဘယ်လက်ညာလက်တစ်လှည့်စီ ထိန်းကိုင်ရင်းဆွဲယူသည်။ ထိုအချိန်တွင် ချည်ထားသော ကြိုးက သိပ်မခိုင်တာတစ်ကြောင်း ကြောင်လေးရဲ့ အလေးချိန်ကြောင့်တစ်ကြောင်း သစ်ကိုင်းကလည်ပြီး ကျသွားပြန်သည်။

"ဟယ်"

ပြုတ်တော့မထွက်၊ ဝါးခြမ်းပြားနှင့်ထိပ်ဖျားက သစ်ကိုင်းမှာ ကျင်တွယ်ပုံဖြစ်သွားသည်။ ကြောင်ကလေးကတော့ သစ်ကိုင်းဖျားကိုအတင်းကုပ်တွယ်ထားဆဲ။

"နက်ကျုတ် သေသေချာချာကိုင်ထားနော်၊ ခဏလေး ခဏလေး အားတင်းထား"

**ဟု သေးသေးက ပြောသည်။ ကြောင်ကလေးကလည်း နားလည်**ဟန်ဖြင့် ခပ်သဲ့သဲ့ပြန်၍အသံပြုသည်။ အောင်ဘာလေက လက်လှမ်းမှီလောက်တဲ့အချိန်မှာ သစ်ကိုင်းအရင်းပိုင်းကို လှမ်းကိုင်လိုက်သည်။ ထိုနောက် ဖြည်းဖြည်းချင်းဆွဲမြှင့်သည်။ တွင်းနှုတ်ခမ်းဝနား အရောက်တွင် ကြောင်ကလေးမှာ လက်အံသေသွားဟန်တူသည်။ လျှောခနဲကျသွား၏။

"ဟာ"

သေးသေးက အော်လိုက်သည်။ သို့ရာတွင် ကြောင်ကလေးမှာပြုတ်ကျမသွား။ အောင်ဘာလေက မိရာကိုဖမ်းဆွဲလိုက်ရာ နားရွက်ကိုဆွဲမိသွားသည်။ သုတ်ခနဲဆွဲလိုက်တော့ ကားယားကလေးပါလာသည်။ မြေပေါ်ဖုတ်ခနဲကျလာသည်။ ခဏငြိမ်နေပြီးနောက် ကိုယ်ကိုခါထုတ်လိုက်သဖြင့် ဖွာခနဲ လွင့်စင်ထွက်လာသော အညစ်အကြေး အစအနတွေက အောင်ဘာလေ၏ အင်္ကျီပေါ်မှ စွန်းထင်းပေကျံကုန်သည်။ ဒါတွင်မက ကြောင်ကလေးက ကြောက်လက်စနဲ့ ပြေးမိပြေးရာစွတ်ခုန်ထွက်လိုက်ရာ ဆောင့်ကြောင့်ထိုင်နေသော အောင်ဘာလေ၏ပုဆိုးကြားထဲသို့ စွတ်ခနဲဝင်သွားလေသည်။

အိမ်ပြန်အဝတ်အစားလဲဖို့ အချိန်မရှိတော့။ ထို့ကြောင့် လဘက်ကို စင်အောင်ဆေး အဝတ်အစားတွေပေါ်ကဟာတွေကို စက္ကူစုတ်ဖြင့်ရစ်ပတ်၍ ပွတ်ပြီး အမြန်ထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေဦးတို့အိမ်ကိုရောက်တော့ ချိန်းထားတဲ့အချိန်ထက် အတော်လေး တောင်နောက်ကျနေပြီ။ နွေဦးနှင့် သူ့အစ်မ ဝမ်းကွဲတို့သည် ဝတ်ကောင်းစားလှတွေဝတ်ပြီး ဧည့်ခန်းထဲမှာ အဆင်သင့်ထိုင်စောင့်နေကြသည်။ စောင့်ရတာကြာလို့ တောင့်တောင့်တင်းတင်းကြီးတွေ ဖြစ်နေကြ၏။

အောင်ဘာလေက ကုလားထိုင်မှာဝင်ထိုင်ရင်း သွားဖြဲပြလိုက်သည်။ နွေဦးနှင့်အစ်မဝမ်းကွဲတို့က နှစ်ယောက်တွဲကုလားထိုင်မှာ ထိုင်နေကြခြင်းဖြစ်၏။ အောင်ဘာလေက ထိပ်တည့်တည့်ကုလားထိုင်မှာ ဝင်ထိုင်သည်။ **အစ်မဝမ်းကွဲနှင့်ပိုနီးသည်။**

"နောက်ကျလိုက်တာ"

နွေဦးက ပြောလိုက်သည်။

"သြော် ... ဟိုဒင်း ... နက်ကျူတ်လေ၊ အိမ်သာတွင်းထဲကျနေလို့"

နောက်ကျနေကတည်းက မကြည်မလင်ဖြစ်နေခဲ့သော အစ်မဝမ်းကွဲက အောင်ဘာလေကို စိမ်းစိမ်းကြီးကြည့်နေသည်။

"နေကောင်းတယ်နော်"

ဟု အောင်ဘာလေက နှုတ်ဆက်သည်။ ဟိုက စိမ်းစိမ်းကြီးကြည့်ရာကနေ ပြုံးပြုံးကြီးဖြစ်လာသည်။ အစ်မဝမ်းကွဲလုပ်သူမှာ အလွန်ဇီဇာကြောင်သည်။ အသန့်အပြန့်ကြိုက်သည်။ ရှုလည်းရှုတတ်သည်။ ထို့ကြောင့် အဝတ်အစားသပ်သပ်ရပ်ရပ် သားသားနားနားဝတ်လာခဲ့ဖို့ နွေဦးကမှာထားသည်။ အောင်ဘာလေကလည်း စတစ်ကော်လာအင်္ကျီအဖြူ အသစ်စက်စက်နှင့် အပြာနုရောင်ပလေကပ်လုံချည်ကို ဝတ်လာခဲ့သည်။ အင်္ကျီသစ်က ဖြူဆွတ်နေသောကြောင့် စိမ်းစိမ်း၊ ဝါဝါ၊ ညိုညို အစက်အပြောက်တွေက ပိုပြီးထင်ထင်ရှားရှားမြင်နေရသည်။ ပုဆိုးပေါ်မှာပေနေသော အကွက်ကြီးကလည်း အတွင်းဘက်ထည့်ပြီး လှည့်ဝတ်လာခဲ့တာ အခုထိုင်ချလိုက်တော့ ဘွားခနဲထင်းခနဲ ပေါ်လာလေသည်။ နွေဦးက

"ဟင်၊ ကိုအောင့်အင်္ကျီပေါ်မှာ ဘာတွေပေနေတာလဲ၊ လုံချည်မှာကော"

ထိုအခိုက်တွင် အစ်မဝမ်းကွဲက



"ဟင် ... ဘာနဲ့ကြီးလဲ"

ဆိုပြီး ရင်ဘတ်ကိုဖိ၊ မျက်လုံးကြီးပြူးကြောင်ကြောင်ဖြစ်သွားသည်။ အောင်ဘာလေကတော့ သိပ်မထူးခြားဟန်ဖြင့် အေးအေးဆေးဆေးရှင်းပြနေသေးသည်။

"အိမ်သာတွင်းထဲကနေ အတော်ခက်ခက်ခဲခဲဆယ်ယူရတာ အပေါ်လည်းရောက်ရော ကြောင်လေးက ကြောက်လန့်ပြီး ခါထုတ်လိုက်တာ၊ အင်္ကျီနည်းနည်းပေသွားတယ်၊ ဒီကောင်က တော်တော်ဆိုးတာ၊ ပုဆိုးကြားထဲအတင်းတိုးဝင်တော့ ... "

"အေ့ ..."

**အစ်မဝမ်းကွဲမှာ ပျို့တက်လာပြီး မျက်လုံးတဝိုပြူးသွားသည်။** အောင်ဘာလေရဲ့စိတ်ထဲမှာ သူတို့အမျိုးတွေဟာ ဒီလိုပဲ ဝက်ရူးပြန်တတ်တယ်ထင်တယ်ဟု တွေးမိ၏။ လေရူးတုန်းကလို နှိပ်ပေးမှပဲဆိုပြီး ထရပ်လိုက်သည်။ ရှေ့သို့တစ်လှမ်းတိုးသည်။ ဒီတော့မှ ပိုဆိုးသွားသည်။ အောင်ဘာလေရဲ့ ပုဆိုးပေါ်မှာ ပေနေသောအကွက်နေရာက အစ်မဝမ်းကွဲ၏ နှာခေါင်းနှင့်တစ်တန်းတည်း အနေအထားဖြစ်သွားသည်။ ရုတ်တရက် ထရပ်လိုက်သဖြင့် ပုဆိုးက ယပ်ခတ်သလိုလှုပ်ပြီး လေဟပ်သွားသောအခါ အနံ့ဆိုးတွေကတည့်တည့်ကြီး တိုးဝင်သွားတော့သည်။

"အွတ် ... အွတ်"

အစ်မဝမ်းကွဲမှာ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်မိသောအချိန်နှင့်လည်း တိုက်ဆိုင်သွားသဖြင့် မရှူနိုင်မကယ်နိုင်ဖြစ်သွားသည်။ ပါးစပ်ကိုပိတ်ပြီး နောက်ဖေးဘက်ထပြေးသည်။ သို့ရာတွင် အချိန်မမီတော့ဘဲ ဧည့်ခန်း ကြမ်းပြင်ပေါ် ဝေါခနဲထိုးအန်ချလိုက်သည်။

"ဟင် ... အစ်မ"

"ဟဲ့ ... ဟဲ့ ဘာဖြစ်တာလဲ"

ဒေါ်မိမိမော် ပြေးထွက်လာသည်။ အစ်မဝမ်းကွဲ၏ကျောကို ဖိပေးသည်။ ပြီးတော့ နောက်ဖေးဘက်သို့ခေါ်သွားသည်။

နွေဦးသည် အောင်ဘာလေကို ခပ်တင်းတင်းကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုလုပ်ဖို့တော့ မကောင်းဘူးထင်တယ် ကိုအောင်”

“ကိုအောင် ဘာလုပ်လို့လဲ၊ သူ့ဘာသာဖြစ်တာပါ။ ဆရာဝန်လေး ဘာလေးပြကြည့်ပါဦး၊ ကေန္တ ကလေးရှိနေပြီထင်”

“ဘာပြောတယ်၊ တော်တော်ရိုင်းပါလား၊ ပြီးတော့ ဒီလောက် ညစ်ပတ်နံစော်နေတဲ့ အဝတ်အစားတွေနဲ့ အစ်မရှေ့ကိုရောက်လာတာ ကျွန်မကို တမင်စော်ကားလိုက်တာပဲ”

“အိမ်ပြန်အဝတ်အစားလဲဖို့ အချိန်မရတော့လို့ပါ”

“တော်ပါတော့၊ ရှင်းပြမနေပါနဲ့တော့၊ ကဲ ... ပြန်ရင်ကောင်းလိမ့်မယ်ထင်တယ်”

အောင်ဘာလေက ဘာမှပြန်မပြောတော့ဘဲ တစ်စုံတစ်ခုကိုရှာသလို ဟိုကြည့်ဒီကြည့်လုပ်နေသည်။ ပြီးမှ စားပွဲအောက်အဆင့်ပေါ်က သတင်းစာ အဟောင်းတစ်စောင်ကိုယူသည်။ စာရွက်ခွဲထုတ်ပြီးလုံးချေလိုက်သည်။ ခွေလုမ်းပြင်သည်။ နွေဦးက

“ဒါက ဘာလုပ်မလို့လဲ”

အောင်ဘာလေက ကြမ်းပေါ်ကိုလက်ညှိုးထိုးပြပြီး

“ဟို ... အန်ဖတ်တွေ သုတ်ပေးမလို့ ... ရေတာစ်ခွက်လောက်ရရင် ရေဖတ်ပါတိုက်”

“မလိုပါဘူး၊ သွားပါတော့၊ သွားပါတော့၊ နောက်ကိုလည်းဘယ်တော့မှ မလာနဲ့တော့”

နွေဦးက အော်လိုက်သည်။ သူ့ ခုလိုဒေါသဖြစ်တာ တစ်ခါမှမမြင်ဖူးသဖြင့် အောင်ဘာလေ ခဏမျှငေးကြောင်ကြည့်နေသည်။ ပြီးမှ ချာခနဲလှည့်ထွက်သွားသည်။ ထိုအခိုက်တွင် အပြင်မှ လေတစ်ချက်ဝှေ့ပြီးဝင်လာသဖြင့် သူ့ဆီက အနံ့တွေက နွေဦးဆီပျံ့လွင့်လာသည်။ ပျို့ချင်သလိုတောင် ဖြစ်သွားရ၏။



“အံ့ပါရဲ့တော်၊ ဒီလောက်ညစ်ပတ်စုတ်ပွဲတဲ့လူကို အရိုးလေးတို့မို့လို့ သမက်တော်ချင်တယ်၊ နွေဦးကလည်း ဘာကိုများမက်ပြီး ကြိုက်သတုန်း”

နွေဦး၏အစ်မဝမ်းကွဲမှာ အတော်မကျေမချမ်းဖြစ်နေသည်။ သူက အပျိုကြီးဖြစ်၏။ သည်းခြေအားနည်းလို့ဆိုပြီး ဆေးဆေးတွေသောက်နေသည်။ ဟိုနေ့ကလည်း ကျွန်းမာရေးညံ့နေလို့ဆိုပြီး ဘုရားမှာညောင်ကိုင်းထောက်ယတြာချေမလို့ဟာ၊ အောင်ဘာလေကြောင့် အစီအစဉ်ပျက်သွားရတာ။

နွေဦးသည်လည်း ဟိုနေ့ကအဖြစ်အပျက်ကြောင့် တော်တော်လေးရှက်နေမိသည်။ တခြားအချိန်ဆို နည်းနည်းတော်သေးသည်။ ဇီဇာကြောင်တဲ့ အစ်မဝမ်းကွဲရှေ့မှာဆိုတော့ အလားအလာက သိပ်မကောင်း။

အစ်မက အဖေတို့အမေတို့ကို ကန့်ကွက်စကားဆိုမှာသေချာသည်။ ဒါ့ထက်ပိုဆိုးတာက မြို့ကိုပြန်ရောက်လျှင် ဒီအကြောင်းတွေ ကြိမ်းသေပြန်ပြောမှာပဲ။ ဒီအခါမှာ ကြီးတော်လုပ်သူကလည်း ‘ငါ့တူမကို ဒီလိုပေါတောတော ကောင်မျိုးနဲ့တော့ မပေးစားပါနဲ့အေ’ အစချီသော ကန့်ကွက်စာရေးပို့မှာ သေချာသည်။ အမျိုးတွေကလည်း ‘မိမိမော်တစ်ယောက် ဘယ်လိုဖြစ်တာလဲ၊ ရန်ကုန်မှာ ယောကျ်ားဒီလောက်ရှားသလား’ စသည်ဖြင့် အမျိုးမျိုးဝေဖန်ကြလိမ့်မည်။ ဟိုမိသားစုကဆိုလျှင် ‘ကောင်းတယ်၊ ငါတို့သားကိုတော့ ဆိုးသလေး ပေသလေးနဲ့ ရှောင်ပြေးသွားတာ၊ အခုတော့ ရန်ကုန်မှာ ချီးပေနဲ့ တွေ့နေပြီ မဟုတ်လား၊ မှတ်ကရော’ ဟု မှိုချိုးမျှစ်ချိုးပြောပြီး မြို့ပေါ်မှာ သတင်းဖြန့်လိမ့်မည်။ မြို့ကျဉ်းကျဉ်းလေး၊ သတင်းထူးတစ်ခုရှိလျှင် နေ့မကူးခင် တစ်မြို့လုံးပြန့်သွားတတ်သည်။

နွေဦးသည် အောင်ဘာလေအပေါ် တော်တော်စိတ်ကုန်သွားသည်။ ဦးချစ်ထူးကတော့ ဘာမှမပြော။ မသိသလို ခပ်မဆိတ်နေနေသည်။ ဒေါ်မိမိမော်ကတော့ တစ်စုံတစ်ရာမှတ်ချက် မပေးသေးသော်လည်း ‘အောင်ဘာလေနဲ့တော့ ဖြစ်မှဖြစ်ပါ့မလား’ ဆိုသော သံသယစိတ်ဝင်နေကြောင်း သိသာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကာလမှာ ကြားလူတစ်ယောက်ကဝင်ပြီး ချောက်တွန်းဖို့ အကောင်းဆုံးအခြေအနေပင်ဖြစ်၏။ ထိုသူမှာလည်း လတ်လျားကလွဲပြီး တခြားမရှိ။

ရပ်ကွက်ထဲမှ မိန်းမကြီးတစ်ယောက်သည် နွေဦးတို့အိမ်သို့သုံးလေးရက် တစ်ခါလောက်လာပြီး အဝတ်လျှော် ကြမ်းတိုက်၊ အမှိုက်သွန်လုပ်ပေးတတ်သည်။ ထိုမိန်းမကြီးမှာ လတ်လျားတို့နှင့် တစ်အိမ်ကျော်မှာခိုကပ်နေခြင်းဖြစ်၏။ ဟိုအိမ်ဒီအိမ်သွားပြီး ခုလိုပဲ တောက်တိုမယ်ရလုပ်ကိုင်ပေးရင်း ရတဲ့ငွေနဲ့ စားသောက်နေသည်။ လတ်လျားကလည်း ထိုမိန်းမကြီးကိုပေးကမ်းစည်းရုံးထားသည်။ သူ့ဆီကတစ်ဆင့် နွေဦးတို့အိမ်အကြောင်းကို သိနေရသည်။

အခုလည်း ထိုမိန်းမကြီးဆီကတဆင့် နွေဦးနှင့် အောင်ဘာလေတို့ အဆင်မပြေဖြစ်ကြပုံ ရကြောင်းသိလိုက်ရ၏။ ထို့နေက နွေးဦးတို့အိမ်မှာ ထိုမိန်းမကြီးရှိနေ၏။ ဘာကိစ္စဖြစ်တယ်ဆိုတာတော့ သေသေချာချာမသိ။ နွေဦးက အောင်ဘာလေကို စိတ်ဆိုးပြီးနောက်ကိုမလာနဲ့တော့လို့ ပြောတာကြားလိုက်ရသည်။ နွေဦးရဲ့အမဝမ်းကွဲကလည်း ဒီလိုလူမျိုးကိုမှသမက်တော်ချင်ရလားလို့လည်းပြောသည်။ အန်ဖတ်တွေလည်း ကြုံးရသေးသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုရက်အတွင်းမှာပင် လက်လျားအနေနှင့် အောင်ဘာလေ၏ပျော့ကွက်ကို ရှာဖွေတွေ့ရှိထားသည်။ သူက အောင်ဘာလေ ဆိုတဲ့ကောင်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ သိချင်သောကြောင့် တစ်ရက် အိမ်အပြန်မှာ နောက်ယောင်ခံလိုက်သွားသည်။ အောင်ဘာလေ၏ အိမ်ကိုသိရပြီးနောက် ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်ကို မကြာ မကြာသွားသည်။ ဆိုင်ရှင်ကို မိတ်ဖွဲ့သည်။ စားသုံးသူတချို့ဆီမှာလည်း အောင်ဘာလေအကြောင်းကို မသိမသာစကားတောက်ပြီး စနည်းနာကြည့်သည်။ ဒီမှာတွင်ပဲ အောင်ဘာလေကို ထိုးနှက်တိုက်ခိုက်နိုင်ဖို့အတွက် အဖိုးတန်သောအချက်တစ်ချက်ကို သိလိုက်ရလေသည်။

ဒီကိစ္စကို ဟိုမိန်းမကြီးကတစ်ဆင့် နွေဦးတို့သိအောင် သတင်းပို့လိုက်သည်။ အောင်ဘာလေဟာ သူ့ရပ်ကွက်ထဲက အသက်ကြီးကြီးမိန်းမ



တစ်ယောက်ကို ခိုးယူပေါင်းသင်းခဲ့ဖူးကြောင်း ကြားရသောအခါ အံ့ဩတုန်လှုပ်ကုန်ကြသည်။

ဒေါ်မိမိမော်က သူ့တူမရှေ့မှာ အရှက်ကွဲရတဲ့ကိစ္စအတွက် မကျေနပ်လက်စရှိနေသဖြင့် ထိုသတင်းကို ချက်ချင်းယုံကြည်သွားသည်။ နွေဦးကတော့ ဇဝေဇဝါဖြစ်နေ၏။ ဦးချစ်ထူးကတော့ ချင့်ချင့်ချိန်ချိန်ရှိသည်။ ရပ်ကွက်ထဲကမိန်းမကြီး ပြောတိုင်းယုံလို့မဖြစ်၊ တဘက်ကကြည့်ပြန်တော့လည်းအခြေခံ အကြောင်းတခုခုမရှိဘဲ ဒီသတင်းထွက်မလာနိုင်။ အောင်ဘာလေကို ပွင့်ပွင့်လင်းလင်းမေးဖို့ပဲရှိသည်။ တကယ်တော့ သံသယဖြစ်စရာရှိတယ်ဆိုတာကိုက သိပ်တော့ အလားအလာမကောင်းလှ။

အောင်ဘာလေသည် အထုပ်ကလေးတစ်ထုပ်ကို ဆွဲကိုင်ရင်း နွေဦးတို့အိမ်ရှေ့မှာ မယောင်မလည်လုပ်နေသည်။ တံခါးဝနားသွားရပ်နေရကောင်းမလား၊ လှမ်းခေါ်ကြည့်ရကောင်းမလား၊ လှည့်ပြန်သွားရကောင်းမလားဝေခွဲမရဖြစ်နေသည်။ နွေဦးက နောက်ကိုမလာပါနဲ့လို့ပြောထားသဖြင့်လည်း မဝင်ရဲဘဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် ဒေါ်မိမိမော် တံခါးဝမှာ လာရပ်သည်။ အောင်ဘာလေကို မြင်သွား၏။ တစ်စုံတစ်ခု စဉ်းစားနေဟန်တူသည်။ ခဏနေမှ သံဘာဂျာတံခါးကို ဆွဲဖွင့်လိုက်ပြီး

"အိမ်ထဲကိုခဏဝင်ပါဦး"

ဟု လေသံမှန်မှန်နှင့်ပြောသည်။

အောင်ဘာလေ အတော်မြူးကြွသွားသည်။ အိမ်ထဲသို့ဒေါ်မိမိမော်နောက်မှ လိုက်ဝင်သွားသည်။ ဒေါ်မိမိမော်က ကုလားထိုင်ကိုညွှန်ပြသည်။ အောင်ဘာလေ ဝင်ထိုင်လိုက်ပြီးနောက် နွေဦးများထွက်လာမလားလို့ အတွင်းခန်းဘက်၊ အပေါ်ထပ်တက်သည့်လှေကားဘက်ကြည့်သည်။ အရိပ်အယောင်တောင်မမြင်ရ။ လေရှူးရဲ့အသံကိုလည်း မကြားရ။

တကယ်ဆိုလျှင် သူ သတိပြုမိဖို့ကောင်းသည်။ ခါတိုင်း သူရောက်လာလျှင် ဒေါ်မိမိမော်က 'ဟဲ့ ... ငါ့သားလာလာ၊ လေရှူးရေ ... အောင်

www.burmeseclassic.com

www.burmeseclassic.com



ဘာလေ ရောက်နေတယ်ပေါ့၊ နွေဦးကော’ စသည်ဖြင့် ပျာပျာသလဲခရီးဦး ကြိုပြုတတ်သည်။ ခုတော့ အေးစက်စက်ကြီး။

"ဟဲ ဟဲ … ကျွန်တော် ဒီဥစ္စာ လာပေးတာ"

ဟု အိမ်မှာ နွေဦး ရှိခဲ့ရင်ကြားအောင် အသံကိုနည်းနည်းမြှင့်ပြော ရင်း လက်ထဲက အထုပ်ကလေးကို စားပွဲပေါ်တင်လိုက်သည်။ ဒေါ်မိမိမော် က သူ့စကားကို စိတ်ဝင်စားဟန်မပြဘဲ ခပ်စိမ်းစိမ်းသာကြည့်နေသည်။ အောင်ဘာလေသည် ဒီနေ့ သူ့အဝတ်အစားတွေ ဘာမှပေကျံလာခြင်းမရှိ ကြောင်း ပြတဲ့အနေနဲ့ အင်္ကျီကိုဆွဲဆန့်လိုက် ပွတ်သတ်လိုက်လုပ်နေသည်။ ဟိုနေ့က နံစော်သွားတာကို အလျှော်ပေးတဲ့အနေနဲ့ သူ့အမေဆီကရေမွှေး နည်းနည်းတောင်းပြီးတော့တောင် ဆွတ်လာခဲ့သေးသည်။

"မင်းကိုမေးစရာရှိတယ်"

ဒေါ်မိမိမော်က စကားစသည်။ ထို့နောက် ဘာမှဆက်မပြောသေး ဘဲ အောင်ဘာလေကို စိုက်ကြည့်နေသည်။ အောင်ဘာလေ အနေရခက် လာသည်။ သူ့မျက်နှာပေါ်မှာ တစ်ခုခုများ ပေကျံနေလို့လားဟုကယောင် ကတမ်းတွေးမိပြီး စားပွဲပေါ်ရှိ ဘူးထဲမှ တစ်ရှူးစက္ကူကို ဆွဲထုတ်ယူ၍ မျက်နှာကို သုတ်လိုက်စဉ်

"မင်း မိန်းမခိုးပြေးဖူးတယ်ဆို"

"ဗျာ"

"အမှန်အတိုင်းဖြေပါ၊ အဲဒါဟုတ်သလား"

"ဟုတ်၊ အဲ … ဒီလိုပါ ခင်ဗျာ၊ ဖြစ်ပုံက"

ဆိုပြီး ခရေစေ့တွင်းကျ သူဖြစ်ပျက်ခဲ့ပုံများကို ပြောပြသည်။ ဒီနေရာမှာ ပါးရည်နပ်ရည်ရှိတဲ့လူဆိုလျှင် ‘လူတွေက ပုံကြီးချဲ့ပြောကြတာပါ၊ အမှန် ကတော့’ ဆိုပြီး ဖုံးသင့်တာဖုံး၊ ကွယ်သင့်တာကွယ်၊ ငြင်းသင့်တာငြင်း၊ ဝှက်သင့်တာဝှက်ပြီး ပေ့ါပေ့ါတန်တန်ဖြစ်သွားအောင်လုပ်မှာပဲ။ အောင်ဘာ လေကတော့ ဒါမျိုးမဟုတ်။ ဖြစ်ပျက်ခဲ့ပုံတွေကို အမှန်အတိုင်း တိတိကျကျ ပြောပြသည်။

ဒေါ်မိမိမော်က အတန်ကြာအောင် တွေ၍စဉ်းစားနေပြီးနောက်



"ဘယ်လိုမှတော့ သဘောမထားပါနဲ့ကွယ်၊ နောက်ကို မင်း ငါတို့ အိမ်ကို မလာပါနဲ့တော့"

"ဗျာ … ဟို … "

"မင်းသွားလို့ရပြီ"

အောင်ဘာလေ ခဏမျှ ခေါင်းငုံ့ရင်းငိုင်နေသည်။ ခုနေခါမှာ ဦးချစ် ထူးထွက်လာပြီး ‘ဒီလိုလည်းဘယ်ဟုတ်မလဲ’ ဟု ပြင်ဆင်ချက်ထုတ်လာ မလား။ နွေဦး ပြေးထွက်လာပြီး ‘ကိုအောင်၊ မသွားပါနဲ့’ လို့တားမလား။ သို့ရာတွင် တစ်ယောက်မှပေါ်မလာ။ လေရှူး၏အသံကိုတောင်မကြားရ။

"ဟုတ်ကဲ့"

ဟု အောင်ဘာလေက သဘောတူလိုက်သည်။ ထို့နောက် စားပွဲ ပေါ်တင်ထားသော အထုပ်ကလေးကို ဒေါ်မိမိမော်ဘက်တိုးပေးရင်း

"ကိုလေရှူးအတွက်ဆေးတွေ ကုန်ခါနီးလို့လာပို့တာပါ။ ဒါတွေကုန် သွားရင်လည်း ဆရာ့ဆီမှာ သွားယူလို့ရပါတယ်၊ ဆေးခန်းနေရာကို နွေဦး သိပါတယ်"

ဟုပြောပြီး ထရပ်သည်။ အတွင်းခန်းဘက် တစ်ချက်ကြည့်သည်။ လှေကားဘက်တစ်ချက်မျှော်သည်။

"ကျွန်တော် သွားဦးမယ်"

ဟုပြောပြီး လှည့်ထွက်သွားသည်။ တံခါးဝနားရောက်မှ ပြန်လှည့် ကြည့်ပြီး

"ကျွန်တော် တစ်ခုပြောလို့ရမလား"

မေးသည်။ ဒေါ်မိမိမော်က ပြောပါဆိုသောသဘော မေးဆတ်ပြ သည်။ အောင်ဘာလေက နောက်ဆုံးစကားတစ်ခွန်းကိုပြောသည်။

"ကိုလေရှူးကို ဂရုစိုက်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေကိစ္စနှင့်ပတ်သက်ပြီး သူတို့မိသားစုထဲမှာ အမြင်အမျိုးမျိုးရှိ၏။ ဦးချစ်ထူးက အောင်ဘာလေအမှန်အတိုင်း အတိအကျပြောခဲ့တယ်ဆိုတာယုံသည်။ သို့ရာတွင် အမှန်ကိုအမှန်အတိုင်း ပြောလို့ခွင့်လွှတ်တယ်၊ ချီးမြှင့်မြှောက်စားတယ်ဆိုတာ ပုံပြင်တွေထဲမှာသာဖြစ်တာများသည်။

အောင်ဘာလေဘက်က တကယ်ရိုးသားလို့သာ ခုလိုပွင့်ပွင့်လင်းလင်း ပြောပြတာပေါ့။ လူလည်ဆိုလျှင် ဟိုလှည့်ဒီပတ် ရှောင်ထွက်သွားမှာပေါ့ဆိုသော အတွေးမျိုး ဒေါ်မိမိမော်ဆီဝင်လာဖို့ခက်သည်။ ဒါတွေ စဉ်းစားတွက်ချက်နေဖို့လည်း စိတ်ကူးမရှိ။ သူတို့လို ရိုးရိုးအေးအေးနေတတ်သူတွေ အတွက်တော့ လုံးဝကင်းကင်းရှင်းရှင်းရှိသူမျိုးကိုသာ စိတ်ချနိုင်မည်။ နည်းနည်းလေး အစွန်းအထင်းရှိတယ်ဆိုလျှင်တောင် သတိထားစဉ်းစားရလိမ့်မည်။ ကိုယ်က သမီးရှင်ကိုး။

တော်ကြာ အားလုံးစီစဉ်ပြီးကာမှ 'ကျွန်မသာလျှင် မယားကြီးပါ' ဆိုပြီး ပေါ်လာခဲ့လျှင် အရှက်တကွဲအကျိုးနည်းဖြစ်ရတော့မည်။ ဒါမျိုးဖြစ်မလာဘူးပဲထား။ မိမိမော်ရဲ့သမီးတော့ မိန်းမခိုးပြေးဖူးတဲ့လူတစ်ယောက်နဲ့ ယူလိုက်ပြီတဲ့ဆိုသော သတင်းမျိုး သူတို့မြို့ကလေးဆီ ရောက်သွားခဲ့လျှင် 'ဟယ် ဖြစ်မှဖြစ်ရလေ၊ ချစ်ထူးတို့က ဘာမှမပြောဘူးလား' 'ဟိုဘက်က ပိုက်ဆံရှိလို့ထင်ပါရဲ့' 'ခြေလွန်လက်လွန်ဖြစ်ပြီးမှ သိရလို့ မတတ်သာတော့ဘဲ ပေးစားလိုက်ရတာထင်တယ်' 'ဒါတော့အေ ... ကိုယ့်မြို့ကိုစုံကန်ပြီး ရန်ကုန်သားမှ အထင်ကြီးချင်တာကိုး၊ နည်းတောင်နည်းသေးတယ်' 'နှေဦးလေးကတော့ သနားစရာပါ'

စသည်ဖြင့် ဝေဖန်ချက်အမျိုးမျိုးထွက်ပေါ်လာလိမ့်မည်။

နှေဦးကတော့ သူ့အဖေရဲ့အတွေးမျိုးရော၊ သူ့အမေရဲ့အတွေးမျိုးရော၊ သူကိုယ်တိုင်အတွေးတွေရော ရှုပ်ထွေးနေသည်။ တိကျရေရာသော အဖြေကိုမရ။ ဟုတ်တယ်။ မဟုတ်ဘူး။ ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး။ ဟုတ်တယ်ဆိုတာ မဟုတ်ဘူး။ မဟုတ်ဘူးဆိုတာ ဟုတ်တယ်။ ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်းမဟုတ်ဘူးဆိုတာ ဟုတ်



တယ်။ ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်းမဟုတ်ဘူးဆိုတာ မဟုတ်ဘူး။ သူ့အတွေးတွေကိုသာ စာအဖြစ်ချရေးလိုက်လျှင် မော်ဒန်ဝတ္ထုတစ်ပုဒ်လိုဖြစ်နေလိမ့်မည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာ မပေးသူမှာ လေရှူးသာဖြစ်၏။ အကြောင်းမှာ သူက ဘာတွေဖြစ်နေမှန်း လုံးဝမသိတာကြောင့်ပင်ဖြစ်၏။

"အောင်ဘာလေတစ်ယောက်လည်း မလာပါလား၊ နေမကောင်းရဲ့လားမသိဘူး၊ အိမ်ကို သတင်းသွားမေးမှထင်တယ်"

အောင်ဘာလေရဲ့အိမ်သို့ သူ့ကိုသွားခွင့်ပေးလို့မဖြစ်။ အောင်ဘာလေ ဒီအိမ်ကို ဘာကြောင့်မလာတော့တာလဲဆိုတာကိုလည်း အသိပေးလို့မဖြစ်။ တော်ကြာ သူ့နှမကို ကျောရရုံကြံပါတယ်ဆိုပြီး အောင်ဘာလေကို ရန်ရှာနေလျှင် ပြဿနာတွေတက်ကုန်လိမ့်မည်။ ထို့ကြောင့်

"သူ မရှိဘူး"

ဟု ဒေါ်မိမိမော်က ပြောလိုက်သည်။

"ဘာမရှိတာလဲ၊ ဘယ်သွားလို့လဲ"

"ဟိုဒင်း ... ခရီးသွားနေတယ်"

"ကျွန်တော့်ကိုလည်း ဘာမှပြောမသွားပါလား"

"အို ... အရေးကြီးတဲ့ကိစ္စ ရုတ်တရက်ပေါ်လာလို့ မင်းကိုပြောဖို့ အချိန်မရလို့ပေါ့"

ဟု ဦးချစ်ထူးက ဝင်ပြောတော့

"နေပါဦး၊ အဲဒီလိုအရေးကြီးတဲ့ကိစ္စပေါ်လာတယ်ဆိုတာ ဖေဖေ ဘယ်လိုလုပ်သိသလဲ"

"သူ ငါ့ဆီဖုန်းဆက်ပြောတယ်၊ မင်းကိုပြန်ပြောဖို့မေ့နေလို့"

"ခက်တာပဲဗျာ၊ ဒီကောင်မလာတော့ ပျင်းစရာကြီး၊ ဟိုတစ်နေ့က သူ မျဉ်းကျားကလမ်းမကူးလို့ အဖမ်းခံရတဲ့အကြောင်း ပြောနေတုန်း မေမေ လှမ်းခေါ်လို့ စကားပြတ်သွားတာ၊ ဒီတစ်ခါလာရင် နောက်ဘာဖြစ်သွားလဲ မေးမလို့ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ထူးသည် လောလောဆယ် နားအေးအောင် ပြီးပြီးရောပြောလိုက်ရင်းက စိတ်ကူးတစ်ခုကိုရသွားသည်။ လေရှူးကိုလည်း အာရုံလွှဲပြီးသားဖြစ်သွားအောင်၊ နွေဦးလည်း စိတ်ပြေလက်ပျောက်ရှိအောင် သူတို့မိသားစုဘုရားဖူးခရီးထွက်ကြဖို့ ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်၏။



အောင်ဘာလေသည် အတော်ပင်နေမထိထိုင်မသာ ဖြစ်နေ၏။ ခါတိုင်းဆိုလျှင် နွေဦးတို့အိမ်ကို တစ်ပတ်နှစ်ရက်လောက် သွားနေကျ။ ခုတော့ သူ့မှာ ရုတ်တရက် မထင်မှတ်ဘဲအလုပ်ဖြုတ်ခံလိုက်ရသူတစ်ယောက်လို ဘာလုပ်ရမှန်းမသိဘဲ ယောင်တိယောင်ချာဖြစ်နေရ၏။ အထူးသဖြင့် နွေဦးတို့အိမ်သို့ ပုံမှန်ရောက်ဖြစ်သော တနင်္ဂနွေနေ့မှာဆို အတော်ခံစားရသည်။

သူ အမြဲတမ်းလှုပ်လှုပ်ရှားရှား တက်တက်ကြွကြွနေတတ်သူဖြစ်သဖြင့် သူများတွေလို လွမ်းတဲ့ဆွေးတဲ့အခါ တစ်နေရာမှာထိုင်ပြီး ငေးနေငိုင်နေလို့မရ။ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ အိပ်ရာပေါ်လှဲလိုက်၊ ပြန်ထလိုက်၊ နောက်ဖေးဝင် အိမ်ရှေ့ထွက်လိုက်၊ ရေသောက်လိုက်နဲ့ ဂဏှာမငြိမ်ဖြစ်နေ၏။ ဒါကို ဦးငွေရက ဂရုပြုမိသဖြင့် မင်းဘာဖြစ်နေတာလဲ မေးသည်။ အောင်ဘာလေက သူ့ပြဿနာကို အစအဆုံးပြောပြတော့

“မိုက်လှချည်လားကွာ၊ ဒါမျိုးဆိုတာ တည့်တည့်ကြီး ဝန်မခံရဘူးကွ၊ ပါးပါးနပ်နပ်နဲ့ ငြင်းရတယ်”

“ကျွန်တော်မှ မလိမ်တတ်ဘဲ အဖေရ”

“လိမ်ဖို့ပြောတာမဟုတ်ဘူး၊ တချို့ကိစ္စတွေကို မပြောဘဲ ပုံးဖိထားဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ မင်းကို အသေးစိတ်ပြောပြရမယ်လို့ ဘယ်သူက အတင်းခိုင်းလို့လဲ"

"တကယ်ဖြစ်ခဲ့တာကိုတော့ ပြောရမှာပေါ့၊ ပြီးတော့ ကျွန်တော်နဲ့ မမခရေကလည်း ငြိမှမငြိခဲ့တာပဲဟာ"

"မင်းက အမှန်အတိုင်းပြောပေမယ့် တစ်ဘက်က ယုံဦးမှကိုး၊ အေးလေ ... မယုံတာလည်း သူတို့အပြစ်မဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးကြုံရင် တော်ရုံယောကျ်ား ဘယ်ရှောင်နိုင်ပါ့မလဲ"

"ကျွန်တော်တော့ ဒုက္ခပါပဲ"

"သိပ်လည်းစိတ်မပူပါနဲ့ကွာ၊ ရက်တရက်မို့ ထူပူပြီး ဒေါသထွက်ကုန်တာ ဖြစ်ချင်လည်း ဖြစ်မှာပါ၊ သွေးအေးသွားတော့လည်း စိတ်ပြေချင်ပြေသွားမှာပေါ့"

ဟု ဦးငွေရက နှစ်သိမ့်သည်။

"ကျွန်တော် သူ့ကိုသိပ်တွေ့ချင်တာပဲ"

"တွေ့ချင်လည်း သွားတွေ့ပေါ့ကွာ"

"အဒေါ်က လုံးဝမလာပါနဲ့လို့ ပြောထားတာ"

"သူ့အမေကပြောတာပဲ၊ သူကပြောတာမှ မဟုတ်တာ၊ ဒီလိုလုပ်ကွာ ကောင်မလေးနဲ့တွေ့ပြီး သဘောထားမေးချင်တယ်လို့ပြော၊ လေရှူးကလည်း မင်းကို တော်တော်ခင်တယ် မဟုတ်လား၊ သူက မင်းဘက်က ခပ်ပါပါနေမှာ"

"အိမ်ထဲဝင်ခွင့်မပေးရင်ကော"

"ဒါဆို ပြန်လာခဲ့ပေါ့ကွ၊ အရှုံးမှမရှိတာ၊ မင်းတွေ့ဖို့ ကြိုးစားတယ်ဆိုတာ နွေဦးသိရင် တစ်မျိုးဖြစ်ချင် ဖြစ်လာမှာပေါ့၊ မင်းဘက်က သံယောဇဉ်မကုန်ဘူးဆိုတာ သိသွားတာပေါ့"

ထို့ကြောင့် အောင်ဘာလေသည် နွေဦးတို့အိမ်ကို တစ်ခေါက်ထပ်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ထိုအချက်သည် သူ့အတွက်ကြမ္မာငင်ဖို့ ဖြစ်လာခဲ့လေသည်။

---



နွေဦးတို့လမ်းထဲသို့ သူဝင်လာခဲ့သည်။ နေ့လယ်ခင်းဖြစ်တာက တစ်ကြောင်း၊ နေအပူရှိန်ပြင်းတာကတစ်ကြောင်းကြောင့် လမ်းထဲမှာ လူရှင်းနေ၏။ သူ့စိတ်တွေလည်း လေးလံထိုင်းမှိုင်းနေသည်။

နွေဦးတို့အိမ်ရှေ့မှာ ဂျစ်ကားတစ်စင်း ရပ်ထားသည်။ မျက်နှာချင်းဆိုင်က ဂိုဒေါင်ဆီလာတာလား၊ နွေဦးတို့အိမ်ကိုလာတာလား၊ ဒါမှမဟုတ် ဟိုဒင်းပြောသလို ... ။

စဉ်းစားရင်းကပင် အိမ်ရှေ့ရောက်လာသည်။ အပြာရောင်ဝတ်စုံများဝတ်ထားပြီး ကက်ဦးထုပ်ဖြူများဆောင်းထားသော လူနှစ်ယောက်သည် မီးခံသေတ္တာကြီးတစ်လုံးကို မနိုင်မနင်း မရင်း နွေဦးတို့အိမ်ထဲကထွက်လာသည်။ တစ်ယောက်က

"သိပ်လေးတယ်ကွ၊ ငါမနိုင်တော့ဘူး"

ဆိုပြီး အောက်ကိုချရန်ပြင်သည်။ တစ်ဘက်လူက မ,ထားဆဲဖြစ်သောကြောင့် မီးခံသေတ္တာကြီးမှာ ဒီဘက်ကိုစောင်းကျလာသည်။

"ဟေ့ကောင်၊ ဘယ်လိုလုပ်"

ပြောနေရင်းမှာပင် ဒီဘက်ကလူပေါ်သို့ ပိကျလာသည်။

"ဟာ ..."

အောင်ဘာလေသည် တခြား ဘာကိုမှ မစဉ်းစားနိုင်ဘဲ သူတို့ဆီပြေးသွားသည်။ မီးခံသေတ္တာကြီးကို ဝင်ထိန်းပြီး ပြန်တည့်အောင်ကူတွန်းပေးလိုက်သည်။

"ဘာဖြစ်သွားသေးလဲ"

ဟု ပိသွားသူကိုမေးသည်။ ဟိုလူကခေါင်းခါသည်။ နောက်တစ်ယောက်က လက်တစ်ဘက်ကို ကျန်တစ်ဘက်နှင့် ဆုပ်ကိုင်၍ခါရင်းစုတ်သပ်နေသည်။

"မင်းက မပြောမဆို လွှတ်ချတော့ ငါ့လက်ကို လှန်ချိုးသလိုဖြစ်သွားတာပေါ့ကွ ကျွတ်ကျွတ်၊ ကျိုးသွားသလား မသိဘူး"

"ဟုတ်လား ... ကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အောင်ဘာလေက သူ့လက်ကိုဖမ်းကိုင်လိုက်ရာ ဟိုလူက လန့်ပြီး ရုန်းလိုက်သည်။ ထိုအခါကျမှ အောင်ဘာလေကို သတိပြုမိသွားပြီး

"မင်း ... မင်းက"

ဟု ပြူးပြူးပျာပျာမေးသည်။

"ကျွန်တော်က ဒီအိမ်ကိုလာလည်တာပါ"

ပြောရင်းအိမ်ထဲကိုလှမ်းကြည့်ပြီး

"တစ်ယောက်မှလည်း မရှိပါလား၊ အိမ်ပြောင်းသွားကြတာလား"

"အဲ ... အင်း ... ဟုတ်တယ် ဟုတ်တယ်"

ဟု ဆံပင်ရှည်ရှည် နေကာမျက်မှန်နှင့်လူကပြောသည်။

"ဘယ်ကိုပြောင်းသွားကြတာလဲ"

"မသိဘူး"

"ဗျာ ... ဒါဆို ... "

လက်နာသွားတယ်ဆိုသော နူတ်ခမ်းမွေး မုတ်ဆိတ်မွေးနှင့်လူက

"တောင်ဥက္ကလာဘက်ဆိုလား ဘာလားမသိဘူး၊ ငါတို့က မီးခံသေတ္တာပြုပြင်ရေးကုမ္ပဏီကဝန်ထမ်းတွေပါ၊ ဒီသေတ္တာကြီးကို သော့အသစ်ပြန်ဆင်ပေးဖို့ အပ်ထားလို့ လာယူတာ"

ဟု အမြန်ဝင်ပြောသည်။ သူတို့အင်္ကျီတွေပေါ်က ဂျပန်လား၊ တရုတ်လား၊ ကိုရီးယားလား မသိသော စာတန်းကိုလည်း လက်ညှိုးနှင့်ထောက်ပြသည်။

"ကဲ ... အချိန်မရှိဘူး၊ သွားကြစို့၊ တော်ကြာ နောက်ကျလို့ ဘော့စ်က ကြိမ်းနေဦးမယ်၊ ဒီတစ်ခါ သေသေချာချာသယ်နော်၊ လွှတ်မချနဲ့"

ဆိုပြီး မီးခံသေတ္တာကို မ,ဖို့ပြင်သည်။ အောင်ဘာလေက

"ဟာ ... အစ်ကိုကြီးလက်နာနေတယ်မဟုတ်လား၊ ဖယ်ဖယ် ... ကျွန်တော် ကူသယ်ပေးမယ်"

ပြောပြီး တစ်ဘက်က ဝင်မပေးလိုက်သည်။ မီးခံသေတ္တာကြီးမှာ အတော်ပင် လေးလံလှသည်။ အောင်ဘာလေမှာ အတော်အားတင်းထားရသည်။



ဂျစ်ကားက နောက်ခုံကိုဖြုတ်ပြီး ပစ္စည်းတင်လို့ရအောင် ပြုလုပ်ထားသည်။ သေတ္တာကို ကားပေါ်တင်ကာနီးတွင်

"သတိထားနော်၊ လက်ညှပ်ဦးမယ်"

ဟု အောင်ဘာလေက သတိပေးလိုက်သေးသည်။ မီးခံသေတ္တာကို နေရာတကျ တင်ပြီးနောက် ကားနောက်ဖုံးတံခါးကိုပိတ်သည်။ လိပ်တင်ထားသော တာလပတ်စကို ချလိုက်သည်။ ဘေးဘက်က အကာတွေက တော့ ချထားပြီးသားဖြစ်၏။

"ကျေးဇူးပဲ"

ဟုပြောပြီး ကားပေါ်တက်ကြသည်။ အောင်ဘာလေက

"ဟိုအစ်ကိုကြီး၊ လက်ကိုဆေးလိမ်းပြီး ပတ်တီးစည်းထားလိုက်ဦးနော်"

ဟု သတိပေးလိုက်သည်။ အေးပါကွာ အေးပါ ဟုပြောရင်းလက်ပြသည်။ ကားလည်းမောင်းထွက်သွား၏။ အောင်ဘာလေက ပြန်ပြီးလက်ပြ နူတ်ဆက်ရင်း ကျန်ခဲ့သည်။ အိမ်ဘက်ကိုပြန်ကြည့်ပြီး

"ဟာ ... ဒီလူတွေ အလျင်လိုပြီး ထွက်သွားလိုက်တာ တံခါးသော့တောင် ပြန်မခတ်ခဲ့ဘူး"

အိမ်ဆီသို့သွားပြီး သံဘာဂျာတံခါးသော့ကိုပြန်ခတ်လိုက်သည်။ အထဲကိုချောင်းကြည့်သည်။ ဆက်တီ ကုလားထိုင်တွေ၊ နံရံမှာချိတ်ထားသော ဓာတ်ပုံတွေ၊ တိုင်ကပ်နာရီ အားလုံးရှိနေတုန်းပဲ။ အောင်ဘာလေ တစ်ချက်တွေသွားသည်။ ပစ္စည်းတွေအကုန်မသယ်ရသေး။ နောက်တစ်ခေါက်လာသယ်ဦးမယ်ထင်တယ်ဟုတွေးသည်။ ထိုင်စောင့်ကြည့်ရကောင်းမလား။

"ဒိန်ချဉ်"

အသံကြားသဖြင့် လှည့်ကြည့်တော့ အိမ်ရှေ့မှာ ဒိန်ချဉ်သည်ရောက်နေတာတွေ့ရ၏။ နွေဦးတို့ဝယ်သောက်နေကျဖြစ်၏။ အောင်ဘာလေက အနားကိုလျှောက်သွားပြီး ...

"မီးခံသေတ္တာကြီးက လေးလိုက်တာဗျာ၊ တော်တော် အီသွားတယ်၊ ကဲ ... လုပ်စမ်းပါဗျာ၊ အမောပြေ ဒိန်ချဉ်တစ်ခွက်လောက်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ဒိန်ချဉ်သည်ကမေးသည်။

"လေရှူးတို့ နွေဦးတို့ကောဗျ"

"အိမ်ပြောင်းသွားကြပြီလို့ ပြောတာပဲဗျာ"

ဟု အားလျော့သောလေသံဖြင့် ပြန်ဖြေလိုက်သည်။

လမ်းကတစ်ဘက်ပိတ်ဖြစ်၏။ ဟိုဘက်မှာ စက်ရုံဝင်းကြီးရှိသည်။ နွေဦးတို့ အိမ်ကထောင့်ဆုံးမှာ။ ဟိုဘက်တွင် စက်ရုံ ခြံစည်းရိုး၊ အုတ်တံတိုင်းပဲရှိတော့သည်။ မျက်နှာချင်းဆိုင်မှာ အိမ်သုံးလုံးစာလောက်ရှည်သော ဂိုဒေါင်ကြီးတစ်လုံးရှိသည်။ ကုမ္ပဏီကြီးတစ်ခုက ပိုင်ဆိုင်ပြီး တစ်ပတ်တစ်ခါသာ ပစ္စည်းအသွင်းအထုတ်ရှိ၏။ ညဘက်ကျမှသာ အစောင့်ထားပြီး နေ့ဘက်မှာ မရှိ။ ဘေးကပ်လျက်အိမ်က အိမ်ငှားတင်ထားပြီး လောလောဆယ် လူတင်ထားခြင်းမရှိသဖြင့် လွတ်နေသည်။ ဟိုဘက်မှ နောက်တစ်အိမ်ကတော့ လင်မယားနှစ်ယောက်နေပြီး မနက်ဆို အိမ်ကိုသော့ခတ်ထားခဲ့ပြီး အလုပ်သွားကြသည်။ လမ်းထဲမှ တခြားအိမ်တွေကလည်း နေ့လယ်ဆို အလုပ်သွားတဲ့လူသွား ကျောင်းသွားတဲ့လူသွား၊ သက်ကြီးရွယ်အိုတွေနှင့် ကလေးငယ်တွေသာ ကျန်ခဲ့တာများသည်။ တစ်ဘက်ပိတ်လမ်းဖြစ်သောကြောင့် ဖြတ်သွားဖြတ်လာလည်းမရှိ။

ဒီလိုအနေအထားမျိုးမှာရှိသော နွေဦးတို့အိမ်ကို ဖောက်ထွင်းရေးသမားတွေ မျက်စိကျတာ ဘာမှမဆန်း။ သူတို့ကသေသေချာချာစနည်းနာထားပြီးသားလည်း ဖြစ်၏။

ထိုမိသားစုသည် နယ်ကပြောင်းလာကြတာ မကြာသေး။ ရပ်ကွက်ထဲကလူများနှင့် သိပ်ရောရောနှောနှောမရှိဘဲ အေးအေးဆေးဆေး သီးခြားနေတတ်သည်။ ဘာအလုပ်မှမလုပ်ဘဲ အေးအေးသက်သာ နေနိုင်သဖြင့် စုပြီးဆောင်းပြီးဖြစ်ရမည်။ အတွင်းပစ္စည်းတွေ တော်တော်ရှိကြောင်းလည်း သတင်းရထားသည်။



စောင့်ကြည့်အကဲခတ်နေရင်းက အချိန်အခါကောင်းကိုရောက်လာသည်။ ထိုအိမ်က မိသားစုဘုရားဖူးခရီးထွက်သွားသည်။ အခက်အခဲတစ်ခုပဲရှိ၏။ ညဘက်မှာ လုပ်ရှားဖို့ မသင့်တော်ခြင်းပင်ဖြစ်၏။ ညဆိုလျှင် ရှေ့တည့်တည့်ဂိုဒေါင်မှာ အစောင့်ရှိသည်။ အိမ်မှာလည်း လူငယ်တစ်ယောက်လာစောင့်အိပ်သည်။ သူတို့သယ်ရမယ့်ပစ္စည်းက လေးလံသောကြောင့် ကားနှင့်လာမှဖြစ်မည်။ ညအချိန်မတော်ကြီး အိမ်ရှေ့မှာကားရပ်ထားလျှင် မသင်္ကာစရာဖြစ်နိုင်သည်။

ထို့ကြောင့် နေ့ခင်းဘက်မှာပင် ခပ်တည်တည်လှုပ်ရှားကြဖို့ ဆုံးဖြတ်လိုက်ကြသည်။ နေ့ခင်းကြောင်တောင်ကြီးဆိုတော့ ဘယ်သူကမှ ထင်မှာမဟုတ်။ လမ်းထဲ ကားဖြတ်ဝင်သွားစဉ်မှာလည်း သူတို့ဝတ်စုံတွေကြောင့် ကုမ္ပဏီဂိုဒေါင်ကိုလာသူများဟု ထင်လိမ့်မည်။ ကားကိုလည်း ဂိုဒေါင်ဘက်ခေါင်းတည်ပြီး ရပ်ထားသည်။

ပိုပြီးအဆင်ပြေတာက ညစောင့်အိပ်သော လူငယ်သည် နေ့ခင်းဘက်ဖြစ်သောကြောင့် အတွင်းတံခါးမကြီးကို မပိတ်ဘဲ သံဘာဂျာတံခါးကိုသာ သော့ခတ်ထားခဲ့ခြင်းပင်ဖြစ်၏။ သော့အမျိုးအစားကိုလည်း ကြိုတင်လေ့လာထားသောကြောင့် သော့တုနှင့်ဖွင့်ရတာ သိပ်အခက်အခဲမရှိ။

သူတို့လုပ်ရကိုင်ရတာ အတော်လွယ်သည်။ အချိန်လည်း သိပ်မကုန်လှ။ အိမ်ထဲဝင်ပြီးနောက် အပေါ်ထပ်ထက်၊ အိပ်ခန်းတံခါးသော့ကလည်း သူတို့အတွက်တော့ မန်းမှုတ်လိုက်ရုံနဲ့ ပွင့်သွားလောက်အောင်လွယ်သည်။ မီးခံသေတ္တာကြီးကို သယ်ထုတ်ရတာကတော့ အတော်ပင်ပန်းသည်။ ခေတ်ဟောင်းပုံစံကြီးဖြစ်သောကြောင့် ပိုလေးသလားတော့မသိ။ မနိုင်မနင်းသယ်ပြီး ထွက်လာစဉ် အိမ်ဝမှာ အောင်ဘာလေနှင့်ဆုံခြင်းဖြစ်၏။ အူကြောင်ကြောင်ကောင်လေးမို့ တော်သေးသည်။ သူကတောင် ကားပေါ်အထိ ကူငြီးသယ်ပေးလိုက်သေးသည်။

ကောင်လေးက သူတို့မျက်နှာကိုမြင်သွားတာကတော့ သိပ်သဘောတွေ့စရာမကောင်း။ သို့တိုင်အောင် ဒီအတွက်လည်း ကြိုတင်ကာကွယ်ထားပြီးသားဖြစ်၏။ တစ်ယောက်က ဆံပင်ရှည်အတုစွပ်ပြီး နေကာမျက်

www.burmeseclassic.com

www.burmeseclassic.com



မှန်တပ်ထားသည်။ နောက်တစ်ယောက်က နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနဲ့။ ဦးထုပ်တွေလည်း ဆောင်းထားသေးသည်။ ဒါတွေ ရှင်း လိုက်လျှင် မှတ်မိစရာမရှိတော့။ သူတို့စီးလာသောကားကလည်း စက်မှု ဇုန်ထုတ်ဂျစ်ကားဖြစ်သည်။ ဒီလိုကားမျိုးတွေ ရာနှင့်ချီပြီးရှိသည်။ နံပါတ် ကလည်း ပြောင်းတပ်ထားသည်။ ပြီးတော့ ရန်ကုန်မှာ ကြာကြာနေမှာ မဟုတ်။ မီးခံသေတ္တာထဲက ပစ္စည်းတွေထုတ်ယူပြီးလျှင် ကိုယ်ယောင် ဖျောက်ကြတော့မှာ။

သူတို့လုပ်ပုံက ဝိရိသည်။ မီးခံသေတ္တာတစ်ခုထဲကိုသာ ကွက်ယူ သွားပြီး ခြေရာလက်ရာမပျက်အောင် ထားခဲ့သဖြင့် ညစောင့်အိပ်ပေးသော ကောင်လေးမှာ ဘာမှမသိလိုက်။ သံဘာဂျာတံခါးသော့ပြန်ခတ်ဖို့မေ့သွား တာတောင် အောင်ဘာလေက ခတ်ပေးခဲ့သေးသည်။

နွေဦးတို့မိသားစုသည် ကျိုက်ထီးရိုးကပြန်ဆင်းပြီးလျှင် မော်လမြိုင် ဘက်ဆက်သွားဖို့စီစဉ်ထားခဲ့သည်။သို့ရာတွင်လေရူးနည်းနည်းနေမကောင်း ဖြစ်သဖြင့် ခရီးစဉ်ဖျက်ပြီး ပြန်လာခဲ့ရသည်။

သူတို့ ရန်ကုန်ပြန်ရောက်သောရက်မှာ အိမ်ဖောက်ထွင်းခံရပြီး နောက်တစ်နေ့ဖြစ်၏။ ရောက်ရောက်ချင်း ဘာမှမသိသေး။ ခရီးထွက်ရာမှ ယူသွားသောငွေထဲက ပိုတာတွေ ပြန်ထည့်မယ်လုပ်တော့မှ မီးခံသေတ္တာ မရှိတော့ကြောင်းသိရ၏။

ရဲစခန်းမှာ တိုင်ချက်ဖွင့်သည်။ ညစောင့်အိပ်တဲ့ကောင်လေး အစစ် ဆေးခံရသည်။ သူက ဘာဆိုဘာမှမသိ။ အိမ်ရှေ့တံခါး၊ အဝင်အထွက်နေရာ နှင့် လမ်းပေါ်မှာ ရဲတပ်ဖွဲ့မှ သဲလွန်စရှာနေတုန်း ဒိန်ချဉ်သည်ရောက်လာ သည်။ မေးမြန်းစုံစမ်းကြည့်ပြီး အကြောင်းစုံသိတော့ ဟိုတစ်နေ့က သူ မြင်ခဲ့သမျှကို ပြောပြသည်။

ဒိန်ချဉ်လှည်းကလေးကိုတွန်းလာစဉ် နွေဦးတို့အိမ်ရှေ့မှ ဂျစ်ကား တစ်စင်းထွက်လာပြီး သူ့ဘေးမှဖြတ်သွားသည်။ ကားပေါ်မှာ ဘာပစ္စည်း ပါသွားမှန်းမသိ။ နောက်ဘက်ခန်းကို တာလပတ်ချပြီးကာထားသည်။ ရ နှစ်ယောက်ပါသည်ဟုထင်သည်။ မသေချာ။ အပြာရောင်အဝတ်အစားဝတ်



ထားသလားမသိ။ လူပုံစံတွေမမှတ်မိ။ ကားနံပါတ်သတိမပြုမိ။ ကား အရောင်က ခပ်ရင့်ရင့်ပဲ၊ အရောင်အတိအကျမပြောနိုင်။

ထိုဂျစ်ကားကို အောင်ဘာလေက လက်ပြနှုတ်ဆက်နေတာ လှမ်း မြင်ရသည်။ သူလည်းအိမ်ရှေ့အရောက်မှာ အောင်ဘာလေက တံခါးသော့ ကိုကိုင်နေတာတွေ့သည်။ သော့ခလောက်ကို တွန်းပိတ်လိုက်သလိုမျိုး ထင်ရသည်။ ထို့နောက် အိမ်ထဲကိုချောင်းကြည့်သည်။ ပြီးတော့ ပြန်လှည့် ထွက်လာပြီး ဒိန်ချဉ်ဝယ်သောက်သည်ဟု ထွက်ဆိုသည်။ လမ်းထဲမှ လူကြီး တချို့ကလည်း အောင်ဘာလေလမ်းထဲဝင်လာတာ တွေ့တဲ့လူကတွေ့ သည်။ ပြန်အထွက်မှာ မြင်တဲ့လူကမြင်သည်။ ဂျစ်ကားတစ်စင်းအရှိန်နဲ့ မောင်းထွက်သွားတာတွေ့ကြောင်း ပြောတဲ့လူလည်းရှိသည်။ ဒိန်ချဉ်သည် ၏စကားထဲမှာ အရေးကြီးသောအချက်တစ်ချက်ပါသည်။ 'မီးခံသေတ္တာကြီး က လေးလိုက်တာဗျာ' ဟု အောင်ဘာလေက ပြောသည့်အကြောင်းဖြစ်၏။ ထိုအချက်သည် အောင်ဘာလေကို ဖမ်းဖို့လုံလောက်သော သက်သေ အထောက်အထားပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်၊ ဒါ ဘာလဲသိလား”

ရဲကြပ်ကြီးက သုံးပေခန့်ရှည်သော ဝါးစိမ်းတုတ်တစ်ချောင်းကိုပြပြီး မေးလိုက်သည်။ အောင်ဘာလေက

“ဝါးလုံး”

“ဒါတော့ လူတိုင်းသိတာပေါ့ကွ၊ ဒါဘာလုပ်တာလဲဆိုတာကော သိလား”

“အဝတ်လှမ်းတာ”

“ဘာ”

“အဲ ... အဝတ်လှမ်းဖို့ကတော့ တိုလွန်းတယ်၊ အဝတ်လျှော်ဖို့ဖြစ်နိုင်တယ်”

“အူကြောင်ကြောင်လုပ်မနေနဲ့၊ ဒီဝါးလုံးနဲ့ မင်းခြေသလုံးပေါ်ကိုဖိပြီး လှိမ့်ရင်ဘယ်လိုနေမယ်ထင်သလဲ”

“ဟာ ... ဘယ်စားသာမလဲ”

“မင်း ဒီအရသာမြည်းဖူးသလား”

“ကျွန်တော်တော့ မကြုံဖူးပါဘူး၊ သီဟတင်စိုးပါတဲ့ တော်လှန်ရေးကားထဲမှာတော့ ကြည့်ဖူးတယ်”

“ဒါဆို အခု မြည်းကြည့်ချင်သလား”



“ဟာ ... ဆရာကလည်း”

ထိုစဉ်တွင် ရဲအရာရှိတစ်ယောက်ရောက်လာပြီး

“ဟော့ကောင်၊ တော်စမ်းပါကွာ၊ မင်းကလည်း ဒါကြီးနဲ့ပဲ ဟန်ရေးပြနေတာပဲ၊ ငါ စစ်ပါ့မယ်”

ဟုပြောပြီး ငုတ်တုတ်ကလေးထိုင်နေသော အောင်ဘာလေ၏ရှေ့မှာချထားသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ အောင်ဘာလေနှင့်ပတ်သက်ပြီး သူ့မှာအမြင်တစ်မျိုးရှိနေသည်။ အောင်ဘာလေကို သွားဖမ်းစဉ်က အိမ်ကိုလိုက်ပြပေးသော ရာအိမ်မှူး၏စကားကို သတိရသောကြောင့်ဖြစ်၏။

“ကျွန်တော့်ဖြင့် မယုံနိုင်အောင်ပါပဲ ဆရာရယ်၊ ဒီကောင်လေးဟာ လူကောင်းလေးပါ၊ ဒါမျိုးလုပ်မယ့်လူမဟုတ်ပါဘူး၊ ကျွန်တော် အာမခံနိုင်ပါတယ်၊ လိုအပ်ရင် ဥက္ကဋ္ဌကပါ အာမခံပေးနိုင်ပါတယ်၊ တကယ်လို့ သူဟာ တကယ်ပဲ အိမ်တစ်အိမ်ကို ဖောက်ထွင်းဝင်ရောက်ခဲ့တယ်ဆိုရင်လည်း ပစ္စည်းခိုးဖို့ မဖြစ်နိုင်ဘူး၊ အဲဒီအိမ်မှာလိုနေတဲ့ ပစ္စည်းတစ်ခုခု သွားထားပေးတာပဲ ဖြစ်ရမယ်”

အောင်ဘာလေရဲ့မိဘတွေကလည်း လူကြီးလူကောင်းပုံစံတွေ၊ စားနိုင်သောက်နိုင်ထဲကလည်းဖြစ်၏။ ဒီကောင် ဆေးသမားများဖြစ်နေသလား၊ ဆေးဖိုးလိုနေလို့ ကြံမိကြံရာလုပ်တာလား၊ ဒါလည်းမဖြစ်နိုင်။ အောင်ဘာလေ ပုံစံက ဆေးသမားမဟုတ်မှန်း သိသာ၏။ အပေါင်းအသင်းကဆွယ်လို့များလား။ ဒီအချက်က အဖြစ်နိုင်ဆုံးပဲ။ အောင်ဘာလေကို ညင်ညင်သာသာ ကိုင်တွယ်ဖို့ စဉ်းစားထားသည်။

“မင်းအမှုတွဲတွေဘယ်မှာလဲ”

ဟု ရဲအရာရှိကမေးလိုက်သည်။ ‘အမှုတွဲ’ဆိုသည်မှာ ပြစ်မှုတစ်ခုကို ပူးတွဲကျူးလွန်သူများကို ဆိုလိုသည်။ ဒါကို အောင်ဘာလေက မသိ။ အမှတ်တမ်းဖိုင်တွဲကိုပြောတာမှတ်လို့။

“ဟာ ... ကျွန်တော့်ဆီမှာ ဘယ်ရှိပါ့မလဲ၊ ဆရာတို့ပဲ သိမ်းထားရမှာ မဟုတ်ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိသည် မေးရင်းပြောရင်း အောင်ဘာလေကို အကဲခတ်နေသည်။ သူ့ပုံစံမှာ ထိတ်လန့်တုန်လှုပ်နေပုံမျိုးမရှိ။ အနေရခက်နေဟန်သာ တွေ့ရသည်။

“မင်းရဲ့ ကြံဖော်ကြံဖက်တွေကိုပြောတာ၊ ဘယ်သူတွေလဲ”

“ကျွန်တော် မသိဘူးဆရာ”

“ကိုယ်နဲ့အလုပ်တွဲလုပ်နေတဲ့လူတွေကိုတောင် ဘယ်သူမှန်းမသိဘူးလား”

“ကျွန်တော် သူတို့ကိုတစ်ခါမှမြင်ဖူးတာမှ မဟုတ်တာဘဲ”

ရဲအရာရှိက အောင်ဘာလေကိုစေ့စေ့ကြည့်ပြီး ...

“ကဲ ... ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါ့ကိုအမှန်အတိုင်းပြောပြစမ်း၊ လိမ်မယ်ညာမယ်တော့ မကြံနဲ့နော်”

အောင်ဘာလေက ဖြစ်ပျက်ပုံကိုပြောပြသည်။ ရဲအရာရှိက အောင်ဘာလေ အမှန်အတိုင်းပြောသလား၊ လူမိသွားလို့ ဇာတ်လမ်းဆင်သလား ချိန်ဆနေသည်။ ဒီလိုမစဉ်းစားမဆင်ခြင်ဘဲ အကူအညီပေးတယ်ဆိုတာကို လည်း ယုံရခက်နေသည်။

“အဲဒီလူနှစ်ယောက်ကို မင်းမှတ်မိသလား”

“လူမြင်ရင်တော့ မှတ်မိပါတယ်”

“ဒါတော့ ဟုတ်တာပေါ့ကွ၊ ဘယ်လိုပုံစံတွေလဲ”

အောင်ဘာလေက ပြောပြသည်။ ရုပ်ဖျက်ထားတာပဲဟု ရဲအရာရှိက သိလိုက်၏။

“ဒါနဲ့နေစမ်းပါဦး၊ မင်းနဲ့ အဲဒီအိမ်နဲ့ ဘယ်လိုပတ်သက်တာလဲ”

“ဒါလား၊ အဟီး”

“ဘာအဟီးလဲ ... ရှင်းရှင်းပြော”

“ကျွန်တော်က ... ကျွန်တော်က ... ”

ထိုစဉ်တွင် ရဲတပ်သားတစ်ယောက်ရောက်လာပြီး

“အောင်ဘာလေကို ခဏခေါ်ခဲ့ပါလို့ စခန်းမှူးကပြောတယ်၊ သူ့အိမ်က လိုက်လာလို့တဲ့”



ရဲအရာရှိက အောင်ဘာလေကို ရုံးခန်းထဲခေါ်သွားသည်။ ဒေါ်စောလှိုင်သည် အောင်ဘာလေကိုမြင်တော့

“အမလေး၊ ငါ့သားရယ်၊ ဘာဖြစ်သွားသေးလဲဟင်”

ဆိုပြီး မျက်နှာကိုင်ကြည့်၊ လက်တွေကိုင်ကြည့်၊ တစ်ကိုယ်လုံးကို စစ်ဆေးသလိုကြည့်နေသည်။ စခန်းမှူးက အကဲခတ်နေ၏။ ဒေါ်စောလှိုင်က စခန်းမှူးဘက်လှည့်ပြီး

“ကျွန်မသားလေးက လူကောင်းလေးပါ ဆရာတို့ရယ်၊ သူများ ပစ္စည်းခိုးဖို့နေနေသာသာ သူကတောင် ရှိသမျှပေးကမ်းနေတာပါ”

ထိုအချိန်တွင် အပြင်ဘက်မှ ပြူတစ်ပြူတစ်လုပ်ရင်း ချောင်းကြည့်နေသူများကို အစောင့်တာဝန်ကျရဲတပ်သားက

“ခင်ဗျားတို့ ရုတ်ရုတ်သဲသဲမလုပ်နဲ့ဗျာ၊ ဟိုဘက်နားမှာသွားစောင့်နေကြ”

ဟု ဟန့်တားနေသည်။ ရပ်ကွက်ထဲကလူတချို့ လိုက်လာကြခြင်း ဖြစ်၏။ တချို့ကလည်း အာမခံပေးမယ်ဆိုရင် ဝိုင်းပြီးအာမခံရအောင်လို့တဲ့။ အာမခံကိစ္စရဲ့စည်းမျဉ်းစည်းကမ်းတွေ သူတို့မသိ။ လူများများဝိုင်းပြီး အာမခံရင် ပိုအဆင်ပြေမယ်ထင်နေကြတာ။

“အာမခံလုပ်လို့ မရဘူးလား ဆရာ”

ဟု ဦးငွေရက မေးလိုက်သည်။

“ကျွန်တော်တို့ စစ်ကြောရေးလုပ်နေတုန်းပဲ ရှိပါသေးတယ်”

“ဒါဆို စားစရာလေးများ ပေးထားခဲ့လို့ရမလား ခင်ဗျာ”

“ရပါတယ်၊ ရပါတယ်”

ဟု စခန်းမှူးက ခွင့်ပြုလိုက်သောအခါ ဒေါ်စောလှိုင်က ‘ပေးလို့ရတယ်တဲ့ဟေ့’ ဟု အပြင်ဘက်ကို လှမ်းအော်အကြောင်းကြားလိုက်သည်။ ထိုအခါ

“ဟေ့လူတွေ၊ ဝင်လို့မရဘူး၊ ပြောထားတယ် မဟုတ်လား”

“စခန်းမှူးက ခွင့်ပြုတာပဲဟာ”

“အစားအသောက်တွေပဲ ခွင့်ပြုတာ လူတွေမဝင်ရဘူး”

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျရဲတပ်သားနှင့် ရပ်ကွက်ကလူများ အပြန်အလှန်ပြောနေကြသံများကြားရသည်။ စခန်းမှူးက ဒုရဲအုပ်ဘက်လှည့်ပြီး

"သွားကြည့်လိုက်ပါဦးကွာ၊ စားစရာတွေယူခဲ့၊ လူတွေတော့မဝင်စေနဲ့"

ဒုရဲအုပ်က အပြင်ထွက်သွားသည်။ ခဏကြာတော့ပြန်ဝင်လာသည်။ စားစရာတွေကအများကြီး။ ငှက်ပျောသီး၊ လိမ္မော်သီး၊ ဘီစကွတ်၊ မြေပဲယို၊ မရွေး၊ အကြော်စုံ၊ အအေးဘူးလည်း ပါသေးသည်။ တစ်ယောက်တည်း မနိုင်သဖြင့် ရဲကြပ်တစ်ယောက်ကပါ ကူသယ်လာပေးရသည်။

စခန်းမှူးမှာ မျက်မှောင်ကုတ်လိုက်ပြီး

"ဟား ... များလှချည်လား"

ဟုရေရွတ်သည်။ သူကခွင့်ပြုပြီးသားဖြစ်နေသဖြင့် ငြင်းဖို့ခက်နေ၏။

"မများပါဘူး ဆရာရဲ့၊ အချုပ်ခန်းထဲက လူတွေကိုလည်း ခွဲဝေကျွေးရမှာ"

အောင်ဘာလေက ပြောသဖြင့်

"ကဲ ... ဒါဆိုလည်းပြီးရော၊ နောက်တစ်ခါကျရင်တော့ အများကြီး ယူမလာနဲ့၊ လူတွေလည်း အများကြီးခေါ်မလာနဲ့၊ ထမင်းဟင်းပို့ပေးချင်ရင် တစ်ယောက်ပဲလာ"

ဟု စခန်းမှူးကပြောလိုက်သည်။

ထိုစဉ်တွင် ဘယ်လိုကဘယ်လို အလစ်မှာ လှစ်ခနဲဝင်လာသလဲ မသိ။ ကလေးမလေးတစ်ယောက်သည် ပြေးဝင်လာပြီး

"ဦးဦးအောင်ဘာလေ"

ဟု အော်ရင်း အောင်ဘာလေကို ပြေးဖက်သည်။

"ဟင် ... သေးသေး၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

သေးသေးသည် အောင်ဘာလေကို ဖက်ထားရာမှ ဒုရဲအုပ်ဘက်ကို ပြေး၍ဖက်လိုက်ပြန်ပြီး

"ဦးဦးရယ်၊ ဦးအောင်ဘာလေကို လွှတ်ပေးပါနော်၊ ဦးဦးအောင်ဘာလေက သမီးရဲ့နက်ကျူတ်လေးကို ကယ်ထားတာပါ၊ လူဆိုးမဟုတ်ပါဘူး"



ဟုပြောရင်း တရှုံ့ရှုံ့ငိုနေသည်။ ဒုရဲအုပ်မှာ ဘာလုပ်ရမှန်းမသိဘဲ သေးသေး၏ ခေါင်းကိုသာ ခပ်ဖွဖွပွတ်ပေးနေ၏။

"စိတ်မပူပါနဲ့ကွယ်၊ အပြစ်မရှိရင် လွှတ်ပေးမှာပါ"

ဟု စခန်းမှူးက လှမ်းပြောသည်။ စိတ်ထဲကတော့ 'အောင်ဘာလေဆိုတဲ့ကောင်ဟာ ရပ်ကွက်ထဲမှာ လူချစ်လူခင်တော့ ပေါသားပဲ' ဟု မှတ်ချက်ချမိ၏။

"ကဲ ... စောစောက မင်းရဲ့အပ်ဟီးဆိုတဲ့ ဇာတ်လမ်းကိုဆက်ပြောစမ်းပါဦး"

ဟု ဒုရဲအုပ်ကမေးလိုက်သည်။ အောင်ဘာလေက သူနှင့်ရွှေဦးတို့ စတင်တွေ့ဆုံပုံမှစ၍ ပြောပြသည်။ လေရူးကို ဝက်ရူးပြန်ကုပေးရာမှ ခင်မင်သွားပုံ၊ လေရူးက သူတို့နှစ်ယောက်ကိုသဘောတူပုံ၊ လူကြီးတွေကလည်း ကျေနပ်ပုံ၊ နောက်စောစောကလာသော သေးသေး၏ကြောင်လေးကို ကယ်တင်ရာမှ ပေကျံနေသော အဝတ်အစားများနှင့် သွားမိပုံ၊ ပြဿနာဖြစ်ပြီး အိမ်ကိုသွားခွင့်မရဖြစ်နေစဉ် အခုကိစ္စပေါ်လာပုံများကို ပြောပြသည်။

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ ဆရာရဲ့၊ သူတို့က မီးခံသေတ္တာကြီးကို မနိုင်မနင်းသယ်နေတာတွေ့လို့ ဝင်ကူမိတာပါ"

ဒုရဲအုပ်သည် အောင်ဘာလေပြောသမျှကို စိတ်ဝင်စားစွာနားထောင်နေသည်။ သူ့စကားထဲက သဲလွန်စတခုခုထွက်လာမလားဟု ဆန်းစစ်နေ၏။ နားထောင်ရင်းက တချို့အကြောင်းကြောင်း အကွက်တွေမှာ ရယ်တောင်ရယ်မိသည်။ အောင်ဘာလေရဲ့စရိုက်သဘာဝကိုလည်း နည်းနည်းသဘောပေါက်စပြုလာ၏။

ထူးဆန်းတာကတော့ သူသည်အောင်ဘာလေကိုစစ်ဆေးရတာ ပျော်သလိုလို ဖြစ်လာတဲ့ကိစ္စပါပဲ။ တရားခံတယောက်ကို စစ်ဆေးရလို့ ပျော်ရွှင်တယ် ဆိုတာသူ့ဘဝမှာတခါမှ မရှိခဲ့ဖူးသေး။ ပြီးတော့ စစ်ရင်းဆေး

www.burmeseclassic.com

www.burmeseclassic.com



ရင်း မေးရင်းမြန်းရင်း အောင်ဘာလေကိုခင်မင်ချင်စိတ် ပေါ်ပေါက်လာပြန်သည်။ ဒီကောင်ဘယ်လိုကောင်စားမျိုးလဲဟု တွေးနေတုန်း ...

"ဆရာ၊ အဘိုးကြီးတယောက်ရောက်နေတယ်"

ဟုတပ်သား တစ်ယောက်ကလာပြောသည်။

"စခန်းမှူးမရှိဘူးလား"

"ထမင်းစားပြန်သွားလို့"

ဒုရဲအုပ်သည် ရုံးခန်းဆီသို့ ထွက်လာခဲ့သည်။ စားပွဲရှေ့တွင် အဘိုးကြီးတစ်ယောက် ခပ်ရို့ရို့ကလေးရပ်နေသည်။

"ဘာကိစ္စရှိလို့လဲ အဘ"

ဟုမေးတော့

"အောင်ဘာလေနဲ့တွေ့ချင်လို့ပါ"

"အဘက အောင်ဘာနဲ့ ဘာတော်လို့လဲ"

"ဘာမှမတော်ပါဘူး၊ အဘက မျှော်ရုံစောင့်တာပါ"

"သွေးရင်းသားရင်းမဟုတ်ရင်တော့ တွေ့ခွင့်ပေးလို့မရဘူး"

"ဒုက္ခပါပဲ၊ ဒီကလေးက သူတော်ကောင်းလေးပါ ဆရာရယ်၊ မျှော်ရုံကဝေယျာဝစ္စတွေ အမြဲကူလုပ်ပေးနေတာပါ။ အဘကိုလဲ သိပ်စောင့်ရှောက်တယ် အဘ ဆီးရောဂါဖြစ်တုန်းကဆိုရင် ... "

အစချီပြီး အဘိုးကြီးတွေရဲ့ ထုံးစံအတိုင်း ဆေးရုံမှာချေးကသေးကအစ မရွံမရှာသုတ်သင် ပြုစုပေးခဲ့ကြောင်းတွေ အသေးစိတ်ပြောပြနေသည်။ ဒုရဲအုပ်မှာသည်းခံနားထောင်နေရ၏။ ထို့နောက်

"အဲဒါကွယ်သူ့ကိုယ်အစား အဘကိုဖမ်းလို့မရဘူးလား၊ ကျေးဇူးဆပ်ချင်လို့ပါ"

"ဟာ ... အဘကလဲ၊ တရားခံဆိုတာ လူစားထိုးလို့ရတာမှမဟုတ်ပဲ"

"ဒါဆိုရင်လည်း သူ့အတွက်အန္တရာယ်ကင်းဂါထာလေးပေးခဲ့လို့မရဘူးလား"

ဆိုပြီး စာရွက်ပိုင်းကလေးတစ်ခုကို လှမ်းပေးသည်။ ဒုရဲအုပ်က လှမ်းယူပြီး



"ဒါတော့ ရပါတယ်၊ ကျွန်တော်ပေးပေးပါ့မယ်"

"ဒီအတိုင်းပေးလို့မရဘူး၊ ငါ့နက်ကရိဏ်းကျကျ ရွတ်ဆိုတတ်အောင် နှုတ်တိုက်ချပေးရမှာ"

"အဲဒါတော့မရဘူးအဘ၊ တွေ့လို့မရဘူး၊ စခန်းမှူးလည်းမရှိဘူး၊ ကျွန်တော့်သဘောနဲ့ ခွင့်ပြုလို့မဖြစ်ဘူး"

မျှော်ရုံစောင့်ကြီး ဦးကျော်ထွေးသည်ခဏမျှ တွေစဉ်းစားနေပြီးမှ

"ဒီလိုလုပ်ပါလားကွယ်၊ ဆရာ့ကိုပဲရွတ်ဆိုနည်းသင်ပေးခဲ့မယ်၊ ဆရာက သူ့ကိုပြန်ချပေးပေါ့"

"ဟို ... အဲ ... ရ ... ရပါတယ်"

"ကဲ ... ဒါဆိုလည်း လိုက်ဆို၊ ဥုံ ဣတိပိ ပိဋကတ္တယံ၊ အနန္တံ ဒုက္ခံ အနတ္တံ"

ဒုရဲအုပ်မှာ အမ်းတမ်းတမ်းဖြစ်နေသည်။ ဦးကျော်ထွေးက'ဥုံ' ဟုထပ်ရွတ်လိုက်တော့မှ ဟိုဒီကြည့်ပြီး ခပ်တိုးတိုးလိုက်ရွတ်သည်။

"ဥုံ ... ဣတိပိသော ... "

"သောမပါဘူးကွယ် ... ပြီးတော့ ဥုံဆိုတာကို လိုဏ်သံပေါက်အောင် ဖိပြီးရွတ်ရတယ်"

"ဥုံ"

"အေး ... ဟုတ်ပြီ"

ဒီလိုနဲ့ ဂါထာတစ်ပုဒ်လုံးကို နှုတ်တိုက်ချပေးလိုက်သည်။ ဦးကျော်ထွေးလည်း ကျေနပ်သွားပြီး

"တစ်နေ့ကို ကိုးကြိမ်ကိုးခေါက်ရွက်ပါလို့ပြော၊ သိပ်အစွမ်းထက်တယ်၊ ဇလွန်ပြည်တော်ပြန်ဘုရားကြီးရဲ့ စမ္ဗခဏ်ဂါထာတော်ကြီးပဲ၊ ဆရာတို့လည်း ကူးယူထားပြီး ရွတ်ကြည့်စမ်းပါ၊ မုချအကျိုးထူးပါစေ့မယ်"

ဦးကျော်ထွေးက နှုတ်ဆက်ပြီးထွက်သွားသည်။ ဝင်လာတုန်းကလို ခပ်ရို့ရို့ကလေးမဟုတ်တော့။ သူက ဂါထာသင်ပေးတဲ့ဆရာဖြစ်သွားပြီမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်သည် ဂါထာစာရွက်ကလေးကို ကြည့်နေသည်။ နှုတ်ခမ်းကလည်း တလှုပ်လှုပ်ဖြစ်နေ၏။ အသံတော့ထွက်မလာ။ ခဏနေတော့ စားပွဲအံဆွဲထဲမှ စာရွက်လွတ်တစ်ရွက်ယူသည်။ အိတ်ထဲက ဘောလ်ပင်ကိုလည်း ဆွဲထုတ်လိုက်သည်။



"လက်စသတ်တော့ ဒင်းကအကြံသမားကိုး၊ ရူးသလိုလို၊ ပေါသလို၊ ကူညီသလိုလို ဆေးကုသပေးသလိုလိုနဲ့ အတော်ပိရိပါပေရဲ့၊ လူများကြောက်စရာကောင်းလိုက်တာ၊ အပေါ်ယံကြည့်ပြီး အကဲခတ်မိတာ ငါးပါးမှောက်တာပဲ"

ဒေါ်မိမိမော်သည် ဒီစကားကိုပြောနေတာ ဘယ်နှစ်ကြိမ်မြောက်ရှိနေပြီလဲမသိ။ ကြုံတဲ့အခါတိုင်း သတိရတဲ့အခါတိုင်း မကျေမချမ်းရေရွတ်နေတော့သည်။ ဦးချစ်ထူးက

"အတော်စဉ်းစားရကျပ်တဲ့ကိစ္စပဲ"

ဟု မယုတ်မလွန်ပြောသည်။

လေရူးသည် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လေးလေးနက်နက် စဉ်းစားသလိုလုပ်နေသည်။ ခေါင်းကိုလည်း မကြာခဏရမ်းခါသည်။ နွေဦးသည် သူလျှောက်နေရာနောက်ကို လိုက်ကြည့်ရင်း ခေါင်းမူးသလိုလို ဖြစ်လာ၏။

လေရူးက ရုတ်တရက်တန့်ခနဲရပ်လိုက်ပြီး

"အဓိပ္ပာယ်မရှိဘူး၊ လုံးဝအဓိပ္ပာယ်မရှိဘူး"

ဟုပြောလိုက်သည်။ ဒေါ်မိမိမော်က

"ဘာအဓိပ္ပာယ်မရှိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုထဲမှာ အောင်ဘာလေ ပါတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"မင်းက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ဟု ဦးချစ်ထူးက စကားထောက်ပေးလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ အောင်ဘာလေက ကြံရာပါဆိုရင် အိမ်အထိ ဘာဖြစ်လို့ လိုက်လာရမှာလဲ၊ သူ့ကိုတစ်ရပ်ကွက်လုံးက သိနေကြတာပဲဟာ၊ ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်မယ့်အလုပ်ကိုလုပ်ရလောက်အောင်တော့ ဒီကောင် မတုံးသေးပါဘူး၊ အသာလေးရှောင်နေလိုက်ရင် ပြီးတာပဲ ဥစ္စာ"

"ဒါကတော့ လူတွေက ခုလိုပဲတွေးမှာပဲဆိုပြီး သူအပြစ်ကင်းတယ်လို့ထင်အောင် တမင်ခုလိုလုပ်တာကော မဖြစ်နိုင်ဘူးလား"

ဟု ဦးချစ်ထူးက စောဒကတက်တော့

"ဖေဖေပြောပုံက စိတ်ကူးယဉ် ရုပ်ရှင်ဇာတ်လမ်းကျနေတာပဲ၊ ဘယ်သူက ကိုယ့်ဟာကိုယ် အဖမ်းခံပြီးအကွက်ဆင်ပါ့မလဲ"

ဒေါ်မိမိမော်က ဝင်ပြောပြန်သည်။

"နေဦး … ဟိုတလောက အဲဒီကောင် သံဘာဂျာတံခါးတွေဖွင့်ရတာ ကျပ်နေလို့ဆိုပြီး ဆီတွေထည့်၊ ပြီးတော့ သော့ဖွင့်ရတာခက်လို့ဆိုပြီး သော့ပေါက်ထဲကိုဆီတွေ လောင်းထည့်သေးတယ်လေ၊ အဲဒါ သူတို့အကြံအစည်အတွက် ကြိုပြီးပြင်ဆင်တာ မဟုတ်ဘူးလား"

"ဒါကတော့ အောင်ဘာလေရဲ့ အကျင့်ပဲ၊ အမြင်မတော်တာ အကုန်ဝင်လုပ်တာပဲဟာ၊ မေမေပြောသလိုဆို ဒီကောင် အိမ်သာဝင်ဆေးတာကကော၊ ကမုတ်ကိုဖြုတ်ခိုးချင်လို့လား … ကဲ"

"မင်းစကားမကပ်နဲ့ … ၊ နေစမ်းပါဦး၊ မင်းက အိမ်ကရှိသမျှအကုန်ပါသွားတာတော့ မနေ့မြောဘဲ သူခိုးဘက်က နာနေတာ ဘာသဘောလဲ"

"မတရားတာဆိုရင်တော့ ပြောရမှာပဲ"

"ကြည့်စမ်း၊ အမေကိုတောင် ပြန်ပက်နေတယ်၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဟိုကောင်က မင်းကို ဆေးတွေဝါးတွေနဲ့ လုပ်ထားတာဖြစ်မှာပဲ၊ သူတိုက်တဲ့ဆေးတွေဟာလည်း အပင်းတွေထင်တယ်"



"မေမေ ကျေးဇူးကန်းစကားမပြောနဲ့၊ ကျွန်တော် ခုလောက်ထိ နေလို့ကောင်းလာတာ သူ့ဆေးတွေကြောင့်ပဲ မဟုတ်လား၊ မေမေတို့က ကျွန်တော့်ကို အရူးအပေါလို့ ခဏခဏပြောတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း မငြင်းပါဘူး၊ ဒါပေမဲ့ အရူးအပေါလောက်တောင် မှန်မှန်ကန်ကန် မစဉ်းစားနိုင်ကြတာကတော့ အံ့သြစရာပဲ"

ဟုပြောပြီး လေရှူးသည် သူ့အခန်းထဲသို့ ဆောင့်ကြီးအောင့်ကြီးဝင်သွားလေသည်။ ဒေါ်မိမိမော် ပါးစပ်အဟောင်းသားဖြစ်ပြီး ကျန်ခဲ့သည်။ ဦးချစ်ထူးက ခေါင်းတစ်ချက်ဆတ်ပြီး အိမ်ပေါ်ထပ်တက်သွား၏။

နွေဦးကတော့ ထုံးစံအတိုင်း အမေပြောတာ ဟုတ်သလိုလို၊ အစ်ကိုပြောတာ မှန်သလိုလို ဝေခွဲမရဖြစ်နေသည်။ တစ်ပြိုင်နက်တည်းမှာ အောင်ဘာလေကတော့ အချုပ်ခန်းထဲမှာ အတော်ဒုက္ခရောက်မှာပဲ၊ အရိုက်အနှက်များခံနေရမလားဆိုသော စိုးရိမ်စိတ်လည်း ဖြစ်နေမိပြန်သည်။

"ဟဲ့ … နှင့်အစ်ကို တွေ့လား သမီး"

ခဏအကြာမှာ ဒေါ်မိမိမော်က လာမေးသည်။

"သူ့အခန်းထဲမှာ မဟုတ်ဘူးလား"

"မရှိတော့ဘူး၊ ဘယ်ထွက်သွားလဲ မသိဘူး"

ထိုစဉ်တွင် ဦးချစ်ထူး အဝတ်အစားလဲပြီး ထွက်လာသည်။

"ငါလိုက်သွားမယ်"

"လေရှူး ဘယ်ထွက်သွားလဲဆိုတာ သိလို့လား"

"သိတယ်"

"အောင်ဘာလေကို ခုချက်ချင်းလွှတ်ပေးပါ"

ဟု လေရှူးကပြောလိုက်သည်။

"ဘာ"

"သူ့မှာ ဘာအပြစ်မှမရှိဘူးဗျ၊ ဒါကြောင့်"

"ခင်ဗျားက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးက မေးသည်။

"ကျုပ်က သူ့ရဲ့ယောက်ဖလောင်း"

"ဘယ်လို"

ထိုစဉ်မှာ ဒုရဲအုပ်ရောက်ရှိလာသည်။ သူက အိမ်ကို စစ်ဆေးဖို့နှစ်ခေါက်သုံးခေါက် ရောက်ဖူးသဖြင့် လေရှုးအကြောင်း အတော်အသင့်သိနေသည်။

"ကိုလေရှုးပါလား၊ ဘာကိစ္စရှိလို့လဲ"

"အောင်ဘာလေကို လွှတ်ပေးဖို့ပြောနေတာ၊ ဒီကောင်သူခိုးမဟုတ်ဘူး၊ ကျုပ် အာမခံတယ်"

"ဟင် ... ကိုလေရှုးက တရားလိုဘက်က မဟုတ်လား၊ ဘယ့်နှယ်ကြောင့်"

"မဟုတ်ဘူး၊ ကျုပ်မိဘတွေနဲ့ ကျုပ်နဲ့ သဘောချင်းမတူဘူး၊ ကြာတယ်ဗျာ လွှတ်မလား၊ မလွှတ်ဘူးလား"

"ကျွန်တော်တို့က စစ်ဆေးနေတုန်းရှိသေးတယ်"

"ခင်ဗျားတို့ လွှတ်မပေးဘူးဆိုရင်တော့ ကျုပ်အစွမ်းအစနဲ့ ကယ်ထုတ်ရလိမ့်မယ်"

စခန်းမှူးသည် လေရှုးနှင့် ဒုရဲအုပ်တို့အချီအချပြောနေကြပုံကို အကဲခတ်ကြည့်နေသည်။ လေရှုးက စခန်းမှူးကိုပါ သိမ်းကျုံးပြောတဲ့လေသံမျိုးနဲ့ ...

"ခင်ဗျားတို့ရဲ့ အချုပ်ခန်းသံတိုင်လောက်ကတော့ ဟောဒီလို ဆွဲဖြုပစ်လိုက်လို့ရတယ်၊ ကျုပ်က တာမင်နေတာ ဝင်စားတာဗျ၊ ဟောဒီမှာကြည့်"

ဆိုပြီး လက်မောင်းနှစ်ဘက်ကိုမြှောက်၊ ကြွက်သားတွေဖျစ်ညှစ်ထုတ်ပြသည်။ စခန်းမှူးနှင့် ဒုရဲအုပ်တို့မှာ ပြုံးစေ့စေ့ဖြစ်ပြီး ငေးကြောင်ကြည့်နေတုန်း လေရှုးသည် မျက်လုံးကြီးပြူးလာသည်။ ထို့နောက် နှုတ်ခမ်းထောင့်မှ သွားရည်တွေကျလာရင်း 'ဂစ် ဂစ်' ဟု မြည်ပြီး ခွေကျသွားသည်။



"ဟာ ... ဟေ့လူ၊ ဘယ်လိုဖြစ်တာလဲ"

သူတို့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားကြ၏။ ဒုရဲအုပ်က အောင်ဘာလေ ပြောပြခဲ့ဖူးတာကို သတိရပြီး

"ဝက်ရူးပြန်တာ စခန်းမှူး၊ အောင်ဘာလေ ကုတတ်တယ်၊ ကျွန်တော် ဒီကောင့်ကို ခဏထုတ်လာခဲ့မယ်"

"ခဏနေဦး"

စခန်းမှူးက ဟန်ဆောင်တာဟုတ်မဟုတ် သေသေချာချာကြည့်ပြီးမှ

"ဘာလုပ်ရမလဲဆိုတာ အရင်သွားမေး၊ မရမှ သူ့ကိုခေါ်မယ်"

ဒုရဲအုပ်က အချုပ်ခန်းဆီသွားပြီး အောင်ဘာလေကို မေးသည်။ အောင်ဘာလေကလည်း အပြင်ကအသံတွေကိုကြားတန်သလောက်ကြားပြီးဖြစ်၏။

"ဒါမျိုးမဖြစ်တာကြာပြီဆရာ၊ စိတ်အရမ်းလှုပ်ရှားသွားလို့ထင်တယ်၊ သူ့အိတ်ထဲမှာ နှာဆေးပုလင်းလေးပါလိမ့်မယ်၊ နှာခေါင်းဝနားမှာ ဆေးမှုန့်နည်းနည်းတင်ပြီး ပြွန်တံလေးနဲ့ မှုတ်ထည့်ပေးလိုက်"

"ပြွန်တံ ဟုတ်လား"

"သူ့အိတ်ထဲမှာပဲ ပါလိမ့်မယ်၊ အအေးစုတ်တဲ့ပိုက်ကလေး"

အောင်ဘာလေပြောသလို လုပ်ကြည့်တော့ 'ဟပ်ချိုး' ဟု တစ်ချက်နှာချေပြီး ပြန်သတိရလာသည်။ လေရှုးက ဇက်ကိုဟိုဘက်ဒီဘက်လှည့်ချိုးလိုက်ပြီးမှ

"အဲ ... စောစောက ကျွန်တော်ပြောတာ ဘယ်နေရာရောက်သွားပြီလဲ"

ဟုမေးသည်။ စခန်းမှူးက ပါးပါးနပ်နပ်ဖြေလိုက်၏။

"ပြန်မလို့ နှုတ်ဆက်နေတာလေ"

"သြော် ... ဟုတ်ပြီ၊ ကျွန်တော် ပြောတာတွေမမေ့ပါနဲ့၊ ဟောဒါလေးလည်း အောင်ဘာလေကိုကျွေးလိုက်ပါနော်၊ ကဲ ... သွားပြီ၊ ပွတ်ဘိုင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ထထွက်သွားသည်။ စခန်းအဝင်ဝမှာ နောက်ကလိုက်လာသော ဦးချစ်ထူးနှင့်ဆုံသည်။

"မင်း ဒီကိုလာမယ်လို့ထင်သားပဲ"

ဟု ဦးချစ်ထူးက ပြောသည်။

စခန်းမှူးသည် အောင်ဘာလေအတွက်ဆိုပြီး လေရှူးပေးထားခဲ့သော ဖော့ဘူးလေးကိုကြည့်လိုက်သည်။ ဘူးပေါ်မှာ တံဆိပ်ရိုက်ထားတာက

"ကေဝိုင်ကေ ရေခဲမုန့်"



ဦးငွေရနှင့် ဒေါ်စောလှိုင်ထံသို့ လူငယ်တစ်ယောက် ရောက်လာသည်။

"ကျွန်တော် ဝင်းအောင်လွင်ပါ ... အောင်ဘာလေရဲ့ သူငယ်ချင်းလေ"

"ဩော် ... အေး အေး ... မရောက်တာ ကြာတော့ ရုတ်တရက် မမှတ်မိဘူး ... ပြီးတော့ မင်းက လူကြီးတစ်ယောက်လို ဖြစ်နေတာကိုး ဒါနဲ့ ဘာကိစ္စများရှိလို့လဲ ... မင်းသူငယ်ချင်းကတော့"

"ဟုတ်ပါတယ် ဒေါ်ဒေါ် ... ကျွန်တော် အောင်ဘာလေ့ အကြောင်း ကြားလို့ ပြေးလာခဲ့တာပါ ... သူ့ကျေးဇူးတွေ ကျွန်တော့်အပေါ် အများကြီး ရှိပါတယ် ... ဒါကြောင့် အကူအညီပေးဖို့လာခဲ့တာပါ"

ဝင်းအောင်လွင်သည် စာတော်သည်။ ဆယ်တန်းရောက်တော့ ကျူရှင်ယူဖို့ ငွေကြေးမတတ်နိုင်ဘဲ ဖြစ်နေသည်။ ထိုအခါ အောင်ဘာလေက နာမည်ကြီး ကျူရှင်တစ်ခုမှာ သူ့ကိုယ်စား သွားတက်နိုင်းခဲ့သည်။ ဒီလိုနဲ့ ဝင်းအောင်လွင် ဆယ်တန်းအောင်သည်။ ဥပဒေအထူးပြု ဘာသာရပ်ယူခဲ့သည်။ ခုတော့ ရှေ့နေပေါက်စလေး ဖြစ်နေပြီ။

ဦးငွေရနှင့် ဒေါ်စောလှိုင်တို့က ဖြစ်ပျက်ပုံကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



“စိတ်မပူပါနဲ့ ခင်ဗျာ … ဒီပုံစံအတိုင်းဆို အောင်ဘာလေကို စွဲချက်တင်ဖို့ မနိုင်လို့လှပါဘူး … ရုံးတင်မယ်ဆိုရင်လဲ ကျွန်တော့်ဆရာကို အမှုလိုက်ပေးဖို့ ပြောပေးပါ့မယ် … ဆရာကလည်း ဒါမျိုးဆိုရင် ငွေကြေးကို မကြည့်ဘဲ ကူညီတတ်ပါတယ်”

ထို့နောက် ဝင်းအောင်လွင်က ရဲစခန်းကို လိုက်သွားသည်။ ရဲနှင့်ရှေ့နေဆိုသည်မှာ ပြိုင်ဘက်ဘောလုံးအသင်းနှစ်သင်းလိုပဲ။ မကြာခဏ ထိပ်တိုက်ဆုံတတ်သည်။ အချင်းချင်း မကင်းရာမကင်းကြောင်းတွေလည်းဖြစ်၏။ တွေ့ကြပြီဆိုလျှင်လည်း အထေ့လေး အငေါ့လေးတွေနဲ့ အခြေအတင်ဖြစ်လေ့ရှိ၏။

“ဒီအမှုက မနိုင်လုံပါဘူး ဆရာရယ် … ဒိန်ချဉ်သည်ရဲ့ ပြောစကားလောက်ပဲ သက်သေရှိတာပါ … တကယ်လို့ ဒိန်ချဉ်သည်က ဂျစ်ကားကို မောင်းသွားတဲ့လူဟာ အမေရိကန်သမ္မတ အိုဘားမားပါလို့ ပြောရင်ကော ဘယ်လိုလုပ်မလဲ”

ဟု ဝင်းအောင်လွင်က စကားကပ်ပြောလိုက်သည်။ စခန်းမှူးက

“မသင်္ကာစရာရှိရင်တော့ အိုဘားမားရဲ့ အဖေဆိုရင်လည်း ဖမ်းရမှာပဲ”

ဟု ပြန်ပြောသည်။ ဝင်းအောင်လွင်က

“အင်း … ဒါကြောင့်လည်း ဥပဒေလောကမှာ ဆိုရိုးစကားရှိတာပဲ … ရဲက သံသယရှိရင် ဖမ်းတယ် … တရားသူကြီးက သံသယရှိရင် လွှတ်တယ်တဲ့ လူတစ်ယောက်ဟာ ဖြစ်မှုတစ်ခုကို တကယ်ကျူးလွန်တာ ဟုတ်၊ မဟုတ် တိတိကျကျ မဆုံးဖြတ်နိုင်ရင် သံသယအကျိုးကို ခံစားစေဆိုပြီး လွှတ်ပေးရတာပဲ … အခုလည်း ဒီအမှုရုံးကိုရောက်ရင် လွှတ်မှာပဲ”

“ကျွန်တော်ကလည်း … အဲဒီအတိုင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်”

ဟု စခန်းမှူးက ပြုံး၍ပြောသည်။

“တကယ်တော့ အောင်ဘာလေဟာ လူတိုင်းကို ကူညီတတ်တဲ့သူပါဗျာ … ကျွန်တော်အပေါ်မှာတောင် သူ့ကျေးဇူးတွေရှိသေးတယ် … ခုကိစ္စ



မှာလည်း သူ့ဝသီတိုင်း ဝင်ပြီးကူညီရင်း ပြဿနာဖြစ်ရတယ်ဆိုတာ … ကျွန်တော်ယုံတယ်”

ဟု ဝင်းအောင်လွင်က ထပ်ပြောသည်။ စခန်းမှူးက

“ကျွန်တော်တို့လည်း ဝတ္တရားအတိုင်း ဆောင်ရွက်ရတာပါ … လူတွေကို အပျင်းပြေ လျှောက်ဖမ်းနေတာ မဟုတ်ပါဘူး … လူတစ်ယောက်ကို အရေးယူရတာ လွယ်တယ်များ မှတ်နေလား … စစ်ရဆေးရ … အမှုတည်ဆောက်ရ အစီရင်ခံစာရေးရ … သိပ်အလုပ်ရှုပ်တယ်ဗျ … အဖမ်းခံရတဲ့လူချည်ပဲ ဒုက္ခရောက်တာမဟုတ်ဘူး … ကျွန်တော်တို့လည်း ပင်ပန်းတာပဲ … ဖြစ်နိုင်ရင် တစ်ယောက်မှ မဖမ်းချင်ဘူး”

“မလုပ်ပါနဲ့ ဆရာရယ် … တော်ကြာ ဖမ်းရမယ့် လူတစ်ယောက်မှ မရှိတော့ရင် ဆရာတို့ အလုပ်လက်မဲ့ ဖြစ်နေပါဦးမယ်”

“ကောင်းတာပေါ့ … အဲဒါဆို ခင်ဗျားတို့ ရှေ့နေတွေလည်း လိုက်စရာ အမှုမရှိတော့ ထမင်းငတ်ရော”

ထို့နောက် ပြိုင်တူရယ်လိုက်ကြသည်။ ရဲနဲ့ ရှေ့နေဆိုတာ အဲဒီအတိုင်းပဲ။

---

အောင်ဘာလေကို စီအိုင်ဒီမှုခင်းမှတ်တမ်းဌာနသို့ ခေါ်သွားသည်။ ဖောက်ထွင်းမှု ပြစ်ချက်ဟောင်းရှိသူများ၏ ဓာတ်ပုံများကို ပြပြီး မီးခံသေတ္တာ သယ်သွားသူနှစ်ယောက် ပါ မပါ ကြည့်ခိုင်းသည်။ ဟိုလူတွေက ရုပ်ဖျက်လာခြင်းဖြစ်သောကြောင့် တိတိကျကျမှတ်မိဖို့ မလွယ်လှ။

တူသလိုလို ရှိသူတစ်ချို့ကို ထောက်ပြသော်လည်း ထိုသူများမှာ သေပြီးတဲ့လူက သေး၊ လောလောဆယ် ထောင်ထဲရောက်နှင့်ပြီးသား ဖြစ်သူက ဖြစ်နေ၏။ ကျန်တဲ့ပုံတွေကို ကွန်ပျူတာထဲထည့် ဆံပင်ရှည်၊ နှုတ်ခမ်းမွေး၊ မျက်မှန်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး တပ်ပြီးပြကြည့်သော်လည်း မှန်းထုတ်လို့ မရဘဲဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာ တစ်ယောက်ကတော့ နီးစပ်သည်။ သို့တိုင်အောင် သူက အထက်အညာဘက်မှာ လှုပ်ရှားတတ်သူဖြစ်နေ၏။ သူ့ကို နောက်ဆုံး ဖမ်းမိသော ရဲစခန်းသို့ ဆက်သွယ်စုံစမ်းကြည့်သောအခါ ထိုသူမှာ လောလောဆယ် ခြေချုပ် ပုဒ်မဖြင့် နေနေရသူဖြစ်ကြောင်း စခန်းနှင့် ပုံမှန်အဆက်အသွယ်ရှိကြောင်းသိရသည်။ ဒီမှာ ဖောက်ထွင်းမှုဖြစ်သောနေ့တွင် ထိုမြို့မှာ သူရှိနေကြောင်း စခန်းမှာ သတင်းပို့ရင်း လက်မှတ်ထိုးသွားကြောင်း သိရသဖြင့် သဲလွန်စ ပြတ်သွားပြန်သည်။

သို့နှင့် အောင်ဘာလေကို စခန်းသို့ ပြန်ခေါ်လာခဲ့သည်။

စခန်းသို့ ရောက်သောအခါ စခန်းမှူး၏ စားပွဲမှာ ထိုင်နေသော သီလရှင်တစ်ပါးကို တွေ့ကြရလေသည်။

"အောင်ဘာလေနဲ့ တွေ့ချင်လို့တဲ့ဟေ့"

ဟု စခန်းမှူးက ပြောသည်။ အောင်ဘာလေက အနားမှာ သွားရပ်သည်။ သီလရှင် ဆရာလေးက ထရပ်ပြီး အောင်ဘာလေနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ထို့နောက် အောင်ဘာလေကို စေ့စေ့ကြည့်ရင်း ...

"ဆရာလေးကို မမှတ်မိဘူးလား ... ခရေလေ"

"ဟင် ... မမခရေ ... အဲ ... ဆရာလေး ... ဘယ်လိုဖြစ်"

"ဒကာလေးရဲ့ ကျေးဇူးကြောင့်ပေါ့ ... အဲဒီတုန်းက ဆရာလေး တော်တော် နောင်တရသွားမိတယ် ... အဲဒါနဲ့ ရွာကိုပြန်ရောက်တော့ သာသနာ့ဘောင်ထဲမှာပဲ တစ်သက်လုံး နေတော့မယ်လို့ ဆုံးဖြတ်ပြီး သီလရှင် ဝတ်ခဲ့တာပဲ ... အခု ရန်ကုန်ဘက်ကို လာရင်း အိမ်ကိုဝင်နှုတ်ဆက်တော့မှ ဒကာလေးအကြောင်း သိရပြီး လာခဲ့တာ ... ဆရာလေး ခုလို ငြိမ်းချမ်းတဲ့ ဘဝကို ရရှိတာဟာ ဒကာလေးရဲ့ ကျေးဇူးကြောင့်ပါပဲ"

ထို့နောက် စခန်းမှူးဘက်သို့ လှည့်ပြီး ...

"သူ့ကို ဟောဒီ စိပ်ပုတီးလေး ပေးခဲ့ချင်ပါတယ် ... ရမလား"

စခန်းမှူးက စိပ်ပုတီးကို ယူ၍ စစ်ဆေးကြည့်ပြီးနောက် 'ရပါတယ်' ဟု ပြောပြီး အောင်ဘာလေ၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ သီလရှင် ဆရာလေးက



"ဂုဏ်တော်ကိုးပါးကို ရည်စူးပြီး စိပ်ပါ ... ထူးခြားပါလိမ့်မယ် ... ဆရာလေးလည်း ဘုရားရှိခိုးတိုင်း ဆုတောင်းပေးနေပါ့မယ် ... ဟို ... ဒကာလေးရဲ့ ချစ်သူမိန်းကလေး အထင်လွဲနေတဲ့ ကိစ္စကိုလည်း သွားပြီးရှင်းပြပေးလိုက်ပါ့မယ် ... စိတ်မပူပါနဲ့"

အောင်ဘာလေက စိပ်ပုတီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ငေးကြည့်နေသည်။ ဆရာလေးက စခန်းမှူးဘက်ကို လှည့်ပြီး

"အောင်ဘာလေဟာ အလွန်ဖြူစင်သန့်ရှင်းတဲ့ လူငယ်လေးပါ ... ဆရာလေးရဲ့ ဂုဏ်သိက္ခာနဲ့ရင်းပြီး အာမခံပါတယ် ... ခုလို တွေ့ခွင့်ပေးတာ ကျေးဇူးတင်ပါတယ် ... ခွင့်ပြုပါဦး"

အောင်ဘာလေကို တစ်ချက်ပြုံးကြည့်ပြီး အိန္ဒြေရစွာ ထွက်ခွာသွားသည်။ အောင်ဘာလေသည် ဟိုတစ်ခါ နှုတ်ဆက်ထွက်ခွာသွားတုန်းကလိုပင် လှိုက်ခနဲ ဖြစ်သွားရ၏။ ခံစားရပုံချင်းကတော့ မတူဘူးထင်သည်။

စခန်းမှူးရဲ့ စိတ်ထဲမှာတော့ ...

"ဒီလောက် အာမခံချင်တဲ့လူပေါ်တဲ့ တရားခံမျိုး တစ်ခါမှ မကြုံဖူးသေးဘူး ... နောက်ထပ် ဘယ်သူလာပြီး အာမခံဦးမလဲ မသိဘူး"

ဟု တွေးနေတုန်း စခန်းထဲသို့ ဦးဇင်းတစ်ပါး ဝင်လာပြန်သဖြင့်လန့်သွားသည်။ အမှန်တော့ ထိုကိုယ်တော်မှာ ထောက်ခံစာ လာတောင်းသော ဒုလ္လဘရဟန်းတစ်ပါးသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ဒီအတိုင်း ထိုင်စောင့်မနေနိုင်တော့ဘူး"

ဟု ဒေါ်စောလှိုင်က ပြောလိုက်သည်။

"ထိုင်မစောင့်တော့ ငါတို့က ဘာလုပ်နိုင်လို့လဲ"

"ရွှေဦးတို့အိမ်ကို သွားမယ်"

"ဘာသွားလုပ်မှာလဲ"

"သွားတောင်းပန်မှာပေါ့"

"ဒီလောက်ရှိသမျှ ပစ္စည်းတွေပါသွားတာ ဟိုက ပြောလို့ရမလားကွ"

"ကျွန်မသား ခိုးတာမှ မဟုတ်တာ"

"အဲဒါက ငါတို့ဘက်က အမြင်ပဲ သူတို့ကတော့ ... "

"အို ... ဘာပဲဖြစ်ဖြစ် သွားကြည့်တာတော့ မမှားဘူး ... ခြေသလုံး ဖက်ပြီးတော့ပဲ တောင်းပန်ရ တောင်းပန်ရ ... ကျွန်မသားလေး ပြန်ရရင် တော်ပြီ"

ထို့ကြောင့် ရွှေဦးတို့ အိမ်သို့ လိုက်ပို့ရသည်။ အိမ်ရှေ့မှာရပ်ပြီး လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သောအခါ ဒေါ်မိမိမော် တံခါးဝမှာ လာရပ်သည်။

"ဘာကိစ္စများပါလိမ့်"

"ကျွန်တော်တို့ အောင်ဘာလေရဲ့ အဖေနဲ့ အမေပါ"



ဦးငွေရာ၏ စကားကို ကြားသောအခါ ဒေါ်မိမိမော် မျက်နှာတင်း ခနဲ ဖြစ်သွား၏။ ဘာမှပြန်မပြောဘဲ စိုက်ကြည့်နေတုန်း ဦးချစ်ထူး အောက်မှ လာရပ်ပြီး တံခါးဖွင့်ပေးသည်။

"ဝင်ပါ ... ဝင်ပါ"

ဦးငွေရာနှင့် ဒေါ်စောလှိုင်တို့ ခပ်ရိုရိုကလေး လိုက်ဝင်သွားသည်။

"ထိုင်ပါ"

မရဲတရဲ ဝင်ထိုင်ကြသည်။ ဦးချစ်ထူးနှင့် ဒေါ်မိမိမော်တို့လည်း မျက် နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။

"ဟိုကောင့် အဖေနဲ့ အမေတဲ့"

ဟု ဒေါ်မိမိမော်က လေသံဆတ်ဆတ်ပြောသည်။

"ဩော် ... အင်း"

"ကျွန်တော်တို့ လာတောင်းပန်တာပါ ... "

ဦးငွေရာက စကားစသည်။ ဒေါ်စောလှိုင်ကတော့ မအောင့်အည်း နိုင်တော့ဘဲ

"ကျွန်မ သားလေးက လူကောင်းလေးပါရှင် ... ဒါမျိုး မလုပ်ပါဘူး အထင်မှားခံရတာပါ ... သူ ပါနေမိတယ်ဆိုရင်လည်း ဘုမသိဘမသိ ဝင်ကူမိ တာနေမှာပါ ... ကျွန်မ တောင်းပန်ပါတယ် ... ခွင့်လွှတ်ပေးပါ"

"ကျွန်မတို့က ရှိသမျှ အကုန်ပါသွားတာ ... ဘယ်နှယ့်ကြောင့်"

ဒေါ်မိမိမော် စကားပြန်နေစဉ် ဒေါ်စောလှိုင်က အတင်းဝင်ဖြတ်ပြီး

"ဘာကြောင့်ပဲဖြစ်ဖြစ် ... ဆုံးရှုံးသွားသမျှ ကျွန်မတို့ ပြန်လျော် ပေးပါ့မယ် ... ကျွန်မတို့မှာရှိသမျှ အကုန်ပေးပါ့မယ် ... ဒါနဲ့တောင်မှ မ လောက်သေးရင် ကျွန်မတို့ အိမ်ကိုပါ ရောင်းပြီးပေးပါ့မယ် ... သားလေးကို သာ ခွင့်လွှတ်ပြီး အမှုကို ရုတ်သိမ်းပေးပါရှင်"

ဟု ပြောရင်း အသံတွေ တုန်လာသည်။ ဒေါ်မိမိမော်၏ မျက်နှာထား မှာ တင်းမာနေရာမှ လျော့ကျသွားသည်။ ဦးချစ်ထူးက ဦးငွေရာကို အားနာ သလို ကြည့်သည်။ ဦးငွေရာက မချိုပြုံး ပြုံးပြလိုက်သည်။ အခြေအနေက နည်းနည်းကောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စက အဓိကရယ်လို့တော့လည်း မဟုတ်ပါဘူး"

ဟု ဦးချစ်ထူးက လေသံပြေပြေပြောသည်။ အရေးထဲမှာ ဒေါ်စောလှိုင်သည် ဟိုကြည့် ဒီကြည့် တစ်စုံတစ်ယောက်ကို ရှာသလို လုပ်ရင်း

"ဟို ... သမီး နွေဦးရော ... သူ့ကိုလည်း ကျွန်မ တောင်းပန်ပါရစေ"

"သမီးက ဒီနေ့ သူ့မွေးနေ့မို့ ဘုရားသွားပါတယ် ... လေရှူးလည်း ပါသွားတယ်"

ဟု ဦးချစ်ထူးကပဲ ပြောသည်။ ဒေါ်စောလှိုင်က

"ဟင် ... နွေဦးရဲ့ မွေးနေ့ဟုတ်လား ... အောင်ဘာလေရဲ့ မွေးနေ့ကလည်း ဒီနေ့ပဲ ... ဒါကြောင့် ဒီကပြီးရင် ဘုရားသွားပြီး သူ့အတွက် ဆုတောင်းပေးမလို့ စိတ်ကူးထားတာ"

ဒေါ်မိမိမော် တစ်ချက်တွေသွားသည်။ ဒေါ်စောလှိုင်ကလည်း တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ...

"ဒါနဲ့ နွေဦးက အသက်ဘယ်နှစ်နှစ်ပြည့်တာလဲ"

"နှစ်ဆယ့်သုံးနှစ်"

"ရှင် ... တိုက်ဆိုင်လိုက်တာ ... အောင်ဘာလေလည်း နှစ်ဆယ့်သုံးနှစ် ပြည့်တာပဲ"

လာပြီး လှည့်စားနေတာလားဆိုသော သံသယဖြင့် ဒေါ်မိမိမော်က လှမ်းကြည့်ရင်း အကဲခတ်လိုက်သည်။ ဒေါ်စောလှိုင်ကလည်း တစ်ခုခုတော့ တစ်ခုခုပဲဆိုသော အကြည့်ဖြင့် ပြန်ကြည့်သည်။ သူတို့နှစ်ယောက်သည် အတန်ကြာအောင် အပြန်အလှန် စိုက်ကြည့်နေကြရာမှ

"ဟိုဒင်း ... "

"ဟိုဥစ္စာ ... "

တစ်ယောက်ကိုတစ်ယောက် ပြိုင်တူလက်ညှိုးထိုးလိုက်မိကြသည်။ ဒေါ်စောလှိုင်က အရင်စပြီး

"ဟို ... ဟို ... ညီမကို မြင်ဖူးသလိုပဲ"

ဒေါ်မိမိမော်ကလည်း

"ကျွန်မလည်း ... မြင်ဖူးသလို ... ဟင် ... ဆေးရုံပေါ်မှာတုန်းက"



"ဟယ် ... ဟိုဘက်ကုတင်က အငိုသန်တဲ့ ကလေးရဲ့အမေ"

"အစ်မက ... နို့ထွက်ကောင်းတဲ့ အစ်မ"

"ဘုရား ... ဘုရား ... တိုက်ဆိုင်လိုက်တာ ... ဒါကြောင့် နွေဦးကို မြင်မြင်ချင်း သမီးလေးလို ချစ်မိတာထင်ပါရဲ့ ... သူက အစ်မရဲ့ နို့ကို စို့ခဲ့ရတာကိုး"

သူတို့နှစ်ယောက် ထရပ်လိုက်ကြသည်။ ဒေါ်မိမိမော်က ဒေါ်စောလှိုင်၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး

"ဖြစ်မှ ဖြစ်ရလေ အစ်မရယ် ... ကိုယ့်အပေါ် ကျေးဇူးရှိတဲ့လူကိုမှ"

ယောက်ျားနှစ်ယောက်မှာ အိုဘားမားနှင့် ဘင်လာဒင်တို့ လက်ချွဲနှုတ်ဆက်နေကြတာကို မြင်လိုက်ရသလို တအံ့တသြ ဖြစ်သွားကြသည်။ ဘာတွေဖြစ်ကုန်ကြပါလိမ့်ဆိုပြီး ငေးကြောင်ကြည့်နေရင်း ဦးချစ်ထူးက အရင်သဘောပေါက်သွားသည်။

နွေဦး မွေးကာစတုန်းက ဒေါ်မိမိမော်ပြောပြခဲ့သော ကိစ္စတစ်ခုကို ပြန်သတိရလိုက်သောကြောင့်ဖြစ်၏။ ဒေါ်မိမိမော်က နို့မထွက် ... နွေဦးက နို့ဘူးကို မစို့တတ် ... နို့ဆာလို့ အသားကုန်အော်ငို ... ဒေါ်စောလှိုင်က နို့ထွက်ကောင်း ... ထို့ကြောင့် နွေဦးကို သူ့နို့တိုက်ခဲ့ ... ဒေါ်မိမိမော်က အလွန်ကျေးဇူးတင်။

ဒီတော့ ...

စခန်းမှူးသည် အောင်ဘာလေကို တချိန်လုံး အကဲခတ်နေခဲ့သည်။ အောင်ဘာလေ စိတ်ကောင်းရှိတယ်ဆိုတာ အမှန်ပဲ။ အချုပ်ခန်းထဲမှာ ကုမ္ပဏီတစ်ခုမှ စာရင်းကွာမှုနှင့် ရောက်နေသော လူကြီးတစ်ယောက်ကို နင်းပေး နှိပ်ပေး ပြုစုပေးသည်။ သူ့အိမ်ကပို့သော ထမင်းဟင်းကို လူကြီးအား ကျွေးပြီး သူကတော့ စခန်းကပေးသော ထမင်းဟင်းနှင့် ဖြစ်သလို စားသည်။ သူ့အတွက် လာပေးကြသော ငှက်ပျောသီးတွေ မုန့်တွေကို

www.burmeseclassic.com

www.burmeseclassic.com



တခြား အချုပ်သားတွေ အကုန်ဝေပေးသည်။ ထို့ကြောင့် အချုပ်ထဲမှာလည်း သူ့ကို လူချစ်လူခင်ပေါသည်။

အောင်ဘာလေ အမှန်အတိုင်း ထွက်ဆိုခဲ့ကြောင်းကို စခန်းမှူးက ယုံကြည်သည်။ ရဲအရာရှိ တစ်ယောက်၏ အတွေ့အကြုံအရ အောင်ဘာလေမှာ အပြစ်မရှိကြောင်းကိုလည်း သိနေ၏။ တစ်ဘက်က ကြည့်ပြန်တော့လည်း ရဲတစ်ယောက်၏ သဘောသဘာဝအရ အရာရာမှာ သတိကြီးစွာထားရသည်။ စိတ်ခံစားမှုကို ဦးစားပေးလို့မရ။

တချို့ကောင်တွေက အလွန်မှင်သေသည်။ ကြည့်လိုက်ရင် ဘယ်လိုမှ ထင်ရက်စရာမရှိ။ ရုပ်ကလေးသနားကမား၊ အပြောအဆိုက အလွန်ညက်သည်။ ချက်ချင်း လွှတ်ပေးချင်စိတ်ပေါက်လာလောက်အောင် ချွဲတတ်သည်။ သွားတော့ မသနားလိုက်နဲ့။ ခံသွားရမယ်။ တခါတခါ ကိုယ့်ကိုပါ ဆွဲချသွားတတ်တာ။

အောင်ဘာလေကျတော့ တစ်မျိုး။ ကိုယ်ကိုယ်တိုင်ကတောင် စိတ်အလို လိုက်ချင်သလိုဖြစ်နေလေသည်။

ဒုရဲအုပ်က ဦးချစ်ထူးနှင့် ဒေါ်မိမိမော်တို့ကို ရုံးခန်းထဲခေါ်လာသည်။ စခန်းမှူးက

"ထိုင်ပါ ... ဘာကိစ္စရှိလို့ပါလဲ"

ဟု ခရီးဦးကြိုပြုသည်။ ဦးချစ်ထူးက

"ဟို ... အမှုကိစ္စပါ ... ကျွန်တော်တို့အိမ် ဖောက်ထွင်းခံရတဲ့ ကိစ္စ"

"ဆိုပါဦး"

"အဲဒီအမှုကို ပြန်ရုပ်သိမ်းချင်လို့ပါ"

"ခင်ဗျာ ... "

"ဟုတ်ပါတယ် ... အောင်ဘာလေမှာ အပြစ်မရှိပါဘူး ... ဒါကြောင့် ပြန်လွှတ်ပေးဖို့ ပြောချင်လို့ပါ တကယ်ဆိုရင် အောင်ဘာလေက ကျွန်မတို့ရဲ့ ကျေးဇူးရှင်ပါ"

'လာပြန်ပြီ ကျေးဇူးရှင်'ဟု စခန်းမှူးက စိတ်ထဲက ရေရွတ်လိုက်သည်။ နှုတ်ကတော့ ...



"ဒီလိုရှိပါတယ် ... အခုဟာက ရာဇဝတ်မှုဖြစ်နေတယ်လေ ... အစ်မကြီးတို့က ရုတ်သိမ်းချင်ရင်တောင် ဥပဒေသဘောအရတော့ အမှုက ဆက်သွားနေမှာပဲ"

"ဒါကို ကျွန်တော်တို့လည်း သဘောပေါက်ပါတယ် ... အခုပြောတာက အောင်ဘာလေဟာ ကြံရာပါမဟုတ်ပါဘူး ... ရိုးရိုးသားသား ဝင်ကူညီရင်း နဲ့ အစွပ်စွဲခံရတဲ့အတွက်"

ဦးချစ်ထူးက ပြောသည်။ ဒေါ်မိမိမော်ကလည်း

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ ... အောင်ဘာလေက ... "

"သိပ်လည်း စိတ်မပူပါနဲ့လေ ... သဘက်ခါကျရင် အောင်ဘာလေကို ရုံးထုတ်ဖို့ရှိတယ် ... တရားရုံးကို လာခဲ့ကြပေါ့ ... အဆင်ပြေဖို့များပါတယ် ကျွန်တော်လည်း တတ်နိုင်သလောက် ကူညီပါ့မယ်"

ဟု စခန်းမှူးက မယုတ်မလွန်ပြောလိုက်သည်။

သူတို့ ပြန်သွားကြပြီးနောက် ဒုရဲအုပ်က မေးသည်။

"ဆရာ ဘယ်လိုသဘောရသလဲ"

"တရားလို ကိုယ်တိုင်က သူ့ဘက်ပါနေပြီဆိုတော့ ... အင်း ... "

www.burmeseclassic.com



အောင်ဘာလေကို တရားရုံးထုတ်ဖို့ခေါ်လာသည်။ သွားကာနီးတွင် စခန်းမှူးက အမှာစကားပြောသည်။

"ကဲ … အောင်ဘာလေ … သွားပေတော့ကွာ … ရုံးကိုတော့ ငါမလိုက်တော့ဘူး … မင်းကို ပြောချင်တာက မင်းဟာ ဒီအမှုမှာ အမိက မျက်မြင်သက်သေ ဖြစ်နေတော့ သတိဝီရိယနဲ့ နေပေါ့ကွာ … ပြီးတော့ တရားခံနှစ်ယောက်နဲ့ ပတ်သက်လို့ တခုခု သတိရပြီး ပြန်မှတ်မိလာရင် ငါတို့ဆီ ချက်ချင်းသတင်း ပို့ ကြားလား …"

အောင်ဘာလေက ခေါင်းညိတ်သည်။

"ကဲ … မင်းဘာပြောစရာရှိသေးလဲ"

"ကျွန်တော် ဒီကို ပြန်လာလို့ရမလား"

"ဘာ … ဘာပြောတယ် … မင်းက"

"မဟုတ်ဘူးဆရာ … အချုပ်ထဲမှာ ကျန်ခဲ့တဲ့ ဟို စာရင်းကိုင် အဘိုးကြီးကို စိတ်မချလို့ … သူက အအေးမိပြီး ချောင်းတွေဆိုးနေတယ် … အဲဒါ အနွေးထည်ရယ် … ချောင်းဆိုးပျောက်ဆေးရယ် … စားစရာတွေရယ် လာပေးချင်လို့"

"အေးပါ … ရပါတယ် … ငါတို့လည်း ကြည့်လိုက်ပါ့မယ် … အရေးထဲမှာ မင်းက နောက်ဆံတင်းနေရသေးတယ်"



စခန်းမှူးက ရယ်ရင်းပြောသည်။ ထိုစဉ်တွင် အဘွားကြီးတစ်ယောက် ရုံးခန်းထဲ ဝင်လာသည်။ စခန်းမှူးက မော့ကြည့်ပြီး …

"အမေ … ဘာကိစ္စရှိလို့လဲ"

ဟုမေးသည်။

"အခန်းသော့များ မင်းဆီပါသွားသလားလို့"

စခန်းမှူးက အင်္ကျီအိတ်ကို စမ်းကြည့်ပြီး …

"သြော် … ဟုတ်တယ်"

သော့ကို ထုတ်ပေးသည်။ အောင်ဘာလေက အဘွားကြီးကို ကြည့်ပြီး

"အမေကြီး … နေကောင်းလား"

ဟုမေးလိုက်သည်။ အဘွားကြီးက အောင်ဘာလေကို လှည့်ကြည့်သည်။

"မင်းက ငါ့ကို သိလို့လား"

"အမေကြီးကလည်း … ဟိုတစ်ခါ လမ်းကူးမှားလို့ အဖမ်းခံရတုန်းကလေ"

'ဪ …' ဆိုပြီး အဘွားကြီးက အောင်ဘာလေနားကပ်ရင်း သေသေချာချာကြည့်သည်။ ထို့နောက် လက်ညှိုးထိုးလိုက်ပြီး

"ဟယ် … ဟုတ်ပါရဲ့ … မင်း … မင်း အောင်ဆုပန်"

"အောင်ဘာလေပါ … အမေကြီးရဲ့"

"အဲ … ဟုတ်တယ် … ဒါနဲ့နေပါဦး … မင်းက ဒီကို ဘာကြောင့် ရောက်နေရတာလဲ"

"ဖောက်ထွင်းမှုမှာ မသင်္ကာလို့"

"ဘာ"

အဘွားကြီးက စခန်းမှူးဘက်လှည့်ပြီး

"အံ့ပါရဲ့ကွယ် … ရဲအရာရှိ တစ်ယောက်လုံးလုပ်နေပြီးတော့ … လူဆိုးနဲ့ လူကောင်းတောင် မခွဲခြားတတ်ဘူးလား … ငါဆို မြင်တာနဲ့ သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးမှာ ပါးစပ်အဟောင်းသား ငေးကြည့်နေရာမှ

"ဟုတ်ပါပြီ အမေရယ် … အခုလည်း ကိစ္စပြီးပါပြီ"

"အေး … ပြောရဦးမယ် … ငါ မင်းအစ်မနဲ့အတူ မြို့ထဲမှာ သွားနေတုန်းက တစ်နေ့သားမှာ မျဉ်းကျားက လမ်းမကူးလို့ဆိုပြီး အဖမ်းခံရတာယ် … ပိုက်ဆံကလည်း မပါဘူး … အဲဒါ ဟောဒီသူငယ်ကပဲ ငါ့အတွက် ဒဏ်ငွေစိုက်ဆောင်ပေးခဲ့တာပေါ့ … အမယ်ကြည့်စမ်း … အခုမှ သတိရတာယ် အဲဒီ ပိုက်ဆံတောင် ပြန်မပေးရသေးဘူး … ဟဲ့ … မင်းမှာ ငွေတစ်ထောင်လောက် မပါဘူးလား"

"ဟုတ်ကဲ့ … ပါ,ပါတယ်"

ဆိုပြီး စခန်းမှူးက သူ့ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ကို ထုတ်ပေးသည်။ အဘွားကြီးက ယူ၍ 'ရော့'ဆိုပြီး အောင်ဘာလေကို လှမ်းပေးသည်။

"နေပါစေ အမေကြီးရဲ့ … ရပါတယ်"

"အို … ဘယ်ဟုတ်မလည်း … ယူစမ်းပါ … ငါ့အပေါ်အကြွေးတင်နေပါဦးမယ်"

ဟုပြောပြီး ငွေစက္ကူကို အောင်ဘာလေ၏ အင်္ကျီအိတ်ကပ်ထဲ ထည့်ပေးသည်။

ပြုံးစေ့စေ့ဖြစ်နေသော ဒုရဲအုပ်က

"ကဲ … အောင်ဘာလေ … သွားကြစို့"

ဆိုပြီး ခေါ်သွား၏။ စခန်းမှူးသည် အောင်ဘာလေ ထွက်သွားရာသို့ ငေးကြည့်ရင်းကျန်ခဲ့ရာမှ

"အောင်ဘာလေ … အောင်ဘာလေ … မင်းဟာ ငါ့အမေရဲ့ ကျေးဇူးရှင်လည်း ဖြစ်နေသေးတာကိုးကွ"

ဟုပြောရင်း တဟားဟားရယ်နေသည်။



တရားသူကြီးသည် အမှုတွဲကို စစ်ဆေးကြည့်သည်။ 'အောင်ဘာလေ'ဆိုသော နာမည်ကို ဖတ်မိသောအခါ ဆတ်ခနဲ ခေါင်းထောင်လာသည်။ အောင်ဘာလေသည် တရားခံနေရာမှာ ခေါင်းငုံ့ပြီးရပ်နေသည်။

"အောင်ဘာလေ ဟုတ်လား … ခေါင်းမော့စမ်းပါဦးကွာ"

တရားသူကြီးက ပြောလိုက်သည်။ အောင်ဘာလေ မော့ကြည့်သည်။ တရားသူကြီးကို မြင်တော့ အံ့သြသွားပြီး …

"ဟင် … ဦးလေး"

"ဟာ … မင်း"

တရားသူကြီးမှာ ဆေးရုံပေါ်မှာတုန်းက အောင်ဘာလေကို အလုပ်သမားမှတ်ပြီး ခေါ်ခိုင်းမိရာက ခင်မင်သွားခဲ့သော လူကြီးဖြစ်၏။ နိုး သေးကအစ မရှုံမရှာ ပြုစုပေးခဲ့သောကြောင့် အောင်ဘာလေကို ကျေးဇူးတင်ပြီး အဝတ်အစားတွေတောင် လက်ဆောင်ပေးခဲ့သေးသည်။

"ဦးလေး … နေကောင်းသွားပြီလား"

"အေးကွ … ဒါနဲ့ မင်းက ဘယ်လိုဖြစ်ပြီး … အဲ … ခဏနေဦး"

အမှုတွဲကို ပြန်ဖတ်လိုက်ပြီးမှ

"သက်သေ အထောက်အထားမခိုင်လုံလို့ ပုဒ်မ တစ်ခြောက်ကိုးအရ လွှတ်ရန်ဟုတ်လား … အင်း … ဒီလိုပဲဖြစ်ရမယ်လေ … ဒီကောင်လူကောင်းပါဗျ … ကျုပ်သိပါတယ်"

ဟု ဒုရဲအုပ်ဘက်သို့ပါ လှည့်ပြီးပြောသည်။

ဒုရဲအုပ်ရဲ့ စိတ်ထဲမှာတော့ 'အောင်ဘာလေ'ဆိုတဲ့ကောင် ထောင်ကျသွားရင်တောင် ထောင်မှူးကြီးတစ်ယောက်ယောက်နဲ့ သိဟောင်းကျွမ်းဟောင်း ဖြစ်နေလိမ့်မယ်ထင်ပါရဲ့'ဟု မှတ်ချက်ချမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြေးဖြေးမောင်းစမ်းပါကွာ ... ဘာလို့ ဒီလောက်အလျင်လိုနေရတာလဲ"

ဟု ဘေးမှာ ထိုင်နေသူက ပြောသဖြင့်'လတ်လျား'သည် ကားအရှိန်ကို နည်းနည်းပြန်လျှော့ချလိုက်သည်။ ပြီးတော့ မလိုတမာလေသံဖြင့်

"ခင်ဗျားတို့ ကျုပ်ကို ပတ်နေတာတော့ မဟုတ်ပါဘူးနော်"

ဟုပြောလိုက်သည်။

"မင်း မြင်တဲ့အတိုင်းပဲ ... မီးခံသေတ္တာကြီးက ဖွင့်လို့မှ မရသေးပဲ"

"ခင်ဗျားတို့လို လူတွေက ဖွင့်လို့မရဘူးဆိုတာ မယုံနိုင်စရာပဲ"

"ဒါကြီးက ခေတ်ဟောင်းက မီးခံသေတ္တာကြီးကွ ... ရှားပါးပစ္စည်းကြီး ငါတို့ဆီမှာရှိတဲ့ သော့တတွေနဲ့ ဘယ်လိုမှ အံမကိုက်ဘူး ... ဒါကြောင့် ဟိုသော့ဝိဇ္ဇာ အဘိုးကြီးကို လိုက်ရှာနေရတာပေါ့ ... သူက အိုးလိမာစတာကြီးလေ"

"အခု သွားမယ့်နေရာမှာကော ရှိပဲ့မလား"

"ရှိမယ်လို့ မျှော်လင့်ရတာပဲ"

"ခင်ဗျားတို့ ကျုပ်ကို တစ်ပတ်ရိုက်မယ်တော့ မကြံနဲ့နော်"

"စိတ်ချစမ်းပါ ငါ့လူရာ ... မင်း ပြောသလို မီးခံသေတ္တာထဲမှာ ပစ္စည်းတွေသာ များများပါပါစေ"



လတ်လျားသည် ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ဘောလုံးပွဲလောင်း၊ နှစ်လုံးထီထိုး၊ ဘီယာဆိုင် ထိုင်ရာက အပေါင်းအသင်းစုံပြီး ဆေးပြားမြို့တဲ့အဆင့်ရောက်လာသည်။ အသုံးအစွဲကြမ်းသဖြင့် သူ့ကို မွေးစားထားသော ဦးလေးနဲ့ အဒေါ်က မကြည်သာတော့ဘဲ အသုံးစရိတ် ဖြတ်တောက်လာသည်။ လတ်လျားက နွေဦးကို မျက်စိကျသည်။ နွေဦးကို ရလျှင် သူတို့အတွင်းပစ္စည်းတွေလည်း ပိုင်မှာပဲဆိုပြီး ချဉ်းကပ်ဖို့ ကြိုးစားသည်။ နွေဦးက သူ့ကို ပြန်မကြိုက်တဲ့အပြင် ရှုတောင်ရှုသေးတယ်ဟု ပြောသဖြင့် တေးထားလိုက်သည်။

ဒီတောအတွင်းမှာ ဒုစရိုက်သမားတွေနဲ့ ပေါင်းမိသည်။ သူ့အတွက် ဆေးဖိုးငွေကလည်း လိုအပ်လာသည်။ နွေဦးတို့မှာ အတွင်းပစ္စည်းတွေ အတော် များများရှိကြောင်း၊ အိပ်ခန်းထဲက မီးခံသေတ္တာကြီးထဲမှာ ထားကြောင်း၊ တောက်တိုမယ်ရ သွားလုပ်ပေးသော မိန်းမကြီးဆီက သတင်းရထားသည်။ ထို့ကြောင့် ဟိုလူတွေနှင့်ပေါင်းပြီး ကြံစည်ခဲ့ခြင်းဖြစ်၏။ သူက အိမ်အနေအထား၊ အခန်းတွေ အနေအထားကို ပြောပြသည်။ နွေဦးတို့ ခရီးထွက်မည့် သတင်း၊ ညဘက်မှာ စောင့်အိပ်သူတစ်ယောက်ရှိပြီး နေ့ဘက်မှာ လူမရှိကြောင်း သတင်းပေးသည်။ အောင်မြင်ခဲ့လျှင် ပစ္စည်း၏ ငါးပုံတစ်ပုံကို သူရမည်။ ဒါတွေရလျှင် ထုခွဲပြီး နယ်စပ်ဘက်လစ်ပြေးမည်။

"ဒါနဲ့ မင်းပြောတဲ့ ဟို အောင်ဘာလေဆိုတဲ့ကောင်ကို ရဲက ပြန်လွှတ်ပေးလိုက်ပြီဆို"

"ဟုတ်တယ် ... ဒီကောင်က ဟိုအိမ်ကိုတောင် ပြန်ပြီးဝင်ထွက်နေပြီ ဒီကောင်က အမှိုက်ပဲ"

ဟု ဆောင့်ကြီးအောင့်ကြီးပြန်ပြောသည်။

"တော်သေးတာပေါ့ကွာ ... ဒီကောင် ငါတို့ကို တွေ့သွားပေမဲ့ ရုပ်ဖျက်ထားလို့ မှတ်မိမှာ မဟုတ်ဘူး ... ဒါပေမဲ့ သတိတော့ထားရမယ်ကွ မီးခံသေတ္တာဖွင့်လို့ရတာနဲ့ ပစ္စည်းတွေ ခွဲပြီး မြန်မြန်လစ်မှ ဖြစ်မယ်"

အောင်ဘာလေဆိုတဲ့ ကောင်ဟာ လတ်လျားအတွက်တော့ တကယ့်အနှောင့်အယှက် ဂြိုလ်ကောင်ပဲ။ သူဝင်လာလို့ နွေဦးကို ချဉ်းကပ်ဖို့ အကြံ

www.burmeseclassic.com

www.burmeseclassic.com



အစည်ပျက်ခဲ့ရသည်။ ပိုပြီးအသည်းနာဖို့ကောင်းတာက အောင်ဘာလေလို အူကြောင်ကြောင် ပေါတောတော အကောင်က သူ့ကိုကျော်ပြီး နွေဦးရဲ့ အချစ်ကိုရသွားတဲ့ကိစ္စ။ လူကြီးတွေကလည်း သဘောတူသတဲ့။ ဒီကောင့်ကို လွှင့်ထွက်သွားအောင်လုပ်နိုင်ခဲ့ပြီးကာမှ ခုတော့ ပြန်တွဲနေပြန်ပြီ။ ပြီးတော့ မီးခံသေတ္တာကိစ္စမှာလည်း ကန့်လန့်ကန့်လန့် ပါနေသေးသည်။ အောင်ဘာလေအကြောင်းကို စဉ်းစားမိတာနဲ့ သူ့စိတ်တွေ ဂဏှာမငြိမ်ဖြစ်လာသည်။ ဒီနေ့တစ်နေ့လုံး ဆေးတစ်ပြားမှတောင် မမြိုရသေး။ ထို့ကြောင့် ကတုန်ကယင်ဖြစ်ပြီး ချွေးစေးတွေ ပျံလာသည်။

"ကျုပ်ကို ပိုက်ဆံနည်းနည်းလောက်တော့ ကြိုပေးဦးဗျာ"

ဟု သူက ပြောလိုက်သည်။

"ရပါတယ် ... ဒီကပြန်တော့ တောင်းပေးမယ် ... အဲ ... အဲ ရှေ့ကျရင် ဘယ်ဘက်လမ်းထဲ ကွေ့ဝင်လိုက်"

လတ်လျားက လမ်းသွယ်တစ်ခုထဲ ကားကို ချိုးကွေ့ဝင်လိုက်သည်။ လမ်းက အားကစားကွင်းဘေးက ဖြတ်သွားသဖြင့် လူရှင်းနေသည်။ အဲမဟုတ်သေး။ လူတစ်ယောက်တော့ ရှိသည်။ ခေါင်းကိုငုံ့ပြီး ငိုက်စိုက် ငိုက်စိုက် ဆတ်တောက်ဆတ်တောက် သွားနေသူမှာ နောက်ကျော ဘက်ကမြင်ရသည့်တိုင် အောင်ဘာလေဖြစ်ကြောင်း ကောင်းကောင်းမှတ်မိသည်။

ခွေးမသား ... မင်းကြောင့် လက်သီးနဲ့ အထိုးခံခဲ့ရတယ်။ မင်းကြောင့် အရှက်ကွဲခဲ့ရတယ်။ မင်းကြောင့် အကြံအစည်တွေ ပျက်ခဲ့ရတယ်။ မင်းကြောင့် အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတယ်။ အခုလည်း ရဲစခန်းကို သွားပြီး ငါ့အကြောင်း သတင်းပေးမလို့မဟုတ်လား။ မင်းကို ငါမုန်းတယ်။ မင်းကို ငါ သတ်မယ်။

ဆေးပြတ်တဲ့ အရှိန်ကြောင့် စိတ်တွေဂယောင်ကယက် ဖြစ်နေတုန်း အောင်ဘာလေကို မြင်လိုက်ရတော့ ဒေါသတွေ ပေါက်ကွဲသွားသည်။ စဉ်းစားဆင်ခြင်နိုင်မှုလည်း မရှိတော့။ မျက်လုံးတွေ ပြာပြီး ဦးနှောက်တွေ ဆူဝေလာသည်။

လတ်လျားသည် ဂီယာကို ချိန်းလိုက်သည်။ စတီယာရင်ကို ညာဘက်သို့ လှည့်ပြီး ကားခေါင်းကို အောင်ဘာလေဆီသို့ ဦးတည်လိုက်သည်။ လီဗာကို ဖိနင်းချလိုက်၏။ ကားက ဝူးခနဲ ခုန်ထွက်သွားသည်။

"ဟာ ... ဘာလုပ်တာလဲ"

ဘေးမှ လူက စတီယာရင်ကို ကိုင်ပြီးပြန်လှည့်ဖို့ ကြိုးစားသည်။ လတ်လျားက အတင်းဖိကိုင်ထားသည်။ သူ့မျက်လုံးတွေက ပြူးကြောင်လျက်။ ဂျစ်ကားသည် အောင်ဘာလေဆီတည့်တည့်ကြီး ပြေးဝင်သွား၏။

အောင်ဘာလေသည် သူ့နောက်ဘက်မှ အလွန်ကြီးမားသော အန္တရာယ်ကြီးတစ်ခု အလျှင်အမြန် ချဉ်းကပ်လာနေကြောင်း သတိမထားမိ။ ခပ်မှန်မှန်ပင် အေးအေးဆေးဆေး လျှောက်နေသည်။ ခြေလှမ်းကိုတောင် တုန့်ခနဲ ရပ်လိုက်သေးသည်။

လမ်းဘေး မြက်ခင်းပေါ်မှာ အပျံသင်စ စာကလေးပေါက်စလေး တစ်ကောင်ကျနေသည်။ အတောင်တဖျတ်ဖျတ်ခတ်ပြီး ပျံတက်ဖို့ကြိုးစားလိုက် မြေပေါ် ဖုတ်ခနဲ ပြန်ကျလိုက်ဖြစ်နေ၏။ ဟာ ... ဒီကောင်လေးတော့ ဒုက္ခရောက်တော့မှာပဲဟု တွေးပြီးလမ်းဘေးသို့ ရုတ်တရက်ချိုးကွေ့ထွက်လိုက်၏။

တကယ့်ကို သီသီကလေးပါပဲ။ ဂျစ်ကား၏ ဘမ်ပါနှင့် မတ်ကပ်တို့သည် အောင်ဘာလေနှင့် လက်မအနည်းငယ်လောက်သာ လွဲချော်ပြီး ဖြတ်ထွက်သွား၏။ အောင်ဘာလေကတော့ ဘာမှတောင် မသိလိုက်။ စာကလေးဆီသို့သာ အာရုံရောက်နေသည်။ စာကလေးပေါက်စလေးကို လက်နှင့် အုပ်ကိုင်မိသော အချိန်မှာပင် 'ဂျိန်း'ဆိုသော အသံကြီးကို ကြားရသည်။ လန့်ပြီးလှည့်ကြည့်တော့ ဂျစ်ကားတစ်စင်းသည် သစ်ပင်တစ်ပင်ကို တည့်တည့်ကြီးဝင်အောင်းနေတာ တွေ့လိုက်ရလေ၏။

"ဟာ"

စာကလေးကို သစ်ကိုင်းတစ်ကိုင်းပေါ် အမြန်တင်ပေးလိုက်ပြီးနောက် ဂျစ်ကားဆီသို့ပြေးသွားသည်။ လတ်လျားသည် စတီယာရင်ပေါ်မှာ မှောက်နေသည်။ မျက်နှာက ဒီဘက်လှည့်နေသောကြောင့်

"ဟင် ... ကိုလတ်လျား ... ကိုလတ်လျား"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေကခေါင်းရင်း လက်မောင်းကို ကိုင်လှုပ်သည်။ လတ်လျားက မျက်လုံးကို လှန်ကြည့်သည်။ တစ်စုံတစ်ခု မသဲမကွဲ ရေရွတ်ပြီးနောက် ငိုက်ကျသွား၏။

တစ်ဘက်ခုံမှာ ထိုင်နေသော လူက ကားပေါ်မှ ဆင်းပြေးသည်။ သို့ရာတွင် ခြေလှမ်းအနည်းငယ်သာ ပြေးနိုင်သည်။ သူ့ရှေ့မှ စက်ဘီးတစ်စီးက ဖြတ်ပြီးပိတ်ရပ်လိုက်သည်။ အောင်ဘာလေကို နောက်ယောင်ခံလိုက်ကြည့်နေခဲ့သော ရဲတပ်ကြပ်ကြီးပင်ဖြစ်၏။ ဟိုလူက ဒီဘက်လှည့်ပြေးဖို့ပြင်သည်။ ရဲကြပ်ကြီးက သူ့လက်ကို ဖမ်းဆွဲပြီး လိမ်ချိုးလိုက်သည်။

"အား ..."

အောင်ဘာလေ ဖျဉ်းကနဲ ကြက်သီးထသွား၏။ ဒီအသံမျိုးကြားဖူးသည်။ ဟိုနေ့က မီးခံသေတ္တာကြီး စောင်းပြီးလဲကျစဉ်က။ ပြီးတော့ ထိုစဉ်က အမှတ်တမဲ့ မြင်တွေ့ပြီး မေ့လျော့နေခဲ့သော အရာတစ်ခုကို မျက်စိထဲမှာ ဖျတ်ခနဲ မြင်ယောင်လာသည်။ သူ ပြေးသွားပြီး ရဲကြပ်ကြီး ဖမ်းကိုင်ထားသော ဟိုလူ၏ လက်ကို ကြည့်လိုက်သည်။ လက်ဖျံပေါ်မှာ ဆေးမင်ကြောင်ဖြင့် ထိုးထားသော တရုတ်နဂါးပုံ။ ပြီးတော့ ရုပ်ပုံပေါ်မှာ ကန့်လန့်ဖြတ်ရှိနေသော အမာရွတ်ကြီးတစ်ခု။

ရဲကြပ်ကြီးက ထိုသူ၏ ဆံပင်ကို ဆွဲကိုင်ပြီး ခေါင်းမော့လာအောင် လုပ်လိုက်သည်။ မျက်နှာကို သေသေချာချာကြည့်ပြီး

"လက်စသတ်တော့ ... ကြင်ဝှက်ကိုးကွ"

ဟု ရေရွတ်လိုက်၏။

အောင်ဘာလေနှင့် နွေဦးတို့ အတူတွဲ လျှောက်လာကြသည်။

"ကိုအောင်တို့ နှစ်ယောက်ဟာ နိုဗိုဖက်တွေမို့လို့ တစ်ယောက်နဲ့တစ်ယောက် မြင်မြင်ချင်း သံယောဇဉ်ဖြစ်ခဲ့ကြတာ ထင်တယ်နော်"

ဟု အောင်ဘာလေက ပြောသည်။ နွေဦးက

"ဟုတ်မှာပေါ့ ... ဒါနဲ့ ကျွန်မတို့က အခု ဘယ်သွားမှာလဲ"



"မသိဘူးလေ ... ကိုလေရူးက လျှောက်လည်ကြဆိုလို့သာ ထွက်လာခဲ့တာ"

"ကိုအောင် ... ဘယ်သွားချင်လဲ"

"ဆေးရုံ"

"ဆေးရုံ ... ဘာလုပ်ဖို့လဲ"

"ကိုလတ်လျားဆီ သွားမလို့ ... မနေ့က ရောက်သေးတယ် ... အချုပ်ဆောင်ထဲမှာမို့ မတွေ့ခဲ့ရဘူး ... အစားအသောက်ပေးလို့တော့ရတယ်ဆိုလို့ သွားပို့မလား စိတ်ကူးတယ်"

"ကိုအောင်ကတော့နော် ... ကိုယ့်ကို အသေသတ်ဖို့ကြံတဲ့ လူကိုတောင်မှ"

"စဉ်းစားကြည့်ရင် သူ ခုလိုဖြစ်ရတာ ကိုအောင့်ကို ကားနဲ့တိုက်ဖို့ကြိုးစားလို့ မဟုတ်လား ... ဒါဟာ ကိုအောင့်ပယောဂ မကင်းဘူးလို့ ပြောနိုင်တာပေါ့ ... ကိုယ့်မှာလည်း တာဝန်ရှိတယ်လေ"

"ကိုအောင်ကဖြင့် ကြံဖန်ခွင့်လွှတ်တတ်တယ် ... ဘာပဲပြောပြောမေမေတို့ကတော့ ကိုအောင့်ကြောင့်ပဲ ပစ္စည်းတွေ ပြန်ရတာဆိုပြီး ကျေးဇူးတင်နေကြတာ"

အောင်ဘာလေက လမ်းပေါ်မှာ ကျနေသော ဖရဲသီးခွံတစ်ခုကို ကောက်လွှင့်ပစ်ပြီးမှ

"နွေဦးကို ချစ်တယ်လို့ ကိုအောင်ဖွင့် မပြောရသေးဘူးနော် ... အခုပြောရမလား"

"ခုမှတော့ ပြောမနေပါနဲ့တော့ ... ဇာစပ်ဖို့တောင် စီစဉ်ပြီးနေပြီပဲဟာ"

"ဒါဆို ... "

"ဘာဖြစ်လဲ"

"နွေဦးရဲ့ လက်ကို ကိုင်ထားလို့ရမလားဟင် ... "

"သဘောပဲ ... "

အောင်ဘာလေက နွေဦး၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်လည်း ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး ... အလုပ်တစ်ခုခု လုပ်မှပဲ"

"ကောင်းတာပေါ့ ကိုအောင်ရဲ့ ... "

"ကိုအောင် အလုပ်တစ်ခု လျှောက်ထားတယ် ... ရဖို့ ကြိုးစားသေပါတယ်"

"ဘယ်မှာလဲဟင် ... "

"နာရေးကူညီမှုအသင်းမှာ"

နွေဦး ရုတ်တရက်မို့ အံ့သြသွားသည်။ ပြီးမှ ...

"ကောင်းပါတယ်လေ ... ကိုအောင်နဲ့ အလိုက်ဖက်ဆုံးအလုပ်ပါပဲ"

သူတို့နှစ်ယောက် တိတ်ဆိတ်စွာ ဆက်လျှောက်လာကြသည်။ နွေဦးသည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေပုံရသည်။ ခဏအကြာမှာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် 'ကိုအောင်'ဟု ခေါ်လိုက်သည်။ အောင်ဘာလေ လှည့်ကြည့်သည်။

"အတော်ပဲ ... ကျွန်မမှာလည်း ယောထမိန်အနက်ကလေး တစ်ထည် ရှိတယ် သိလား ... "

ဟု နွေဦးက ပြုံး၍ ပြောလိုက်သည်။

မင်းလူ

၁၁ - ၁၁ - ၂၀၀၉

နံနက် ၃း၃၅ နာရီ

BURMESE CLASSIC .com

www.burmeseclassic.com